၆၀၀

# ဆိုနေကျသီချင်းနဲ့ ခရီးဆက်တဲ့ငှက်

## ဒို့အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

[illegible]
[illegible]

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး


## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

# ခုနှင်းခ

## ဆိုနေကျသီချင်းနဲ့ ခရီးဆက်တဲ့ငှက်



ရွှေသမင်စာပေ
[illegible]/၃၉၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၉၉၄၀၀၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၅၀၂၀၄၀၈

အကြိမ် - ပထမအကြိမ်

၂၀၀၈-ခုနှစ်၊ မေလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၈၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဝေ (မြ-၀၇၈၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆) အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


ဂီတဆိုတာ...

ကျယ်ပြန့်တဲ့စကြဝဠာ တစ်ခုဆိုရင်...

ကျွန်တော်တို့သည်

ဆိုနေကျသီချင်းနဲ့

ခရီးဆက်ခဲ့ရပါသည်။



ရွှေသမင်စာပေ



ဂီတဆိုတာ...

ဝံပုလွေအုပ်အလယ်က သားကောင် မဟုတ်ခဲ့ပါဘူး...

တစ်ချို့က ဝိုင်းအတိုက်ခံရမှုရဲ့ တစ်ခုတည်းသော နယ်

ထင်ချင်ကြတယ်...

ဖြေကြပါသေးတယ်...

မဂ္ဂဇင်းနဲ့ ဂျာနယ် စာမျက်နှာတွေထက်မှာ စကား

စကားတျှယ် ရန်ဖြစ်လို့လည်း ကောင်းပါတယ်တဲ့...

ကျွန်တော့်အထင်ကတော့...

ကျွန်တော်တို့ ရင်ဘတ်ထဲမှာ သံစဉ်တွေနဲ့ ဖွဲ့စည်းထား

ဆန်းပြားတဲ့ရေတံခွန် ရှိတယ်ဆိုတာ...



ဒီဇာတ်လမ်း ဖြစ်ပေါ်ဖို့

ဒီအိမ်ကြီးပေါ် လူငယ်သုံးယောက်

တစ်ချိန်တည်း တစ်ပြိုင်တည်း ရောက်လာခဲ့တယ်...

နောက်ပြီး

မတူညီတဲ့ ဂီတတွေလွယ်မိုးပြီး ခရီးဆက်ချင်တဲ့

ဆန္ဒနဲ့အတူပေါ့...

ပြီးတော့...

သူတို့ရောက်နေတဲ့

အသိုင်းအဝိုင်း တစ်ခုကြောင့်လည်း...



# ဒီနိုင်းခ ၏
## ထွက်ပြီးသောစာအုပ်များ

၁။ တိတ်တာဆိတ်ငိုကြွေးတဲ့သစ်ပင်
၂။ နတ်ဆိုးရဲ့ ရွှေအိုးရောင်အဆိပ်
၃။ ရည်းစားပေါင်း
၄။ ကြယ်ကြွေရာညသစ်
၅။ မေ့ကျန်ခဲ့သောနတ်သမီးခြေသံ
၆။ ရင်ကွဲပုံပြင် (သို့) အကျရာစူးလို့ ရှူးရသူ
၇။ ရောင်စုံလောကဇာတ်ဝင်ခန်း
၈။ မင်းနဲ့ ငါ့ရဲ့ ဥယျာဉ်ထဲမှဒဏ်ရာ
၉။ အလွမ်းနဲ့ကြည့်ခွင့်မရှိတဲ့မျှော်စင်
၁၀။ အပျိုကြီး (အေပိကေ)
၁၁။ လွမ်းနေသူရဲ့ ရယ်စရာမျက်နှာ

ရွှေသမင်စာပေ



## အခန်း - ၁

ဖြစ်နေကျတော့ မဟုတ်ဘူး။ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့ပါပြီ။ ကျွန်တော် ခြံထဲဝင်ဝင်ချင်း ခြံထဲက အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ နားနားနေနေ အနားယူဖို့ ကျွန်တော်ကိုယ်တိုင် ပြုလုပ်ထားတဲ့ ခုံတန်းရှည် အခွန်းတစ်ဖက်ဆီမှာ တစ်ဦးကိုတစ်ဦး ကျောခိုင်းကာထိုင်နေကျတဲ့ လူငယ်နှစ်ဦး။ တစ်ဦးက အပြာဖျော့ရောင် ဘောင်းဘီရှည်နဲ့ တီရှပ်အဖြူကို ဝတ်ဆင်ထားပါတယ်။ ထိုလူငယ်သည် ဆံပင်တိုတို (ဂျယ်)တစ်မျိုး လူးထားပြီး ကျောပိုးအိတ်တစ်လုံးကို ခုံတန်းရှည်ပေါ် ချထားပြီး ပေါက်လို ဂီတာတစ်လုံးကို ကျောပိုးအိတ်ပေါ် မှေးတင်ထားတာ တွေ့ရသည်။

တစ်ချိန်မှာ ဒီကောင်လေးဟာ ပန့်စ်နဲ့ အော်လ်တာ သီချင်းတွေကို နှစ်သက်တဲ့ကောင်လေးတစ်ယောက်လို့ သိရခဲ့

ရွှေသမင်စာပေ

သည်။ ဒီလူငယ်လေးနာမည်က "ဖင်ကို" လို့ ခေါ်ပါတယ်။ မန္တလေးက ရောက်လာခဲ့ပါသတဲ့။

ဟော... နောက်တစ်ယောက်... ဖင်ကို ဆိုတဲ့ ကောင်လေးကို ကျောခိုင်းထားသူ ခုံတန်းစွန်းတစ်ဖက်က ကောင်လေးသည် ထူးထူးဆန်းဆန်း ဒီရန်ကုန်မြို့တော်က လို့ ဆိုရပြန်၏။ အပြာရောင် ဘောင်းဘီတိုပွပွ၊ အပြာရောင် အင်္ကျီကို ဝတ်ဆင်ထားတယ်။ ချိုကာဂိုတံဆိပ်ကို ရင်ဘတ်မှာ တပ်ဆင်ထားပြီး ကျောမှာ နံပါတ်ပါတဲ့ အမေရိကန်ကာလပ် ဘတ်စကတ်ဘောအင်္ကျီကို ဆင်မြန်းထားပြီး ဆံပင်ကို ကျစ်ဆံမြီး သေးသေးလေးတွေ ဖန်တီးထား၏။ တော်တော် လက်ဝင်စရာ အနုပညာပါ။ သူ့နှစ်သက်တာက ဟစ်ဟော့ပ်တဲ့လေ။ သူလည်း ပဲ ကျောပိုးအိတ်တစ်လုံးနဲ့ပါ။ သူကတော့ ဂီတာမဆောင်ထား။ ကျောပိုးအိတ်ဘေးမှာ တော်တော်ကြီးတဲ့ ဘူးကြီးတစ်ဘူး တွေ့ရ သည်။ ဒီသူငယ်လေးအမည်က "ရှာန်ရှာန်" လို့ ခေါ်ပါတယ်။

သူတို့ နှစ်ယောက်ပြီးတော့ မလှမ်းမကမ်း ဆင်ဝင် အောက်မှာ လက်ပိုက် မတ်တတ်ရပ်ကာ တိုင်တစ်တိုင်မှာ ခပ်လျော့လျော့မှီရပ်နေတဲ့ကောင်လေးတစ်ယောက်ကို ထပ်တွေ့ရ ပြန်တယ်၊ အညိုရောင် ဆံပင်ပျော့ပျော့တွေက ပခုံးမှာဝဲကျနေ သည်။ ခပ်ရင့်ရင့် ဂျင်းဘောင်းဘီဟာ အရောင်လွင့်နေသလို ထင်ရတဲ့ပုံစံ။ နောက် ဖလံထည်အကွက်လို အနီနဲ့ ခရမ်းပါတဲ့ ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ထားပြီး ကျောပိုးအိတ်ကို မြေပေါ်






မှာချ။ ဘေးတစောင်း လှွယ်ထားတဲ့ ဂစ်တာအိတ်တစ်လုံးကို လွယ်ပိုးပြီး ကျွန်တော့်ကို ကြည့်နေတယ်။

သူကတော့ ရော့ခ်ဂီတကို နှစ်သက်သည့် တောင်ကြီး သား တစ်ယောက်ပေါ့။ "မိုင်း" လို့ ခေါ်ပါတယ်။

အခုတော့ ဒီအရပ်နဲ့ ဒီဇာတ်တွေကြပြီ။ အချိန်ကျလို့ ရောက်လာသူ သုံးယောက်နဲ့ ကျွန်တော် စတင် ဆုံစည်း ကြတဲ့အခါ...။



"မင်းနာမည်က မိုင်းနော်"

"မဟုတ်ပါဘူး... မိုင်း တစ်လုံးတည်းပါ"

ကောင်လေးရဲ့ အငြင်းစကားကြောင့် ကိုလှစိန် ကြောင်တောင်တောင် ဖြစ်သွားသည်။ နောက်ပြီး လက်ထဲကစာကို ပြီးဆုံးအောင် ပြန်ဖတ်လိုက်သည်။

"ဒီစာကို မင်းအဖေ ဘယ်တုန်းက ရေးသွားတာလဲ"

"အဖေရေးတာ မဟုတ်ပါဘူး။ ကျွန်တော် ရေးတာပါ"

"ဘယ်လို"

စကားတွေက ကြားရသမျှ အတူးအဆန်းတွေပါ။ ဒါပေမယ့် ဆက်သိချင်တာကြောင့် ငြိမ်ခံနေရပြန်တယ်။ ကောင်လေးက ဆံပင်တွေကို သပ်တင်ရင်း...

"ဖေဖေ အဆုပ်ရောဂါနဲ့မသုံးခင် သေးရုံပေါ်မှာ အဖေက ပြော၊ ကျွန်တော်က လိုက်ရေးရပါတယ်"

"ဘာပြောသွားသေးလဲ"

ကျွန်တော်က အရင်းနှီးဆုံး ကျွန်တော်ရဲ့ သူငယ်ချင်း တစ်ယောက် ကျွန်တော့်ကို ဘာမှာသွားသေးလဲ သိချင်တာမို့ အခုလို မေးမိပါတယ်။

"မှာသွားပါတယ်"

"ဘာ... ဘာမှာသွားလဲ"

ကောင်လေးက တစ်ခုခု သတိရသွားဟန် ရှိသည်။ ခပ်မှိုင်မှိုင် မျက်ဝန်းတွေဟာ စိုလက်လက် ကူးပြောင်းသွားတယ်။





ကောင်လေးက ပြောပါတယ်။

"သေတယ်ဆိုတာ အသက်မရှိတာပါကွာတဲ့"

ကျွန်တော် မျက်နှာကြီး ရှုံ့မဲ့သွားတော့ မလှမ်းမကမ်းက ကောင်လေးနှစ်ယောက်က ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ထားရဟန် ရှိသည်။

"မဟုတ်ဘူးလေ...ငါ့ကို မင်းအဖေ ဘာမှာသွားလဲလို့"

ကောင်လေးက မော့ကြည့်ပြီး မဝံ့မရဲစကားဆိုသည်။

"ပြောတော့ ပြောတယ်... ဒါပေမယ့်..."

"ပြောပါကွာ... ငါတို့က သူငယ်ချင်း အရင်းကြီးတွေပဲ ပြော..."

"လှစိန် ဆိုတဲ့ကောင်ကို တွေ့ရင်ပြောလိုက်၊ အဲဒီကောင် ညတိုင်း သေးပေါက်နေတုန်းပဲလားလို့"

"ဟာကွာ... ငါ မပေါက်တော့ပါဘူး။ မင်းညို... မင်းညို... မင်းက သေခါနီးတောင် ငါ့အတင်းပြောသွားသေးတယ်၊ နေမပေး..."

"ဦးလေး... ကျွန်တော့်မှာ အဖေ မရှိပါဘူး"

"ဟာ...မင်းက တမျိုးကွာ... ဟိုနှစ်ကောင် မင်းတို့ ဘာဖြစ်နေတာလဲ"

ဆက်တီရှည်တစ်ခုတည်းမှာ အစွန်းနှစ်ဖက်မှာ ထိုင်ပြီး အတင်စီး မခံချင်ပုံရတဲ့ နှစ်ကောင်ကို လှမ်းဆူရသေးသည်။

"ကဲ... မင်း ပြော"

အပြာရောင်ဝမ်းဆက်နဲ့ ချာတိတ်က ကျွန်တော့်ကို ဝေါ့ခ်မန်း ကက်ဆက်အသေးလေးကို ပေးသည်။ ကျွန်တော်က ကြောင်တောင်တောင်နဲ့ အလန့်တကြား...

"အင်တာဗျူးလား... ဘယ်မဂ္ဂဇင်းကလဲ"

"ဟာ... အန်ကယ်လေးကလည်း အင်တာဗျူး မဟုတ်ဘူး။ ဒယ်ဒီက အန်ကယ်လေးအတွက် ပြောထားတဲ့ စကားတွေ ဒီဝေါ့ခ်မန်းထဲမှာ ရှိတယ်"

ကောင်လေးက လက်ဟန် ခြေဟန်တွေနဲ့ ပြောပါသည်။ ဒါက သူ့ရဲ့ဟန်ပန် ထင်ပါရဲ့...

"နို့... မင်းအဖေက ရန်ကုန်မှာရှိတာတောင် ငါ့ဖုန်းဆက်ပြီး မှာခဲ့လည်း ရရဲ့သားနဲ့"

"ဒယ်ဒီက ချက်ချင်းကြီး ပြည်ပကို ထွက်သွားတာကိုး အန်ကယ်လေးရဲ့"

အကျိုးအကြောင်း သင့်ပေ့လည်း ခေါင်းညိတ်ရမှာပေါ့။

"ကဲ...ကဲ... ဖွင့်...ဖွင့်"

အပြာရောင် ချာတိတ်က ခလုတ်ကို နှိပ်လိုက်သည်။

(ယတ်သာန ဘာဝတော ယက်ခါ နေဝ ဒတ်သင်တိ ဘီသန်...)

"ပုဒ္ဓေါ"

လက်အုပ်ချီရမလိုလို ကုန်းပြီး ရှိခိုးရမလိုလို ဖြစ်ခဲ့ရပါသည်။ ကက်ဆက်ထဲက တရားသံကြောင့် အားလုံး ကြောင်





သွားသည်။ အပြာရောင် ကောင်လေးက ခလုတ်ပြန်နှိပ်ပြီး ရပ်လိုက်ကာ ရယ်ကျဲကျဲနဲ့...

"ဟို... တရားခွေနဲ့မှားသွားလို့... ဆောရီး... အဲ... တန်တော့"

ကျန်နှစ်ကောင်က ပြုံးတေ့တေ့နဲ့ ဖြစ်နေကြသည်။ ညော်... ဒါတောင် အစ,ပဲရှိသေးတယ် ထင်ပါရဲ့၊ ကောင်လေးက ခွေချင်းပြန်လဲပြီး ခလုတ်ကိုပြန်နှိပ်သည်။

"လုစိန်"

"ခင်ဗျာ"

ကက်ဆက်ထဲက ရုတ်တရက် ခေါ်သံကြောင့် အလန့်တကြားထူးမိတော့ ဟိုကောင်တွေ မအောင့်အည်းနိုင်ဘဲ ရယ်ကြပါသည်။ ကက်ဆက်ထဲက အသံက ထပ်ထွက်လာပြန်သည်။

"မင်း ရှုံးကောင်းတုန်းပဲလား"

"ဟုတ်ကဲ့... အဲ... မဟုတ်ဘူး"

အောင်လင်း ဆိုတဲ့ကောင်ဟာလေ အခုထက်ထိ ဒုက္ခပေးတုန်းပါလား။ အသံက မှန်မှန် ထပ်ထွက်လာပြန်သည်။

"ငါ ဟိုမှာ နှစ်နှစ်လောက်ကြာမယ်၊ ငါ့သားကို မင်းဆီမှာ အပ်ထားခဲ့မယ်၊ ဒီကောင်က ဆိုးချင်တယ်၊ အပေါင်းအသင်းကြောင့် ပျက်စီးမှာလည်း စိုးရိမ်တယ် လုစိန်၊ သူ့ဝါသနာကို ငါ မတားပါဘူး။ လူငယ်ပဲကွာ... သူ့ဂီတနဲ့ သူပေါ့၊ မင်း ငါ့သားကို ထိန်းသိမ်းပေးပါ၊ ပညာရေးလည်း မလစ်ဟင်းစေနဲ့၊

သူ့ကို တစ်ယောက်တည်းထားခဲ့ရင် ဒီကောင် လေလေလေဖြစ်မှာ၊ အဲဒါကြောင့် မင်းဆီပို့ထားတာ၊ ဒါနဲ့ မင်း ဟိုနှစ်ကောင် အခြေအနေကို စုံစမ်းထားမယ်ဆို၊ ဒါပါပဲ... မင်းကို ငါ တစ်ခုပြောမယ်၊ မင်း အသက်ကြီးမှ ရှူးတူးတူး ပေါတောတော မနေနဲ့ ဒါပဲ ဟေ့ကောင်... ပုံ... အောင်လင်း"

ကက်ဆက်အသံ တိတ်သွားတော့ မွစိမွစိနဲ့ ကျွန်တော် ဒီကောင့်ကို မေ့တ္တာပို့မိပါသည်။

"ကဲ... ဆိုစမ်းပါဦး... နောက်တစ်ယောက်"

ကျွန်တော့် အပြောကြောင့် နောက်ဆုံးကျန်တဲ့ ကောင်လေးက ကျောပိုးအိတ်ပေါ်က ဂစ်တာကိုလှမ်းယူကာ ကျွန်တော့်ကို...

"ဘာသီချင်း ဆိုရမှာလဲ"

"ဟာကွာ... မင်းကို သီချင်းဆိုခိုင်းတာ မဟုတ်ဘူး။ မင်းအကြောင်းကို ပြောခိုင်းတာ"

"သြော်... ဒါလား"

ကောင်လေးက ဂီတာကို ပြန်မှီတင်ထားကာ ကျောပိုးအိတ်ဇစ်ကိုဖွင့်ကာ စာရွက် တစ်ရွက် ထုတ်ပေးသည်။ ကျွန်တော်က လှမ်းယူရင်း ဖွင့်ဖတ်ကြည့်မိသည်။

"ကိုကို"

ကျွန်တော် စာ အစ,ကို အသံထွက်ဖတ်မိရင်း မျက်ခုံး မြင့်တက်သွားရပါတယ်။ ထပ်ဖတ်ကြည့်သည်။





"မွန်မွန့်ကိုထားပြီး ကိုကို ထွက်သွားရက်တယ်၊ ကိုကို ဟာ အသည်း..."

"ဟာ... စာမှားသွားတာ ဦးလေး"

ကောင်လေးက ကမန်းကတမ်း ပြန်တောင်းပြီး စာချင်း လဲယူပါသည်။

"ဘယ်လိုကောင်တွေမှန်း မသိပါဘူး... ငါတော့ ကြိုးဟ် ဝင်ပြီထင်တယ်"

ကျွန်တော် ပါးစပ်ကလည်းညည်း လဲယူထားတဲ့ စာရွက် ကိုလည်း ပြန်ဖတ်မိသည်။ ပြီးတော့ အသံထွက် ဖတ်မိရပါတယ်။

(သတိရနေတယ် သူငယ်ချင်းရေ... တို့များ ငယ်ငယ် တုန်းက...)

စာကိုဖတ်နေရင်း ကျွန်တော့်လေသံက တဖြည်းဖြည်း တွဲတေးသိန်းတန်သံ ပေါက်လာတာကြောင့် ဟိုကောင်တွေက တခွီးခွီး... ကျွန်တော့်ကိုယ်တိုင်လည်း မသက်ာဖြစ်ကာ...

"မင်း... စာတော့ မမှားပါဘူးနော်"

"ဟာ... မမှားပါဘူး ဦးလေးရာ၊ ဆုံးအောင် ဖတ် ကြည့်ပါ"

ကျွန်တော် အစ,ကနေ သတိနဲ့ အသံမှန်မှန် ပြန်ဖတ် ပါတယ်။

"သတိရနေတယ် သူငယ်ချင်းရေ... တို့များငယ်ငယ် တုန်းက ဆိုတဲ့ သီချင်းစာသားလေးလိုပဲကွာ... ဟူး"

အခု သတိပြီး ချမ်းမြဲခဲ့ပါသည်။ စိတ်ထဲကလည်း
မင်းဇင် ဆိုတဲ့ကောင်က လုပ်ချလိုက်ပြီလို့ တွေးမိပါသေးတယ်
စာကို ပြန်ဆက်တော့...

“ငါတို့သူငယ်ချင်းတွေ တစ်နေရာစီမှာ တကွဲတပြ
ဖြစ်နေကြတယ် ငါ မင်းတို့ကို အမြဲသတိရနေခဲ့ပါတယ်၊
မန္တလေးမှာ အခြေချပေမယ့် ငါက ဝန်ထမ်းလေ၊ နယ်စွ
နယ်ဖျားလည်း သွားရတာပဲ၊ အခု ငါ့သား ဆယ်တ
အောင်တော့ သူ့ဂီတနဲ့ သူ့ပညာရေးအတွက် မင်းဆီ
လွှတ်လိုက်တယ်၊ မင်း ကြည့်စီစဉ်ပေးပါ၊ မင်းဇင်... သတိရခြ
များစွာဖြင့်...”

စာကို ဖတ်ပြီးတော့ ကျွန်တော် ဆက်တီပေါ် နောက်
ထိုင်ချကာ တစ်ယောက်ချင်းစီ ကြည့်မိသည်။ ကြည့်ရ
ပုံစံတွေကတော့ တစ်ယောက် တစ်မျိုးစီ။

“ငါ့မှာ သူငယ်ချင်းတွေနဲ့ တစ်နေ့ ပြန်တွေ့ရမ
ထင်ထားတာ၊ အခုတော့ သူငယ်ချင်းတွေရဲ့ သားတွေဖြစ်
လူကြီးလူကောင်းလေးတွေနဲ့ လာတွေ့နေရတယ်၊ အေးလေ
ဖြစ်ချင်တိုင်းမဖြစ်ရတာက ဘဝပဲလေ၊ မင်းတို့အဖေတွေဖြစ်
မင်းညို၊ အောင်လင်း၊ မင်းဇင်နဲ့ ငါက အလယ်တ
ကျောင်းသားဘဝက စပြီး တက္ကသိုလ်တက်တဲ့အထိ အ
ခင်ကြတဲ့ သူငယ်ချင်းတွေလေ၊ ဒီအိမ်က ငါ့အိမ်ဆိုပေမ
ဒီအိမ်ကြီးကို ငါက အဆောင်သဘောမျိုး ငှားစားထား





မင်းတို့ နေချင်သလောက် နေ၊ စားချင်သလောက် စား၊ မင်းတို့
ကိစ္စအဝဝတွေကိုလည်း ငါ တတ်နိုင်သလောက် ကြိုးစားပေး
မယ်၊ ဒါပေမယ့် ငါ့အိမ်ရောက်ရင်တော့ ငါ့စည်းကမ်းလိုက်နာ
ရမယ်၊ အဲဒီစည်းကမ်း မလိုက်နာရင်တော့ Go တော့”

“ဟုတ်ကဲ့... စိတ်ချပါ”

ကောင်လေးသုံးယောက်က ပြိုင်တူ ပြောပါသည်။

“ဒီအဆောင်မှာ အားလုံးက ညီရင်းအစ်ကိုလို နေကြ
တာ၊ အများစုကတော့ မင်းတို့ထက် အသက်ကြီးတဲ့ လူတွေ
ချည်းပဲ၊ အငယ်ဆုံးဆိုလို့ မာစတာတက်နေတဲ့ ပြည်ကလာတဲ့
အောင်ဆင့်ပဲ ရှိတယ်၊ စည်းကမ်းတွေကတော့ အဝင်ဝခါးမှာ
ရေးပြီးကပ်ထားတယ်၊ မင်းတို့သုံးယောက်ကို အခန်းကျယ်တစ်ခန်း
ငါ စီစဉ်ပေးမယ်၊ ဘာပြောစရာရှိလဲ”

“မရှိ”

ကောင်လေး သုံးယောက်က စစ်သားတွေလို သတိ
အနေအထားနဲ့ ပြိုင်တူအော်သည်။

သူလည်း ယောင်ကမ်းကမ်းနဲ့...

“ဒါဆို... ဆက်လုပ်”

“ဘာကို ဆက်လုပ်ရမှာလဲ ဦးလေး”

“အေးလေ... အနိုကယ်လေးကလဲ”

“ဟုတ်ပါ့ကွာ”

ဒီကောင်တွေဆီက အသံတွေ ထွက်လာတာကြောင့်–

"ဟာ… ယောင်သွားလို့ပါကွ၊ ဒီမှာနေခဲ့… အခန်
ပြင်ဆင်ပြီးရင် မင်းတို့ကို ငါ ခေါ်လိုက်မယ်"

ကျွန်တော်က ဒီကောင်တွေကို ထားခဲ့ပြီး အပေါ်ထပ်က
တက်သွားပါတယ်။

ကျွန်တော် လှေကားအကွယ်ကနေ အောက်ကို ချောင်း
ကြည့်တော့ တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြတဲ့
လူငယ်သုံးယောက်ကို တွေ့ရပါသည်။







"သူက ကိုကိုဇော်… ဇင်းနစ် ခရီးသွားအေဂျင်စီရဲ့
န်နေရှာ"

အရပ်ပုပြတ်ပြတ် အသားဖြူဖြူနဲ့ ကိုကိုဇော်က ထမင်းစား
ားပွဲရှည်တစ်ဖက်က ကောင်လေးသုံးယောက်ကို ပြုံးပြသည်။

ကျွန်တော်တို့တွေ့ဆုံပွဲ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါ။
ုပ်ငန်းဌာနက အသီးသီးပြန်လာလို့ ညနေ ထမင်းစားချိန်မှာ
ားလုံးနဲ့ လူငယ်သုံးယောက်ကို တွေ့ဆုံပေးခြင်းသက်သက်
သာ ဖြစ်သည်။

ကိုကိုဇော်ကို မိတ်ဆက်ပေးပြီးတော့ ကျွန်တော် နောက်
ိတ်ဆက်ပေးမည့် တစ်ယောက်ကို ရွေးထုတ်ဖို့ လှမ်းကြည့်
တော့ ထိုသူက လျှာကိုသပ်ကာ စားပွဲအလယ်က ဘဲဥဟင်း
ွဲကိုသာ အရည်လဲ့ တောက်ပတဲ့ မျက်ဝန်းတွေနဲ့ ငေးကြည့်
နေမိသည်။

"ဟော့လူကြီး… ပြီးရင် စားရမှာပေါ့ဗျာ၊ သိပ်ငေး
နေနဲ့… ဆပ်ပလိုင်းဂျက် မိနေဦးမယ်"

ကျွန်တော့်ရဲ့ အသံကြောင့် ဘဲဥဟင်းပွဲကို အာရုံစိုက်
နေသော ကိုသောင်းထွန်းက ကွမ်းအရဲသား သွားတွေကို
ေါ်အောင်ပြုံးရင်း…

"ဟဲ…ဟဲ… ဗိုက်နည်းနည်းဆာလာလို့ပါ ညီလေးရာ"

"ခင်ဗျား မဆာတဲ့အချိန် ဘယ်အချိန်ရှိလဲ… နေပါ
ဦးဗျ…"

ကျွန်တော်က များလုံးပြူးပြူး ကောင်လေးသုံးယောက်ဘက် လှည့်တာ...

"ဒီဟိုရှိုက်က မထေသ ယာဉ်လိုင်း (.......) မှာ ကားမောင်းနေတဲ့ ကိုသောင်းထွန်း"

အသား မည်းမည်းနဲ့ ဆံပင်နီကျင်ကျင် ကိုသောင်းထွန်းက သူများထက် ထွင်စွာ မတ်တတ်ရပ် ဦးညွှတ်ပြသည်။

"ဒီဘက်က ကိုကျော်စွာ... ကျူရှင်ဆရာပေါ့၊ သူ့ကျူရှင်နာမည်က ဆန်းပါကွာ... ဘာတဲ့... ဖြတ်လမ်း"

ကျွန်တော် ခပ်တည်တည်နဲ့ ပြောတော့ ကျော်စွာက မျက်လုံးကြီးပြူးပြီး...

"ဟေ့ကောင်... ဖြတ်လမ်း မဟုတ်ပါဘူးကွာ... တက်လမ်းပါကွာ"

ကျူရှင်ဆရာ ကျော်စွာ စကားကြောင့် သိန်းသူတွေက ရယ်ကြပါသည်။

နောက် ကျွန်တော် ကျန်တဲ့သူတွေနဲ့ မိတ်ဆက်ပေးပါသည်။ ဟိုတယ်မန်နေဂျာ ကိုရွှေသို။ မာစတာတက်နေတဲ့ အောင်ဆင့်၊ မဂ္ဂဇင်းအယ်ဒီတာ ကိုဝေညို၊ ဝန်ကြီးဌာနတစ်ခု ရုံးစာရေး ကိုမောင်မြင့်၊ သူတို့အားလုံးနဲ့ ကျွန်တော့် ကောင်လေးတွေကို မိတ်ဆက်ပေးခဲ့ပါသည်။

မိတ်ဆက်ပွဲပြီးတော့...

"မင်းတို့ ဘာအဆင်မပြေတာရှိလဲ"





ကျွန်တော့်စကားကြောင့် ကောင်လေး သုံးယောက်က အချင်းချင်း တစ်ယောက်ကို တစ်ယောက် ကြည့်ကြသည်။ ပြီးတော့ ပန့်စ် ကောင်လေးက...

"အဆင်မပြေတာတော့ ကျွန်တော် ဒီနှစ်ယောက်နဲ့ အတူတူ မနေချင်ဘူး"

ပန့်စ်ကောင်လေး စကားကြောင့် တစ်ယောက်ကလည်း–

"အံ့မယ်... မင်းကများ ပြောရတယ်ရှိတယ်၊ မင်းတို့နဲ့များ ငါက နေချင်တယ် ထင်လို့လား"

ရောစ် ချာတိတ်က ကျန်နှစ်ကောင် စကားကြောင့် ခေါင်းရှုံ့သည်။ အမျိုးအစား မတူညီတဲ့ အစွဲတွေကြောင့် ပြဿနာတက်နိုင်တာ သေချာပါသည်။ အဆင်မပြေပုံ ရှိပေမယ့် ကျွန်တော်က တမင်ပင်...

"မင်းတို့ကို ငါပြောထားတယ်နော်၊ ဒီအဆောင်ရောက်ရင် ဒီအဆောင်ရဲ့ စည်းကမ်းကို လိုက်နာရမယ်လို့ ပြောထားတာ၊ အဓိက,ကတော့ ငါ ရန်ဖြစ်တာ မကြိုက်ဘူးဆိုတာပဲ၊ မင်းတို့သုံးယောက် စည်းစည်းလုံးလုံး ရှိကြပါ၊ ဒါပဲ ငါပြောချင်တယ်၊ မရှင်းတာရှိလား"

"ရှိပါတယ်"

ဒီအသံဟာ ကောင်လေးတွေဆီက မဟုတ်ပါ။ ကျူရှင်ဆရာဆီကပါ။ ကျွန်တော်က ကျူရှင်ဆရာ ကျော်စွာကို ကြည့်တော့ ဒီကောင်က စပ်ဖြဲဖြဲနဲ့...

"ကိုရှင်သွစ်ရဲ့ ခင်ဗျားမှာ ပုံဆေးရည်ရှိလား"


"ဘာလဲဟ"

"ဪ... တစ်နေ့လာလည်း ဘဲဥချဉ်ရည်၊ ဒါမှမဟုတ်ရင် သီးစုံဟင်းနဲ့ အာပြဲခြောက်၊ အဲဒီနှစ်ခုက လွဲရင် ခင်ဗျား ကျွန်တော့ မချက်တတ်ဘူးလားဗျာ"

ကျူရှင်ဆရာ စကားကြောင့် ကျွန်တော်က ခပ်တည်တည်နဲ့ ကျွန်တော် သုံးနေကျ စကားကို ပြောဖို့အလုပ်မှာ ရုံးစာရေး ကိုမောင်မြင့်က...

"ဒါ...စည်းကမ်းဗျ...ဒီအဆောင်ရောက်ရင် ဒီအဆောင်ရဲ့ ကျင့်ဝတ်ကို လိုက်နာရမယ်"

ကျွန်တော့်ကို မကြည့်ဘဲ လက်ဆေးရည် ပန်းကန်ထဲ လက်နှိုက်ကာ ကျွန်တော် ပြောနေကျစကားကို အခုလို ခပ်တည်တည်ပြောတော့ အားလုံးက ဝိုင်းရယ်ကြသည်။







မိုင်းက ဂစ်တာအိတ်ဇစ်ကို ဆွဲဖွင့်တော့ ခုတင်ပေါ်မှာ ပက်လက်လှန်ကာ စာအုပ်ဖတ်နေတဲ့ ဖေငိုက လှမ်းပြီး တစ်ချက်ကြည့်သည်။

သူတို့ကိုပေးထားတဲ့ အခန်းက အတူအစီအစဉ်မို့ ထင်ပါရဲ့ တော်တော်ကျယ်ပါတယ်။ ဝင်ပေါက် လျှောက်လှမ်းရဲ့ ခေါင်းရင်းဘက်မှာ ခုတင်သုံးလုံးတန်းစီချထားပြီး ဝင်ပေါက်ရဲ့ အဆုံးလမ်းမှာ စားပွဲနှစ်လုံးနဲ့ ခုံသုံးခုံ ချပေးထားပါတယ်။

ဝင်ဝင်ချင်း ရှာနံရှာနံရဲ့ ခုတင်ပြီးတော့ ဖေငို။ ပြီးမှ မိုင်းရဲ့ခုတင်။

မိုင်း လက်ဆွဲအိတ်လေးကို ထပ်ပြင်ဆင်ပြီး ဂီတာကြိုး ညှိနေစဉ်မှာ ရှာနံရှာနံကလည်း CD တစ်လုံး၊ ဂျက်ကြိုး အစရှိသည်တို့ဖြင့် အလုပ်ရှုပ်နေပါသည်။

ဂီတာကြိုးညှိလို့ အပြီးမှာ မိုင်းက ဂစ်တာလက်ကွက် သုံးလေးခုကို စမ်းပြီး ဂစ်တာ စတီးသည်။ ဆိုတဲ့သီချင်း ကလည်း ကြည့်ပါဦး... ဟယ်ရီလင်းရဲ့ ဂြိုဟ်သားတစ်ယောက်။

(ဘယ်အခါမှ အဆုံးမရှိ ဆင်းသက်ခဲ့ အကြောင်းများ ဂြိုဟ်ကြီးထဲမှာ လှုပ်ရှား... ဆုံးရှုံးမှုက အများသား တွေ့နေ ဆဲလေ... ငါလေ ထွက်ပြေးဖို့ကို မတွေးဘူး...)

မျက်စိကိုမှိတ် အင်အားသုံးပြီး ဆိုနေစဉ်မှာပင် အနောက် တိုင်း အဆိုတော် ငါးဆယ်ဆင့် ဆိုတဲ့အဆိုတော်က CD စက်ထဲမှတစ်ဆင့် ခုန်ထွက်လာပါသည်။

မိုင်းက စိတ်ထဲ ပေါ်သတွေ့တဲ့အခန်းမှာ ခုတင်တစ်လုံး ကော့်တ ရှန်ရှန် နို့ရာကို လှမ်းကြည့်တော့ မျက်လုံးလေး မှိတ် သီချင်း လိုက်ဆိုနေတဲ့ ရှာန်ရှာန်ကို တွေ့ရသည်။

"ဟော့ကောင်"

မိုင်းရဲ့အသံကို ဒီကောင်က ကြားတာဘဲလား။ မကြား ချင်ယောင် ဆောင်နေတာပဲလား၊ မသိ။ ဒီကောင်က နည်းနည်း မှ အရေးမစိုက်။ မိုင်းက ထုံပေပေနဲ့ ဒီကောင်ကို စိုက်ကြည့် နေရင်းမှ စိတ်မရှည်ပုံရကာ ဂီတာကို ကောက်ကိုင်ကာ ခုတင် ပေါ် မတ်တတ်ရပ်၍ အေရိုစမစ်ရဲ့ သီချင်းတစ်ပုဒ်ကို ကောက်ကာ ငင်ကာ စ,ဆိုပါတော့သည်။

အခုလို တစ်ယောက် တစ်ပေါက် အသံတွေကြောင့် အလယ်လူ ဖင်ကိုက စာအုပ်ကိုချကာ ရှာန်ရှာန်ကို ကြည့် လိုက်၊ မိုင်းရှိရာကို ကြည့်လိုက်နဲ့ စိတ်မရှည်နိုင်ပုံ ရနေရာမှ ဝုန်းခနဲ ခုန်ထလိုက်သည်။

သီချင်းဆိုနေတဲ့ ဟိုနှစ်ကောင်သားက သီချင်းဆိုနေ ရင်း ဖင်ကို,ကို အကဲခတ်သေးသည်။ ဒါပေမယ့် လှုပ်ရှားမှုနဲ့ အဆိုကတော့ မပျက်။ ဖင်ကိုက သူ့လက်စွဲတော် ဂီတာကို သိုင်းကြိုးချိတ်လိုက်ရင်း ဂစ်တာကို ကောက်လွယ်ကာ ဂရင်းဒေးရဲ့ ပန့်ခ် သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ ဆိုချလာပါသည်။

ရောမမြို့ကြီး မီးဟုန်းဟုန်းလောင်တာ မသိပါ...၊ ဝေသာလီပြည်ကို ဘယ်ဘီလူးပဲ ရောက်ရောက် အရေးမကြီး...





အဲဒီလို ထပ်တူထပ်မျှရှိတဲ့ လူပျိုကြီး ကိုလှစိန်ရဲ့ အိမ်ဂေဟာတော်မှာတော့ ဘီလူးသုံးကောင်ရဲ့ ထင်တိုင်းကျဲမှု ကတော့ မယုံနိုင်လောက်စရာပါ။

အဲဒီအသံတွေကြောင့် အောက်ထပ်က ကိုလှမိန် သူတို့ရှိရာ အခန်းကို ပြေးတက်လာပါတယ်၊ မဂ္ဂဇင်းတိုက်ကို မသွားသေးတဲ့ ကိုဝေညီကလည်း ကိုလှစိန်နဲ့အတူ တံခါးပေါက်ဝ,မှာ။ ကိုလှစိန်နဲ့ ကိုဝေညီက မျက်လုံးအပြူးသားနဲ့ ငေးကြောင် ကြည့်နေရာမှ သတိပြန်ဝင်လာကာ ကိုလှစိန်က အရင်ဦးဆုံး...

"ဟော့ကောင်တွေ"

ကိုလှစိန်ရဲ့ အသံကျန်အော်သံက အတွင်းက အသံတွေကို ကျော်လွှားနိုင်ခြင်း မရှိပါ။ နင်းကန်အော်နေတဲ့ ကိုလှစိန်ကို ကြည့်ပြီး ကိုဝေညီ တစ်ခုခုကို သတိရသွားပုံနဲ့ ပြန်ပြေးထွက် သွားသည်။

ကိုဝေညီ ပြန်ပြေးထွက်သွားပုံကြောင့် ကိုလှစိန်က အော်နေရာမှ ရပ်လိုက်လေသည်။ သူလည်း ကြောင်တောင် တောင် ဖြစ်သွားတာပေါ့။ သိပ်မကြာခင် လှစ်ခနဲ ကိုဝေညီ ပြန်ရောက်လာပါတယ်၊ ကိုဝေညီ လက်ထဲမှာ တတ်ခဲသုံး အော်လံလေးတစ်ခု။ အော်လံကို မြင်သွားမှ ကိုလှစိန် သဘော ပေါက်သွားပါတယ်။

ကိုဝေညီ ကမ်းပေးတဲ့အော်လံကို လှမ်းယူပြီး "ကျေးဇူးပဲ" လို့ ပြန်ပြောလိုက်သေးတယ်။

အော်လံခလုတ်ကို ဖွင့်ဘဲ ကိုလှစိန်က အော်သေးသည်။ အသံမထွက်တာကြောင့် ကိုဝေညိုကို လှမ်းကြည့်တော့ ကိုဝေညိုက ကိုလှစိန်ကို ဘုကြည့် ကြည့်ပြီး ခလုတ်ကို ပြန်ဖွင့်ပေးရပါတယ်။ အဲဒီအခါကျတော့မှ–

"ဟေ့ကောင်တွေ… မင်းတို့ လှုပ်ရှားမှုတွေကို ရပ်တန်းက ရပ်ပါ၊ မရပ်တန့်ရင် အင်အားသုံးပြီး ငါတို့ အထူးတပ်ဖွဲ့တွေ ဖြိုခွင်းရလိမ့်မယ်"

FBI လိုလို၊ KGB လိုလို ဟန်ပန်နဲ့ အမိန့်ပေးနေတဲ့ ကိုလှစိန် လုပ်ပုံကြောင့် ကိုဝေညိုက ခေါင်းကို တချင်းချင်း ကုတ်သည်။ ကိုလှစိန်ရဲ့ တားဆီးမှုအောက်မှာ၊ အတွင်းက မျောက်သုံးကောင် ချက်ချင်းကို လုပ်ဆောင်မှုတွေ တုံးတိရပ်တန့်သွားပါသည်။

ဒါတောင် ရှာန်ရှာန်က သူ့ CD ရဲ့ အသံခလုတ်ကို လျှော့ရုံပဲနှိပ်သောကြောင့် ကိုလှစိန်က မျက်မှောင်ကုတ်ကြည့်တော့ ရှာန်ရှာန်က ခလုတ်ကို အမြန်ပိတ်လိုက်ရသည်။

ကိုဝေညိုနဲ့ ကိုလှစိန်က အခန်းထဲဝင်လာသည်။ ကိုလှစိန်က အော်လံကိုအသုံးပြုရင်း အခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်ကာ…

"ကောင်းကြသေးရဲ့လား… ကောင်းကြသေးရဲ့လား"

ဒီကြောင်တောင်တောင်စကားကြောင့် မျောက်သုံးကောင်က တစ်ယောက်ကိုတစ်ယောက် နားမလည်ဟန် ကြည့်ကြသည်။





ခေါက်တုံ့ခေါက်ပြန် လျှောက်နေတဲ့ ကိုလှစိန်ရဲ့ လုပ်ပုံကြောင့် ကိုဝေညို သည်းမခံနိုင်ပုံရကာ သူ့ရှေ့ရောက်လာတဲ့ ကိုလှစိန် လက်ထဲက အော်လံကို ဖျတ်ခနဲဆွဲယူရင်း အော်လံကို ကိုလှစိန် နားရှိရာသို့ ကပ်၍…

"အော်လံ မလိုတော့ပါဘူး။ ဒီအတိုင်း ပြောလို့လည်း ရပါပြီ၊ ခေါက်တုံ့ခေါက်ပြန်လည်း လျှောက်မနေနဲ့၊ ခေါင်းမူးတယ်ဗျ"

ကိုဝေညိုရဲ့ အော်လံသံကြောင့် ကိုလှစိန် တွန့်ခနဲဖြစ်သွားသည်။

"ဖြည်းဖြည်းပြောပါဗျ… နားကို အူသွားတာပဲ"

ဟိုသုံးကောင်က ကျွန်တော်နဲ့ ကိုဝေညို ဖြစ်ပုံတွေကြောင့် ဝပ်ဖြိုဖြို ဖြစ်ကုန်ပါသည်။

"ဟိုကောင်တွေ မင်းတို့မျက်နှာတွေကို ပြင်စမ်း"

ဒီလောက် ပြောက်နေတာတောင် ဇင်ကိုက…

"ဘယ်ဆိုင်မှာ ပြင်ရမှာလဲ၊ ခင်စန်းဝင်းဆီမှာလား"

"ဟေ့ကောင်"

ဒီလောက် ပြောနေတာတောင် ဒီကောင်တွေသည် နည်းနည်းမှ အချိုးမပြေ။

"ဂီတဆိုတာ ငါလည်းလက်ခံပါတယ်၊ အခု မင်းတို့လုပ်ပုံတွေက ဂီတကို အမဲပျက်သလို ဝိုင်းဖျက်နေကြတာနဲ့တူတယ်"

"ဟုတ်တယ်"

ကိုဝေညွှန့်ကလည်း ထောက်ခံသည်။

"မင်းတို့က ဂီတကို ချစ်တာမဟုတ်ဘူး။ အရေးနဲ့ ခြွထားတာ"

ကျွန်တော့်စကားကြောင့် ဒီကောင်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ...

"အဲဒီလို မပြောပါနဲ့"

"ဟုတ်တယ်... အန်ကယ်လေး"

မိုင်းကတော့ ဘာမှဝင်မပြောပေမယ့် ဒီစကားအပေါ် မကျေနပ်ဟန် ရှိတဲ့သဘော။ ကျွန်တော်က သူတို့ရဲ့ပုံစံ အနေအထားတွေကြောင့် သဘောကျ ရယ်မောမိကာ...

"ပြောတော့လည်း မင်းတို့က မခံချင်ဘူး။ မခံချင်ဘူးဆိုရင် မင်းတို့ပြင်ပေါ့၊ ကဲ... ငါ ဒါပဲပြောချင်တယ်၊ သွားမယ် ကိုဝေညွှန့်"

ကျွန်တော်တို့ နှစ်ယောက် ထွက်သွားတော့ ဒီကောင်တွေ ကျန်ခဲ့ပါသည်။ ကိုဝေညွှန့်နဲ့ ကိုလှစိန် ထွက်သွားတော့မှ သုံးယောက်သား ကိုယ့်ခုတင်ပေါ် ကိုယ် ခြေပစ်လက်ပစ် အိပ်ချမိလိုက်ပါသည်။

ရှာန်ရှာန်က အိပ်နေရာမှ ခေါင်းထောင်ထ,ကာ...

"အဲဒါ မင်းတို့ရဲ့ ဆူညံပွက်နေတဲ့ ဂီတကြောင့်"

ရှာန်ရှာန်ရဲ့ အပြစ်တင်တဲ့ လေသံကြောင့် ဖင်ကိုက မခံချင်ဖြစ်သွားပုံရကာ...





"မင်းဂီတ,ကရော ဘာလဲ၊ သံချပ်တိုင်လိုလို တုံချပ်တုံချပ်ကိုများ"

"ဟေ့ကောင်... ဟစ်ဟော့ပ်ကို မစော်ကားနဲ့"

"အေး... မင်းလည်း ပန့်ခ်ကို ထိဖို့ လုံးဝမကြိုးစားနဲ့"

မိုင်းက ခုတင်ပေါ်မှ ထ,ထိုင်ရင်း ပြုံးနေတော့ ဖင်ကိုက–

"မင်း ဘာပြုံးတာလဲ မိုင်း"

"ဪ...ငါ ဟစ်ဟော့အဆိုတော် သားစိုးရဲ့ အင်တာဗျူးတစ်ခုကို ဖတ်ခဲ့မိလို့ပါ၊ ဟစ်ဟော့ပ်ကို စိတ်မဝင်စားပေမယ့် သားစိုးရဲ့ အင်တာဗျူးကို စိတ်ဝင်စားမိတယ်။

"သားစိုးက ဒီလိုပြောထားတယ်၊ ဟစ်ဟော့ဟာ ရှင်သန်နေတာမဟုတ်သလို ငရောခ်ဂီတက သေဆုံးသွားတာ မဟုတ်ဘူးတဲ့၊ လူဆိုတာ ငြိမ်းချမ်းတယ် ဆိုတဲ့သဘောကို သူသိတယ်၊ သားစိုး ကိုယ်တိုင်တောင် ဟစ်ဟော့ သီချင်းတွေ နားထောင်ရင်း ငြိမ်းချမ်းတတ်တဲ့အခါ လက်ဖက်ပလင် ရောခ်ဂီတဝိုင်းကို နားထောင်တတ်တယ်၊ ဒီလို ထပ်ပြောပြသေးတယ်၊ နာမည်ကြီး ဟစ်ဟော့ပ်ဂိုင်းနဲ့ အေရိုးစမစ်တို့ ပူးတွဲသီဆိုမှုတွေ ပြောပြတယ်၊ သားစိုးရဲ့ သဘောတရားက လေးစားဖို့ကောင်းတယ်၊ ဂီတဆိုတဲ့ အခြေခံပေါ်မှာပဲတွေးတယ်၊ ခရီးတစ်ခုတည်းသွားသူချင်း နားလည်မှုလေးတွေ၊ တစ်ဦးကိုတစ်ဦး လေးစားမှုလေးတွေ ရှိဖို့ ပြောပြတာလို့ ငါထင်တယ်"

ကျန်တဲ့ နှစ်ယောက်ကလည်း မိုင်းရဲ့ စကားကြောင့် ငြိမ်သက် သွားကြသည်။

"အနိုင်အထက်သာ ပြောနေတာပါ။ ငါက တစ်ယူသန် ဝါဒသမား မဟုတ်ပါဘူး"

ရှာန်ရှာန်က သဘောပေါက်ပုံ ရပါတယ်။ ဇင်ကို ကလည်း အခုလို ပြောလာသည်။

"ကဲ... ဒီနေ့ ဒီအချိန်ကစပြီး ငါတို့ နားလည်မှုတွေ ရှိကြတာပေါ့ကွာ"

ထိုနေ့ ထိုအချိန်ကစပြီး သူတို့ အပေးအယူ မျှတလာကြပါတယ်။ အခန်းထဲမှာ ရှာန်ရှာန် DJ စက်တွေနဲ့ အလုပ်ရှုပ်နေချိန်မှာ မိုင်းနဲ့ ဇင်ကိုက တိတ်တိတ်ဆိတ်ဆိတ် နေနိုင်ရင်နေ၊ ဒါမှမဟုတ် မိုင်းဖြစ်ဖြစ် ဇင်ကိုဖြစ်ဖြစ် ခြံထဲကခုံတန်းလျားမှာ ဂစ်တာတစ်လက်နဲ့ သီချင်းရေး၊ သီချင်းဆိုဖြစ်ရင် ဆိုဖြစ်မယ်။

စနေ တနင်္ဂနွေ အပေးသင့်တက်ရရင် သုံးယောက်သား အတူထွက်ကြတယ်။ ဂီတကို မြတ်နိုးကြသူ အချင်းချင်းမို့ တစ်ခါတစ်ရံ ကိုယ်အယူအဆ တချို့ကြောင့် ငြင်းခုံတာကလွဲရင် သုံးယောက်သား အတွဲမိလာကြတယ်။

ညနေပိုင်းကြရင်တော့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်လေးမှာ အတူထိုင်ဖြစ်တယ်။ လက်ဖက်ရည်ဆိုင်က ပြန်လာရင်တော့ ခြံထဲမှာ အေးအေးဆေးဆေး ဝိုင်းဖွဲ့နေကြတဲ့ ကိုဝေညိုတို့ လူကြီးအုပ်စုထဲသွားပြီး အမြည်း နှိုက်စားတတ်ကြတယ်။





ဒီရပ်ကွက်ရဲ့ ရာအိမ်မှူးဖြစ်တဲ့ ကိုလှစိန် ရပ်ကွက်ရုံးက ပြန်လာရင် သူ့ရဲ့ မယ်ဒလင်လက်သံကို နားထောင်ဖြစ်ကြတယ်။

ပြီးရင် ရှာန်ရှာန်ရဲ့ CD နဲ့ ကူးထားတဲ့ သူ့ရဲ့တီးလုံးနဲ့ သူ့ရဲ့အဆို။ နောက် ဇင်ကိုနဲ့ မိုင်း အလှည့်ကျ ဝိုင်းဖွဲ့ သီဆိုခဲ့ကြပါတယ်။ အနေကြာလာတော့ ရပ်ကွက်က လူငယ် လူကြီးနဲ့ ရင်းနှီး ခင်မင်လာခဲ့တယ်။

[illegible] သိမ်းသွင်းခြင်းအောက်မှာ မိုင်းနဲ့ [illegible] ငြိမ်သက်နေကြသည်။ အဆောင် [illegible] ရှုခင်းတွေမင်းတွေကတော့ ဟောက်သံ [illegible] အငြိမ်းအနိုင်း [illegible] ကျနေမှာ ကျိန်းသေပါသည်။

[illegible] ချည်းစားမဟုတ် ဘာမဟုတ် ကောင်မလေးတွေကိုပဲ လွမ်းနေသည်လားမသိပါ

"မန္တလေးမှာ မင်း အတော်ကြာကြာ နေဖူးတယ် ထ[illegible] တယ်"

အကြောင်းအရာ ခေါင်းစဉ်မရှိဘဲ တုံးတိဘိဆိုလာ[illegible] ဇင်ကိုရဲ့စကားကြောင့် တောင်စဉ်ရေမရဲ့ အတွေးတွေအောက်[illegible] နိုးထရင်း...

"ဘာဖြစ်လို့လဲ"

ကျွန်တော် ပြန်မေးလိုက်တဲ့ မေးခွန်းကြောင့် ထင်ပါသည်[illegible] ဇင်ကိုက ဝရန်တာပေါ်တက်ထိုင်ပြီး တိုင်ကိုမှီနေရာမှ ကျွန်တေ[illegible] ဘက် ခေါင်းလှောင်ကြည့်ရင်း...

"မင်းကို ငါ ဦးစစ်ငြိမ်းအိမ်မှာ တွေ့ဖူးသလားလို့"

မိုင်းက ခေါင်းညိတ်ပြလိုက်ပါသည်။ ဦးစစ်ငြိမ်းဆိုသူ[illegible] မန္တလေးမှာ (Home) စတူဒီယိုတစ်ခု တည်တောင်ထား[illegible] ပုဂ္ဂိုလ်၊ မန္တလေးရောက်ရောက်ချင်း သူ့ကို နေစရာ[illegible] အသံဖမ်း အတတ်ပညာကို သင်ပေးတဲ့ တစ်ယောက်ဆိုလ[illegible] မမှားပါ။





သူ တောင်ကြီးမြေကိုစွန့်ခွာပြီး မန္တလေးကို ရောက်တော့ [illegible]ကွေတွေနဲ့ နပမ်းသတ်ခဲ့ရပါသေးသည်။ အင်း... ပြန်ပြောရှင့် [illegible]လွမ်းမော နာကျင်စရာပါပဲ။

"ဖေဖေ ဆုံးတော့ ငါ ရန်ကုန်ကို ချက်ချင်းရောက်မလာ[illegible]ဘူး၊ တောင်ကြီးကနေ မန္တလေးကို ပြောင်းသွားတဲ့ သူငယ်ချင်း[illegible]တစ်ယောက်က လှမ်းခေါ်တာနဲ့ မန္တလေးမှာ တော်တော်ကြာကြာ [illegible]နေဖြစ်သေးတယ်လေ၊ သူတို့ဝိုင်းမှာ (Lead) သမား လိုနေချိန် [illegible]ခန့်သင့်တယ် ပြောရမှာပေါ့၊ ဒါပေမယ့် ဝေတစ်လှည့် [illegible]တ်တစ်လှည့် ဆိုရင်တော့ ပိုမှန်မယ်ထင်တယ်ကွ"

မိုင်းရဲ့စကားကြောင့် ဇင်ကိုက ရယ်သည်။

"ဒုက္ခများမယ်မှန်း သိရက်နဲ့ လူတော်တော်များများက [illegible]ကို အရူးအမူး ဖက်တွယ်ကြတာ ဘာသဘောလဲ မသိဘူးနော် [illegible]း"

ဇင်ကိုရဲ့အတွေးအခေါ်ကြောင့် အမှောင်ရိပ်ထဲမှာ မိုင်းရဲ့ [illegible]ပြုံးက လင်းမြနေမှာ သေချာပါသည်။

"ဂီတ မဟုတ်ပါဘူး၊ အနုပညာမရှိရင် ကမ္ဘာကြီးက [illegible]ရေဖြစ်သွားလိမ့်မယ်လေ၊ လူတွေဟာ ကျောက်ခေတ်ထက် [illegible]တဲ့ အရိုင်းအစိုင်းဆန်တဲ့ဘဝကို ပြန်ရောက်သွားလိမ့်မယ် [illegible]ကို"

ဇင်ကိုက သူ့စကားကို သဘောကျလို့လားမသိ ဟန်ပါပါ [illegible]တွန့်သည်။ ဒီနောက် ငြိမ်သက်သွားကြပြန်သည်၊ ထို့နောက်

သူတို့သည် အိပ်မက်တွေနဲ့ လုံးထွေးနေတဲ့ မျှော်လင့်ချက်သ
နှိုးသော အတွေးကိုယ်စီနဲ့ ပျံသန်းထွက်ခွာခဲ့ကြသည်။

ညကတော့ အမှောင်အားကိုးနဲ့ လောကကြီးကို ဝါး
ကြီးမားနေသည်။ ဝရုန်တာက လူငယ်နှစ်ယောက်ရဲ့ စိတ်
ကမ္ဘာကတော့ နေ့အလင်းလို အားကောင်းနေမှာပေါ့။

အားကောင်းတဲ့ သံစဉ်တွေရဖို့... နူးညံ့တဲ့ စကား
တွေ ရှာဖွေတူးဖော်ဖို့... မောပန်းနွမ်းနယ်တဲ့ စာသားတွေ
ရင်အားလုံးကို စာနာ နားလည် ကူညီပေးဖို့ မနက်ဖြန်တွေ
သူတို့ရှိနေမှာပါ။





"မိုးရိပ်ညို"

ကားတံခါး သော့ပေါက်ထဲသို့ သော့ထိုးထွင်းနေရင်း
ခေါ်သံတစ်ခုကြောင့် လှည့်ကြည့်မိတော့...

"ဩော်... ကိုတင်ကိုစိုး"

ဟန်လုပ်ကာ အပြုံးလေး ရောစွက်လိုက်ရပေမယ့်
စိတ်တအားညစ်မိတာတော့ အမှန်ပါ။ ကိုတင်ကိုစိုးက လူကြီး
လူကောင်းဆန်ဆန် ဝတ်ဆင်ထားသော်လည်း သူမကို မြင်လိုက်
တာနဲ့ တဟဲဟဲဖြစ်နေတဲ့ သူ့ရယ်သံကြီးနဲ့ ပြူးပြဲ ထွက်လာသော
မျက်လုံးများက လူကြီးလူကောင်းမဆန်။ ဒါပေမယ့်လည်း
လုပ်ငန်းရှင်အချင်းချင်း စီးပွားဖက် ဖြစ်နေတော့လည်း...

"ဘယ်ကလာတာလဲ ကိုတင်ကိုစိုး"

နာမည်ကြီး ပလာဇာတစ်ခုရဲ့ ကားပါကင်တစ်ခုမှာ
တွေ့ဆုံနေခြင်း ဖြစ်ပါသည်။

"ဘယ်လာရမှာလဲ... မာမီ့ဆိုင်ပဲပေါ့ မိုးရိပ်ရယ်"

စကားလည်းပြော သူ့လက်ထဲက စိန်ပွင့်ကြီးကြီးပါတဲ့
လက်စွပ်ကို သူမ မြင်သာအောင် လှုပ်လှုပ်ပြရတာက ကိုတင်ကိုစိုး
အစား လက်ညောင်းလိုက်ပါဘိ။

"ဩော်... ဟုတ်လား၊ အန်တီနေကောင်းလား၊ သွားဦး
မယ်နော်"

သူမက ကမန်းကတန်း စကားဖြတ်ပြီး ကားတံခါးဖွင့်
ဝင်မယ်လုပ်တော့ ကိုတင်ကိုစိုးက ပျာပျာသလဲနဲ့...

"ဟာ...နေပါဦး၊ တစ်ခုခု သုံးဆောင်သွားပါဦး။ ကိုယ် မိုးရိပ်ကို ညှော်ခံချင်လို့ပါ"

သူမကတော့ အပြုံးရိပ်လေး ဖြည့်စွက်ရင်း ညင်ညင်သာသာပဲ ငြင်းပါသည်။

"ကျွန်မ အလုပ်တွေရှိသေးလို့ပါ ကိုတင်ကိုစိုး၊ နောက်ကြုံမှပဲ"

"အို... အလုပ်ဆိုတာ နောင်လည်း လုပ်ရမှာပဲ၊ ဒါနဲ့ မိုးရိပ်လည်း တစ်နေ့တခြား လှလှလာပါလား"

အတင်းကြီးကို သူမ အလှအပအကြောင်းကို စကားထဲ ထည့်ပြောနေပါသည်။ ထိုအချိန်မှာ လူငယ်တစ်ယောက် သူတို့အနားမှာ မယောင်မလည် ရပ်နေပါသည်။ ဒါကို ကိုတင်ကိုစိုးက မသိပါ။ သူမဆီအာရုံတစ်ခုသာ သူ့ခေါင်းထဲရှိနေပုံပဲ။ ဒီအချိန်မှာ ကမ္ဘာကြီး ဘာတွေဖြစ်နေဖြစ်နေ သူ့ခေါင်းပေါ်မှာ ချူကလီယားပုံးကြီး တည့်တည့်ကျလာရင်တောင် အရေးစိုက်မည့်ပုံမရှိ။

"သမီးကညာ အခါမလင့်စေနဲ့ ဆိုသလိုပေါ့ဗျာ... ဟဲဟဲ ဟဲ... မာမိကတောင် ပနေ့က ပြောသေးတယ်၊ ငါ့သားလေး စီးပွားရေးကိစ္စတွေ ရှုပ်ထွေးပွေလီနေတာ မိန်းမလေး ဘာလေး ယူဖို့စဉ်းစားဦးတဲ့"

မိန်းမလေးကတော့ ဟုတ်ပါပြီ။ ဘာလေးဆိုတာ ကိုတင်ကိုစိုး ဘာကို ရည်ညွှန်းချင်မှန်း မသိ၊ မိုးရိပ်ညို တော်တော်စိတ်ပျက်ရပါသည်။ နပူးတော်တော်ပြောင်နေတဲ့ ဒီအသက်အရွယ်ကြီးကို သူ့မာမီက သားလေးတဲ့။ မိုးရိပ်ညို အတွေးထဲမှာတောင် နှုတ်ခမ်းပုံပစ်ချင်ပါသည်။





ကိုတင်ကိုစိုးရဲ့ စကားတွေကို မကြားတစ်ချက် ကြားတစ်ချက် စဉ်းစားနေရင်းက အနီးအနားက လူငယ်ကို သတိပြုမိသည်။ ပုံစံက ထုံးစံအတိုင်း လူပေလူတေစတိုင်လေးပါပဲ။ ဆံပင်ညိုညိုတွေ ပခုံးအထိ နွဲ့ကျနေပြီး အရောင်အဆင်းမရှိတဲ့ ဂျင်းဘောင်းဘီအနွမ်းကို အဖြူရောင်တီရှပ်တစ်ထည်နဲ့ တွဲဝတ်ထားသည်။ ဒီလူငယ် ဘာအကြံအစည်နဲ့ သူမတို့အနားရောက်နေလဲ မသိပါ။ မိုးရိပ်ညိုက သတိထားနေရသည်။

"လက်ထပ်တယ်ဆိုတာ အဆင့်အတန်း တူသူချင်းမှ ပိုကောင်းတာ မဟုတ်လား၊ လင်းပိုင်ဆိုတာ ငါးမန်းနဲ့ အိမ်ထောင်ကျလို့ သင့်တော်ပါ့မလား။ မဟုတ်ဘူးလား မိုးရိပ်ရယ်"

ဘာတွေပြောနေမှန်း မသိတဲ့ ကိုတင်ကိုစိုး ဆိုတဲ့လူရဲ့ အူကြောင်ကြောင် စကားတွေကြောင့် စိတ်ပျက်ရပြန်သည်။ တော်သေးတာပေါ့... ဟိုလူတွေ ကိုမောင်မောင်တင်တို့၊ ကိုကိုဇေယျတို့ တစ်ပြိုင်နက်တည်း မဆုံဖြစ်တာ ကျေးဇူးတင်ရပါသည်။

"မမ... ဟို..."

အနီးအနားက ကလေကချေဆန်ဆန် ကောင်လေးရဲ့ မဝံ့မရဲစကားကြောင့် သူမ မျက်မှောင်ကြုတ်ကြည့်ရင်း...

"ဘာကိစ္စလဲ"

အကျင့်ပါနေပြီဖြစ်တဲ့ မာဆတ်ဆတ် လေသံကြောင့် ကောင်လေး မျက်ခုံး မသိမသာတွန့်သွားတာ သတိထားမိသည်။ ဒီလောက် အပေအတေဆန်တဲ့ ဝတ်စားဆင်ယင်မှုအောက်မှာ ထိုချာတိတ်ရဲ့ ကြည့်ကောင်းလှတဲ့ မျက်ဝန်းတွေကို သတိထားမိပြန်သည်။

"ဒါ… မမ ကျန်ခဲ့တဲ့ ပစ္စည်းလား"

ချာတိတ်က သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဖုန်းသေးသေး လေးကိုပြတော့ ဘေးအိတ်ကို ဖွင့်ကြည့်ရှာရင်း…

"ဟယ်…ဟုတ်ပါရဲ့၊ တို့ ဘယ်မှာကျန်ခဲ့မိလဲ မသိဘူး"

"မမ ပလာဇာထဲက ကော်ဖီဆိုင်မှာ ကျန်ခဲ့တာပါ"

ချာတိတ်ပြောမှ သတိရလိုက်မိသည်။ ဘယ်မှာမြင်ဖူးပါ လိမ့်လို့ စဉ်းစားနေတာ ခုန သူမ အန်တီမြင့်တို့ဆိုင်ကအထွက် ကော်ဖီ သောက်ချင်လာတာနဲ့ ကော်ဖီဆိုင်မှာ ကော်ဖီဝင်သောက် ရင်း သူမနဲ့ မျက်စောင်းထိုးစားပွဲမှာ သူမလိုပဲ တစ်ယောက်တည်း ကော်ဖီသောက်နေတဲ့ ကောင်လေးပဲဆိုတာ သတိရလိုက်မိ ပါသည်။

ကိုတင်ကိုစိုးက အရေးထဲမှာ ဝင်နှောင့်ယှက်သူပေါ်လာ လို့ စိတ်ပျက်ဟန်နဲ့ အီလည်လည်ဖြစ်နေရှာသည်။

"ကျေးဇူးပါပဲ"

ချာတိတ်က လှည့်ထွက်မည်ပြုစဉ်…

"ခဏ…"





သူမရဲ့ တားမြစ်သံကြောင့် ချာတိတ်က ဇဝေဇဝါနဲ့ ပြန်လှည့်စဉ် သူမက သွက်သွက်လက်လက်နဲ့ ဘေးသိုင်းအိတ် လေးထဲက တစ်ထောင်တန် ငွေစက္ကူများကို ထုတ်လိုက်ပြီး…

"ဒါ… မင်းအတွက် မုန့်ဖိုး"

ချာတိတ်က မျက်ခုံး တွန့်သွားရင်း ပိုက်ဆံတွေကို ကြည့်ပြီးမှ…

"မုန့်ဖိုးဆိုရင် မမ ကျွန်တော့်ကို အသုပ်တို့၊ ဘိန်းမုန့်တို့ လိုက်ဝယ်ကျွေးပြီး ပိုတာပြန်ယူသွားပါ"

ချာတိတ်စကားကြောင့် သူမ မခံချင်ဖြစ်သွားပါသည်။ ဒီလိုအပေအတေ ချာတိတ်က စားစရာမရှိ ဘဝင်မြင့်နေတယ်လို့ ကျိတ်ပြီး ပြောမိပြန်သည်။ သူမလိုပဲ တွေးမိပုံရတဲ့ ကိုတင်ကိုစိုး က…

"ဟုတ်သားပဲ ချာတိတ်ရယ်၊ ဘာလဲ… နည်းလို့လား"

ချာတိတ်က အပြုံးနဲ့ ခေါင်းခါပြရင်း…

"ကျွန်တော် ပိုက်ဆံလိုနေတာတော့ အမှန်ပဲ၊ ဒါပေမယ့် ဒီလိုနည်းနဲ့ ပိုက်ဆံလိုချင်တာတော့ မဟုတ်ဘူးဗျ၊ ဒီအချိန်မှာ ပိုက်ဆံကိစ္စထက် အရေးကြီးတာက မမရဲ့ကားဘီး လေလျော့ နေတာကို ဘီးလဲတပ်လိုက်ဖို့ပဲ"

ချာတိတ်စကားကြောင့် သူမနဲ့ ကိုတင်ကိုစိုးက ကားရှေ့ ဘီးကို ကမန်းကတန်း ငုံ့ကြည့်တော့…

"ဟယ်… ကားဘီး လေလျော့နေပါလား"

အားကိုးတကြီးနဲ့ ကိုတင်ကိုစိုးကို မော့ကြည့်တော့ သူ့ဘက် အမှုပတ်လာမှာ စိုးသည်နဲ့တူပါတယ်။

"ဟိုလေ... ကျွန်တော်လည်း ကားဘီးမလဲတတ်ဘူး"

ခေါင်းကုတ်ရမလို ဖင်ကုတ်ရမလိုနဲ့ ကိုတင်ကိုစိုး စကားကြောင့် ချာတိတ်က...

"စပယ်ယာဘီး အပိုပါလား မမ"

"အင်း... ပါတယ်၊ ကားနောက်ဖုံးထဲမှာ"

ချာတိတ်က အေးအေးဆေးဆေးပါပဲ။

"နောက်ဖုံး ဖွင့်လိုက်၊ ကျွန်တော် လဲပေးပါ့မယ်"

သူမက ကားနောက်ဖုံး ဖွင့်ပေးတော့ ချာတိတ်က စပယ်ယာဘီးနဲ့ ဂျိုက်ကိုယူကာ ကားအောက်ဝင်ပြီး ဂျိုက်ထောက်ကာ ကားဘီးနပ်တွေကို လှည့်ဖြုတ်ကာ စနစ်တကျ ကားဘီးလဲတပ်သည်။ သူမနဲ့ ကိုတင်ကိုစိုးက ရပ်၍ကြည့်နေရုံသာ တတ်နိုင်သည်။

သံမံတလင်းပေါ်လှဲအိပ်၍ ကားအောက်ဝင်လို့ ပေကျံမှာလည်း ချာတိတ်က မမှုသလို သူမတို့ကိုလည်း ဂရုစိုက်နေပုံမရှိပါ။

ဆံပင်ပျော့ပျော့တွေက ခေါင်းငိုက်ထားသောကြောင့် ပြန့်ဝဲကျလာသော ဆံနွယ်တွေကို ချာတိတ်က သပ်တင်ရင်း သူ့အလုပ် သူ ဆက်လုပ်နေသည်။

ကားဘီးလဲပြီးတော့ ပစ္စည်းနဲ့ လေလျော့နေတဲ့ ကားဘီးကို နောက်ဖုံးထဲ ပြန်ထည့်ပေးကာ...





"ကျေးဇူးပဲ"

လို့ စကားတစ်ခွန်းနဲ့ သူမကို ရိကာ ခပ်တည်တည်နဲ့ ထွက်သွားပါတယ်။ ကျွန်မက အံ့ဩ ပါးစပ်အဟောင်းသား နဲ့ပေါ့...။

အဲဒီကဲတည်းက သူ့ရဲ့အပြုအမူတွေဟာ ကျွန်မရဲ့ရင်ကို စတင်လှုပ်ခတ်စေခဲ့တာ အမှန်ပါ။

၍ ဝိတ်ထားတဲ့ တံခါးက ကြာခဲ့ပါပြီ
ဖွင့်ဝင်လာသူက ဘယ်သူဖြစ်မလဲ
ခပ်ရဲရဲ မော့ကြည့်ချင်တယ်...





"မျို... လူပျိုကြီး... နေပါဦးဗျာ"

ရပ်ကွက်ရုံးက ပြန်လာရင်း နောက်က ခေါ်သံကြောင့် လှည့်ကြည့်မိတော့ အမောတကောနဲ့ ပြေးလိုက်လာတဲ့ ဦးဖေအောင်ကို တွေ့ရပါသည်။ ဦးဖေအောင်က ခပ်မြန်မြန် လျှောက်လာပြီး အနားရောက်တော့...

"ခေါ်လိုက်ရတာဗျာ... ဟူး..."

"ဘာကိစ္စရှိလို့လဲ... ဘာလဲ... အိမ်ခန်းငှားတဲ့လူတွေက လခ မပေးပြန်ဘူးလား"

သူ့ရဲ့အိမ်မကြီးကို ရေနံမြေ အလုပ်သမားလက်ထက် ကတန်းလျားတွေလို အမျိုးမျိုးပိုင်းပြီး ငှားစားထားတဲ့ ဦးဖေအောင်က မျက်လုံးအပြူးသားနဲ့"

"ဟာ... မဟုတ်ပါဘူးဗျာ၊ လူပျိုကြီးလုပ်တာနဲ့ ပြောရမယ့် စကားတောင် မေ့သွားပြီ... တိုင်မလို့ဗျ"

"ဘယ်သူ့ကိုလဲ... ခင်ဗျား မိန်းမကိုလား၊ ဒါဆို ရဲစခန်းကို သွားတိုင်ဗျာ၊ ခင်ဗျားမိန်းမကလည်း ဟုတ်ပါတယ်၊ ဒီမကောင်းတဲ့ အလုပ်ကို မလုပ်ပါနဲ့... မလုပ်ပါနဲ့ ကျုပ် တွေ့တိုင်းပြောတယ်"

"ဟာ... မဟုတ်ဘူးဗျ"

"ခင်ဗျားမိန်းမ... မိန်းမတန်မဲ့ ဘောလုံးပွဲလောင်းတဲ့ ကိစ္စ မဟုတ်ဘူးလား"

ကျွန်တော့်ရဲ့ ထင်ယောင်ကန်း ပြောတဲ့စကားကြောင့် ဦးဖေတင်က စိတ်ပျက်ဟန် ရှိပုံရကာ...

"အခုကိစ္စက ကျုပ်ကိစ္စ မဟုတ်ဘူး၊ ရေဘင် ကိစ္စဗျ"

"ရေဘင်... ဒီအမှုးသမား ဘာမွှေပြန်တာတုန်း"

ရေဘင်ဆိုလို့ ခေါင်းနားပန်း ကြီးသွားပါတယ်၊ ရပ်ကွက်ထဲမှာ တစ်နှစ်တာ ပြဿနာအရှာဆုံးဆုကို ပေးပါဆိုရင် ဒီကောင် ရေဘင် တစ်နှစ်တာ ပြဿနာအရှာဆုံး ရနိုင်ပါသည်။

သူ မွှေပုံကလည်း ရိုက်ငှဲ့ ပုတ်လို့ ဖြစ်တဲ့ပြဿနာ မဟုတ်၊ အရက်မူးလာလေလေ လူများ မခံချိမခံသာဖြစ်အောင် ရယ်တတ် ပြောတတ်ခြင်းကိစ္စပင်။

"ဟုတ်တယ်ဗျာ... ကျွန်ုတော် ခွေးရူးနဲ့သာ ဖက်ကိုက် လိုက်ချင်တယ်"

"ဟာ... ခွေးရူးနဲ့တော့ ဖက်မကိုက်ပါနဲ့ဗျာ"





ကျွန်တော့်ရဲ့ အလန့်တကြား စကားကြောင့် ဦးဖေအောင် က မျက်နှာကြီး ရှုံ့မဲ့ကာ...

"ခင်ဗျားကလည်းဗျာ... စကားအဖြစ် ပြောတာဗျ"

"ဩော်... တော်သေးတာပေါ့၊ ခင်ဗျား ရူးသွားတာ အကြောင်းမဟုတ်ဘူး၊ ကျုပ်တို့ပါ ရူးသွားလိမ့်မယ်"

"ဟာဗျာ"

မခံချိ မခံသာ ဖြစ်သွားတဲ့ ဦးဖေအောင်ကြောင့် ကျွန်တော် ရယ်မိပါသည်။

"ပြောပါဦး... ရေဘင် ဘာမွှေသွားလဲ ဆိုတာ"

"ဒီကောင်ဗျာ မူးရင် အေးအေးဆေးဆေး မနေဘူး၊ ဒီလိုဗျ... ကျုပ် ဘာသာရေး ဘယ်လောက်ကိုင်းရှိုင်းသလဲ ဆိုတာ လူပျိုကြီး သိပါတယ်"

ဘာသာရေးဆိုလို ကျိတ်ပြုံးရပါသေးသည်။ ဦးဖေသန်း ဆိုတာ ဘယ်လိုလူမျိုးဆိုတာ ရာအိမ်မှူးဖြစ်တဲ့ ကျွန်တော် အသိဆုံး။

အလှူခံမဏ္ဍပ်လို့ကြားသည်နှင့် သိသိ မသိသိ ဦးဖေသန်း ရောက်သွားပြီးသား၊ ရောက်ပြီဆိုတာနဲ့ အလှူခံ မိုက္ကရိုဖုန်းက သူ့လက်ထဲ ရောက်ပြီးသား။ လက်ထဲ ရောက်ပြီဆိုတာနဲ့ ဘမင်းမေ့ ဟင်းမေ့ ပြောပါတော့သည်။ အဲဒီ အချိန်အခါဆိုရင် သူ့အိမ်က ထမင်းချိုင့် ဟင်းချိုင့် တစ်ယောက်ယောက် လာပို့ ရတတ်ပါသည်။

ဟိုတလောကဆိုရင် မကြီးမငယ်နဲ့ မွှောရုံလူကြီး ဦးစိုးမြင့်နဲ့ မိုတ္တွစ်ဖန်းသူရင်း ရန်ဖြစ်ကာ နားပန်းလုံးကြသည်တဲ့…။

အဲဒီကိစ္စနဲ့ ရပ်ကွက်ရုံး ဥက္ကဋ္ဌက ကြားဝင် ဖျန်ဖြေပေးရသည်။ အဲဒါတောင်မရလို့ ရပ်ကွက်အတွင်းက မစိုးရိမ်ကျောင်း ဆရာတော် ဦးဇာဂရက ကျောင်းသို့ခေါ်ပြီး ဆရာတော်ဆူပူ ကြိမ်းမောင်းမှ ငြိမ်းအေးသွားကြပါတယ်။

ဒါတောင် ဆရာတော်က နောက်တစ်ခါ ဒီလိုထပ်ဖြစ်ရင် ကျောင်းပေါက်ဝ,မှာ နှစ်ယောက်လုံးကို လုံချည်လှန်ပြီး ရိုက်မယ် ဆိုတာကြောင့်လည်း ပါ,ပါတယ်။

ဦးဖေတင် မဏ္ဍာပ်ရောက်ပြီဆိုရင် အနီးအနားက ပတ်ဝန်းကျင်က လူတွေသည် တော်တော်လန့်ကြပါသည်။

ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ မကောင်းလှတဲ့ အသံဆိုးကြီးနဲ့ ရပ်ကွက် အိပ်မရအောင် နှိပ်စက်တတ်သောကြောင့်လည်းပါတာပေါ့။ ပြီးတော့ ဘုရားစာနဲ့ ပုံတိုပတ်စကို မတောက်တစ်ခေါက်နဲ့ အမြီးအမောက် မတည့်အောင် ကိုးရိုးကားယားရှင်းပြခြင်းပင် ဖြစ်သည်။

“ဟုတ်တယ်မဟုတ်လား လူပျိုကြီး”

“ဩော်… အင်း…အင်း”

ဦးဖေသန်း ဘာပြောလိုက်သည်မသိ။ ကျွန်တော် တွေးမိတွေးရာ တွေးနေရာက ကြည့်ကောင်းအောင် အင်း လိုက်လိုက်ရသည်။





“ကျုပ် မနက်စောစော အာရုံပြု ဘုရားရှိခိုးနေတဲ့အချိန်ဗျာ”

ဦးဖေသန်း စကားကြောင့် ကျွန်တော် ပြုံးမိပါသည်။ ဦးဖေသန်းဆိုသူက ရှေ့ခုနစ်အိမ်၊ နောက် ခုနစ်အိမ်ကျော်လောက် အသာလေး သံကုန်ဟစ် ဘုရားရှိခိုးတတ်တဲ့သူ။ မနက်စောစော ကုသိုလ်ကောင်းမှုလုပ်ဖို့ စိတ်ကြည်ကြည်လင်လင် ရှိတဲ့သူတောင် ဦးဖေသန်း အသံကြောင့် အကုသိုလ် များနိုင်သည်။

ဦးဖေသန်း အသံသည် ဟယ်ရီလင်း၊ လေးဖြူနဲ့ ဖြူဖြူကျော်သိန်းတို့ကို နောက်ကောက်ကျအောင် ချန်ထားနိုင်သည်။

“ကျုပ်ကဗျာ ကျုပ်အာရုံနဲ့ ကျုပ် အနိစ္စ ဒုက္ခဆိုပြီး ရွတ်ရုံပဲ ရှိသေးတယ်၊ မနက်စောစောစီးစီး အိမ်ရှေ့မှာ အာလေးလျှာလေးနဲ့ ရေဘုံ အသံကြီး ပေါ်လာပါလေရော”

“ဘယ်လို ပေါ်လာတာတုန်း”

ဦးဖေသန်းက မျက်နှာကြီး နီရဲကာ ပြန်တွေးမိပုံ ရနေပါသည်။

“ဒီကောင်ဗျာ ကျုပ် အနိစ္စ ဒုက္ခပဲ ဆိုရသေးတယ်၊ အော်ကျယ်ဟစ်ကျယ်နဲ့ အနိစ္စ…ဒုက္ခ…အိမ်လခ… ဆိုပြီး မူးမူးနဲ့လာအော်တာ၊ ကျုပ် ရှက်တယ်ဗျာ၊ ဒါ… ကျုပ်ကို ဒီကောင် သက်သက်စော်ကားတာ၊ ကျုပ် မကျေနပ်ဘူး။ လုံးဝ မကျေနပ်ဘူး… မကျေနပ်ဘူး”

နိုင်ထူး သီချင်းများ ဆိုညည်းနေရှာသလား ဦးဖေသန်း ရယ်လို့ ညည်းညူလိုက်ချင်ပါသည်။

"တဲ...တဲ... စိတ်ဆိုးမယ်ဆို ဒေါသကို အရင်ထွ အဲလေ... ဒေါသကို အရင်ထိန်းရမယ်တဲ့၊ သည်းခံခြင်း အောင်နိုင်ခြင်းလို့ ကျုပ်တို့ဘုရားက ဟောထားတယ် ကျုပ်တို့ဘုရား နုစဉ်ကာလ ဘီအီးသမားဖြစ်စဉ်..."

"အရက်သမားပါဗျာ"

"ဪ... အရက်သမားလား"

ဦးဖေသန်းက လူများကိုသာတရားဟောချင်တာ။ သူ တရားပြန်ဟောမှာကိုတော့ ကြောက်သည်။ ရပ်ကွက်ထဲ ဆရာတော် ဦးဇာဂရက လွဲရင်ပေါ့။ ဒါတောင် ဆရာတေ ကြောက်လို့ ဖြစ်နိုင်သည်။

ဦးဖေသန်းနဲ့ ပြောဆိုပြီး ထွက်လာရင်းက ရေ အကြောင်း စဉ်းစားမိသည်။

ရဘောင် ဆိုလို့ အရက်သမားထဲမှာ နေ့ရော မရှောင်သောက်နိုင်တာ ဒီကောင်ပဲရှိသည်။ ဘယ်ကနေ ဘ ရလာသည်မသိ။ လမ်းဘေးမှာရောင်းတဲ့ အပေါစား ရေ မျက်မှန်ကို အမြဲတပ်ထားပြီး သူ့ကိုယ်သူ ပရက်စလေ ဒီကောင်က သူ့ကိုယ်သူ ထင်ထားတာ။

အဲ... ရဘောင် ပါရင် သူ့မိန်းမ အော်လံခင်တ ချန်ထားလို့ မရ။ ရဘောင်နှင့် သူ့မိန်းမ အော်လံခင်တ အတွဲညီသည်။ မျိုးလှိုင်ဝင်းနှင့် ဝင်းအောင် နာမည်ကြီး တိုက်စစ်အတွဲလိုပေါ့။





အမှန်က ရဘောင် နာမည်က မောင်သွင်လို့ ခေါ်ပါတယ်။ နောက်ဆုံးတော့ အထင်ကရပုဂ္ဂိုလ်အဖြစ် ရပ်ကွက် အောကြော သန် ဘွဲ့ထူးကို လက်ဝယ် ပိုင်ဆိုင်မယ့်သူဟာ တိုက်ပွဲတွေ အဆင့်ဆင့် ဆင်နွှဲရင်း ဘွဲ့တံဆိပ်တွေ တစ်ခုပြီးတစ်ခုရသလို 'ရဘောင်' ဆိုတဲ့ ဘွဲ့ထူးနဲ့ ထင်ရှား ကျော်ကြားလာပါတယ်။

နောင်တစ်ချိန်မှာ သူ၏မိန်းမအဖြစ် ထင်ရှားလာမယ့် ခင်တင့်ဟာ မျိုးရိုးစဉ်ဆက် ငွေတိုးချေးစားခြင်း၊ အပေါင်ခံ ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပါတယ်။ မခင်တင့် ကိုယ်ဝန် စဉ်က သူမရဲ့မိခင်သည် ထူးထူးခြားခြား အိပ်မက် မက်သည်။

အိပ်မက်ထဲတွင် ချစ်တီးကုလား တစ်ယောက်သည် ပ်စေးနဲ့ကို တုတ်ချောင်းလေးနဲ့ ရစ်ခွေပြီး ခပ်ပြုံးပြုံးနဲ့ စားပြ သည်တဲ့။ ဤကတည်းက ထင်ရှားလာမည့် မခင်တင့်ပါ။

ကိုယ်ဝန် ရတဲ့အခါ မိခင်ဖြစ်သူ ဒေါ်လှတင့်သည် ချတ်သီးတောင့်နှင့် ဆားတစ်ပုံ ပုံကာ ထမင်းစားချင်သည့် င်ခြင်းတက်ပါသည်။

နောက်တော့ မွေးခါနီးအချိန် နီးမှာပင် ဘိန်းမုန့် လည် ရောင်းတဲ့ အဘသင်းက သူ မုန့်ရောင်းရင်အော်တဲ့ အော်လံကို မကောင်း၍ ဈေးထွက်မရောင်းနိုင်သဖြင့် လာပေါင်ပါသည်။ လိုနဲ့ အဘသင်း ထွက်သွားပြီး အော်လံကို အိပ်ခန်းအတွင်းမှာ ားထားရန် အိပ်ခန်းထဲအဝင် ချက်ချင်းကို မွေးဖွားချင်၍ က်က နာလာကာ မထ,နိုင်အောင် ဖြစ်ခဲ့ရပါသည်။

သူ၏ ယောက်ျားဖြစ်သူ ဦးခင်အောင်က မွေးဖွားဦး
မထင်သေး၍ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ စကားလက်
ကျနေတဲ့အချိန်ပေါ့။

အိပ်ခန်းအတွင်းက ဒေါ်လှတင့်ခမျာ လူးလိမ့်၍ အကူအ
ဘယ်သူ့ကို တောင်းရမှန်း မသိတဲ့အချိန်ပေါ့။

နောက်ဆုံးတော့ အနီးနားက အဘသင်း လာပေး
ခုနအော်လံကြီးနဲ့ အားကုန်အော်ကာ ပတ်ဝန်းကျင်ကို အကူ
တောင်းမှ အိမ်နီးနားချင်းတွေ ရောက်လာကာ လက်ဖက်
ဆိုင်က ဦးခင်အောင်ကိုခေါ်ကာ ကားအမြန်ငှားရင်း ဆေး
တင်ရသည်တဲ့။

ဆေးရုံသို့သွားမည့် ကားပေါ်အတင် မွေးခါးနီး
ပေါက်နေတဲ့အချိန်မှာတောင် ဒေါ်လှတင့် လက်ထဲက အော်
ဆွဲဖြုတ်ယူလို့ မရဘူးလို့ အားလုံးက ပြောသည်။ မွေး
ရောက်သည်အထိ အော်လံကို မလွှတ်တမ်းကိုင်ထားသော
ဆရာဝန် ဆရာမဖွေက ဖျောင်းဖျကာ ပြောဆိုယူရသ

ဒေါ်လှတင့်သည် အဲဒီအချိန်တုန်းက သူ့ယောကျ်ား
ထိုအော်လံကိုသာ အားကိုးစိတ် ရှိခဲ့သည်ထင်သည်။ မ
လေး မွေးလာတော့ ထူးထူးခြားခြား နူတ်ခမ်းထော်ထော်
အသံလည်း ကျယ်သည်တဲ့။ အသားကလည်း မဲမဲသဲသဲ

ဒေါ်လှတင့်ရဲ့ နေအိမ်မှာ အဘသင်းထံက
ထပ်ပေးပြီး ဝယ်ယူထားသည့် ထိုအော်လံကြီးသည် သူ့ယေ
ဦးခင်အောင်ထက် ပိုနေရာပေး အရေးပါသည်တဲ့။





ဒေါ်လှတင့်သည် ထိုအော်လံကြီးကို တစ်နေ့ တစ်ခါ
သန့်ရှင်းရေးလုပ်၊ ရေမွှေးဆွတ်ကာ အိမ်ဦးခန်းမှာ ထားသည်
ကြာလာတော့ ဦးခင်အောင်သည် ထိုအော်လံကို မျက်မုန်း
ကျိုးလာ၍–

"ဟဲ့… လှတင့်၊ အဲဒီအော်လံကို နင့် လင်ငယ်များ
တ်နေလို့လား"

လို့ ပြောမိ၍ လင်မယားနှစ်ယောက် ရန်ဖြစ်ကြသည်တဲ့။
ဆက်ဆိုးတာက မခင်တင့်လေး ဖြစ်သည်။

လေးဖက်ထောက်စ အရွယ်မှာတင် ချော့မြူလို့မရအောင်
ယ်လောက်ပင်ငိုငို အော်လံကြီးသာ သူ့အနီးမှာချပေးလိုက်။
စ်မ်း သည်စမ်းနဲ့ အငိုတိတ်ကာ တခစ်ခစ် ရယ်တတ်သည်
လေ။ မခင်တင့်သည် ဤအော်လံကို သူမ၏ ဖွားဖက်တော်လို့
င်နေခဲ့ပြီလား မသိပါ။

နောက်ဆုံးတော့ မိန်းမနှင့် သမီးကြောင့် ဦးခင်အောင်
မှာ ကျိတ်မှိတ်၍ ဤအော်လံကို မတွေ့ချင် မမြင်ချင်ပေမယ့်
ဘောထားကြီးကြီးနဲ့ အတူတူနေလာခဲ့ရပါသည်။

မခင်တင့် အရွယ်ရောက်တော့ မိဘအမွေအနှစ်ဖြစ်တဲ့
လုပ်ငန်းကို ဖောက်ချလုပ်ကာ နည်းစနစ်အသစ်တွေနဲ့ တိုးချဲ့
ပ်ကိုင်လာပါတယ်။

ဘယ်လောက်ထိအောင် လုပ်ခဲ့ပါသလဲဆိုရင် ပြိုင်ဖက်
တွဖြစ်တဲ့ အခြားရပ်ကွက်က အတိုးသမားတွေထက် ခြေလှမ်း

ပိုကြာ နေ့တော် ခြင်ထောင်လာပေါင်၊ ညလာရွေးတဲ့ အချိန်ပိုင်း အပေါင်ခံခြင်းလုပ်ငန်းပါ တိုးတွင်လာပါတယ်။

အရွယ်မရောက်ခင်ကတည်းက မိန်းမတို့ တတ်အပ်တဲ့ အတင်းပြောခြင်း၊ စပ်စုခြင်းတို့၌ အခြားမိန်းမတက် ပိုထူးချွန်တဲ့ မခင်တင့်အဖို့ သူများထက် သတင်းပိုင်းဆိုင်ရာမှာ ပို၍ အားသာချက်ရှိသည်။ ဒါပေမယ့် အော်လံခင်တင့်သည် ရဘောင် မောင်သွင်နဲ့ကျတော့ အလံဖြူချကာ လက်ထပ်လိုက်ရတဲ့အထိ ဖြစ်ခဲ့လိုက်ရပါတယ်။

အရွယ်ရောက်လာတော့ မခင်တင့် အရင်ကလောက် အသားသိပ်မမည်းတော့တဲ့ အညိုရင့်ရင့်လောက် ဖြစ်လာတာပေမဲ့ ရုပ်ရည်ကလေးကလည်း ကြည့်ပျော် ရှုပျော် ဖြစ်လာပေမယ့် နှုတ်က ကြမ်းကြမ်း။ မထင်ရင် မထင်သလို ထဘီခါးတောင်း ကျိုက်ကာ နားပန်းပဲ ဖက်လုံးဖက်လုံးရ။ လူကြမ်း စိတ်ကြမ်း မခင်တင့်ကို ရပ်ကွက်ထဲက တချို့က ကြိုက်ချင်ပေမယ့် မထိရဲ မပြောရဲကြ။

ဒီထဲမှာ ရဘောင်ကတော့ ထူးခြားသည်။ ရဘောင်သည် သူ၏အဖေလို ဆယ့်ငါးနှစ်သားကစပြီး ဘိုးစဉ်ဘောင်ဆက် အရက်သောက်လာတဲ့ လူမျိုး။ သူ့ဖခင်ကတော့ သူ ဆယ့်ငါး နှစ်သား ကတည်းက လူ့လောကကနေ သေမင်းထံသို့ ခြေလှမ်းကျဲကျဲနဲ့ အရက်ပုလင်းဆွဲကာ ထွက်ခွာသွားသူ။

သူ့မိခင်က လုပ်ရည်ကိုင်ရည် ပါးနပ်မှုကြောင့် ရပ်ကွက် ထဲမှာ ငွေကြေးတတ်နိုင်သူတွေမှာ (Top 10) စာရင်းဝင်အုပ်စု။





တော့ တစ်ယောက်တည်း သားကလေးကို အလိုလိုက်၊ ...နှန်ချစ်သူ။ ဘယ်လောက်ထိ ချစ်သလဲဆိုရင် အရက်သမား ...တဲ့အထိ အလို့လိုက်တဲ့ တဖောက်ကန်း မိခင်မျိုး။

ရဘောင်အတွက် ဒီအနီးအနားက အရက်ဆိုင်တွေသည် ...ဘေး သောက်ရေအိုးစင်လို ကြိုက်သလောက်သောက်။ ...သလောက်ကို သူ့အမေက လာရှင်းသည်။ တစ်ခုတော့ ...ည်။ ရဘောင် မူးနေပြီဆိုပြီး ပိုစာရင်းတင်ရဲ တင်ကြည့်။ ...ဘင်က ဘယ်လောက်မူးမူး မှတ်ဉာဏ် ကောင်းသည်။ ...ရင်းတင်တဲ့ဆိုင်ကတော့ သွားပြီသာမှတ်။ အသာတကြည် ...ခင်ကို ပိုက်ဆံရှင်းခိုင်းလိုက်ပြီး အဲဒီဆိုင်သို့ ပြန်သွားကာ ...င်းတွေ ရိုက်ခွဲ၊ ခုံတွေ ဆွဲလှန်ပါတော့သည်။

ရဘောင်နဲ့ အော်လံခင်တင့်အကြောင်း ပြောရမယ် ဆိုရင် ...ဘင်သည် မူးသည့်အချိန်ဖြစ်ဖြစ် မမူးသည့်အချိန် ဖြစ်ဖြစ် ...တင့်ကို လိုက်ပြီး ရည်းစားစကား ပြောပါသည်။ မခင်တင့်က ...ကိုက်ချင်ပေမယ့် သူ့ရဲ့ အရက်သောက်ပုံကြောင့် မကြိုက်။ ...ဘင်ကို အရက်ဖြတ်ခိုင်းသည်။

ပြီးတော့ သူမနှင့် အရက်ကို ဘယ်သူ ပိုတန်ဖိုးထား ...ဲ့ မေးတဲ့အခါ ရဘောင်က တာနေ့ာယကွဘိလူးက သူ့ ...သူကို အာခံတွင်းထဲမှာ ငုံထားရုံပဲ ငုံထားအောင် ချစ်တတ် ...တဲ့။ ကျုပ်က သူ့ထက် ပိုချစ်တယ်တဲ့။

အဲဒီအခါ မခင်တင့်က ဘယ်လိုပိုချစ်တာလဲလို့ မေးတာ ...ဒီအခါ ရဘောင်က အခုလို ပြန်ပြောပါတယ်။

မခင်တင့်ကို ပုလင်းထဲထည့်ပြီး တစ်ချက်တည်း မော့သောက်ပြီး ဗိုက်ထဲကို ထည့်ထားချင်တာတဲ့။ ပြီးရင် မခင်တင့် သူ့ဗိုက်ထဲမှာရှိရင် စိတ်ချပြီး မူးမူးနဲ့ အိပ်လိုက်မယ်တဲ့။

ရောင် စကားလည်းဆုံးရော မခင်တင့်က အနီးနားက အုတ်ခဲနဲ့ ရောင်ချီစောင်းကို ထုလိုက်တာ ခုနစ်ချက်တောင် ချုပ်လိုက်ရတယ်တဲ့။

အဲဒီမှာတင် ရောင့်အမေ ဒေါ်မြစိန်နဲ့ မခင်တင့်အမေ ဒေါ်လှတင့်တို့ ရပ်ကွက်ထဲမှာ ထဘီစွန်တောင်ဆွဲပြီး နားပန်လုံးတဲ့အထိတောင် ဖြစ်ခဲ့ကြတယ်တဲ့လေ။ အဲဒီနောက်ပိုင်း ရောင်ခမျာ ချီစောင်းကိုစမ်းမိတိုင်း ကေးဝင့်ပုဏ္ဏားရဲ့ ခံစားချက်လို ဖြစ်လာတယ်နဲ့ တူပါရဲ့။

တစ်နေ့ ဒေါ်လှတင့် နယ်က အမျိုးရှိရာကို သွားနေခိုက်မှာပေါ့။ အဲဒီညက ကျီးမနိုးပွဲတော်ညနဲ့လည်း ကြုံကြိုက်နေချိန်ပေါ့။ ရပ်ကွက်ထဲက လူငယ်တွေက ပစ္စည်းမပျောက်ရအောင် ဝိုင်းဖွဲ့စောင့်ရင်း ထုံးစံအတိုင်း ဝိုင်းဖွဲ့မိပါလေရော။ ဒီလို နည်းနည်းများလာတော့ အတို့အထောင် မောင်အုန်းမောင် ဆိုတဲ့ မီးစထိုးရမှာ နာမည်ကြီးလှတဲ့ အုန်းမောင်က–

"မောင်သွင်... မင်းချစ်ချစ်ကြီးခြံထဲမှာ နတ်စင်တစ်ခု ရှိတယ်၊ သတိထားမိလား"

နည်းနည်း တွေလာတော့ အာလေး လျှာလေးသုံး ရောင်က...





"ဘာလဲ...ကိုကြီးကျော်လား။ ဒီနတ်က သူတို့ခေတ်က ထန်းရည်ပဲ သောက်ရတာ၊ အခုမှ ဝီစကီတို့ ရမ်တို့သောက်ပြီး ဘဝင်မြင့်ချင်နေတယ်၊ ထန်းရည် သောက်တုန်းကဆို အဲဒီ ကိုကြီးကျော်က ဘယ်လောက်ဆိုးလဲ မှတ်တယ်၊ ဝမ်းတောင် သွားတယ်တဲ့"

"ဟာ... မဖြစ်နိုင်ပါဘူးဗျာ"

ချစ်မင်း ဆိုတဲ့ချာတိတ်က မယုံသက်ာဟန်နှင့် ပြောတော့ ရောင်က နှုတ်ခမ်းတွန့်ကာ လက်ညှိုးလေး တထိုးထိုးနဲ့...။

"မယုံရင် အဲဒီနတ်ကို သေချာသွားကြည့်... ဝမ်းမနိုင်လို့ ခါးတောင်းကျိုက်ထားတာ တွေ့လိမ့်မယ်"

သူ့အကြောင်းပြချက်နဲ့ သူ ဟုတ်နေတဲ့ ရောင်ကြောင့် ကျန်တဲ့သူတွေခမျာမှာ ခေါင်းညိတ်ရပါသည်။ အုန်းမောင်က သူရှိတဲ့မီးကို အစ,အဆုံး လောင်ချင်ဟန် တူသည်။

"ဟော့ကောင် နယ်နယ်ရရ မဟုတ်ဘူးနော်၊ ကြက်ကြော်နဲ့ ဝီစကီနဲ့တင်ထားတာ၊ ဒီကြားထဲ ကြွေးကြော်ထားသေးတယ်၊ သူတင်ထားတဲ့ အရက်နဲ့ အမြည်းကို လာခိုးရဲတဲ့သူ ခိုးကြည့်တဲ့ သူနဲ့ အသိပဲတဲ့၊ ဒါ... မင်းကို စိန်ခေါ်တာ မောင်သွင်၊ ဒီပွဲက မင်းလက်စားချေရမယ့်ပွဲ"

"ဟာ... ငါကြောက်တယ်"

ရောင်က မူးနေတဲ့ကြားက ခပ်လန့်လန့်နဲ့ ပြောတော့ အုန်းမောင်က...

"မင်းမဲ သူ့ကို ချစ်တယ်ဆို"

"ဘာဆိုင်လို့လဲကွ"

"ဟ...ဆိုင်တာပေါ့ ငကြောင်ရ၊ ရာဇဝင်ထဲမှာ ရှိတယ်လေ"

"ဘယ်သူလဲ... မင်းအဖေလား"

ကြောင်တောင်တောင်နဲ့ ရေဘင်က ပြောတော့ ချာတိတ်တွေက ရယ်ကြပါသည်။

"ဟာကွာ...ဟိုကွာ... သူခိုးကြီး ငါးပိချက်ဆိုတာလေ"

မောင်သွင်က မျက်မှောင်ကုတ်ရင်း...

"ဟော့ကောင်... သူခိုးတောက်ပြားပဲ ကြားဖူးတယ်"

ရေဘင် စကားကြောင့် အုန်းမောင်က တုံးရန်ကော ဆိုတဲ့ အကြည့်နဲ့ ကြည့်ပြီး...

"မင်း အဲဒီလို ဗဟုသုတနည်းလို့ ခင်တင့်အချစ်ကို မရတာ၊ သေချာ နားထောင်... ငါးပိချက်ဆိုတာ တောက်ပြားရဲ့ ဘကြီး ကိုးဝမ်းကွဲ တော်တယ်"

"ဩော်... တော်တော်စပ်ယှဉ်ရတာပဲ"

"စပ်မှာပေါ့ ငါးပိချက်ကို"

"အမျိုးစပ်တာကို ပြောတာ အုန်းမောင်ရ"

အုန်းမောင်က သူ့ရှေ့က အရက်ခွက်ကို တစ်ကျိုက် မော့သောက်ရင်း ပဲခြမ်းသုတ်တစ်ဇွန်းကို ခပ်စားလိုက်ပါသေးတယ်။





"သူခိုးကြီး ငါးပိချက်ဟာ အစ,က ဘုန်းကြီးကျောင်းသားတဲ့ကွ၊ တစ်နေ့ ဘုန်းကြီးကျောင်းက ဖိုးသူတော်ကြီးဘောထဲသွားရင်း ထူးဆန်းအံ့ဩဖွယ် ကောင်းတဲ့ ငရုတ်သီးတောင့်ကို သရက်ပင်က ခူးပေးတယ်"

"ဟာ... မဖြစ်နိုင်ပါဘူး အုန်းမောင်ရာ၊ သရက်ပင်ကနေ ငရုတ်သီး ဘယ်လိုသီးလို့ရမှာလဲ"

"ဟော့ကောင်... မင်းကို ငါပြောကတည်းက ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ ငရုတ်သီးလို့ ပြောထားတာ၊ ငရုတ်ပင်ကနေ ငရုတ်သီး ခူးမှတော့ အဲဒီငရုတ်သီးက ဘာထူးဆန်းဦးမှာလဲ"

အုန်းမောင် စကားကြောင့် ရေဘင်ခမျာ မူးနေတာတောင် ပြေသွားဟန်ရှိသည်။

ခေါင်းကို ခါလိုက်ရင်း...

"အင်း... ထူးဆန်းတဲ့ ငရုတ်သီးပဲထားပါ"

"အဲဒီမှာတင် ထူးဆန်းတဲ့ငရုတ်သီးကို ဖိုးသူတော်ကြီးက ယူလာပြီး သူ့ရဲ့ပူးထွားထွားကျင့်စဉ် အမှတ်(၇)၊ စာကြောင်းရေ ၃၉၆ ထဲက သီအိုရီအတိုင်း ငရုတ်သီးကို လက်နဲ့ချေ၊ နံပြာရည်ရှစ်စက်၊ ဆီ နှစ်စက်၊ ပုစွန်ခြောက် သုံးကောင်နဲ့ (လုံ့)အိုးလေးထဲထည့်၊ မီးပြင်းပြင်းပေါ်တင်လိုက် ရော ဘာပြောကောင်းမလဲ အငွေ့တွေထွက်လာတာပေါ့၊ အဲဒီအငွေ့တွေဟာ အနက်နဲ့ အဖြူ ရောထားသလိုပဲတဲ့"

"ဟာကွာ... အဲဒါ မီးခိုးပေါ့ကွ"

ရေဘင်က စိတ်မရှည်ဟန်ပြောပြီး နောက်တစ်ခွက်ကို ဂလု ခနဲပြည်အောင် သောက်ချလိုက်ပါသေးတယ်။

"ဟော့ကောင် မောင်သွင်… ငါ စာထဲကအတိုင်း ပြောတာ၊ အပိုတွေ မဟုတ်ဘူး"

အုန်းမောင်က ဒေါကန်ကာ ပြောတော့ ရေဘင်က နှာခေါင်းရှုံ့သည်။

"အဲဒီငါးပိချက်ပဲ ထားပါတော့ကွာ၊ ဖိုးသူတော်ကြီးက အပြင်လူတွေ သိမှာစိုးလို့ ရေခဲသေတ္တာထဲထည့်…"

"ဟော့ကောင်… မင်း အဲဒါတော့ လွန်လာပြီနော်"

"မင်း ဘာပြောမလဲဆိုတာ ငါသိတယ်၊ ဘိုးသူတော်ကြီးက မြေကြီးထဲကို သေတ္တာမြှုပ်၊ ရေခဲတွေ ပတ်ပတ်လည်ကာထားပြီး ရေခဲသေတ္တာ လုပ်ထားတာ"

"ဟာ… ရေခဲကို ဘယ်လိုရလဲ"

"အစ,က အဲဒီနေရာက ရှုရှားလောက် အေးတယ်တဲ့"

မောင်သွင်က အုန်းမောင်ရဲ့ အလျောက်ကောင်းမှုကြောင့် မယုံချင်ပေမယ့် ယုံလိုက်ရပါသည်။

"ဖိုးသူတော်ကြီး ဘယ်လိုပဲဖုံးထား ဖုံးထား ငါးပိချက် ရနံ့က မွှေးကြိုင်ပြီး ဖုံးဖိလို့မရအောင် ထွက်လာတယ်တဲ့၊ အဲဒီအနံ့ကို စ,ရသူက ငနိုပြာရည်ချက်ဖြစ်မယ့်…"

"ငါးပိချက်ပါဗျာ"

ကောင်လေးတစ်ယောက်က ဝင်ထောက်ပေးရသည်။





"အေး အေး… ငါးပိချက်က အရင်ဆုံး အနံ့ခံပြီး ရှာဖွေတွေ့ရှိခဲ့ကြတယ်တဲ့ ငါးပိချက်လည်း အနံ့ရဲ့ ဆွဲဆောင်မှုကြောင့် ဘယ်လိုမှ နေလို့မဖြစ်ကာ စားလိုက်ပါလေရော"

"စားလိုက်တော့ ဘာတွေဖြစ်လဲ"

ရေဘင်က သိချင်စိတ်နဲ့ မေးတော့…

"ရေသွားသောက်တာပေါ့ကွ"

"သြော်… အစွမ်းပြတာပေါ့"

"ဟင့်အင်း… စပ်လို့"

"ဟာကွာ" –

ရေဘင်ရဲ့ အောင့်သက်သက် အမူအရာကြောင့် အုန်းမောင်က…

"အဲဒီစပ်တာက စ,တာပေါ့ကွ၊ အစပ်လည်း ပြေသွားရော…"

"ဆေးစွမ်းပြပြီလား"

"အိမ်သာ သွားတက်တာ"

"မင်းဟာကကွာ"

"အဲဒါ ဆေးစွမ်းပြတာပေါ့ကွ၊ အိမ်သာတက်ပြီးတော့"

"ကိုယ်ပျောက်သွားရောလား"

"အီးကုန်းဖို့ တုတ်လိုက်ရှာသေးတယ်"

"တော်ပြီကွာ"

"ဟာ… နေပါဦး ရေဘင်ရာ၊ သူ့ကိုစွလည်းပြီးရော အိမ်သာပေါ်ကအဆောင်မှာ သူ့ခြေထောက်က မြေကြီးနဲ့ မထိဘူး ဖြစ်နေတာယ်"

"ကိုယ်ဖော့ပညာ တတ်သွားတာပေါ့"

"မဟုတ်ဘူး… ထုပ်တန်းနဲ့ သူ့အင်္ကျီ ကုတ်ပိုးစနဲ့ ငြိနေတာ"

"အုန်းမောင်"

ဒေါသ သံနှင့် ရေဘင် စကားကြောင့် ချာတိတ်တွေကရယ် အုန်းမောင်က ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ဟန်မျက်နှာနှင့်…

"ထုပ်တန်းက ငြိနေတာကို ဖြုတ်ပြီးပြီးချင်း အဲဒီမှာ ဆေးက စွမ်းတာပေါ့ကွာ၊ ဝါးနစ်ပြန်လောက်ကို တစ်ချက် နောက်ကျွမ်းပစ်ပြီး ခုန်သွားတာ၊ နောက်ပိုင်း မြက်တွေပေါ် မှာတောင် အိပ်နိုင်တယ်တဲ့"

"ဟာ…မြက်တွေပေါ်မှာအိပ်တာ ထူးဆန်းပါ့မလားကွာ"

"ဟေ့ကောင်,…မြက်တွေပေါ်မှာသာ အိပ်တာ၊ မြေကြီးနဲ့ မထိဘူးကွ"

"ဩော်… အေး… အေး"

ရေဘင် ဆိုတဲ့ကောင်ကလည်း ယုံသည်။

"လူစွမ်းကောင်း ငါးပိချက်ဟာ သူ တိတ်တခိုးစွဲလမ်းတဲ့ ဘုရင့်သမီးတော်လေးဆီ စွန့်စွန့်စားစားနဲ့ သွားတွေ့ရတာ"

"ဟုတ်လား… မိုးပေါ်ပျံပြီးတော့လား"





"ဟင့်အင်း… ပစ္စည်းအဲဟောင်း လိုက်ကောက်တဲ့ သူတောင်းစား ပုံစံမျိုးနဲ့ သွားတာ"

"တော်ပြီကွာ… မင်းရာဇဝင်ကြီးက"

စိတ်ပျက် လက်ပျက် ဖြစ်သွားတဲ့ ရေဘင်ကြောင့် အုန်းမောင်က ရယ်ကာ ရေဘင်ခွက်ထဲ အရက်ငွဲထည့်ပေးရင်း–

"မင်း ခင်တင့်ရဲ့ အရက်နဲ့အမြည်းကို မရ,ရအောင် သွားသောက်စမ်းပါ၊ မင်းကို အထင်ကြီးသွားလိမ့်မယ်"

"မင်း အချွန်နဲ့ မ,မစမ်းပါနဲ့ အုန်းမောင်ရာ"

ရေဘင်က တွန့်ဆုတ်ဆုတ် ဖြစ်ချင်နေသေးသည်။ ဒီလောက်ကတော့ အုန်းမောင်တို့က အပျော့။

"ဟေ့ကောင်… ရေဘင် ဆိုတဲ့ မင်းရဲ့ဘွဲ့ထူး၊ ဂုဏ်ထူးကို စွန့်လွှတ်လိုက်ပြီလား"

သူ့ရဲ့ ဇာတိပုည ဂုဏ်မာနကို ထိတော့ ရေဘင်တို့က ဘယ်ရမလဲ။

"ဘာလို့ စွန့်လွှတ်ရမှာလဲ၊ မင်းတို့ ဒီမှာစောင့်၊ ငါ သွားခိုးမယ်"

မနည်း အားယူက,ကာ အော်လံခင်တင့် အိမ်ဘက် ထွက်ဖို့ပြင်စဉ် ချာဝံဟိတစ်ယောက်က…

"ခင်ဗျား… မခင်တင့်ကို မှားပြီး ခိုးလာဦးမယ်နော်"

ချာတိတ် စကားကြောင့် ရေဘင်က…

"အဲဒါဆိုလည်း ငါ သဘောထားကြီးကြီးနဲ့ အမှား ခံလိုက်ပါမယ်ကွာ၊ အဟစ်…ဖ,ဟစ်…ဟစ်"

ဒီကောင်က ရယ်လျှင် အဲဒီလို...

ရေဘင် ထွက်သွားတော့ ချစ်မင်းဆိုတဲ့ ကောင်လေးက...

"ခင်များလုပ်ပုံနဲ့ ကိုရောင်ကြီး ဒုက္ခရောက်ပါဦးမယ်ဗျာ"

အုန်းမောင်က...

"ဒီကောင့်အတွက် အခါအခွင့်ကောင်းကို ငါ ဖာတာ စပေးလိုက်တာ ပေါ့ကောင်...ဒီနေ့ည ခင်တင့်အမေ မရှိဘူး ခင်တင့်က ဒီကောင့်ကို သံယောဇဉ်ရှိတာ ငါသိတယ်၊ သိပ်စိုးရိ စရာတော့ မရှိဘူး၊ ကဲ... ရေဘင် အထိမ်းအမှတ်အတွက် ချလိုက်ကြရအောင်"

အုန်းမောင် တို့ကတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဝိုင်းဖွဲ့ကောင် နေပါသည်။ ရေဘင်ခုများမှာတော့ နောက်ဖေး ချုံပုတ်ထဲမှ ကြက်ကြော်နဲ့ ဝီစကီပုလင်းကို ကိုင်ရင်း ပုန်းခိုနေရပါသည်

လောကမှာ သူအချစ်ဆုံးက အမေ ပြီးလျှင် မခင်တင့်ပါပဲ မခင်တင့်ကို သူ ချစ်လည်းချစ်ပါသည်။ကြောက်လည်း ကြော ပါသည်။ ခုနကတော့ ဟိုကောင်တွေရှေ့မှာမို့သာ ရဲရဲဝံ့ ပြောခဲ့ပေမယ့် အခုတော့ အရက်အရှိန်က ကျလာပြီမို့ သူ့မှာ တဖြည်းဖြည်းနဲ့ ကြောက်စိတ် ဝင်လာခဲ့ပါသည်။ ဒီကြားထဲ သူ့ခြံထဲဝင်ကာ အရက်နဲ့ ကြက်ကြော်ကို ခိုးယူနေသည့်အထ ဘာပြဿနာမှ မဖြစ်ခဲ့။ ခိုးယူပြီးမှ ဒီဟိုဒင်း ဟိုဟာမ ဘယ်ကနေ ဘယ်လို ပြန်လာသည်မသိ။ ပြီးတော့ အိမ်ပေါ်လည် တက်မသွားဘဲ ခြံမျက်နှာစာ အရှေ့ပိုင်း တော်တော်ကျ





ဘက်မှာ တုတ်တစ်ချောင်းနဲ့ ဟိုလျှောက် သည်လျှောက် လုပ်နေပါသည်။

တော်သေးတာပေါ့... နတ်စင်က ကြက်ကြော်နဲ့ ဝီစကီ ပုလင်းကို သူမ လာမကြည့်လို့ပေါ့။ လာကြည့်လို့ကတော့ နတ်စင်ရဲ့အနီးအနား စံပယ်ချုံထဲမှာ သူရှိနေမှန်း ရိပ်မိနိုင် လောက်ပါသည်။

ခြင်ကလည်း ကိုက်လာတာကြောင့် သူ ရိုးတိုးရွတ ဖြစ်လာပါသည်။ ဒီကြားထဲ ပုလင်းကိုပိုက်ပြီး မသောက်ရတဲ့ ဘဝက တော်တော်ဆိုးသည်။

မခင်တင့်ကို လှမ်းကြည့်လိုက်တော့ ခြံပေါက်ဝ တံခါး အနီးနဲ့ကို လှမ်းကိုင်ပြီး အပြင်ကိုငေးကြည့်နေတာ သူ တွေ့လိုက် ရသည်။ သူလည်း မထူးတော့ပြီမို့ အိမ်နောက်ဖေး ဘက်ကို ခြေသံလုံအောင် အသာဖော့လျှောက်လာခဲ့သည်။ ဒီထဲမှာ ဆက်နေရင် သူ့ခြင်တွေကြောင့် သွေးခန်းရင်ခန်း၊ မခံနိုင်ရင် မခင်တင့်ရဲ့ လက်ချက်မိတော့မှာ သူသိနေခဲ့သည်။

နောက်ဖေးဆောင်ဘက် ရောက်တော့...

"ဟင်"

သူ နောက်ဖေးတံခါး ပွင့်ဟ,နေတာ သူ တွေ့လိုက်ရ သည်။ သူ နည်းနည်းတော့ စိုးရိမ်သွားပါသည်။ မခင်တင့်အိမ်ကို သူခိုးများ ဝင်လာသလား။ ဟုတ်တာ မဟုတ်တာ အပ,ထား။ သူချစ်တဲ့ မခင်တင့်ရဲ့ အသက်အိုးအိမ် စည်းစိမ်တော့ သူ ကာကွယ် စောင့်ရှောက်ရမည်လေ။

သူ ဖွင့်ဟနေတဲ့ နောက်ဖေးတံခါးကို ကိုယ်တစောင်းထိုးကိုပြီး လက်ထဲက အရက်ပုလင်းနဲ့ ကြက်ကြော်ကို ပြွတ်မကျအောင် သတိထား ကိုင်တွယ်ပြီး အထဲဝင်ခဲ့ပါသည်။ အထဲရောက်တော့ မီးဖွင့်ထားတာကြောင့် လင်းနေပါသည်။ နောက်ဖေးဆောင်နဲ့ အိမ်မကြီးနဲ့ ဆက်သွယ်ထားတဲ့ တံခါးပေါက်ဟာ အိမ်မကြီးဘက်က ပိတ်ထားတာ သူ သတိပြုမိသည်။

ကြက်ကြော်နဲ့ အရက်ပုလင်းကို ထမင်းစားပွဲပေါ်တင်ပြီး သူ လက်ဆစ်ချိုးလိုက်ပါသေးသည်။ နောက်တော့ သူ ခုံတစ်ခုံဆွဲယူထိုင်ကာ ထမင်းစားပွဲပေါ် လက်ထောက်ရင်း ပုလင်းကို ကြည့်ကာ စဉ်းစားနေမိသည်။

သူ့ရှေ့က အရက်ပုလင်းက သူ့ကို အမျိုးမျိုး ပြောင်မြောက်နေသလို သူ ထင်နေမိသည်။

နောက်တော့ မထူးပါဘူးဆိုပြီး အနီးအနားကို ကြည့်တော့ ရေသန့်ဘူးကို တွေ့လိုက်ရသည်။ သူ ထ,လျှောက်သွားပြီး ရေခွက်တစ်ခွက်နဲ့ ရေဖြည့်ယူလာပြီး ထမင်းစားပွဲပေါ်ချသည်။ နောက်ပြီး ဟင်းအိုးကို ထပ်ဖွင့်လှန်လျောတော့...

"အားပါး..."

အိုးတစ်ခုထဲမှာ ဆတ်သားခြောက်ကို ဆီရွှဲရွှဲနဲ့ ဆမ်းထားတာ တွေ့လိုက်ရသည်။ သူ အိုးလိုက်မ,ယူလာကာ ထမင်းစားပွဲပေါ် ချပြီး ခုံမှာဝင်ထိုင်ကာ သူ့ရဲ့အစီအစဉ်ကို စတင်လုပ်ဆောင်ပါတော့သည်။





ပုလင်းထဲက အရက်ကို ငှဲ့လိုက်၊ သောက်လိုက်၊ အနီးအနားက ရေဘူးထဲကို ရေကိုဖြည့်လိုက်၊ သောက်လိုက်၊ ထမင်းစားပွဲပေါ်က ကြက်ကြော်ကို ကိုက်လိုက်၊ ဆတ်သားခြောက်လေး မြည်းလိုက်နဲ့ ပုလင်းတစ်ဝက်လောက် အကုန်မှာ အိမ်မကြီးတံခါး ဂျက်ချသံ တံခါးဖွင့်သံနဲ့အတူ မခင်တင့်ရဲ့ ညြ ဒေါသမျက်နှာ တစ်ခုကိုပါ သူ တွေ့လိုက်ရသည်။

"ဩော်... နင်က ဒီမှာ ပွဲတော် လာတည်နေတယ်ပေါ့။ နင့်အိမ်များ မှတ်နေလား... သေနာကောင်"

ပြောလည်းပြော သူ့ဆီ လျှောက်လာကာ သူ့နားရွက်တ်မတတ် လိမ်ဆွဲပါတော့သည်။

"အား... နာတယ်ဟ... ငါ ရှင်းပြတာလည်း နားထောင်ဦး"

သူက အခုလိုပြောတော့ လိမ်ဆွဲထားတာကို နည်းနည်းလျှော့ပေးသည်။ နားရွက်...

"ဟဲ့... အကောင်... ငါ တီးထည့်လိုက်ရင် သေတော့မယ်။ နင် ငါ့အိမ်က အခုထွက်"

"မ...ထွက်...ဘူး"

သူ့ရဲ့ တစ်လုံးချင်း အားယူကာ ပြောလိုက်တဲ့လေသံကြောင့်...

"ဘာ..."

ကျူးအော်ထည့်လိုက်တဲ့ အသံကြောင့် သူက...

"အရမ်းအော်ရလား... နားကိုအူသွားတာပဲ ခင်ခင်ရယ်"

"တောက်"

မျက်နှာကြီး နီရဲကာ ဒေါသထွက် တောက်ခေါက်ထေ
သူ မြှုံးသည်။ တကယ်တော့ မခင်တင့်က တစိမ့်စိမ့်ကြည့်
တငွေ့ငွေ့မှုး... အဲလေ... တမြည့်မြည့်လှတဲ့ မိန်းကလေ
ဘစ်ယောက်ပါ။ ရှောင် ကြက်သားကြော်ကို တစ်ဖတ်ကော
ဝါးလိုက်ပါတယ်။ ကြက်ကြော်နဲ့ ဆတ်သားခြောက်ကို မခင်တင့်
ကြည့်ရင်း တဖြည်းဖြည်း ဒေါသ ဖြစ်လာပုံရသည်။

"နင် အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွား။ မဆင်း
ငါ အော်လိုက်မှာနော်"

"အော်ချင် အော်ပေါ့။ အော်တော့ လူတွေ သိသွားေ
ပိုကောင်းသေးတယ်၊ ကျွန်တော်တို့က သမီးရည်းစားပါ
ပြောလိုက်ရုံပေါ့၊ အခု ရှစ်တူ...အဲလေ... ချစ်သူက သူ့အ
မရှိတုန်း ညှော်ခံရင်း စိတ်ဆိုး စိတ်ကောက်လို့ အော်တာ
ပြောလိုက်ရုံပဲ၊ ဟဲ...ဟဲ... အဟာ့စ်...ဟာ့စ်"

ရှောင်ရဲ့ ရယ်သံကြားရလေ မခင်တင့်ခမျာမှာ ဒေါ
တွေ ပိုထွက်လာကာ မျက်နှာကြီး နီရဲလာပါသည်။ အဲ
အသားမည်းတော့ နီညိုညိုပေါ့။

"နင်...နင်..."

ပြောစရာစကား ရှားပါးကာ အိုးတိုးအ,တ,ဖြစ်ပြီး မခင်
က ရှောင့်ခေါင်းကိုလည်း တစ်ချက်ထုလိုက်သည်။





ရှောင်က ထူပူသွားသော ခေါင်းကိုပွတ်ကာ...

"နာတယ်ဟ"

"ဟဲ့... နာအောင် ခေါက်တာပဲ သေနာကောင်ရဲ့၊
ပြန်... အပြင်ကလူတွေ တွေ့ရင် ငါ့ကို ဘယ်လိုထင်မလဲ"

"အဟာ့စ်...ဟာ့စ်...ဟာ့စ်"

ရှောင်က မခင်တင့်ရဲ့ အခုလိုပုံစံကြောင့် အောင်နိုင်သူ
စ်ယောက်လို ရယ်ပါသည်။

"နင်... ပြန်ပါတော့ ရှောင်ရယ်"

မခင်တင့်က လေသံနည်းနည်းလျော့လာတော့ ရှောင်
ည်ကြိုက် ဖြစ်သွားတာပေါ့။

"ပြန်ဖူးဟာ... ဒီအရက်ကုန်မှ ပြန်မယ်"

"ငါ သေချင်တာပဲ ရှောင်ရယ်"

"နိုး...နိုး... နင် သေလို့မဖြစ်ဘူး၊ နင်သေရင် ငါ
ရုပ်ရှင်ကားထဲက... ဘာလဲ... ရိုနယ်ဒိုနဲ့ ဘီလီယက်"

"ဟဲ့... ရိုမီယိုနဲ့ ဂျူလီယက်ပါဟာ"

"အေး...အေး... အဲဒီထဲက မင်းသား လီယိုနာဒို
င်ချို"

"ဟဲ့... အဲဒါ ပန်းချီဆရာဆို"

"အဟာ့စ်...ဟာ့စ်...ဟာ့စ်... နင် မဆိုးဘူး၊ လီယိုနာဒိုလို
ရက်သောက်ပြီး လိုက်သေမှာ"

ရှောင် စကားကြောင့် မခင်တင့်က မျက်စောင်းထိုးပြီး...

"အညီမ်သောက်သေတာပါ။ မူးမူးရူးရူးနဲ့ ပေါက်တတ်ကရတွေ လျှောက်မပြောစမ်းနဲ့"

မျက်စောင်းထိုးသည့် အနေအထား ဆိုတော့ မခင်တင့် နည်းနည်းပျော့ညံ့လာပြီ ဆိုတာ ရဘောင် သိသည်။ ရဘောင်ကလည်း ဘယ်ရမလဲ။ နည်းနည်း သွေးတိုးစမ်းလာပါသည်

"ခင်တင့်ရယ်... ခင်တင့်ကို ရဘောင် တကယ်ချစ်တယ်ယုံစမ်းပါ"

"အဲဒါဆို နင် အရက်ဖြတ်ပေါ့"

ရဘောင်က စိတ်ပျက်ဟန် ခေါင်းခါရမ်းရင်း...

"မတူဘူးလေ... ၅၂၈ နဲ့ ၁၅၀၀ အနေအထား သွားရောလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဘာဆိုင်လို့လဲ"

ရဘောင်က တစ်ခွက် မော့ချလိုက်တော့ ခင်တင့်က မျက်စောင်းထိုးပြီး ရေဖြည့်ထားတဲ့ ရေခွက်ကို ကမ်းပေးသည်။ ရဘောင်ကရေသောက်ပြီးမှ အမြည်းတစ်ဖတ်ကို ကောက်ဝါးသည်။

"၁၅၀၀ အချစ်ဆိုတာ ကိုယ်နဲ့ ခင်တင့်ရဲ့အချစ်၊ ၅၂၈ က အဖေ အမေ ညီအစ်ကိုမောင်နှမ သူငယ်ချင်း မိတ်ဆွေ အချစ်၊ အဲ... သူကတော့..."

ရဘောင်က အရက်ပုလင်းကို စိုက်ကြည့်ရင်း မျက်မှောင်ကြုတ် စဉ်းစားလိုက်သေးသည်။ နောက်တော့ အရက်ပုလင်းကို မြှောက်ကာ...





"အရက်က ၂၀၂၈ အချစ်"

ရဘောင် စကားကြောင့် မခင်တင့် မျက်မှောင်ကြီး ကြုတ်ကာ...

"ဘယ်လို... ဘယ်လို... ၂၀၂၈ အချစ်၊ ဘာဆိုင်လို့လဲဟ"

"ဆိုင်တာပေါ့ ခင်တင့်ရယ်၊ ဒီကောင်ကြီးက ကိုယ်နဲ့ အနေများတယ်၊ ၅၂၈ လည်း သံယောဇဉ်ဆိုပေမယ့် အနည်းအကျဉ်းတော့ ပူလောင်တာပဲ၊ ၁၅၀၀ သမီးရည်းစားအချစ်က ပိုပူလောင်သေး...ဒီသဘောပဲ၊ ၅၂၈ အပေါင်း ၁၅၀၀ ညီ ညွှန်း ၂၀၂၈ဟာ ဘယ်လောက် ပူလောင်သလဲဆိုရင် ရေမရောနိုင် ပိုသိတယ် ခင်ခင်ရယ်"

ရဘောင့်ပါးစပ်က ခင်ခင်တွေ ဖြင်ကုန်ပါပြီ။

"သွားပါ... လျှာအရိုးမရှိတိုင်း လျှောက်ပြောနေတယ်"

မူနွဲ့နွဲ့ဟန်နှင့် မခင်တင့်က ပြောတော့ ဟိုကောင်က ပေါ်ဖြီးဖြီးကြီး ဖြစ်နေပါသည်။

"တကယ်ပါ ခင်ခင်ရယ်...ကိုယ် ကမ္ဘာကျော် ကဗျာဆရာကြီး အိုမာ...,"

အခုရေးထဲ ရဘောင်ခမျာ ကဗျာဆရာနာမည် မေ့နေသည်။ သူ့စိတ်ထဲမှာ နောက် သူ့နာမည်တစ်ခုဖြစ်တဲ့ 'ခရင်'ကို ခရမ်းရောင် အမည်အစွဲပြု၍ မှတ်သားထားပါသည်။ ဒါပေမယ့် သူ အခုမေ့နေပါသည်။ မထူးတော့ပြီမို့...

"အိုမာအနီ"

သူ ရောချလိုက်ပါသည်။ မခင်တင့်ကတော့ ကဗျာနဲ့ ဝေးသူမို့ ဘာမှမသိရှာ။

"အိုမာအနီဟာ ကမ္ဘာကျော် ကဗျာတစ်ပုဒ်ကို ဒီလို ရေးဖွဲ့ထားတယ် ခင်တင့်"

"အင်း... ပြောပါဦး"

မခင်တင့်တို့ကတော့ အမှုးသမားလေမှာ စုံးစုံးမြုပ်စ မြုပါပြီ။

"ဘီအီးတစ်ပိုင်းရယ်... မြန္မာသီချင်း ဆိုတတ်တဲ့ ချစ်သူရယ်... ဒံပေါက်တစ်ထုပ်ရယ်ရှိရင် အံရာအားလုံး ပြည့်စုံပါတယ်တဲ့"

"ဩော်... ဒီကဗျာဆရာကြီးက အရက်ဆိုင် ဖွင့်ထားတဲ့ သူလား မသိဘူးနော်"

"ဟုတ်မယ် ခင်ခင်"

ရောင်နဲ့ ခင်တင့် တွေ့မှပဲ အိုမာခရမ်လည်း မူးမူးရူးရူး ဖြစ်တော့သည်။ အခုလို ကြည်ကြည်နူးနူး စကား ကောင်းနေတုန်းမှာပဲ...

"အမေလေး... ကြားလို့ မြင်လို့မှ ကောင်းကြသေးရဲ့လား အရပ်ကတို့ရယ်"

အော်သံ အကျယ်ကြီးကြောင့် သူတို့ ကဗျာကယာ ကြည့်လိုက်တော့ ဘယ်လိုကနေ ဘယ်လို ရောက်လာသည်





မသိ။ ခင်တင့်အမေ ဒေါ်လှတင်နှင့် ရပ်ကွက်လူကြီးအချို့နှင့် အုန်းမောင်တို့တစ်သိုက်သည် သူတို့နှစ်ယောက်ကို တံခါးဝ,မှာ ရပ်ကြီး စိုက်ကြည့်နေကြပါသည်။

ဖြစ်ပုံက ဒီလိုပါ... ဒေါ်လှတင့်က အခုလို ဝေလီဝေလင်းမှ ဆိုးဝေးမှ ပြန်ရောက်လာရင်း ခြံတံခါးပွင့်၊ အိမ်တံခါး ပွင့်နေတာ ကြောင့် သူခိုးဝင်သလား စူးစမ်းနေရင်း ကင်းလှည့်လာသော ရပ်ကွက်လူကြီးအဖွဲ့နှင့်အတူ ပါလာသော အုန်းမောင်တို့ကို အကူအညီတောင်းပြီး အိမ်ထဲဝင်စစ်ဆေးရာမှ အခုလို ရောင်နှင့် ခင်တင့် အဖြစ်တို့ကို တွေ့ခဲ့မိခြင်း ဖြစ်သည်။

ရောင်ကို ဒေါ်လှတင်က တရားစွဲမယ်၊ ဖမ်းချုပ်မယ် ဆိုတော့ ရောင့်ဘက် လုံးဝစိတ်ညွှတ်ချစ်မိနေသူ မခင်တင့်က ချစ်ရဲ့သတ္တိနဲ့ သူမ ချိန်းလို့ ကိုရောင် လာတာလည်းပြောရော ဒေါ်လှတင်ကြီး ဘာမှမတတ်နိုင်ရှာတော့ပါ။

ဒီလိုနဲ့ အုန်းမောင် ကောင်းမှုနှင့် မခင်တင့် အိမ်ထောင် ကျပါသည်။ ယခုဆိုရင် သူတို့ရဲ့သား အငယ်ကောင် မောင်ရောင် လေးတောင် တစ်နှစ်ပြည့်ခါနီးပါပြီ။ ရောင်ကတော့ ထုံးစံအတိုင်း ပေကောင်းဆဲ။

ဒါပေမယ့် တစ်ခုတော့ ရောင်က သိတတ်သည်။ ခင်တင့် အတိုးကိုစွနဲ့ နေ့စဉ်အပြင်ထွက်ပြီဆိုတာနဲ့ အဝတ်တွေ အားလုံး လျှော်ထားသည်။ ဟင်းအိုးတည်၊ ထမင်းအိုး တည်၊ ပြီးမှတိုက်ကာ မခင်တင့် ပြန်လာရင် အသင့်စားနိုင်အောင်

ဖူးခတ်ပြီးမှ အရက်သောက်ပါတော့သည်။ အရင်လို အပြင်မှာ သောက်လေ့သောက်ထတော့ နည်းသွားတာပေါ့။ အိမ်မှာပဲ ဆော်တင့် ဝယ်လာတဲ့ ပုလင်းကို စိမ်ပြေနပြေ သောက်ပါတယ်။

ရေဘာင် အကြောင်း ကိုလှစိန် စဉ်းစားလာရင်း ရေဘာင် အိမ်ရှေ့ ရောက်တော့ ဦးဖေအောင်ကိစ္စကို သတိရပြီး ရေဘာင်ကို ဆိုဆုံးမရန် ရေဘာင်တို့ခြံထဲ သူဝင်လာခဲ့ပါတယ်။

ဟော... ကလေးချော့သိပ်သံ၊ အာလေး လျှာလေးသံကို ကြားရကတည်းက ရေဘာင် ရေချိန်နည်းနည်းကိုက်နေပြီဆိုတာ ကိုလှစိန် သိလိုက်သည်။ ဒါတော့ ကိစ္စမရှိ... ကိုလှစိန်ကို ရေဘာင်က ခင်လည်း ခင်တယ်၊ လေးလည်း လေးစားတယ်။ ဒါပေမယ့် သူ့ဝသီအတိုင်း ကိုးလို့ကန့်လန့် နောက်ရွှတ်ရွှတ်တော့ ရှိတာပေါ့။

တွေ့ပါပြီ... ကလေးကို ပုခက်ထဲထည့်လွှဲရင်း ခါးကြားမှာ နို့ဘူးတစ်ဘူးကို ထိုးထားကာ သားချော့တေးတစ်ပုဒ်ကို အခုလို ဆိုနေပါတယ်။

“... မိတ္ထီလာကန်ပေါ် ဝိုင်းဖွဲ့လို့သောက်မယ် xxx လမ်းဘေးကဆိုင်မှာ ဝင်ဝယ်ကွယ် မိတ်ဆွေရယ်xxx ခွက်ကျန်ခဲ့လည်း ပုလင်းလိုက်မော့မယ်”

သီချင်းကြားရုံနဲ့တင် ကျွန်တော် သက်ပြင်းချရုံကလွဲပြီး ဘာများ တတ်နိုင်မှာလဲနော်”

အဲဒီအချိန်မှာ ရေဘာင် ကျွန်တော့်ကို တွေ့သွားပါတယ်။





“ဩော်...လူပိုကြီး...အဲလေ... လူပျိုကြီး... အလည်လာတာလား”

ပုဆိုး ရွဲ့စောင်းစောင်းနဲ့ ရေဘာင် ကျွန်တော်ရှိရာကို လာပါတယ်။ ကျွန်တော်က အနားရောက်လာတဲ့ ရေဘာင်ရဲ့ ခါးကြားထဲ ထိုးထားတဲ့ နို့ဘူးကို ဆွဲထုတ်လိုက်ရင်း...

“ဟင်... မင်းနို့ဘူးက နို့အရောင်လည်း မဟုတ်ဘူး”

ရေဘာင် စပ်ဖြီးဖြီးနဲ့ ရယ်ရင်း...

“အဟစ် ဟစ် ဟစ်... ကလေး ချော့သိပ်နေတော့ သောက်ဖို့ အချိန်မရတာနဲ့အရက်ကို နို့ဘူးထဲထည့်ပြီး အဆင်ပြေသလို သောက်နေတာ၊ မဆိုးဘူးဗျာ... နို့သီးခေါင်းနဲ့ စုပ်ယူရတော့ အဆင်ပြေတယ်”

“ရေဘာင်ရယ်... ကလေးလည်း မှားတိုက်မိမယ်”

ကျွန်တော့် စကားကြောင့် ရေဘာင်က ပျာပျာသလဲလဲ–

“ဟာ... စိတ်ချ... ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘိုးစဉ်ဘောင်ဆက် အမွေအနှစ်တွေကို ဒီကလေး လက်ထက်မှာ ပြောင်းလဲမယ်၊ အရက်သမားမဖြစ်စေရဘူး၊ အပေါင်ခံစားတဲ့လူ မဖြစ်ရဘူးလို့ ခင်တင့်နဲ့ ကျွန်တော် တိုင်ပင်ဆွေးနွေးပြီးပြီ”

“ကောင်းတယ် ရေဘာင်”

“ကဲ... လာရင်းကိစ္စလေး ပြောပါဦး လူပျိုကြီး”

ရေဘာင်က စကားလမ်းကြောင်း ပေးတော့...

"တဲ... မပြောလည်းမပြီး မတီးလည်းမမြည် ဆိုတဲ့ အတိုင်း ငါပြောရရင် မင်း မနက်အစောကြီး ဦးဖေအောင် အိမ်ရှေ့မှာ သွားအော်တဲ့ ကိစ္စပဲ ရေဘင်"

ကျွန်တော် စကားဆုံးတော့ ရေဘင်က တဟာစ်ဟာစ်နဲ့ ရယ်ပြီး...

"ကျွန်တော် မနက်က မမူးသေးပါဘူး လူပျိုကြီးရာ"

"အဲဒါဆိုရင် မင်းက ဘာဖြစ်လို့ သူ့အိမ်ရှေ့ သွားအော်ရတာတုန်း"

"အမြင်ကပ်လို့ပါဗျာ... မနေ့ညက တရားပွဲမှာ သူ ရှေ့ဆုံးက၊ တရားပွဲက ပြန်လာ,လာချင်း သူ့အိမ်မှာ ငှားနေတဲ့ အိမ်ငှားတွေကို အိမ်လခ တိုးတောင်းတယ်တဲ့"

"အဲဒါ မင်းနဲ့ ဘာဆိုင်လဲ ရေဘင်ရာ... မင်းကတော့ ခက်တာပဲ"

"မဟုတ်သေးဘူး လူပျိုကြီး၊ သူ့အိမ်မှာငှားနေတဲ့ သူတွေက သိပ်အဆင်မပြေကြတဲ့ အိမ်ငှားတွေများတယ်၊ ကိုလှထွန်းဆို ဆိုက်ကားနင်းရတယ်၊ သူ့မိန်းမ အေးသွယ် ဆိုရင် ပန်းနာရင်ကြပ် ရောဂါရှိနေတာတောင် အကြော် ကြော်ရောင်းနေရတုန်း၊ ပုစုခရု ကလေးတွေက အများကြီး၊ ဦးဖေအောင်က အိမ်လခ တိုးတောင်းဖို့ပဲ ချောင်းနေတာ၊ အိမ်ပြင်ဖို့ကိစ္စဆိုရင် သူ့အမျိုး လက်သမားတွေ နယ်က ခေါ်ထားတယ်၊ ဒီနွေလာမှာ... ဟိုနွေလာမှာနဲ့ အကြောင်းအမျိုးမျိုးပြနေတာ"





ပြောရင်း ဆိုရင်း ဒေါသဖြစ်နေတဲ့ ရေဘင်ကြောင့် ကိုလှစိန် ခမျာ ပြန်ချော့ရပါသည်။


"အေးပါကွာ... ငါလည်း သူ့ကို ပြောပါ့မယ်၊ မင်းလည်း သူများကို အဲလိုသွားမပြောနဲ့"

"လူပျိုကြီးမို့လို့ သူ့ကို ကျွန်တော် လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တာနော်၊ ဟွန်း... နို့မို့ဆိုရင် ရေဘင်တဲ့... အချေ အတင် ဖြစ်သွားမယ်"

"အေးပါကွာ"

ချော့မော့ နှစ်သိမ့်ပြီး ကိုလှစိန်ခမျာမှာ ပြန်လှည့်လာ ရပါသည်။

သူ့ကိုယ်သူ ကိုရွှေထူး ကာတွန်းထဲက ဇာတ်လိုက် ကျော်ကြီး ကိုတင့်လို ရပ်ကွက်ထဲမှာဗျာ...လို့ ညည်းညူ ချမလိုပါဘဲ။



ညနေစာ စားသောက်ပြီး မိုင်းတို့ သုံးယောက် ဂီတာ ဆွဲကာ ခြံထဲဆင်းလာခဲ့ပါတယ်။ ရျာန်ရျာန်ကတော့ CD ထည့်ထားတဲ့ အယ်ဘမ်နဲ့ CD စက်တစ်လုံး လက်ကဆွဲလာသည်။

ထိုင်ခုံကိုယ်စီ ဆွဲယူလာရင်း ဇင်ကိုက ပြုံးစေ့စေ့နဲ့–

"အပျင်းပြေ တစ်ယောက်ကို တစ်ယောက် ဝေမျှနိုင်တဲ့ သီချင်းလေးတွေနဲ့ အလှည့်ကျ ဖျော်ဖြေရအောင်"

မိုင်းက ခေါင်းညိတ်ပြသည်။

ရျာန်ရျာန်က...

"ငါ အရင်စ,ဆိုမယ်"

ရျာန်ရျာန်က CD တစ်ချပ်ကို CD စက်ထဲ ထည့်သည်။ CD စက်ထဲက သံစဉ်သည် အချက်ကျကျထွက် လာပါသည်။

ရျာန်ရျာန်ဆိုသည့် စိုင်းစိုင်ခမ်းလှိုင်ရဲ့"ခေါင်းတွေညိတ်" သီချင်းဖြစ်သည်။

ဒီကောင်ဆီကတော့ အမ်မီနမ်တို့၊ ဖစ်ဖတီဆင့်တို့ စနူးဒေါ့တို့ မြန်မာပြည်ကဆိုရင် သူဆိုနေကျ "ရေထဲကျတဲ့ ခဲတစ်လုံး" "အဖေ" တို့ အစရှိသည်ဖြင့် ကြားကြားနေရသည်။

ရျာန်ရျာန်ရဲ့ ဆိုပုံ ဆိုပေါက်ကတော့ သူ့ဂီတနဲ့ သူ ကတော့ ထိပ်တန်းအဆင့်မှာ ရပ်တည်နိုင်တာ သူတို့ အကဲခတ်မိတယ်။

"xx ဟစ်ဟော့ကို တုတယ် စစ်တယ် ဘယ်လိုခွဲခြား မလဲxx ဟစ်ဟော့နဲ့ ဖနသသဝါစာ xx မလိုအပ်ဘဲ မတွဲကြနဲ့





xx လူတွေက ခံစားတတ်တယ် ဦးနှောက်ရှိတယ်xx နားလည်တယ် xx အသိဉာဏ်ရှိတယ် xx မင်းက မသိတာ အသည်းသားတယ် xxx"

ဒီကောင်ရဲ့ စကားလုံးတွေကြောင့် ပြုံးမိသည်။

"xxxx ဒီမှာညီလေး... မင်းတို့ရဲ့ လုပ်ဇာတ်တွေနဲ့ တ်ပြတ်အောင် မပုတ်ခတ်နဲ့xxx မင်းပါးစပ် မယုတ်ပတ်နဲ့ ်တာထင်ရင် ဆက်လုပ်ပါxxx စိတ်ဓာတ်တော့ မယုတ် ည့်နဲ့ xxx ပရိသတ်ကို အဆိပ်မခတ်နဲ့ xxx

ကောင်ကလေးရော ကောင်မလေးရော လူတွေစုံပြီ ခေါင်းတွေညိတ် xxxx

ရော့ခ်ကာကြီးရော ရက်ပ်ပါလေးရော အတူတူ အော် ယ်xxx ခေါင်းတွေညိတ် xxxx လွယ်လွယ်လေးပါ ဒီလို းပါ အတူတူဆိုမယ် ခေါင်းတွေညိတ် xxxx

လက်ဟန်ခြေဟန်နဲ့ ဒီကောင်ဆိုတာ ကြည့်လို့ အလွန် ာင်းပါတယ်။

သီချင်းလည်းပြီးရော မိုင်းနဲ့ ဇင်ကိုက နှစ်နှစ်ခြိုက်ခြိုက် က်ခုပ်တီးမိသည်။

ကျွန်တော်တို့တင် မဟုတ်ပါ။ ဝရန်တာမှာ ရပ်နားထောင် နေတဲ့ မာစတာတက်နေတဲ့ အောင်ဆင့်၊ နောက်ပြီး ဒီနေ့မှ အစောပြန်ရောက်လာတဲ့ မဂ္ဂဇင်း အယ်ဒီတာ ကိုဝေညိုကပါ က်ခုပ်တီးပေးပါသည်။

ဒီတစ်ခါ ဖင်ကိုရဲ့အလှည့်။ ဖင်ကိုက သူရဲ့ အနိုင်
ဟော်လိုဂစ်တာကို ရယ်ဝယ်ပိုက်ရင်း တစ်ချက် နှစ်ချက်စမ်း
ဟန့်ထူးလွင်ရဲ့ "ကြားနေကြအသံများ" ကို ဆိုသည်။

xxx အဘိုးကြီးလည်း ရက်ပ် အဘွားကြီးလည်း
ရပ်ခ်xxx မွေးကင်းစ အာပြဲလေးလည်း ရက်ပ်xxx ခွေးကိုလည်း ရက်ပ်xx ကြောင်ကုတ်လည်း ရက်ပ်xx အိမ်မြှောင်
ကြွက် ကျိုးကန်းအော်လည်း ရက်ပ်xxxx"

မိုင်းက ဈာန်ဈာန်ကို ကြည့်ကာ ပြုံးသည်။ ဈာန်ဈာန်
မျက်နှာက မချိမချဉ်။

သကောင့်သားက မတ်တတ်ရပ်ပြီး ဈာန်ဈာန်ရှေ့
သွားဆိုပြန်သည်။

"မင်းကလည်း ရက်ပ် xxx ငါကလည်း ရက်ပ်
ရပ်ကွက်ထဲ လျှောက်ကဲတော့လည်း ရက်ပ်xx မိုးလင်းလည်း
ရက်ပ်xxx မိုးချုပ်လည်း ရက်ပ်xxx လူလယ်ခေါ်
ခလုတ်တိုက်တော့လည်း ရက်ပ်xxx

xxx အကြော်သည် နှစ်ယောက် ထချတော့လည်း
ရပ်ခ်xxx ဘော်တယ်ကုလားကြီးအော်လည်း ရက်ပ် xx
အဆိုတော်အကြီးကြီး ဆိုလည်း ရက်ပ်xx ကလေးက
အပေအတေ အော်လည်း ရက်ပ် xxx

သီချင်းပြီးတော့ မိုင်းက ထရယ်သည်။ လက်ခုပ်
တွေနဲ့အတူ ကိုဧည့်ကြ ဝရန်တာကနေ...



လက်ရှိလောကရဲ့ အဖြစ်အပျက်တွေကို မင်းတို့သီချင်း
ထဲမှာ မြင်နေရတယ်၊ အခုလို သရော်စာဆန်ဆန် သီချင်း
ရေးတဲ့ထဲမှာ ငါကတော့ အရိုးနဲ့ မောင်မောင်ဇော်လတ်ကို
ကြိုက်ဆုံးပဲ"

ကိုဧည့် စကားကို မိုင်းက...

"ဟုတ်တယ်နော်... သူတို့နှစ်ယောက်က အဲဒီဘက်မှာ
အားကောင်းတယ်၊ သူတို့အမြင်က ထူးခြားတယ်"

"ကဲ... မင်းအလှည့်... လျှောက်ရှိုးမနေနဲ့ မိုင်း"

ဖင်ကိုက သူ့ဂီတာကို မိုင်းကို လှမ်းပေးသည်။

"ဘာသီချင်းလဲ"

ဈာန်ဈာန် အမေးကို မိုင်းက စဉ်းစားရင်း...

"ကိုမောင်မောင်ဇော်လတ် ရေးတဲ့ နားနားပြီးပြော"

မိုင်း ပြောတဲ့သီချင်းခေါင်းစဉ်ကြောင့် ဖင်ကိုက ပြုံးစေ့စေ့။

xxx မကျေနပ်တာ ကြုံတဲ့အခါ ပြန်ပြောရင် ရိုင်းတယ်
ပြောမယ် xxx မြင်မကောင်းတာ ရင်နင့်စရာ စုံလုံးသာ
ကန်းချင်တော့တယ် xxx ဒီပုတ်နဲ့ ဒီပဲနဲ့ အဟုတ်ကြီးကို
လက်ခုပ်တီးတယ် xxx ဒီအရပ်နဲ့ ဒီဇာတ်နဲ့ မနေတတ်တော့
အဆဲခံရမယ် xxx အိုး... ကိုးရိုကားရား အိုး...

xxx ပန်းထိမ် မတတ်ခင် ရွှေမိုးသင် အရွယ် မရောက်
ခင် အစွယ်ပေါက်ချင် xxx ဟိုအပြစ်တင် ဒီအပြစ်တင်
ကမ္ဘာနဲ့ချီပြီတော့ ပြောရင်းxxxx

ဟိုနှစ်ကောင်က သီချင်းစာသားကြောင့် တစ်ယောက် ကို တစ်ယောက် ကြည့်သည်။

"ဟိုတစ်အုပ်မှာ xxx ဒီတစ်အုပ်မှာ xxx မျက်နှာဖုံ ေတွနဲ့ စာမျက်နှာ xxxx ဟိုမှာလည်းပါ xx ဒီမှာလည်း စကားလုံးက မပြောပုဆိုးများ xxxx

ပါးစပ်ပိတ် xx ခေါင်းညိတ် ကြိတ်မှိတ် xx ငါ နားလည် ပေးမယ် xxx ဖြည်းဖြည်း ဖြည်းဖြည်းပြော xxx နားနား ပြော မောမယ် xxx တိုးတိုး တိုးတိုးလေးပြော xxx အားလုံ လည်း ကြားပါတယ် xxx"

သီချင်း အပြီးမှာ လက်ခုပ်သံတွေ တဖြောင်းဖြောင် ကိုဝေညိုနဲ့ အောင်ဆင့်က သူတို့ရှိရာဆီ ဆင်းလာပါတယ်

အောင်ဆင့်က ခုံတန်းရှည်မှာ ဝင်ထိုင်တယ်။ ကိုဝေညိ ကတော့ မတ်တတ်ရပ်နေ၏။ အောင်ဆင့်က...

"ဂီတ ဆိုတာ တစ်ကမ္ဘာလုံးအတွက် တစ်ခုတည် သော ဘာသာစကားပဲနော် ကိုဝေညို"

ကိုဝေညိုက လက်ပိုက်ရင်း...

"ဟုတ်တာပေါ့... ပြီးတော့ ကိုးကွယ်မှု တူညီတဲ့ လည်း ဖြစ်တာပဲ၊ မင်းတို့ရဲ့ ကြိုးစားမှုကိုတော့ ငါ လေးစ တယ်၊ ရျာန်ရျာန် ခွေ စ,သွင်းနေပြီဆို"

"ဟုတ်ကဲ့ အစ်ကို... ကျွန်တော့်သူငယ်ချင်း D ဟစ်ယောက်နဲ့ စီစဉ်ပြီး အခွေ သွင်းနေတယ်"





"မင်း ပိုင်အိုနီးယားမှာ ပြီးခဲ့တဲ့အပတ်က တစ်ပုဒ် င်ဆိုပေးလိုက်သေးတယ် မဟုတ်လား"

"အဲဒါ စပွန်စာကြောင့် အစ်ကို၊ စပွန်စာက အသစ်တွေ ည်း လုပ်ဖြစ်မယ်လို့ သူငယ်ချင်း တစ်ယောက်က လာပြောတာနဲ့ ျွန်တော် လုပ်လက်စအခွေလေးကိုသွားပြပြီး ဝင်ဆိုဖြစ်သွားတာ"

"ခွေပြီးသွားရင် ပြောပေါ့၊ ငါ ပရိုဂျူဆာတစ်ယောက်နဲ့ တ်ပေးမယ်၊ ဇင်ကို ကရော"

ဇင်ကိုက ဂီတာကြိုးတွေ လျော့နေရင်းက မော့ကြည့် ာ မိုင်းကို လှမ်းကြည့်ရင်း...

"ဒီကောင့်ကို ကျွန်တော် ဆွေးနွေးနေတာ အစ်ကို"

ကိုဝေညိုက နားမလည်ဟန် ရှိသည်။

"ဒီကောင်က ဂီတာ ကောင်းတယ်၊ ကျွန်တော်ထုတ် ယ့် အခွေမှာ ကျွန်တော်နဲ့ ဒီကောင် ပေါင်းတီးပေးဖို့ ပြောနေ ေတာ၊ မန္တလေးက ကျွန်တော့်သူငယ်ချင်း ဘော့စ်သမားရယ်၊ တူ့မ်ိဳသိုရောက်ရင် ခင်မင်နေတဲ့ ဒရမ်သမားရယ် အသင့်ဖြစ်နေပြီ၊ ကိုဇော်လတ်တို့ဆီက သီချင်းတွေလည်း ဝယ်ပြီးပြီ၊ ဒီကောင်ကို ည်းရုံးဖို့ပဲ ကျန်တော့တာ"

"ဒါဆို မိုင်းက ခွေမထုတ်ဘူးပေါ့"

ကိုဝေညို စကားကြောင့် ရျာန်ရျာန်က ဝင်ပြောပါသည်။

"ဒီလို အစ်ကိုရေ... ကျွန်တော်ဝင်ပြောမှ ဇာတ်ရည် ည်လိမ့်မယ်၊ ဒီကောင်က ဗီဒီယိုနောက်ခံ တီးလုံးတွေ၊

သီချင်းတွေ တီးပေး ဆိုပေး၊ ရေးပေးနေတာ၊ တချို့သီချင်းတောင်းလေးတွေချည်းပဲ ရွေးလိုက်တာ ခွေတစ်ခြမ်းစာလောက်ရနေပြီ”

“ဟ. . .ဘယ်ဆိုးလို့လဲ၊ ကုန်ကျစရိတ် သက်သာတာပေါ့”

ကိုဝေညိုက သူ့အမြင်ကို ပြောပြသည်။ ရှာန်ရှာန်က ဆက်ပြောပါသည်။

“ကျွန်တော်က ပြောပါတယ်၊ ဖင်ကို ကထော့ထားလိုက်တော့၊ သူ့စတူဒီယိုနဲ့ သူ အဆင်ပြေနေတာ၊ မိုင်းအတွက် ဂျူတီခ သက်သာအောင် ကျွန်တော်ခြံထဲမှာ ဟုမ်းစတူဒီယိုလေး တစ်ခု လုပ်ထားတယ်၊ ကွန်ပျူတာလည်း ရှိတယ်၊ တချို့လိုင်းတွေက ကွန်ပျူတာနဲ့သွင်းပြီး ဖမ်းထား၊ လိုအပ်တဲ့အပိုင်းကိုသာ ဖင်ကိုတို့ စတူဒီယိုမှာ အချောသတ်လိုက်လို့ အဲဒါဆို ဒီကောင်လည်း အကုန်အကျစရိတ် သက်သာတာပေါ့၊ မဟုတ်ဘူးလား အစ်ကို”

ရှာန်ရှာန် စကားကြောင့် ကိုဝေညိုက ကျေနပ်ဟန်ပြုံးရင်း. . .

“မင်းတို့သုံးယောက်ကိုတော့ ငါ တကယ်လေးစားတယ်၊ မတူညီတဲ့ ဂီတတွေနဲ့ တစ်အိမ်တည်း တစ်ခန်းတည်းမှာ အတူတူနေရင်း တစ်ယောက်ကို တစ်ယောက် အပြန်အလှန်နားလည်ပေးတတ်တာ၊ ကဲ. . . မိုင်း မင်းဘက်ကရော”

ကိုဝေညို့ စကားကြောင့် မိုင်းက. . .





“ဒီကောင်တွေ သဘောအတိုင်းပါပဲ အစ်ကို”

မိုင်း စကားကြောင့် ဟိုနှစ်ကောင်က လက်ဝါးချင်း လှမ်းရိုက်သည်။

ကိုဝေညိုနဲ့ အောင်ဆင့်က ကျေနပ်ဟန် ပီတိ အရိပ်တွေနှင့် ပြုံးနေပါသည်။

သတိရတိုင်း
သံစဉ်နဲ့ တေးသွားမှာ ခံစားချက်ကိုအယုံသွင်း
မင်းထံ အပြေးပြန်လာခဲ့တယ်။





"ဒါ... ကျွန်တော်ပြောတဲ့ မိုင်း ဆိုတဲ့ ကောင်လေးပဲ မိုးရိပ်၊ မိုင်း... ဒါ ငါပြောတဲ့ မမိုးရိပ်ညို"

အံ့သြသွားဟန်ကို မသိမသာ ပြန်ရုပ်သိမ်းနေတဲ့ မမ ကို သူ သတိပြုမိသည်။

မိုင်းက သူ့ရှေ့က မိန်းမလှလေးကို ငေးကြည့်မိသည်။ လှတာတော့ တော်တော်လှပါတယ်။ တနိုဗိုးကြီးတဲ့ အရုပ်လှလှလေးလိုကိုလှတာ။ ဒါပေမယ့် သူ မနှစ်မြို့တာက အမြဲတွေ့ရတိုင်း မာနလိုလို ဘာလိုလို မျက်ဝန်းနဲ့ မျက်နှာပေါ်က အရောင်တစ်မျိုးကိုပင်။ သူဝတ်ထားတဲ့ ဂျင်းပင်ဟောင်းဟောင်းနဲ့ တီရှပ်နွမ်းနွမ်းကို ခြုံကြည့်ပြီး မသိမသာ နှာခေါင်းရှုံ့လိုက်တာ သူ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

ဟိုတစ်ခါ ဆုံခဲ့ဖူးတာကို မမ က မေ့တတ်သူတစ်ယောက်လို နေခဲ့ပြန်၏။

"ရှင့်လူက အသက်မငယ်လွန်းဘူးလား ကိုမင်းဦး"

သူနဲ့ အတော်ခင်မင်နေတဲ့ လုပ်ငန်းရှင် တစ်ဦးဖြစ်တဲ့ ကိုမင်းဦးက သူမရဲ့စကားကြောင့် ခပ်လွင်လွင် ရယ်ပြီး…

“လူသာဖယ်ပေမယ့် အဆိပ်ပြင်းတာ မမိုးရိပ်လည်း သိနေတာပဲ၊ မမိုးရိပ် ကြိုက်တယ်လို့ ကျွန်တော့်ကိုပြောတဲ့ ကြော်ငြာတွေက သူကိုယ်တိုင်ရေး၊ သူကိုယ်တိုင် ဖန်တီးထားတာ”

ကျွန်တော် ကောင်းသည်၊ ဆိုးသည် တစ်ခွန်းမှ ဝင်မပြော

“ထားပါလေ… တို့ မင်းကို တစ်ခုပြောချင်တယ်”

အသုံးအနှုန်း ရည်ရွယ်ချက်က သူ့ထံသို့ တစ်ဆိုက်မတ်မတ် ရောက်လာပါပြီ။

“တို့ကုမ္ပဏီအတွက် ကြော်ငြာတစ်ခု လုပ်ချင်တယ်၊ တို့ကြော်ငြာမှာက မြန်မာယွန်းထည်နဲ့ ပိုးချည်အထည်တွေ အတွက်ပေါ့၊ မြန်မာ့ဟန် အဲ့ဒီပ်အငွေ့တွေလည်း ဒီကြော်ငြာထဲမှာ ပါချင်တယ် ချာတိတ်”

အခေါ်ဝေါ်ကြောင့် ကျွန်တော့် ပခုံးတွန့်လိုက်တော့ သူမက မျက်ခုံးတွန့်ဟန် ပြုသည်။ ကိုမင်းဦးကတော့ မျက်နှာ တစ်ဖက်လှည့်ကာ ရယ်ချင်ဟန် ရှိပါသည်။

သူမက သူမ ယက်ကန်းစင်တွေရှိသည့် အမရပူရ ဘက်မှာ ရိုက်မယ်ဆိုရင်လည်း ရိုက်နိုင်ကြောင်း ပြောပြသည်။ ကျွန်တော်က ကတ်ပြားတစ်ခုကို သူမရှေ့ ချပြသည်။

“ဒါက လက်ရှိ ကြော်ငြာဒါရိုက်တာတွေရဲ့ ဈေးနှုန်း တွေပေါ့၊ ကျွန်တော်နဲ့ အားလုံးခင်ပါတယ်၊ မမ ဘယ်မင်းသား





ဘယ်မင်းသမီးနဲ့ ရိုက်ချင်လဲ၊ သူတို့ကြေး သူတို့ဈေးနှုန်းက သက်သက်ပေါ့”

မမ ဆိုတဲ့ အခေါ်အဝေါ်ကို သူမက မသိချင်ဟန်နဲ့ သတိမထားသလို နေပါသည်။

“တို့ ဒါတွေတော့ နားမလည်ဘူး၊ တို့ အကောင်းဆုံး ဖြစ်ချင်တာပဲ သိတယ်၊ မင်း အဲဒီအားလုံးကို စီစဉ်ပေးနိုင်ပါ့မလား”

ကျွန်တော်က ကိုမင်းဦးကို ကြည့်တော့ ကိုမင်းဦးက နားလည် သဘောပေါက်ဟန်နှင့်…

“ဒါဆိုရင် မိုင်း စီစဉ်ပေးပါလိမ့်မယ်၊ မမိုးရိပ် ဖုန်းနံပါတ်နဲ့ လိပ်စာ သူ့ကိုပေးထားလိုက်ပေါ့၊ စီစဉ်ပြီးရင် သူ ပြောပါလိမ့်မယ်”

မိုးရိပ်ညို ဆိုတဲ့ မမက လိပ်စာကတ်တစ်ခု ထုတ်ပေး သည်။ သူ ဖတ်ကြည့်လိုက်တော့ သူတို့နဲ့ မနီးမဝေး ရိပ်မြုံ တစ်ခုထဲက ဖြစ်နေသည်။ သူ့အတွက် ကံကောင်းခြင်းတစ်ခု ခန်ဆင်းပေးမိပြီ ထင်သည်။

ကျွန်တော်နဲ့ ကိုမင်းဦး သူမရဲ့ကုမ္ပဏီရုံးခန်းထဲက ထွက် လာရင်း ကိုမင်းဦးက သူ့ကို အကောင်းဆုံးလုပ်ရန် ပြောပါသည်။

ပြီးတော့ သူမ ဘယ်လောက်ချမ်းသာကြောင်း၊ ဘယ် လောက် မာနကြီးကြောင်း၊ မြန်မာဆန်ဆန် ဂုဏ်သိက္ခာရှိရှိ သူ့ကြောင်း၊ ချောကြောင်း ချီးမွမ်းတော့ ကျွန်တော်က တဟား ဟားနဲ့ အော်ရယ်မိသည်။

“မင်းက ဘာရယ်တာလဲ”

ရှက်ကိုး ရှက်ကန်းနဲ့ ကိုမင်းဦးက မေးတော့…

"ကိုမင်းဦး ခင်ဗျားလည်း ဒီမိန်းမနား ဝေ့ရှူးနှင့်ညှိုလုပ်နေတာပဲ မဟုတ်လား"

"ဟဲ… ဟဲ… ဒါကတော့ကွာ… ဒါပေမယ့်"


ကိုမင်းဦး သက်ပြင်း အကြီးအကျယ် ချပြသည်။

"သက်ပြင်းချရုံကလွဲပြီး တပ်ခေါက် ပြန်ရသူတွေအများစုမှာ ငါလည်းပါတယ် ကောင်လေးရေ"

"ကြိုးစားစမ်းပါဗျာ… ကြိုးစားရင် ဒီမမ ကို မရ ရင်တောင် သူ့ကြီးဒေါ်ကြီးလောက်တော့ ရနိုင်ကောင်းမှာပါ"

"ခွေးမသားလေး"

ကျွန်တော့် အပြောင်အနောက်ကို ကိုမင်းဦးက အခုလို ချီးမွမ်းပါသည်။







သိပ်မကြာခင်ကမှ ထွက်ခွာသွားတဲ့ ကိုမင်းဦးနဲ့ မိုင်းဆိုတဲ့ ကောင်လေးနှစ်ယောက်အနက် မိုင်း ဆိုတဲ့ ကောင်လေးရဲ့ ပုံရိပ်က ကွန်ပျူတာတစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ သူမရဲ့အာရုံထဲကို အလိုအလျောက် ဝင်လာပါသည်။

"ရှစ်…"

ပထမဦးဆုံး လုပ်မိတာက စိတ်ပျက်လက်ပျက် အသံထွက်ပြီး ငြင်းဆန်ချင်တဲ့အသိနဲ့ ခေါင်းခါယမ်းကာ လုပ်လက်စအလုပ်ကိုရပ်ရင်း ဆံ့လည်နောက်မှီပေါ် မှီချကာ မျက်ဝန်းမှိတ်ပစ်မိသည်။ သူမ မနှစ်မြို့တဲ့ နေထိုင်မှုစရိုက်နဲ့ ထိုကောင်လေးရဲ့ ပုံရိပ်က ဘာ့ကြောင့်မို့ သူ့အာရုံထဲ ဝင်လာပါလိမ့်။

အမှန်ဆို သူ့ကို တလေးတစား အရေးပေး ဆက်ဆံတတ်တဲ့ သူမကို ကမ်းလှမ်းထားတဲ့ ကိုမင်းဦးကို သတိရသင့်တာပေါ့။ သူမ နှစ်သက်တဲ့ လူကြီးလူကောင်း၊ အပြောအဆို၊ အနေအထိုင်၊ ရည်မွန်သန့်ပြန့်တဲ့ ရုပ်ရည်၊ လုပ်ငန်းရှင်ဆိုတဲ့ ဂုဏ်ပုဒ်၊ ငွေကြေးအတိုင်းအတာ စုံညီနေတာပဲဟာ။ အခုတော့ ဘာမဟုတ်တဲ့ ချာတိတ်တစ်ကောင်ကြောင့် သူ့စိန့်နှုန်းတွေ ထိခိုက်ရတော့မယ်ထင်ရဲ့။

တစ်ချိန်တုန်းက တွေ့ခါစက သူ့ဆီက သူမ အကူအညီရယူဖူးသည်။ သူမကိုလည်း စကားတစ်ခွန်းနဲ့ ရိုဝေ့သွားတဲ့ ကောင်လေးကို လမ်းပေါ် ဖြတ်သွားဖြတ်လာပြုမိတိုင်း ထိုကောင်လေးနဲ့ဆင်သည့် (အပေအတေ) စရိုက်ဆန်ဆန် ချာတိတ်တွေ

တွေ့တိုင်း မသိမသာ ရှာဖွေမိခဲ့တာ ဦးနောက်ထက် နှလုံးသား
အလိုလိုက်မိသည်ဆိုရင် ပိမှန်မလား။

တကယ်တော့ စီးပွားရေးတစ်ခုလုံးကို ဦးစီးဦးဆော
လုပ်ကိုင်ပြီး ထက်မြက်ပါသည်ဆိုတဲ့ သူမသည် အပြင်မ
မာနကြီးတယ်လို့ ကျော်ကြားပေမယ့် အဲဒီမာနနဲ့ ပျော့ည
ဆိုတာကြီးကို အသေသတ်ပစ်ထားတာဆိုရင် မမှား။

အခုတော့ မနှစ်သက်တဲ့ အချိုးအစားတွေကို ပေါင်း
ထားတဲ့ ကောင်လေးက သူမ သဘောကျတဲ့ (စီးပွားရေးအတွ
အသုံးချခွင့်ရမယ့် ကြော်ငြာသီချင်း)တွေကို ဖန်တီး တတ်ကျွ
သူတဲ့။ တိုက်တိုက်ဆိုင်ဆိုင်ပါလားနော်။

ရှေ့ဆက် ဘာတွေဖြစ်ဦးမလဲ မသိဘူးနော်။ သေချာတ
ကတော့ သူမကတော့ နှလုံးသားထက် ဦးနှောက်ကို အားပေ
အားမြှောက် ပြုရမည်။





"မင်းပြောသလောက်ကြီးလည်း မချောနိုင်ပါဘူး မိုင်း
ဆို၊ နည်းနည်းပိုလွန်းသလားလို့"

"ငါ အပိုပြောတာ မဟုတ်ဘူး။ လှတာမှ တော်တော်ကို
တာ၊ ဘယ်လိုလှမှန်းတောင် မသိဘူး"

"ဘယ်လိုလှမှန်း မသိရင် မပြောနဲ့ကွာ"

လက်ဖက်ရည်ဆိုင်မှာ သုံးယောက်သား ထိုင်ပြီး မိုင်းက
သူ့ကိုအလုပ်အပ်တဲ့ အလုပ်ရှင်မမ မိုးရိပ်ညိုအကြောင်း အရောင်
င်နေခြင်း ဖြစ်သည်။ ထူးထူးခြားခြား မိုင်းရဲ့ မိန်းမတစ်ယောက်
လှချီးမွမ်းခန်း ဖွင့်ဆိုပုံကြောင့်လည်း ဟိုကောင်တွေက
လန့်တိုက်နေခြင်း ဖြစ်သည်။

"မင်း ဒီလောက် ချီးမွမ်းနေရင် မင်းရင်ထဲမှာ သူ့ပုံရိပ်
နေလောက်ပြီ"

"ဟုတ်လား"

ကြောင်တောင်တောင်နဲ့ မိုင်းက ပြန်မေးနေတာကြောင့်
င်ကိုက မိုင်း ခြေထောက်ကို လှမ်းကန်ရင်း...

"မင်းက ပြန်မေးနေရသေးတယ်၊ မင်း သူ့ကို ချစ်သွား
ထင်တယ်"

"ချစ်လား မချစ်လားတော့ မသိဘူး။ ငါ အဲဒီမမ,ကို
လည်း တွေ့ရော..."

"ရင်ခုန်သွားရော့ပေါ့"

ရှာန်ရှာန် ဖြတ်မေးတဲ့မေးခွန်းကို မိုင်းက စဉ်းစားဟန်
ပြီး...

"ရင်ခုန်လား မခုန်လား မသိဘူး။ ရင်ထဲမှာတော့ တစ်မျိုးကြီးပဲ၊ အဲဒါ ဘာဖြစ်တာလဲ"

မိုင်းက အူကြောင်ကြောင်နဲ့ ပြန်မေးနေတော့ ရျာန် ရျာန်က...

"မင်းလုပ်မှ ရင်ခုန်ရင် အချစ်ကနေ တစ်မျိုးပြောင် အစိပ္ပာယ်ဖွင့်ရပုံပဲ"

ဇင်ကိုက ခုတင်ပေါ် လှဲနေရာက ထ,ကာ အာလူးကြေ တစ်ထုပ်ကို ဖောက်ဝါးရင်း...

"မင်း ဘယ်သူနဲ့ ရိုက်မှာလဲ"

ဇင်ကို အမေးကြောင့် အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ် လှဲနေတဲ့ မိုင်းက...

"ကိုသီဟာနဲ့ပဲ ရိုက်တော့မယ်၊ သူဆိုရင် ငါလိုချင်တာ လေးတွေ တိုင်ပင်လို့ရတာပဲ၊ သီချင်းအတွက်တော့ မိန်းကလေး တစ်ယောက် ရှာရဦးမယ်၊ စတူဒီယို ရောက်မှ သင့်တော်တဲ့ သူ ရှာကြည့်ရတာပေါ့"

"ဒါဆို... အတော်ပဲ မိုင်း၊ ငါ့ခွေမှာ မယ်လိုဒီ ဝင်ဆို တဲ့ ဆန္ဒ ကို ခေါ်သုံးကြည့်ပါလား"

ရျာန်ရျာန်အမေးကြောင့်...

"ဆန္ဒ..."

"ဟာ... မင်းကလည်း... မင်း ငါ့အိမ်မှာ မင်းခွေအတွက် စိစဉ်နေတုန်း Backing Vocal အတွက် တစ်ကြောင်းနှစ်ကြောင်း ဝင်အော်ပေးတဲ့ ကောင်မလေးလေကွာ"





မိုင်းက ရျာန်ရျာန်စကားကြောင့် လက်ဖျောက် တစ်ချက် ...း...ကာ...


"အိုကေ... ဟုတ်တယ်... ငါမေ့နေတယ်၊ ဒါဆို ...အပတ် အင်္ဂါနေ့လောက် ချိန်းလိုက်လေကွာ၊ အဲဒီနေ့ဆို ...ဲ ကိုမိရာမိုရ် ဆီ အပ်ထားတဲ့ အတီးပိုင်းလည်း ရလောက်ပြီ"

အာလူးကြော်အိတ်ကို အခန်းထောင့် အမှိုက်ခြင်းထဲ ...င်ကိုက သွားထည့်ရင်း...

"မင်း မမဆီ ဘယ်နေ့သွားမှာလဲ"

မမ ဆိုတဲ့ ဇင်ကိုရဲ့ အခေါ်အဝေါ်ကြောင့် အာရုံထဲကို ...င်လာတဲ့ မျက်ဝန်းနက်နက် တစ်စုံကို ဖျတ်ခနဲ သတိရမိသည်။ ...န်တော် ပြုံးလိုက်မိသည်။ ပြီးတော့... ခပ်တိုးတိုးလေး...

"စနေနေ့"



ချစ်ခြင်းမေတ္တာရဲ့ ဆန်းပြားတဲ့ ဝက်ပါခရီးလမ်းမှာ ရှင်ခုန်သံ မြေပုံတစ်ခြမ်းကို ရင်ဝယ်ပိုက်ပြီး ထွက်ပေါက်ရှိမယ့် ထင်ရာကို ကယောင်ကတမ်း လှမ်းကြည့်နေရပြီး မမိုး...

အစ,ကတော့ ကိုယ့်ကိုယ်ကို အချစ်ရဲ့ ခရီးသွားဧည့်သည် လို့ ထင်နေခဲ့တယ်။

နှလုံးသားညွှန်ပြရာ အခုသိရတော့ ဒုက္ခကျွန်သည် ဟုတ်တယ် အချစ်ဆိုတာ ဒုက္ခတစ်မျိုးပဲ။

အခုတော့ ပွဲမစ,ခင်ကတည်းက ရှုံးနိမ့်ရမယ့်အရည် အချင်း ကိုယ်စီနဲ့ ပြိုင်ပွဲဝင်မယ့် ပြေးလမ်းမှာ ကျွန်တော် အသင့်ရှိနေခဲ့ပါပြီ။





အမှန်မှာတော့ (Blue Heart) စင်တင်တေးဂီတဆိုင် ...နဲ့ ကျွန်တော်က ဘာမှမဆိုင်ပါ။ သို့သော် အကြောင်းဖန်လာ ...သူနဲ့ မန္တလေးမှာ တစ်ဆောင်တည်း အတူတူ နေလာ ...ဲ့ ကိုလှိုင်းက သူ ခရီးတစ်ခု အရေးပေါ်ထွက် လာစရာရှိသည် ...နဲ့ သူ့ကို လူစားဝင်တီးပေးဖို့ အကူအညီ တောင်းတာ ...င့် သူ တတိယမြောက်ညအဖြစ် လာကူညီ တီးခတ်ပေးခြင်း ...သည်။

သတ်မှတ်ထားတဲ့အချိန် တေးဂီတအစီအစဉ် မစခင် ...ကောင်မလေး ဝေဝေက နုတ်စ်စာရွက်ပေးရင်း အောက်က ...ကြီးဟစ်ကျယ် ပြောနေသော လူကြီးလူကောင်း ဝိုင်း ...င်းကို မျက်စ,ပစ်ပြကာ...

"ကိုမိုင်း...အောက်ထပ်မှာ ဟိုတစ်နေ့က ကျွန်မ ပြော ... လူကြီးလူကော်င်းတွေ ဆိုက်နဲ့ ဂိုက်နဲ့ ငမ်းတော့မယ်၊ ...ခင် စောင့်ကြည့်နေ"

ကျွန်တော်က ရယ်မောရင်း...

"ဟဲ့... ကြားဦးမယ်ဟ"

"ကြားလည်း ကြားပလေ့စေ၊ ပြီးရင် ပန်းကုံးဆုချပြီး ...ဝိုင်းကို အတင်းခေါ်ပြီး နားငြီးအောင်ပြော၊ ထိကပါး ...ါးပြောနဲ့ စိတ်ကိုညစ်ရော"

ဝေဝေ စကားကြောင့် ကျွန်တော် အဲဒီလူကြီးလူကောင်း ...ယာက် ထိုင်နေတဲ့ဝိုင်းလေးကို ကြည့်မိပါသည်။ သိပ်လည်း

မနီးမဝေးဖြစ်တာရယ် လူကလည်း မကျဲသေးတာကြေ အဲဒီဝိုင်းက စကားတွေကို အတိုင်းသား ကြားနေရပါတ

ပူးပူးထွေထွေနဲ့ စကားပြောနေတဲ့လူကို အာရုံစူးစို ကြည့်ရင်း ဘယ်မှာမြင်ဖူးပါလိမ့်လို့ စဉ်းစားနေမိသည်။

"မိုးရိပ်လေးက ကျုပ်လို အရပ်ရှည်ရှည် ခေါင်ကောင် ကျက်သရေအပေါင်းနဲ့ ပြည့်စုံတဲ့လူမျိုးနဲ့မှ လိုက်တာဗျ၊ က စီးပွားရေးကလည်း နိုင်ခဲ့ပြီးသားဆိုတော့ နေနဲ့လ ရွှေနဲ့မြပဲ

ဟုတ်ပြီ… သိပြီ၊ ဒီလူကို သူ ကောင်းကောင်း မှတ်မိပါသည်။ ဟိုတစ်ခါ မိုးရိပ်ညိုဆိုသော မမရဲ့ဘေ အကြောင်းကြောင်ငနဲ…။

ဘာလဲ… ကိုတင်လား၊ ကိုစိုးလား၊ ကိုတင်ကိုစိုး ရှုပ်ယှက်ခတ်နေတဲ့ နာမည်နဲ့လူ။ အဲဒီလူရဲ့ စကားကြေ နှာခေါင်းပွပွ အရပ်မြင့်မြင့်နဲ့ လူက သူ့ရဲ့ နှာခေါင်းပေ ချွေးသီးတွေကို သူ သိပ်ချစ်ရတဲ့ ကြောင်လေး ခွေလေ ယုယုယယ ပွတ်သပ်သလို သပ်ပစ်ရင်း ကိုတင်ကိုစိုး ဆို လူကို အခုလို ပြောလာပါတယ်။

"ကိုယ့်ပုံစံ ကိုယ်ပြန်ကြည့်စမ်းပါကွာ၊ သစ်ကုလားအ လည်ပင်းနဲ့၊ အချိုးအဆစ် အဖုအထစ်မရှိတဲ့ မြွေတစ်ကောင် တစ်ဖြောင့်တည်းကိုယ်လုံး၊ မုန့်လုံးကြီးကျော်နှစ်လုံး၊ တပ်ထာ မျက်လုံးနဲ့ မင်းကများ မိုးရိပ်လေးနဲ့ မတန်မရာ စကား ဆိုချင်သေးတယ်၊ အလုပ်အကိုင်ဆိုလည်း ကြည့်ဦး၊ မ





ယ်ယာ၊ ဒီလူရှုယ်ယာနဲ့ မဖြစ်စလောက် နာမည်တပ်ထားတဲ့ ကွဏီဆိုတဲ့ အမည်ခံပဲရှိတာ၊ တင်ကိုစိုးရာ မင်း လေကျယ် နေစမ်းပါနဲ့၊ မင်းနဲ့က နေနဲ့လ ရွှေနဲ့မြ မဟုတ်ဘူး။ ရွှေစင်နဲ့ ကြေးခွက်၊ အနူလက်နဲ့ ရွှေခွက်နိုက်တဲ့ကောင်"

တင်ကိုစိုးမျက်နှာ ပုံဆိုးပန်းဆိုး ရှုံ့မဲ့သွားပါသည်။ ပြောသည့်ပုဂ္ဂိုလ်ကတော့ နှာခေါင်းလေး တသသနဲ့ပေါ့။

"ဟဲဟဲ… အမှန်ဆို မောင်မောင်တင်ရဲ့ ဥပဓိရုပ်နဲ့ ရိပ်ညိုလေးရဲ့ ဥပဓိရုပ် ဘယ်လောက် အတွဲညီလိုက်မလဲ၊ ွားစမ်း… မင်း တွေးစမ်း"

"ဩော်…ခတ်လိုက်နေတဲ့ ဆံပင်၊ ငယ်ထိပ်ကို လှမ်းမြင် ရတဲ့ ဆံပင်ရဲ့ကြဲခိုင်မှု၊ ရင်စို့လောက်တောင်မရှိတဲ့ မင်းအရပ်၊ င်ပါတက်ပြီး မိန့်ခွန်းပြောလို့တောင်မရတဲ့ ကောင်ကများကွာ၊ ာင်မောင်တင်… မကြောင်ချင်စမ်းပါနဲ့ကွာ"

အရက်လေး ဟထွေထွေနဲ့ နောက်ဆုံး တစ်ယောက်က ားကျမခံ ဝင်ပြောသည်။

"ငါဆိုရင် တော်သေး"

စကားတောင် မဆက်နိုင်ရှာ၊ အဲဒီလူကို မောင်မောင်တင် တင်ကိုစိုးက စကားမဟာခင် တရစပ် တစ်လှည့်စီ ပြောပါ ယ်။

"နာမည်က ကိုကိုဖေယျ၊ လက်မှာလို ထုထည်ချိုင့်ဝှမ်း ွနဲ့ မင်းမျက်နှာကို ပတ်တီးနဲ့ အရင်ပိတ်ရမယ်"

"ဟုတ်တယ်… တင်ကိုစိုးပြောတာ မှန်တယ်၊ လူလစ်ရင် အကျင့်ပါနေတဲ့ လက်ဝါးထဲ တံတွေး တွေးထည့်ပြီး ဆံပင်ကို ပုံကျအောင်လုပ်တတ်တဲ့ (အာပုပ်စော်) နံတဲ့ခေါင်းကို ရှန်ပူ ကောင်းကောင်းနဲ့ အရင်လျှော်ပစ်ရမယ်"

ကိုကိုဇေယျက ၁ွားလေးအဖြီသားနဲ့ ရယ်ပါသည်။ တင်ကိုစိုး ဆိုသူက ချောင်းဟန့်ကာ လက်ကာပြလိုက်ပြီး ဟိတ်ဟန်ထုတ်လိုက်သေးသည်။

"ထားကြပါတော့… ငါတို့ဓာ မိုးရိပ်ညိုနဲ့ ပတ်သက်ရင် ကိုယ့်ကိုယ်ကို မင်းညီမင်းသားတွေလို့ ထင်ထားတာ"

"မှန်တာပေါ့ ကိုရွှေကိုမျိုးရယ်၊ အဲလေ… ကိုတင်ကိုစိုး ရယ်"

ကိုကိုဇေယျကို တင်ကိုစိုးက ယောက်ျားမျက်စောင်း အကြောင်းများကြောင်း သဘောနဲ့ နွဲ့တဲ့တဲ့လေး ထိုးပြပါတယ်။

"အတိုင်းတိုင်း အပြည်ပြည် ဟသံာတ၊ ပုသိမ် ဆားရည်စိမ်လုပ်ငန်းနဲ့ ကြီးပွားလာတဲ့ ထိပ်တင်ပြောင်ပြောင် ကိုမောင်မောင်တင်ကလည်း မိုးရိပ်ညိုကို လိုချင်မှာပေါ့"

မောင်မောင်တင်က ပြောင်နေတဲ့ နဖူးပေါ်က ဆံပင် လေးတစ်မျှင်ကို ပက်တင်လိုက်ရင်း…

"မှန်တာပေါ့ အညီတော်ရယ်"

"ညီတော်ရယ်… လုပ်စမ်းပါကွာ"

တင်ကိုစိုးက ကိုကိုဇေယျာဘက် လှည့်ရင်း…





"အရှေ့ ခုနစ်အိမ်ကြော်၊ အနောက် ခုနစ်အိမ်ကြော်၊ အမရပူရက ပိုးလေးတကြော်ကြော် ဘုရင်အကြော်သည် ဒေါ်ခွေးမရဲ့ မျိုးဆက်က ဒိုးယိုပေါက်ဆင်းလာတဲ့ ဣန္ဒြေမရတဲ့ ကိုကိုဇေယျကလည်း မိုးရိပ်ညိုကို ငမ်းငမ်းတက်…"

ကိုကိုဇေယျက သူ့အကြောင်း ဒီလောက်ပြောနေတာ တောင် မိုးရိပ်ညို ဆိုတဲ့အသံလေးကြောင့် တဟဲဟဲ သဘော ကျလို့မဆုံး။ တင်ကိုစိုးက သူ့ကိုယ်သူတော့ အခုလို ပြောလာ ပါတယ်။

"ဇာမဏီငှက်လို မြင့်မြတ်တဲ့ မျိုးရိုးကပေါက်ဖွား၊ နေလို ကျင့်၊ လလိုဝင်းပတဲ့ သိက္ခာ၊ ခေတ်အဆက်ဆက် ဂုဏ်သတင်း ကျော်ကြားတဲ့…"

"အဲဒါ ခွေး…မ…သား"

အမြင်ကပ်လာဟန်နဲ့ ကျန်တဲ့နှစ်ယောက်က ဝိုင်းအော် ကြပါတယ်။ မိုင်းက အားလုံးကြားနေရတော့ ရယ်ချင်ချင်။

ဒီလူကြီးလူကောင်းဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ မိုးရိပ်ညို ဆိုတဲ့ မမ ပတ်သက် ဆက်စပ်နေတာကိုလည်း မယုံကြည်နိုင်။ ဘယ်လိုတွေကြောင့် ရင်းနှီးနေကြပါလိမ့်လို့လည်း စိတ်ရှုပ်ရှုပ် နဲ့တွေးပြီး ခေါင်းယမ်းမိပါသည်။



"ဟုတ်ရော ဟုတ်ရဲ့လား ချစ်မင်းရာ"

ချစ်မင်းက အိမ်ရှေ့ ကွပ်ပျစ်မှာ ထိုင်ရင်း ရေနွေး သောက်နေရာမှ...

"မင်းတို့မယုံရင် ကိုလှစိန်ကို မေးကြည့်၊ သူကိုယ်တိုင် မြင်တာတဲ့"

ရှာန်ရှာန်ကတော့ မယုံကြည်ချင်ဟန် ရှိသည်။ ဇင် ကတော့ ဝင်ပြောပါတယ်။

"ငါကတော့ မယုံဘူး ဟော့ကောင်"

ချစ်မင်းက ယုံကြည် သက်ဝင်နေတဲ့ဘက်က ရှိပုံရသည်

"သရဲတောင် ရိုးရိုးသရဲ မဟုတ်ဘူးတဲ့၊ သရဲအမ ဗျာ၊ အဲဒီတိုက်ထဲမှာ ခေါက်ထိုးကြီး ဆင်း,ဆင်းလာတယ်တဲ့"

"အဲဒါဆို နင်ဂျာ သရဲပဲဖြစ်မှာပေါ့"

မိုင်းက အခုလို ဝင်ပြောတော့ ချစ်မင်းက မျက်စော ထိုးသည်။

"ငါ အတည်ပြောနေတာကွ၊ လမ်းထိပ်က မုန့်ဟင်း ရောင်းတဲ့ မမြင့်ဦးဆိုရင် ညနေ ခြောက်နာရီလောက် အဲ ခြံဘေးက ဖြတ်ပြန်လာတာ ငိုသံတွေ ကြားရတယ်တဲ့"

"သရဲ နှစ်လုံးထိရှူးလို့ ဖြစ်မှာပေါ့"

ချစ်မင်းကတော့ အာပေါင်အာရင်း သန်သန်နဲ့ ဆ ပြောနေသည်။





"တစ်ခါလည်း ကိုရောင်ကြီး အဲဒီဘေးက ဖြတ်ပြန် ာ ခဲနဲ့ အထုခံရတယ်တဲ့"

"အရက်ဖိုးမပေးလို့ ဆိုင်ရှင် လိုက်ထုတာနေမှာပေါ့"

ဇင်ကိုက ဝင်ပြောတော့ ချစ်မင်းက မျက်လုံးပြူးပြသည်။ အချိန်မှာ ရောင်က ခြံထဲဝင်လာတာ တွေ့ရသည်။

"မင်းတို့ ဘာတွေ ပြောနေကြတာလဲ"

သိပ်သောက်ထားပုံ မပေါ်သေး။ မိုင်းက နေရာထိုင်ခင်း းသည်။ ရောင်က ကွပ်ပျစ်မှာ ဝင်ထိုင်သည်။ ဇင်ကိုက-

"ကိုရောင် ရိပ်မြုံအစပ်ကခြံမှာ သရဲ အခြောက်ခံရ ယ်ဆို"

"မင်းတို့ ဘယ်သူပြောလဲ"

ဇင်ကိုက ချစ်မင်းကိုမေးငေါ့ပြသည်၊ ရောင်ကရှုံ့မဲ့ရင်း...

"ငါကတော့ သရဲတော့ မဖြစ်နိုင်ဘူး၊ ထူးတယ်... ထဲမှာ လူတစ်ယောက်ယောက် ငါ့ကို ထုလိုက်တာဖြစ်မယ်"

"ဟုတ်တယ်... ကိုရောင်စကားကို ကျွန်တော် လက်ခံ ယ်၊ ခြံထဲမှာ လူတစ်ယောက်ယောက်က မကောင်းတာ စ်ခုခုလုပ်ဖို့အတွက် ကြံစည်နေတာ ဖြစ်နိုင်တယ်၊ အဲဒီခြံက ူနေတဲ့ခြံ မဟုတ်ဘူးပေါ့"

ရောင်က မိုင်းကို ငဲ့ကြည့်ရင်း...

"ပိုင်ရှင်က မြို့ထဲမှာနေတယ် ပြောတယ်၊ လူမနေတာ ခြောက်နှစ်လောက်ရှိပြီ ထင်တယ်၊ အင်း... နှစ်သစ်ကူးည

ဆိုရင်တော့ ကားနဲ့ တစ်အုပ်ကြီးလာတယ်၊ ပြီးရင် မိ ခြံထဲမှာလုပ်၊ စားကြ သောက်ကြ ပျော်ကြ၊ မနက်လင်း ပြန်တယ်လို့ ကြားတာပဲ"

"ခြံရှင်က တမင်မွေးထားတာလို့ ပြောတယ်ဗျ"

ချစ်မင်းကတော့ အခုထိ မလျှော့သေး။

"ငါတို့ငယ်ငယ်ကတော့ ကြားဖူးတာပဲ၊ ပုဏ္ဏက ဝ တယ်ဆိုတာလေ၊ ခဲတွေ တဝုန်းဝုန်းကျတာ အဲဒီလိုမျိ ကိုလှစိန်ကြီးကတော့ ပြောတယ်"

ရဘောင်က ပြောပြန်သေးတယ်။ ရှာန်ရှာန်က မကေ ဟန် ရှိသည်။

"ဒီည သွားရအောင်ကွာ"

"ဟုတ်တယ်... သွားမယ်၊ မိုင်း မင်းရောလိုက်မလ

"စောစောသွားလေ ကြိုက်လေပဲ"

ရဲသုံးဖော်ကတော့ ညီသည်။ ချစ်မင်းကို ကြည့်ေ ဒီကောင်က...

"ငါ...ငါ... မအားဘူးကွာ... အဟဲ"

ချစ်မင်းစကားကြောင့် ရဘောင်က အခုလို ပြောပါတ

"လခွီးမှပဲ... ကြောက်ရင် ကြောက်တယ်ပေါ့ကွာ"

"ဟာ... တကယ်မအားလို့ပါဗျ၊ ဒါဆို ကိုရှေ လိုက်သွားပါလားဗျ"





"ဟေ့ကောင်... ရဘောင်တို့က လိုက်ပြီးသားပဲ၊ ရဘောင် ဆိုတဲ့ကောင်ကို သရဲ ခြောက်လို့မရဘူး"

မိုင်းက နားမလည်ဟန်ကြောင့်...

"ဘာဖြစ်လို့လဲဗျ"

"အရက်သမားကို သရဲခြောက်လို့ မရဘူး၊ သရဲက အယ်လ်ကိုဟောကို ကြောက်တယ်"

ရဘောင် စကားကြောင့် ရယ်ကြပါသည်။

ရေဘူးတွေ မုန့်ထုပ်တွေကို မြစည်းရိုး အုတ်တံတိုင်းပေါ် တင်သည်။ လရောင်ရဲ့အလင်းက အပင်အုပ်အုပ်တွေကြားက ဖြိုးတိုးဖြောက်တောက် ကျဆင်းနေ၏။ မပီဝိုးတဝါး လရောင် ကျိုးတိုးကျဲတဲ အလင်းအောက်မှာ တိုက်ကြီးက ခံ့ညားလှပပါသည်။

ဒါပေမယ့်... လူမနေတော့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အထီးကျန်တဲ့ ရစ်တည်မှုနဲ့ ငြိမ်သက်နေတယ်။ ချုံတွေကလည်း ရှင်းလင်းထားမှု မရှိခြင်းကြောင့် ဟိုတစ်စု သည်တစ်စု။

ရဘောင်က မြအုတ်တံတိုင်းမှာရပ်ပြီး အုတ်တံတိုင်းနဲ့ ကပ်နေတဲ့ အပင်ခွဆုံကို မှီလိုက်ပြီး ရေဘူးထဲက အရက်ကို တစ်ချက်မော့သောက်ပြီး အချဉ်ထုပ်ကို နည်းနည်း စုပ်လိုက်သည်။

မိုင်းရယ်၊ ရှာန်ရှာန်ရယ်၊ ဇင်ကိုရယ်က အုတ်တံတိုင်းပေါ်မှာ မြဘက်မျက်နှာမူ၍ ခြေထောက်တွေကို တံတိုင်းပေါ်မှာ ချကာ ထိုင်သည်။ လွယ်ထားတဲ့ ဂီတာကို ဇင်ကိုကဖြုတ်၍ မိုင်းကို လှမ်းပေးတော့...

"ဟော့ကောင်... ဖြုတ်ကျနေဦးမယ်"

"ရပါတယ်... အေးဆေး"

"မိုင်း... မင်းရဲ့ ဟဲဗီးမယ်တယ်တစ်ပုဒ်နဲ့ သရဲမက်ညှို့ခံရအောင်"

"အိုကေ... သရဲကို တရားသဘောလေး သိအောင် အပျိုးလေး ဆိုလိုက်ဦးမယ်"





ဂီတာကြိုးကိုစမ်းရင်း အင်္ဂလိပ်ဝင်ကာ စဆိုသည်။

XXX ဖြစ်မယ် ပျက်မယ် သေခြင်းတရား တစ်နေ့ကျ

ဩော်... မုချ ကြုံမှာ သိတယ်XXX သိ... လည်းပဲXX

ဝမ်းနည်းမှတ်တမ်း သီချင်းကို စဆိုတော့ အားလုံး ငြိုးမိသည်။

ဒီသီချင်းလေးဟာ ကြေကွဲစရာ ကောင်းတဲ့ ကဗျာတစ်ပုဒ်လိုပဲ။

XXX မျက်လှည့်ပြသလိုပဲ... နေ့တစ်နေ့မှာ ရုတ်တရက် ခွဲခွာXXX

XXX အတူတူ သီချင်းများဆိုတုန်း...

XXX အတူတူ အလင်းများရှာတုန်း...

သီချင်းပြီးတော့ ရဘောင်က,အစ လက်ခုပ်တီးသည်။ ပြီးတော့ ရဘောင်က သူ့အသံအကျယ်ကြီးနှင့်...

"သရဲခင်ဗျာ ကျွန်တော်တို့ရဲ့ စတိတ်ရှိုးကို တက်ရောက်ပါရန် မေတ္တာရပ်ခံပါသည်"

ရဘောင် စကားကြောင့် လက်ခုပ်တီးကြပြန်သည်။ မိုင်းက ဘာဆိုရမှန်းမသိ ဖြစ်နေစဉ် ဇင်ကိုက...

"ဟော့ကောင်... ကိုလေးဖြူရဲ့ 'အဝါရောင်ကိုက်ခဲမှု' ဆိုကွာ"

မိုင်းက လက်ဖျောက် တစ်ချက်တီးလိုက်ပြီး ဂီတာသံ ကြွမ်းကြွမ်းကို မွှေလိုက်ပါတယ်။

XXX မနက်မိုးလင်းချိန် ငှါခေါင်းအထက် နေမင်းအ
စိုက်ပျိုးခဲ့တဲ့ အိပ်မက်ကို အရောင်အဆင်းအဝါ ငှါလက်
စားစရာ တစ်ခုတည်းက တောက်ပလွန်းသော အဝါ သင်
များXXX

အားနဲ့ မာန်နဲ့ သီဆိုနေသော ပိုင်းရဲ့ဟန်ကြေ
သရဲတော့ မပြောနဲ့ အားလုံးက စိတ်ဓာတ် တက်ကြွနေသ

XXX·ငှါမျက်စိကို ကန်းလောင်စေသော အဝါ မီးတော
တစ်ခုလိုXXX ကျွမ်းလောင် ငှါအဝါရောင်များ လမ်းမထက်
တောက်လောင် လိုက်စား ထိုးဖောက်လိုက် ငှါမျက်စိ
ကြောင်ကန်းသွားXXX သိမ်ဖျင်းလို့နေ စကားလုံးများ အဆ
အဆင်းအဝါ ဝတ်ကျောင်းတစ်ခုမှာ ဆုတောင်းဆဲ အဆ
အဆင်းအဝါ နူးညံ့သောပါးပြင် အဝါဆေးသား ကိုးကွယ်
မြန်းဆင် ရွှေအဆင်များ လောင်လိုက် လောင်လိုက် XX

လက်ခုပ်သံတွေ လက်ခုပ်သံတွေ ဆူညံသွားစဉ် 
ရှိရာဆီကို ခဲသုံးလေးလုံး ကျလာတာကို တွေ့ရပါသ
အုတ်တံတိုင်းကို ခဲထိမှန်သံတွေလည်း ကြားရသည်။

"ဟာ... ခဲနဲ့ပစ်တယ်ဟေ့"

ရျာန်ရျာန်က ပြောတော့ ရေဘင်က...

"ဟေ့ကောင်... ဘယ်ကောင်လဲကွ၊ သရဲဆိ
ကိုယ်ထင်ပြ၊ လူဆိုရင် ဝမ်းဘိုင်ဝမ်း ဆွဲမယ်"

ရေဘင်က အခုလိုအော်ပြီး ခြံထဲခုန်ဆင်းသွားသ





သူတို့သုံးယောက်လည်း တညီတညာတည်း ခြံထဲဆင်း
ည်။ ရျာန်ရျာန်က အသင့်ပါလာသော လက်နှိပ်ဓာတ်မီးကို
ပြီး ဟိုဟိုသည်သည် ရှာစဉ်...

"ဟာ... ဟိုမှာ... အရိပ်"

ခြံနောက်ဘက်ရောက်စဉ် အရိပ်ကို တွေ့လိုက်တော့
ဘင်က အော်လည်းအော်၊ လက်ထဲက ခဲနဲ့လည်း ကောက်
သည်။

"အမလေးဗျ"


"ဟာ... သရဲက လူလိုအော်တယ်ဟေ့"

"ဟာ... သရဲဆိုတာ လူကနေ သရဲဖြစ်တာပဲ"

ရှုပ်ယှက်ခတ် ငြင်းခုံနေပြီး ခုနအရိပ်ရှိရာကို သွားတော့
ယ်အရိပ်အယောင်မှ မတွေ့ရ။

"တောက်... ခွေးမသားသရဲ... ငါတို့ကို ကလိမ်ကကျစ်
သွားတယ်။ အေး... တစ်နေ့ မင်းနဲ့ ငါ တွေ့ကြသေးတာ
ရေဘင်နဲ့တွေ့မှ သရဲမ နင့်ကိုခြေတော်တင်... အဲလေ...
ပေါ်နှင်းချေမယ်"

စွတ်ဆင့်ကြိုးဂ် သော ရေဘင်ကို သူတို့သုံးယောက်
မော့ကာ ပြန်ခေါ်လာရပါသည်။



"ဟင်… ဘာဖြစ်လာတာလဲ အန်ကယ်လေး"

မနက် မိုးလင်းလို့ မျက်နှာသစ်ပြီး ထမင်းစားခန်းမှာ အားလုံးစုဆုံစဉ် ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့ ထမင်းကြော် ပန်းကန်တွေ၊ ဟင်းပွဲတွေ ပြင်ဆင်ပေးနေသော ကိုလှစိန်ကြောင့် ရှာန်ရှာန်က အခုလို မေးလိုက်ခြင်းပါ။

ခရီးသွားကုမ္ပဏီမှ ကိုကိုဇော်က…

"မင်းကို ဘယ်ကောင် ချောင်းရိုက်လိုက်တာလဲ"

ဟိုတယ်မန်နေဂျာ ကိုရွှေသိုးက ခေါင်းတဆတ်ဆတ် ညိတ်ရင်း…

"လှစိန်… ရပ်ကွက်ထဲက လင်မယားရန်ဖြစ်တာ ဆွဲရင်း အရိုက်ခံလိုက်ရတာ ဖြစ်မယ်"

ကျူရှင်ဆရာလေး ကိုကျော်စွာ မေးစေ့ပွတ်ရင်း…

"မဖြစ်နိုင်ဘူး… ဖြစ်နိုင်ချေ ရှိတာက…"

ဆက်မပြောဘဲ ခေါင်းတညိတ်ညိတ် လုပ်နေသော အောင်ဆင့်က…

"ပြောစမ်းပါဦး… ကိုနှင်းမောင်"

"ရောင် အရက်ပုလင်းကို ရောင်အလစ်မှာ ခိုးသောက်လို့ မခင်တင့် ဆော်လိုက်တာ ဖြစ်မယ်"

ကိုလှစိန်က တစ်ယောက် တစ်ပေါက် ဝေဖန်နေကြတာကြောင့်…

"မဟုတ်ပါဘူးကွာ… ငါ့အကြောင်းနဲ့ ငါပါ၊ ကဲ… ဆက်မပြောနဲ့တော့… စားကြ"





မိုင်။ ဇော်ကိုနဲ့ ရှာန်ရှာန်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်၊ ကိုလှစိန်ကို ကြည့်လိုက်နဲ့ ထမင်းကြော် ငုံ့စားလိုက်နဲ့ လုပ်နေတော့ ကိုလှစိန်က…

"ဟောကောင်တွေ… မင်းတို့ ငါ့ကို ဘာလို့ကြည့်နေတာလဲ"

သုံးယောက်သား ပြိုင်တူလိုလိုပင်…

"ဘာမှမကြည့်ပါဘူး"

ကိုလှစိန်က အိုးတိုးအမ်းတမ်းနဲ့…

"အဲဒါဆို ထမင်းကြော် ပန်းကန်ပေါ် အာရုံပြု"

ဟိုသုံးကောင်ကလည်း…

"တင်ပါ့ဘုရား"

ဒီသုံးကောင် စကားကြောင့် ကျန်တဲ့သူတွေက တခွီးခွီး။

"ဟိုလူကြီးလည်း မနက် မနက် အစောကြီး ထ,သွားရတာ သနားပါတယ်ကွာ"

ကိုကျော်စွာ အသံကြောင့်…

"ကိုသောင်းတွန်းလား… အေးဗျာ… ကားသမား ဆိုတော့ လေဘာယ်င နိုးစီရတာနဲ့ ဆိုတော့ စောစောထ,လစ်လာတာပေါ့"

"ဟုတ်တယ်ဗျ… သူလည်း နယ်ကို ပိုက်ဆံပြန်ပို့ရတာနဲ့ အလုပ်ကို ရှုပ်နေတာပဲ၊ ကိုကျော်စွာတို့ပဲ ကောင်းတယ်၊ ပါးစပ်ပဲစိုက်ရတာ"

အောင်ဆင့် စကားကြောင့် ကိုကျော်စွာ...

"ဟ... ငါက ပါးစပ်ပဲစိုက်ရပေမယ့် တစ်ခါ တစ်ခါ သင်ပြီးရင် အားကုန်ပြီးကျန်ခဲ့တာ၊ ပိုက်ဆံရအောင် အားစိုက်ရပေမယ့် မြေဖြူမှုန့်က တစ်နေ့တစ်နေ့ ဗိုက်ထဲမှာ ဘယ်နှစ်ပိဿာလောက် ဝင်နေပြီဆိုတာလဲ တွေးကြည့်လေ၊ ကိုလှစိန်ကမှ ဟုတ်တုတ်တုတ်"

ကိုကျော်စွာ မြားဦးက ကိုလှစိန်ဘက် ရောက်သွားသည်။ ခရီးသွားကုမ္ပဏီ ကိုကိုဇော်က...

"သူကတော့ အေးဆေးပဲ...ဒါပဲဗျာ...သူလည်း အဲဒီလို နေတတ်တာ ပညာတစ်ရပ်ပဲ၊ ဥပမာဗျာ... နိုးတတ်ရက်တတ်တဲ့ ပညာနဲ့ လှစိန်က သူခိုးလုပ်ပြီး အသက်မွေး ဝမ်းကျောင်း ပြုနိုင်တယ်၊ အဲဒါ ပညာပဲ"

ကိုလှစိန် မျက်မှောင်ကုတ်ကာ ကိုကိုဇော်ကို ကြည့်သည်။

ကိုကိုဇော်က မသိသလိုနေပြီး...

"မိလ္လာကျင်းတူးတဲ့ အတတ် ကိုလှစိန် တတ်တယ်၊ အဲဒါနဲ့ အသက်မွေးဝမ်းကျောင်း ပြုတယ်၊ ဒါလည်း ပညာပဲ၊ နောက် လှစိန် သူများခွေးတွေ ခိုးပြီး လိုက်ရောင်းတော့ ခွေးသူခိုးလှစိန် ဆိုပြီး နာမည်ကြီးတာ၊ အဲဒါလည်း ပညာတတ်ထစ်ယောက်"

"ဟေ့ကောင်... ငဇော်၊ မင်း ငါ့ကို မှိုချိုးမျှစ်ချိုး ပြောနေတာလား"





ကိုကိုဇော်နဲ့ ကိုလှစိန်က ယယ်သူငယ်ချင်းမို့ ပြောမနာ နော ရှိသည်။

"ဟာ... အဲဒါဆို မင်း မှိုချိုးမျှစ်ချိုးလှစိန် ဆိုပြီး မည်တစ်လုံး ထပ်ရတာပေါ့"

အားလုံး ရယ်ကြပါသည်။ အဲဒီအချိန်မှာ အိမ်ရှေ့က ဘ်သံတွေကို ကြားရပါသည်။

"လူပျိုကြီး... လူပျိုကြီး"

ခေါ်သံ အော်သံတွေကြောင့် ကိုလှစိန်က မျက်နှာ ခဲရင်း...

"အရေးထဲ ဘယ်သူတွေ အော်နေတာလဲကွာ"

ကိုရွှေသိုးက အိမ်ပေါက်ဝ,ဆီ ခါးကိုင်းကြည့်လိုက်ပြီး–

"ဟ... စောစောစီးစီး မင်းအိမ်ရှေ့မှာ လူတစ်အုပ် ကြီးပါလား"

အကုန်လုံး ကိုလှစိန်နဲ့ အိမ်ရှေ့သို့ လိုက်ပါသွားကြ ပါသည်။

ခြံထဲရောက်တော့ ထိုင်တဲ့သူက ထိုင်၊ မတ်တတ်ရပ် နေသူက ရပ်နေတာကြောင့်...

"ဘာတွေ ဖြစ်နေကြတာလဲ"

မျက်နှာမှာ အညိုအမည်း စွဲနေတဲ့ ပိန်းမပျို သုံးယောက် ထဲက ခေါင်းဆောင်ဖြစ်ဟန်တူသူ တစ်ယောက်က အပေါ် ကြယ်သီး ပြုတ်နေတဲ့ အင်္ကျီကို ထိန်းရင်း...

"ဒီဟာမကြီး ကျွန်မတို့ကို အသားလွတ် ရန်လုပ်တ

ကိုကြီးလှစိန်"

"ဟဲ့... ဘယ်သူက ပြဿနာအရင်စ,တာလဲ၊ ငါ့သ

လောက်ရှိတဲ့ ဟာလေးတွေကများ... နင်တို့ ပလီပလာမလုပ်

ကပ်ပြီး အော်လိုက်သလို အသံကြီးနဲ့ ဝတုတ်တု

မိန်းမကြီးရဲ့ အသံကြောင့် ရှာန်ရှာန်တို့အုပ်စု တွန့်ခနဲ ဖြစ်သွ

ပါသည်။

"တော်ကြစမ်း... တစ်ယောက်တစ်ပေါက်စီ ပြောမ

ကြနဲ့၊ သာဒွန်း... ဒီကိစ္စကို မင်းသိလား"

အနားမှာရပ်နေတဲ့ ရပ်ကွက်စာရေး သာဒွန်း ဆို

ချာတိတ်ကို ကိုလှစိန်က လှည့်မေးသည်။

"ဟုတ်ကဲ့... သိတယ် ကိုလှစိန်"

"ဒါဆို မင်းပဲပြော... အခုရန်ဖြစ်ကြတဲ့သူတွေ ရှေ့

ထွက်၊ တစ်ဖက်စီမှာရပ်၊ မဆိုင်တဲ့သူတွေ နောက်ဆု

ကဲ... ပြောတော့ ရပြီ"

သာဒွန်းက ခေါင်းကုတ်ရင်း...

"အဖြစ်မှန်ကို အစ,ကနေ ပြောရရင် ပထမဦးဆ

ကနဦးကွ..."

"ဟော့ကောင်... မင်း ဒီနေ့ ပြောဦးမှာလား"

သာဒွန်းနဲ့ ကိုလှစိန်ကြောင့် အားလုံးပြုံးစေ့စေ့။ သာဒွန်း

အဲဒီလိုကောင်။





"ဟုတ်... ဟုတ်ကဲ့... ပြောပါ့မယ်၊ ပြဿနာရဲ့

တရားခံက လမ်းထိပ် ဦးမြင့်လှိုင် အပိုင်က ဦးရှင်ကြီးတင်တဲ့

ဦးလေးချိုက စ,တာပဲ ကိုလှစိန်"

"နားလေးတဲ့ လူကြီးလား"

သာဒွန်းက ခေါင်းညိတ်ပြီး...

"အဲဒီ နားလေးတာ ပြဿနာရဲ့ တရားခံပဲ ကိုလှစိန်၊

အရပ်ထဲမှာ စပ်စုမသုံးယောက် ဖြစ်တဲ့..."

"ဟဲ့ကောင်... သာဒွန်း နင် ဘာပြောတာလဲ"

"ပါးစွဲရိုက်လိုက်လို့"

"ကိုလှစိန် ရှေ့မှာမို့လို့နော်"

သူတို့အကြောင်းကို ပြောတော့ မျက်နှာက ဒေါ်ရာ

တွေကို ဂရုမထားနိုင်။ အခုလို ကတ်ကတ်လန် ရန်တွေ့ပါ

တော့သည်။

"တော်ကြစမ်း... နင်တို့ကရော မဟုတ်ကြဘူးလား။

ရပ်ကွက်ရုံးမှာ ပြဿနာဖြစ်ရင် နင်တို့စပ်စုတဲ့ ကိစ္စ၊ နင်တို့

အတို့အထောင်လုပ်လို့ ဖြစ်ကြတဲ့ ကိစ္စကြောင့် ရှင်း,ရှင်းနေ

ရတယ်၊ ဟို အကြီးဆုံးဖြစ်တဲ့ မြတ်မြတ်ဆွေ... နင် အကြီး

ဖြစ်ပြီး နင် အဆိုးဆုံး"

ကိုလှစိန် ကိုတော့ သူတို့ ကြောက်သည်။

"ဆက်ပြော... သာဒွန်း"

"ဒီလို ကိုလှစိန်… ဦးလေးချိုက သူတို့အနားက ဖြတ်သွားတုန်း အလတ်မ ခင်ဥမ္မာက ကျုံ့တဲ့နှစ်ယောက်ကို ပြောတယ်၊ ဦးလေးကြီး လာပြီ… စကားမပြောနဲ့တဲ့၊ သူက နားလေးပါးလေးနဲ့ သူ့ကိုပြန်ပြန်ရှင်းပြနေရတာ မောတယ် 'မသိချင်ယောင်ဆောင်' နေတဲ့၊ အဲဒါကို ဦးလေးချိုကြီးက နားစွန်နားဖျား ကြားသွားပြီး ဝါးရောင်းတဲ့ မသီးအိမ်ဝင်ပြီး တဲ့… မသီး၊ နင်က ဝါးမရောင်းဘဲ ဘာလို့ 'မသီးခြင်ထောင် ထောင်'နေရတာလဲလို့ သွားပြောပါလေရော၊ အဲဒီမှာ မသီးက ဒေါပွပြီး ဦးလေးချိုကို ဘယ်ကကြားလာတာလဲလို့ မေးပါလေ ရော၊ ဦးလေးချိုကလည်း ဒီသုံးယောက် ပြောနေတာ ကြားတာ ပါလို့ ပြောလိုက်တယ်လေ၊ အဲဒီမှာ ဒေါ်မသီး ပွဲကြမ်းပြီး သုံးယောက် တစ်ယောက် လမ်းလယ်ခေါင်မှာ နားပန်းလုံးကြတာ ဟီဟီ… ကျုံ့တာပြောရင် ရှက်စရာကြီး"

မြတ်မြတ်ဆွေ ဦးဆောင်တဲ့ အပျိုမ သုံးယောက် မျက်နှာတွေ အရဲသား…

ရယ်ကြည့်နေကြသူတွေရှော ကိုလှစိန်ရဲ့ အုပ်စုတွေက တခွီးခွီး… ကိုလှစိန် ကိုယ်တိုင်တောင် မြတ်မြတ်ဆွေတို့ဆီ အူကြောင်ကြောင် လှမ်းကြည့်တော့ မြတ်မြတ်ဆွေက ကယောင် ကတမ်းနဲ့…

"ကျွန်… ကျွန်မတို့ အားလုံး တောင်းပန်အတိုဖွေ ဝတ်ထားပါတယ်"





သာဒွန်းက ဆက်ပြောပြန်သည်။

"တိုက်ရည် နိုက်ရည်နဲ့ ဒီလိုပွဲမျိုးတွေ အတွေ့အကြုံ ရှိတဲ့ ဒေါ်မသီးက အချိန်မစေ့ခင် ပွဲသိမ်းနိုင်ပါတယ်၊ ဒေါ်မသီး ရဲ့ကိုကြွပါ"

သာဒွန်းရဲ့ ရွှတ်နောက်နောက် စကားကြောင့် ရောင်က သဲတည်တည်နဲ့ ဒေါ်သီးရဲ့ ညာဘက်လက်ကို ကိုင်ပြီး လက်ဝှေ့ပွဲ နိုင်သူတွေလို မြှောက်တော့ အားလုံးရယ်ကြသည်။

"ခွေးမသားတွေ… ငြိမ်ငြိမ်နေကြစမ်း"

ကိုလှစိန်ရဲ့ ဒေါသသံကြောင့် အားလုံး မျက်နှာပိုးသတ် ကြပါသည်။ ကိုလှစိန်က အခုမှ ကွပ်ပျစ်မှာ ဝင်ထိုင်ပြီး–

"နင်တို့သုံးယောက် အခုလိုခံရတာ ကောင်းတယ်၊ သစ်ခနဲဆို ပြဿနာဖြစ်ကြပြီဆိုရင် ရေသောက်မြစ်က နင်တို့ ဆီက စပြီ၊ အခုတော့ နင်တို့ခံရပြီမဟုတ်လား။ နောက် စပ်စု တာတွေ၊ အတင်းပြောတာတွေ ကြားကြည့်… ရပ်ကွက်ဥက္ကဋ္ဌ မုန့်ဖိုး'ပေးတာ နင်တို့ခံထော့"

မုန့်ဖိုးပေးတယ် အသုံးအနှုန်းကြောင့် ဇင်ကိုက ရောင် ကို တိုးတိုးကပ်မေးသည်။

"ကိုရောင် မုန့်ဖိုးပေးတယ် ဆိုတာ ဘာလဲ"

ရောင်က တိုးတိုးပြန်ပြောသည်။

"ဥက္ကဋ္ဌ မုန့်ဖိုး ပေးမယ်ဆိုရင် အားလုံးကြောက်ကြ တယ်၊ ဥက္ကဋ္ဌရဲ့ ခန္ဓာကိုယ်ကြီးက အကြီး,ကြီး။ လက်ဝါးကြီး

ကလည်း အကြီးကြီး။ သူ့လက်သီးကြီးနဲ့ ယေ်ထိပ်ကဓေ
လုချတာကို ခေါ်တာ၊ တစ်ခါ ခံဖူးတဲ့သူကို သွားမေးကြည့်
ဘာယ်ရှိနေလဲလို့"

ခင်ကိုက ပခုံးတွန့်သည်။

"နင်တို့ သွားတော့... ဒေါ်သီး ခင်ဗျားကို ပြောတာ
မဟုတ်ဘူး။ နေခဲ့ဦး"

မယောင်မလည်နဲ့ လစ်ထွက်ဖို့ ကြိုးစားနေတဲ့ ဒေါ်သီးကို
ကိုလှစိန်က ခပ်မာမာ ဟောက်လိုက်တော့...

"ဟုတ်... ဟုတ်ကဲ့... လူပျိုကြီး"

"ခင်ဗျားက ပြဿနာကို ပါးစပ်နဲ့ ရှင်းပါလား။ ကျုပ်
တို့ကိုလည်း အကြောင်းမကြားဘဲနဲ့ လက်နဲ့ ရှင်းရအောင်
ခင်ဗျားကိုယ် ခင်ဗျား ဇန်ဒိန်းတို့၊ နေထက်လင်းတို့ ထင်နေ
လို့လား"

"မဟုတ်ရပါဘူး... လူပျိုကြီးရယ်၊ ကျွန်မလည်း ဒေါသ
အလျောက်..."

"တော်ပြီ... ခင်ဗျား ဆက်မပြောနဲ့၊ ခင်ဗျားရဲ့ အကြမ်း
ဖက်ဝါဒကို ဆက်သုံးနေမယ်ဆိုရင် ခင်ဗျားကို ဥက္ကဋ္ဌဆီ ပို့ပေး
မယ်"

"မပို့ပါနဲ့ လူပျိုကြီးရယ်"

"ဒါဆို ခင်ဗျား ပြန်တော့"

ဒေါ်သီးက သုတ်သုတ် သုတ်သုတ်နဲ့ လစ်ပါတော့သည်။





ပွဲကြည့်ပရိသတ်တွေ ပြန်သွားပေမယ့် ကျန်နေခဲ့တဲ့
တစ်ယောက်ရှိတယ်၊ အဲဒါကို ကိုလှစိန် မြင်တော့-

"ခင်ဗျား မပြန်သေးဘူးလား ကိုညီညီ... ကိစ္စရှိလား"

ကိုညီညီက စာလိပ်တစ်လိပ်ကို ကိုင်လာတော့ အနားက
စာရေး သာဒွန်းက မျက်နှာပျက်သည်။

ကျွန်တော် လူပျိုကြီးကို တိုင်စရာတစ်ခုရှိလို့"

"ဘာကိစ္စလဲ... ကိုညီ"

ကိုညီညီက ရုံးဝန်ထမ်းတစ်ဦး...

"ကျွန်တော် မနေ့က လူပျိုကြီးတို့လမ်းထဲကို ဟိုဘက်
လမ်းကနေ ပြောင်းလာပါတယ် လူပျိုကြီး"

"ဟ... ကျုပ်တို့တောင် မသိပါလား"

သာဒွန်းက မျက်နှာပျက်နေပြီ။ သာဒွန်း မျက်နှာပျက်
နေတာကို ကိုလှစိန် နားမလည်။

"ဟုတ်ပါတယ်... မနေ့က ကိုလှစိန် မရှိတာနဲ့ ကျွန် တော်
စာရေးသာဒွန်းကို ခေါ်ပြီး အိမ်ဝယ်စာချုပ်ကို တစ်ခါတည်း
ချုပ်တယ်၊ ကျွန်တော်လည်း ဒီကိစ္စတွေမှာကျွမ်းကျင်တဲ့ သာဒွန်း
ကို အားကိုးမိတာပေါ့။ ပထမ အိမ်ရောင်းလိုက်တဲ့ ကိုမောင်ခင်နဲ့
သုတ်သုတ်ပဲ လက်မှတ်ထိုး ငွေချေပြီး ပစ္စည်းတွေ ပြောင်းရွှေ့နဲ့
မြန်မြန်ဆုံး လုပ်လိုက်တယ်၊ ညရောက်မှ ကျုပ်ဇနီးက စာချုပ်ကိုပြမှ
ချုပ် ကြည့်မိတယ်၊ သာဒွန်း မကောင်းဘူးဗျာ... ဒီမှာကြည့်...
ကိုလှစိန်"

ကျွန်တော့်ရှေ့ကို စာချုပ်ကို ထိုးပြပြီး စာကြောင်း တစ်ကြောင်းကို ပြပါသည်။ ကျွန်တော် သူ ညွှန်ပြတဲ့နေရာ ကြည့်မိသည်။ သက်သေလက်မှတ် ထိုးတဲ့နေရာမှာ သာဒွ လက်မှတ်ကိုတွေ့သည်။ ဒါပေမယ့် သက်သေ ဆိုတဲ့ စာကြော က သက်ရေ... လို့ ဖြစ်နေပါတယ်။

"ကျုပ်ဇနီး မသက်က တော်တော်ကို ဒေါကန်တာ ကိုလှစိန်ရာ"

ကိုလှစိန်က သာဒွန်းကို မော့ကြည့်တော့ ဟိုကောင် ပျာပျာသလဲနဲ့...

"ကျွန်တော် စာလုံးပေါင်း ခဏခဏမှားတာ လူပျို သိပါတယ်ဗျာ၊ တစ်မျိုး မတွေးကြပါနဲ့"

ရောဘင်နဲ့ ကျန်အုပ်စုက တခွီးခွီး... ကိုလှစိန် ကို တိုင်တောင် ရယ်ချင်တာကို တော်တော်ထိန်းယူရသည်။

"မင်းကလည်း မင်းပဲ သာဒွန်း၊ အမြဲတမ်း စာလုံးပေါ် ကျန်တာနဲ့၊ စာလုံးပေါင်း မှားတာနဲ့၊ ကျွန်တော်ကပဲ ကြား က တောင်းပန်ပါတယ် ကိုညီရယ်၊ ဟိုတစ်နေ့ကလည်း ရုံးခ ထဲက ဆယ်အိမ်မှူး စာရင်းဇယား နံရံမှာချိတ်ပြီး ဒီကောင် ရေးခိုင်းလိုက်တာ ဆယ်အိမ်မှူးစာရင်းထဲက ဦးဖိုးထော နာမည်ကျမှ ကြဲကြဲဖန်ဖန် စာလုံးပေါင်းမေ့ကျန်ခဲ့တယ်၊ ဘယ်လိ ရေးလိုက်လဲဆိုရင် ဦးဖုထောင်လို့ ရေးလိုက်လို့ ဦးဖိုးထော ဒီကောင်ကို နားပန်ကျင်းပြီးပြီ"





ကိုလှစိန် အလျှောက်ကောင်းလို့ ကိုညီ စိတ်ပြေသွား ဟန်ရှိသည်။ ဒါတောင် သာဒွန်းကို ဘုကြည့် ကြည့်ပြီး...

"ကိုလှစိန် တားထားလို့ ကျွန်တော် စိဘ်ကိုလျှော့ လိုက်တာနော်၊ ကျုပ်မိန်းမကို ကြာခိုသလို သက်ရေတွေ ဘာတွေ ထပ်လုပ်လို့ကတော့ ကျုပ် အဆိုးမဆိုနဲ့"

ကိုညီ ထွက်သွားတော့မှ သာဒွန်းကို ကိုလှစိန် ဆူမှု ပါတော့သည်။ သာဒွန်းခမျာ မျက်နှာငယ်ငယ်နဲ့ ခေါင်းငုံ့နေရ ပါသည်။

ကိုလှမ်းမိုး သီချင်းတစ်ပုဒ်ကို သွားသတိရမိသည်။

(ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဒီလိုပဲရှိတယ်...)

ခဏလေးတားချင်တယ်
မာနတွေ ခဝါချပေးပါ...။

ခဏလေး ကြည့်ပါရစေ
ရယ်ပြုံးခွင့်တစ်ဆင် အစိမ်းရောင်ဖယ်ထားပါ...။

ဒါပေမယ့်...
စိတ်ကူးက အဆုံးစီရင်
လက်တွေ့က မှိုင်တွေငေး
အတွေးသည်...
ဟိုးအဝေးကို ဒုန်းစိုင်းပြေး...။





"ဟင်... ဒါ သရဲခြောက်တဲ့ခြံ... ဒါဆို သရဲခြောက်တဲ့ခြံရဲ့ ဘေးချင်းကပ်ပေါ့"

လိပ်စာကတ်ကို ငုံ့ကြည့်ပြီး တအံ့တသြ ရျာန်ရျာန်က ပြောတော့ ကျွန်တော်လည်း မျက်ခုံးမြင့်တက်သွားသည်။

သရဲခြောက်တဲ့ ခြံကို ကျော်လွန်တော့ ခြံနံပါတ်ကို ထိုက်ကြည့်သည်။

"ဟုတ်တယ် မိုင်း... ဒီခြံပဲ"

ရျာန်ရျာန်က ပြောရင်းဆိုရင်း လူခေါ်ဘဲလ်ကို နှိပ်သည်။ အကြာတော့ ခြံစောင့်ဖြစ်ဟန် တူသူက လူကြည့်ပေါက်ကို ဖွင့်သည်။ ရျာန်ရျာန်ကပဲ စတင်ပြောပါတယ်။

"ဒီခြံက မမိုးရိပ်ညို့တို့ခြံလား မသိဘူး"

ခြံစောင့်က ဟုတ်ပါတယ်လို့ ပြောတော့ ဒီကောင်က–

"မမိုးရိပ်ညို့နဲ့ တွေ့ချင်လို့ပါ"

"ဘယ်သူလို့ ပြောရမလဲခင်ဗျ"

"မိုင်း... လို့ ပြောလိုက်ပါ"

ခြံစောင့်က ခဏစောင့်လို့ ပြောပြီး အိမ်ကြီးဘက် ထွက်သွားပါတယ်။

"မင်း ရင်တွေခုန်နေလား မိုင်း"

ရျာန်ရျာန် အမေးစကားကြောင့် မိုင်းက ပြုံးသည်။ တစ်အောင့်ကြာတော့ ခြံစောင့်က တံခါးဖွင့်ပေးပြီး...

"အထဲကို ဝင်သွားပါ အစ်ကိုလေး"

ရျာန်ရျာန်နဲ့ သူ ခြံထဲကို ဝင်သွားပါတယ်၊ ရျာန်ရျာန် ခြံအနေအထားကို အကဲခတ်နေပါသေးတယ်။

"ဒီလာသာဆောင်က ကြည့်ရင် သရဲခြောက်တဲ့ခြံ မြင်ရတယ်နော်"

မိုင်းကတော့ မကြားဟန်ရှိသည်။ သူ့အတွေးနဲ့ သူ လမ်းလျှောက်ရင်တောင် ဒူးတုန်ချင်ချင်။ အထဲရောက်တော့ ဘယ်သူမှ မတွေ့တာကြောင့် ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။ ရျာန်ရျာန်က တိုးတိုးကပ်ပြောသည်။

"ရုပ်ရှင်တွေထဲကလို အကြာကြီးနေမှ လှေကားပေါ်က ဆင်းလာမယ် ထင်တယ်"

ခြေသံကြားရတော့ နှစ်ယောက်သား ခပ်တည်တည် နေလိုက်ပြီး မော့မကြည့်မိ။ ရန့်သင်းသင်းတစ်ခုကို စတင် ရှူရှိုက်ခွင့်ရပြီး အအေးဗန်းတစ်ခု သူတို့ရှေ့စားပွဲပေါ် ညင်ညင် သာသာ ရောက်လာသည်။ ရျာန်ရျာန်က မကြည့်မိသေး





"ခဏလေးစောင့်ပါ ကိုမိုင်း... မမမိုး ရေချိုးခန်း ထဲနေလို့ပါ"

"ဟုတ်ကဲ့... ရပါတယ်၊ အေးအေးဆေးဆေးလုပ်ပါ"

အသံချိုချိုလွင်လွင်လေးရှိရာကို ရျာန်ရျာန် လှည့်ကြည့် တော့ ရျာန်ရျာန်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မိုင်း ပြော သလို ရင်ခုန်သွားတာမဟုတ်ဘူး။ ရင်ခုန်သံရပ်သွားတာ ဆိုတာ ဖြစ်နိုင်သည်။ တော်တော်လှတဲ့ ကောင်မလေးပဲ။ ရျာန်ရျာန်ရဲ့ အကြည့်ကြောင့် ကောင်မလေးက ဘစ်ချက် ငုံ့ကြည့်ရင်း ...က်လွှာချသည်။ မိုင်းက ပြုံးချင်ချင်နဲ့ ချောင်းဆိုး အသံပြုသည်။

မိုင်းရဲ့ ပြောပုံ ဆိုပုံအရဆို ပါ၊ မိုင်းရဲ့မမမိုး မဖြစ်နိုင်။ ရျာန်ရျာန်က ကောင်မလေးကို စကားပြောချင်တာကြောင့် ...ကြံအဖန် စ,လုပ်သည်။

"ကျွန်တော် မဟိုဒင်းကို မြင်ဖူးတယ် ထင်တယ်၊ ...ကျောင်းကလား"

ကြာခြေရှင် ကောင်မလေးက လူကြီးတစ်ယောက်လို ...ည်ငြိမ်လွန်းသည်။ မရဲတရဲ ကြည့်ပြီး...

"ကျွန်မ ဒုတိယနှစ် သချာကပါ"

"ဒဂုံတက္ကသိုလ်ဘင်တယ်"

"ဟုတ်ကဲ့"

"ကျွန်တော့်ညီမ ဝမ်းကွဲလည်း ဒုတိယနှစ်သချာကပဲလေ၊ ...ဟိုဒင်း သိမလားမသိဘူး"

နာမည် သီချင်လို့ ဘယ်လိုပဲမေးမေး ကောင်မလေးက ရှိုးတာလား၊ အ,တာလား မသိ။ လုံးဝကို ပြန်မပြောဘဲ...

"ဘယ်သူလဲ... မသိဘူး"

"သူ့သူကျော်... ခင်ဗျား သိလား"

သူမက ပန်းနုရောင် နှုတ်ခမ်းစေ့ရဲ့ တင်းရင်း...

"ဟုတ်ကဲ့... တော်တော်ရင်းရင်းနှီးနှီးကြီး မဟုတ်ပေ မယ့် ခင်မင်ပါတယ်"

"ဟုတ်ကဲ့... ကျွန်တော့်နာမည် မှတ်ထားပေးပါ ရျာန်ရျာန်တဲ့"

"ဟုတ်ကဲ့... ကျွန်မကို သွားခွင့်ပြုပါဦး၊ အလုပ်ကိစ္စ လေးတွေ ရှိလို့"

ကောင်မလေးက နှုတ်ဆက်ပြီးထွက်သွားပါသည်။ မိုင်းက ရျာန်ရျာန်ကို တံတောင်နဲ့တွက်ရင်း ခပ်တိုးတိုး ပြောသည်။

"ငါ သိနေတယ်နော်... ရျာန်ရျာန်၊ မင်း ဘယ်လို ဖြစ်သွားတာလဲ"

ရျာန်ရျာန်က သူမ ဝင်သွားရာဘက်ကို မျှော်တလင့်လင့် ကြည့်ရင်း လေပူမှုတ်ထုတ်ကာ...

"ငါ ဟုတ်ထိသွားပြီ မိုင်း၊ သူနဲ့ကျပ ကပ်ပြီးမောင်းဖြုတ် ခံလိုက်ရတယ်ကွ"

မိုင်းက ရျာန်ရျာန်ပုံစံကို ကြည့်ကာ ရယ်မောရင်း...





"မင်း အကြံအဖန်လုပ်ပြီး နာမည်ညှိ။ လေးကလည်း ပြန်မဖြေ၊ ရယ်တော့ ရယ ရောက်လာတဲ့

စကားကောင်းနေစဉ် အပေါ်လှေကားဂ ဖြစ်နေ ခြေသံကြောင့် စကားရပ်လိုက်သည်။

"စောင့်နေရတာ ကြာသွားပြီထင်တယ်... ဆောရီးနော်"

ရေချိုးပြီးခါစ ဘာမှ မလိမ်းမခြယ်ထားတဲ့ မမမိုးရဲ့ မျက်နှာကို ငေးကြည့်မိတော့ သူမက မနှစ်မြို့ဟန် မျက်မှောင် သေးမသာကြုတ်သည်။ ဆံပင်တွေကို မျက်နှာသုတ်ပဝါ အကြီး ကြီးနဲ့ ဖုံးအုပ်ချည်နှောင်ထားပါတယ်။ သင်းပျံ့ပျံ့ရနံ့က ဝေးလိုက် နီးလိုက်...။

"အားလုံး စီစဉ်ပြီးပြီပေါ့"

မိုင်းက ဆံပင်ကို သပ်တင်သည်။

"စီစဉ်ပြီးပါပြီ... မမမိုး၊ ကြော်ငြာသီချင်း တီးလုံးချည်း သက်သက် နားထောင်ဦးမလား၊ ဒါမှမဟုတ် Vocal ထပ်ပြီးမှ နားထောင်မလား"

မမမိုး ဆိုတဲ့ အခေါ်အဝေါ်ကြောင့် သူမက ဆတ်ခနဲ မိုင်းကို ကြည့်သည်။

ရျာန်ရျာန်က မြင်နေရသမျှကို ရယ်ချင်မိသည်။ တွေ့မယ့် တွေ့တော့လည်း ကိုခင်မောင်တိုး သီချင်းထဲကလို မဟာဆန် သူတွေနဲ့ ပက်ပင်းတိုးနေသည်။ အင်း... မိုင်း ကြွေမယ် ဆိုရင်လည်း ကြွေလောက်ပါတယ်။

နာမည် သိန ကူးရေးကျမှပဲ နားထောင်တော့မယ်လေ ရှိတာလား။ အ ကူးရေးစ,မှာလဲ ချာတိတ်၊ ဘယ်မှာဖြစ်မှာလဲ

"ဘ လေးတို့ သွားရိုက်မှာလား"

အမယ်... အလာကြီးပါလားလို့ ရျာန်ရျာန်က တွေး လိုက်သေးသည်။ စိတ်ထဲကလည်း ပြောလိုက်မိသည်။ မိုင်းရေ မှန်းတော့ မလွယ်ကြောဘဲလို့လေ။

"ဟင့်အင်း... ဆေးရုံကြီးမှာ"

"ဘာ..."

မိုင်းရဲ့ စကားကြောင့် ဒီကောင့်ရဲ့ မမ,က ဒေါသ ဖြစ်သွားပုံရသည်။ မျက်နှာလည်း ရဲတွတ်သည်။ မိုင်းကတော့ အေးအေးပဲ။

"ကျွန်တော် အမှန်အတိုင်းပြောနေတာ၊ ဆေးရုံဆိုတဲ့ အနိဋ္ဌာရုံကို ပြမှာမဟုတ်ဘူး။ ဆေးရုံမပါက ဆင်းလာတဲ့ သူနာပြုတွေ... ဥပမာ အဖြူရောင်နဲ့ အနီရောင်ကြားမှာ မမမိုး ယက်ကန်းစင်ကထွက်တဲ့ ပုံချည်တွေကို သရုပ်ဆောင် မယ့် ဆရာဝန်မလေးက ဝတ်ဆင်ပြမယ်...

ယွန်းထည်တွေအတွက် မမမိုးရဲ့ ရှိုးရွမ်းမှာပဲ ရိုက်ကူးနေ လုပ်မယ်"

အလျှောက်ကောင်းတော့ ဒီကောင့်မမက မျက်နှာကြော လျော့သွားသည်။

"သရုပ်ဆောင်တွေက ဘယ်သူတွေလဲ"





မိုင်းက ရျာန်ရျာန်ကို လှမ်းကြည့်သည်။

"ကျွန်တော့်စိတ်ကူးအရ ဆိုရင်တော့ ဒီကို ရောက်လာတဲ့ ချိန်အထိ ဘယ်သူ့ကို သရုပ်ဆောင်နိုင်းရမှန်းမသိ ဖြစ်နေ တယ်"

မိုးရိပ်ညိုက နားမလည်ဟန်နှင့် မိုင်းကို ကြည့်သည်။

"မမမိုးကုမ္ပဏီက တင်ပြရမယ့် ပစ္စည်းက မြန်မာ့အနုပညာ သုံးအဆောင်တွေလေ၊ အဲဒီအတွက် မြန်မာဆန်ဆန်လှတဲ့ မြန်မာဆန်ဆန် ပစ္စည်းတွေကို အသားကျအောင် ဝတ်ဆင် တတ်တဲ့ မိန်းကလေးမျိုးကို ကျွန်တော် သရုပ်ဆောင်နိုင်းချင် တာ၊ ခုန ကောင်မလေးမျိုးပေါ့"

မိုးရိပ်ညိုက မိုင်းရဲ့ မျက်ဝန်းတွေကို ကြည့်သည်။ မိုင်း အတွက် အကြံအဖန်လုပ်တာ ရျာန်ရျာန် နားလည် သည်။ မိုင်းနဲ့ မိုးရိပ်ညိုတို့ အပြန်အလှန်အကြည့်က အချိန်နည်းနည်း ကြာသွားတယ်။ မိုးရိပ်ညိုက အရင်ဦးဆုံး မျက်နှာလွှဲပါတယ်။

"ကောင်းပြီလေ...မင်း ရိုက်ကူးရေးစရင်ပြော၊ သူ့ကို ငါ ပြောထားမယ်၊ သူ့နာမည်က နွေရိပ်ညိုတဲ့၊ တို့ညီမအရင်းပဲ"

ရျာန်ရျာန် စိတ်ထဲမှာ နွေရိပ်ညိုကို မိုင်းက စိတ်ဝင်စား နေတယ်လို့ သူ့မမ ထင်သွားပုံရသည် ထင်ပါသည်။

"ကဲ..."

ဒီကောင့်မမရဲ့ စကား အခေါ်အဝေါ်က ပြန်ကြစို့ဆိုတဲ့ သဘောပဲ ယူရမယ်ပါပဲ။

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

နှုတ်ဆက်ပြီး ထွက်လာလို့ ခြံအပြင် ရောက်တေ
မိုင်းက...

"မင်းနဲ့တောင် ငါ မိတ်ဆက်မပေးလိုက်ရဘူး"

"ကိစ္စမရှိဘူး... မင်း ငါ့အတွက် အကြံအဖန်လုပ်
လိုက်တာ မဟုတ်လား မိုင်း"

မိုင်းက ရယ်ကျဲကျဲ...

"ငါ့ကောင်ကြီးက အဲဒါတွေ ချစ်ဖို့ကောင်းတာ"

မိုင်းရဲ့လက်မောင်းကို ရွာနှ်ရွာနှ်က လှမ်းထိုး
ပြောသည်။

"ဒါပေမယ့်... မင်းနဲ့ သူ့ညီမကို မင်း မမိုး
တစ်မျိုးထင်နေပုံ ရတယ်"

"ကိစ္စမရှိပါဘူး... အချိန်တန်ရင် သူ သိမှာပဲ"

"အေးကွာ... ငါတို့ နှစ်ယောက်ကလည်း ဒီ
နှစ်ယောက်ကိုမှ လာစိတ်ဝင်စားနေရတယ်"

နှစ်ယောက်သား ပြောပြီး ရယ်မိကြသည်။ ဖင်ကို
ဒီအကြောင်းတွေ ပြောတော့ ဖင်ကိုက ခွက်ထိုးခွက်
ရယ်ပါသည်။ ရောင်ကတော့...

"အချစ် ဆိုတာ ကံကြမ္မာလက်ထဲက မဲခွက်ကို နှိုက်
ရသလိုပါပဲ၊ ရုရှားကဗျာဆရာ ဦးအေးသိန်းက ပြောဖူးတယ်





ရောင် စကားကြောင့် အားလုံးကြောင်သွားသည်။

"ဘာလဲဗျာ... ရုရှားကဗျာဆရာ ဦးအေးသိန်း"

ရောင်က အခုလို ရှင်းပြပါတယ်။

"ငါကမှ ဘာသာမပြန်တတ်တာ၊ ရုရှားကဗျာဆရာ
းထားတာကို လမ်းထဲက ဦးအေးသိန်းက ငါ့ကို တစ်ဆင့်
ပြောထားလို့ ရုရှားကဗျာဆရာ ဦးအေးသိန်းလို့ ပြောတာ"

ကော်သေးတာပေါ့... တော်ကြာ အီရန်ကဗျာဆရာ
လှစိန်တို့၊ ကျူးဘားကဗျာဆရာ ကိုကျော်စွာတို့ ထပ်ပေါ်
ာနိုင်တယ်လို့ မိုင်းက တွေးမိသည်။

ကိုလှစိန်ကတော့ အဝေးကို ငေးရင်း...

"အချစ်ဆိုတာ လင်းနို့ တစ်ကောင်လိုပါပဲကွာ၊ အချစ်
မှောင်မှောင်မည်းမည်းနဲ့ အလင်းကို မြင်ခွင့်မရရှာဘူး"

လေးယောက်သား ပါးစပ်အဟောင်းသား ကိုလှစိန်ကို
းကြည့်မိသည်။

ည,ရောက်တော့ သရဲခြောက်တဲ့ ခြံကြီးဆီ သူတို့
းယောက်သား ရောက်လာကြပါတယ်။ မမိုးတို့ ခြံဘက်ကို
းကြည့်ရင်း ဂစ်တာကို ကော့ဒ်တွေချည်း တီးခတ်မိနေခဲ့သည်။
ဝဥ်တွေ ပြီးဆုံးတော့ အခန်း တစ်ခန်းရဲ့ တံခါးပေါက်မှာ
းကလေးတစ်ယောက် လာရပ်တာ မိုင်း တွေ့လိုက်ရသည်။
းက သေချာကြည့်ပြီး...

"ချာန်ချာန်... ဟိုး... ပြတင်းတံခါးပေါက်မှာ မင်း
ကောင်မလေး မဟုတ်လား"

ချာန်ချာန်က သေချာစိုက်ကြည့်ပြီး...

"မင်းက ဘယ်လိုသိလဲ"

မိုင်းက ပြုံးရင်း...

"စိတ်ထဲက အလိုလို သိနေတာပေါ့ကွ"

"ဟော့ကောင်တွေ သိပ်ဖီးတက်မနေနဲ့၊ သီချင်းဆိုကွ
မိုင်း မင်းဆို"

"ဟင့်အင်း... ငါ မဆိုချင်ဘူး၊ ချာန်ချာန်ကို ဆိုခိုင်း
လိုက်"

ချာန်ချာန်က ခေါင်းညိတ်ပြီး...

"မိုင်း... မင်း ငါ့ကို ချွေးရာသီလမ်းခွဲကို ဂီတာနဲ့တီးပေး

မိုင်းက ခေါင်းညိတ်ပြီး သီချင်းကို စ,တီးပေးသည်။

ဇင်ကိုက ရောင်နဲ့အတူ လက်ခုပ်တီးပေးသည်။ ချာန်ချာ
က ပြတင်းတံခါးဝ, ရှိရာကို ငေးကြည့်ပြီး သီချင်း စဆိုသည်

XXXဟာစ်ပော့(လ်)သီချင်းများကို စိတ်မဝင်စားတဲ့X

ကတ္တီပါဖိနပ်စီးပြီး မင်းလျှောက်သွားတဲ့ XX ကက်ဆ

မကြိုက်တဲ့ ကိုယ့်ရဲ့ကောင်မလေးXXX စကား

ပြောနေရင်းနဲ့လည်း အဝေးကိုငေး XXX ကျစ်ဆံ

လေး ကျစ်ပြီးတော့ ကျောမှာချထား XXX နှုတ်ခမ်

ကို ဘာမှဆိုးဘဲ ပြုံးရယ်ပြလာXXX ရှိတ်စပီးယာ






ပြဇာတ်ထဲက နတ်သမီးလား XXX ခြေအစုံကိုရပ်ပြီး
စောင့်နေမိတာ XXX တက္ကစီကို တားပြီး မင်းထွက်
ပြေးသွား XXX အချစ်ကို စားသောက်နိုးဂဏာန်းများ
ရုပ်ရှင်ရုံထဲက ချွေးနေပူမှာ ရပ်စောင့်ရင်း တွေ့ဝေတုန်း
အပြင်မှာ ကျွမ်းလောင်ဆဲ လွမ်းလို့မဆုံးXXX အနက်
ရှိုင်းဆုံး အချစ်ရဲ့ အကြောင်းတွေ ပြောမထွက်ခဲ့XX
ငါကြွေတာပေါ့ I Love You XXX လိမ်ညာနေ
မိခဲ့တာ ငါ့ရဲ့အပြစ် XXX ဘယ်လိုရှေ့ဆက်ရမှာလဲ ငါ
သိပ်စိတ်ညစ် XXX

ချာန်ချာန်ရဲ့ ရက်ပ် အလိုက်ပြီးတော့ ဇင်ကို မယ်လိုဒီ
င်ဆိုပေးသည်။

XXX ဝေးဝေးပြေးတဲ့ အချစ်ကို ခွဲလမ်းလွန်းလို့ XXX
ရင်မှာအသည်းလေး ကွဲအက် ရှူးတော့မှာပဲXXX
အပေးအယူမျှတတဲ့ သီချင်းလေး အပြီးမှာ အားလုံး
ကားကိုယ်စီ မပြောဖြစ်။

ညဟာ လွမ်းဆွတ်ခြင်းနဲ့အတူ လှပနေပါတယ်။

ကြယ်တွေရော... ကျွန်တော်တို့ သီချင်းကို နားထောင်
ပေးပါရဲ့လား...



ရျာန်ရျာန် သူ့အဖေကိုလှမ်းမှာထားတဲ့ စက်တွေ တပ်ဆ
ပြီးစီးတော့ သူတို့ရဲ့အလုပ်သင် စတူဒီယိုလေးက တော်တော်ပြ
လာပါတယ်။ အမှန်က ရျာန်ရျာန်နဲ့ သူတို့သုံးယောက်အတွ
အဆင်ပြေအောင် ဒီစတူဒီယိုလေးကို စီစဉ်လိုက်တာပါ။ မိုင်း
ကြော်ငြာသီချင်းကို ဖွင့်ပြီး မစ်ဆာတွေကို ရီမှုနဲ့ လှမ်းထိန်းသည
ဆန္ဒနဲ့ ဇင်ကိုက ခပ်လှမ်းလှမ်းမှာ စကားတွေပြော
ကြပါတယ်။ ရျာန်ရျာန်က ဦးထုပ်ကို ဘေးတစောင်း ဆောင်း
ဆံ့လည်ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ငါ့ညီမ သူသူနဲ့ တွေ့တော့ နွေရိပ်ညို့ အကြော
မေးကြည့်တယ်"

"ဘာပြောလဲ"

မိုင်းက စကားတစ်ခွန်း ဝင်ထောက်ရင်း ရီမှုနဲ့ သီချင်း
အစ,က ပြန်ဖွင့်သည်။ နိုင်ခွက်ပေါ်မှာ နံပါတ်တွေက အလျင်အ
ပြောင်းလဲသွားပါသည်။

"ကျောင်းမှာတော့ နွေရိပ်ညို့က နာမည်ကြီး တစ်ယော
ပဲ၊ အခုခေတ် ဖက်ရှင်ဒီဇိုင်းတွေကြားထဲမှာ သူ့ဝတ်ပုံစားပုံ
ပေါ်ပြူလာ ဖြစ်နေတယ်တဲ့၊ သူ့ကို လိုက်နေကြသူတွေ
အများကြီးပဲတဲ့၊ ဒါပေမယ့် နောက်ဆုတ် ပြန်လာရသူ
များပဲတဲ့လေ"

ရျာန်ရျာန်က စိတ်မောဟန်နှင့် လေပူ မှုတ်ထုတ်
ပြောပါတယ်။ ဒီကောင့်ပုံစံကို ကြည့်ရင်း မိုင်းက ပြုံးတော





"မင်းက ဘာပြုံးတာလဲ"

ရျာန်ရျာန် စကားကြောင့် မိုင်းက ဒီကောင်ရဲ့ ဆံ့လည်
ားထိုင်ကို တွန်းထုတ်လိုက်တော့ ဒီကောင်ထိုင်နေတဲ့ခုံက
တ် သုံးပတ်လည်သွားတော့ ဒီကောင်မှာ ပြန်ထိန်းရသည်။

"ငါ့ဟာ ငါတောင် အဆင်မပြေတာ မင်းက ငါ့ကို
တိုင်ပင်တော့ ရယ်ချင်တာပေါ့ကွာ"

"ဟ... ဒါပေမယ့် မင်းက မင်းအလုပ်ကိုစွဲရှိတော့
မကို တွေ့ခွင့်ရပါသေးတယ်ကွာ"

ရျာန်ရျာန် စကားကြောင့် မိုင်းက မျက်နှာရှုံ့မဲ့သည်။

"မင်း ထင်လို့လား... ခဝေးသေး... ဒိမိန်းမ အသည်းက
ကျောင်းနဲ့ကျား သားဖောက်ပြီး စပ်ထားတဲ့ အအည်းနှလုံး
သူ့ရုပ်ကလေးနဲ့ ဘာမှ မဆိုင်ဘူး"

မိုင်း စကားကြောင့် ရျာန်ရျာန်က...

"မင်းဟာက ကဗျာမဆန်လိုက်တာကွာ"

"အေး... အနုပညာအရ တင်စားရရင် ကိုဒီဥက္ကာရဲ့
င်းခေါင်းစဉ်လိုကွာ"

"ဘာလဲ... မင်းတို့ ရောခ်သီချင်းတွေ ငါမှမသိတာ"

"သတ္တုသံမြည်ခြင်း... တဲ့၊ ဟုတ်တယ်... အဲဒီ
နှလုံးသားက သတ္တုသိုက်နဲ့ မှားနေလား မသိပါဘူး"

မိုင်း စကားကြောင့် ရျာန်ရျာန်က ရယ်ပြီး...

"သတ္တုသိုက်ကို တူးဖော်ရောင်းစားပြီး ငွေ ဆယ်
လောက် ထုတ်ကွာ"

"အေးကွာ... နိုင်ငံခြားက တီးဝိုင်းတွေကို တစ်
တစ်ဝိုင်းနှုန်း တီးခိုင်းမယ်"

မိုင်းရဲ့ ခပ်တည်တည် စကားကြောင့် ချာန်ချာန်
မျက်ခုံးမြှင့်ပြီး...

"နည်းနည်းလျှော့ပါဦးကွာ"

"မလျှော့နိုင်ဘူး ပေါ့ကောင်... ကြော်ငြာကို ရှာရာပို
ဗေလုဝတို့ တွဲပြီးရိုက်မယ်"

"လုပ်ချလိုက်ပြန်ပြီ"

"ရောင်လင်ကျောင်းမှာ ကိုဗေလုဝ ဘုန်းကြီးဝတ်နေ
ရှာရာပိုတာက တင်းနစ်လာရိုက်မယ်"

မိုင်းရဲ့ အပြောင်အပျက် စကားကို ချာန်ချာန်ကလ
မချိမချဉ်နဲ့ ထောက်ခံသည်။

"တင်းနစ် ပြိုင်ရိုက်ဖို့ ရောင်လင်ကျောင်းကို စိန်ခေါ်
ဂျက်လီက ထွက်လာတယ်"

"ဟ... ဂျက်လီပါ ပါလာပါလား"

"ဂျက်လီက သူတို့ဆရာ ရောင်လင်ဂိုဏ်းချုပ်ကြီး
ယှဉ်ရိုက်မလားလို့ ပြန်မေးတယ်"

"ဇာတ်ရှိန် တက်လာပြီ"





"အဲဒီမှာ ရောင်လင်ဂိုဏ်းချုပ်ကြီးက ကျောင်းပေါ်ကနေ လေသိုင်းနဲ့ ဆင်းလာတယ်"

"နောက်တော့ရော"

ချာန်ချာန်က ထပ်မေးကာ မိုင်းကလည်း အခုလိုပြောပါတယ်။

"ရောင်လင် ဂိုဏ်းချုပ်ကြီးက တင်းနစ်ရိုက်တံတောင် မယူဘူး။ သူ့ရဲ့အတွင်းအားကို သုံးပြီး တင်းနစ်ကစားတာ ရှာရာပိုဗာ လျှာတစ်တောင်လောက် ထွက်သွားပါလေရော၊ အဲဒီမှာ ငါ့ရဲ့သီချင်းခွေ ခေါင်းစီးစာတမ်းက သူ့ရဲ့ အတွင်းအား လှိုင်းတွေထဲက ထွက်လာတာ... မမိုက်ဘူးလား"

မိုင်းရဲ့ပါးစပ်ထဲက ကက်ဆက်ခွေ လေသံကြောင့် ချာန်ချာန်က အူလှိုက်သည်းလှိုက် ရယ်ပါသည်။ ဒီအချိန် မှာပဲ ဖင်ကိုနဲ့ ဆန္ဒက အနားကို ရောက်လာပြီး ဆန္ဒက ချာန်ချာန်ထိုင်နေတဲ့ ခုံကို တစ်ပတ်လှည့်လိုက်သည်။

"နင်တို့ ဘာရယ်နေတာလဲ"

"ဟ... ဖြည်းဖြည်းလုပ်စမ်းပါ၊ ဒီနေ့ ယတြာချေရမယ်နဲ့ တူတယ်"

ချာန်ချာန်က လည်နေတဲ့ခုံကို ရပ်တန့်အောင် မစ်ဘာ ဘုတ်ပြားကို လှမ်းဆွဲထိန်းရသည်။

"ဘာလို့ ယတြာချေရတာလဲဟဲ့"

ဆန္ဒက ဦးထုပ်ကို နောက်ပြန်ဆောင်းရင်း မေးလိုက်ပါသည်။ ရှာန်ရှာန်က မိုင်းကို မေးငေါ့ရင်း...

“ဒီတစ်ယောက်က သူ့မမိုး အကြောင်း စိတ်ကူးယဉ်ပြီး ဒီဆုံလည်ကုလားထိုင်ကို ဆွဲလှည့်တာ ခေါင်းကို မူးနောက်နေတာပဲ၊ ဒီကောင် ပြီးလို့ အခုလည်း...

ရှာန်ရှာန်က မချိုမချဉ်နဲ့ ဆန္ဒကို စေ်ဖြဲဖြဲကြည့်သည်။ ဆန္ဒ ဆိုတဲ့ ကောင်မလေးကလည်း နားမလည်နိုင်သေး။

“ဟဲ့... ဘာရယ်တာလဲ၊ စကားဆုံးအောင် ပြောလေ”

မိုင်းက ရှာန်ရှာန် ဘာပြောမလဲဆိုတာ သိနေပုံရသည်။ ဒီကောင်လည်း ရယ်ချင်ချင်။ ရှာန်ရှာန်က ဖင်ကို့ကို မင်းအကြောင်း ငါသိတယ်နော် ဆိုတဲ့ သဘောနဲ့ ရယ်ချင်ဟန် နှင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း...

“ကောင်မလေးတစ်ယောက် ဘယ်သူ ရည်စားစကားပြောလိုက်လဲ မသိဘူး။ ရှက်ကိုးရှက်ကန်းနဲ့ ငါ ထိုင်ခုံကို ဆွဲလှည့်ပြန်ရော”

“ဟာ... ရှာန်ရှာန်... နင်နော်”

ဆန္ဒက ဖင်ကို့ကို မရဲတရဲခိုးကြည့်ရင်း ထိုင်နေတဲ့ ရှာန်ရှာန် ကျောပြင်ကို တဒုန်းဒုန်းနဲ့ ထုပါတော့သည်။

ဆန္ဒရဲ့ ဖြစ်ပုံ ပျက်ပုံကြောင့် ဖင်ကိုက ဆန္ဒ မျက်နှာလေးကို ငေးကြည့်ပြီး ခပ်ပြုံးပြုံး လုပ်နေတော့ ဆန္ဒက...

“နင်က ဘာလို့ ရယ်တာလဲ”





ဆန္ဒက ဖင်ကို့ကို ရှက်ရမ်း ရမ်းတော့...

“ဟာကွာ... ငါနဲ့ ဘာဆိုင်လို့လဲ၊ ဆန္ဒလေး... ရဲ့”

“ဆန္ဒလေးတဲ့ ရှာန်ရှာန်ရေ... ဟုတ်နေပါပြီ”

မိုင်းက သူ့အသံ အကျယ်ကြီးနဲ့ အရွဲ့တိုက်အော်တော့ ဆန္ဒမှာ ဟိုလူကို လှမ်းရိုက်လိုက်၊ ဒီလူကို လှမ်းရိုက်လိုက် ပေါ့”

ဒီလို ပျော်စရာကောင်းတဲ့ အဖြစ်အပျက်တွေနဲ့ ဘဝက ကိုယ်လိုချင်တဲ့ လိုအင်ဆန္ဒနဲ့ တစ်သားတည်းရှိနေရင် ဘယ်လောက်ကောင်းမလဲ ဖင်ကို တွေးနေမလား...။

"ဟော့ကောင်"

"ငါ မြင်တယ် ရှာန်ရှာန်"

ပလာဇာ အောက်မှာ မိုင်းရယ်၊ ရှာန်ရှာန်ရယ်၊ ရှာန်ရှာ ဘော်ဒါ ရက်ပ်ပါ၊ တစ်ယောက်ဖြစ်တဲ့ စိုးမိုး ခေါ် ဖက်တီး မိုးခိုနေတုန်း သူတို့ရဲ့ ရှေ့ခပ်လှမ်းလှမ်းက အဖြစ်အပျက် သူတို့တွေ့သွားခြင်း ဖြစ်သည်။

"လှပတဲ့ ရက်ပ်ပါ သီချင်းလေးတစ်ပုဒ် ဖြစ်လာမ ဇာတ်လမ်းပဲကွ"

စိုးမိုးက ရယ်ကျဲကျဲနဲ့ ပြောတော့ ရှာန်ရှာန်က မိုင်း မျက်စပစ်ပြရင်း...

"အဲဒါ Slow Rock သီချင်းလေး ဖြစ်သွားပြီဖက်တီး"

"ဩော်... ဒီလိုလား။ ဒါဆို မိုင်း မင်းသွားလေကွာ"

"ငါ ကြောက်တယ်"

မိုင်းက ခပ်တိုးတိုးဆိုတော့ ရှာန်ရှာန်နဲ့ ဖက်တီး ရယ်သည်။ သူတို့ရယ်သံတွေကြောင့် ဘေးက ဖြတ်လျှော သွားတဲ့ ခေတ်ကို အမီလိုက်နေရှာတဲ့ ကောင်မလေး နှစ်ယော က သူတို့ကို လှောင်သည့်ထင်၍ မျက်စောင်းထိုး သွားပါသေ တယ်။

"ကြောက်တာက နောက်မှကြောက်၊ အခု မိုးရေစ တွေ မင်းအတွက် အခွင့်အရေးပေးတုန်း သွားလိုက်၊ ဟာ... သွားပါဆို"





ဒီနှစ်ကောင်ထဲက ဘယ်သောက် တွန်းလွှတ်လိုက်သည် သိ။ ကျွန်တော် တံစက်မြိတ်အောက်ကနေ အပြင်ဘက်ကို ောက်ရှိသွားသည်။ မိုးရေစက်တွေက တဖြည်းဖြည်း ရွှဲစိုလာ သည်။ ဆံပင်ရှည်တွေကို နောက်သို့ လှန်တင်တင်ပြီး းစက်တွေအောက်မှာ ထီးဖွင့်မရအောင် အခက်အခဲဖြစ်နေတဲ့ ူ့ရဲ့ မမိုးဆီ လျှောက်လာခဲ့မိသည်။ ထီးဖွင့်မရတဲ့ အခက်အခဲကို ချို့က မြင်ပေမယ့် ကူညီရမှာ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

မမိုးရိပ်ညိုကပဲ သိပ်လှနေလို့လား... ဒါမှမဟုတ် မမိုးရိပ်ညိုရဲ့ မျက်နှာပေါ်က ခံစားရခက်တဲ့မာနလိုလို အရိပ် တစ်မျိုးကြောင့်လား မသိ။

မိုင်းက သူ့ကိုကျောပေးထားတဲ့ မိန်းကလေးရဲ့ နောက် ကျောကို ရောက်တော့...

"မမိုး"

သူမ ဆတ်ခနဲ လှည့်ကြည့်သည်။ အမြဲတမ်း ခပ်ရှိုင်းရှိုင်းနဲ့ နေသွေး ရောစပ်ထားတဲ့ မျက်ဝန်းတွေသည် ဘယ်အချိန် ကြည့်ကြည့် မပြောင်းလဲ။

"ဩော်..."

မိုင်းကို မြင်တော့ မသိမသာ ပြောင်းလဲသွားရုံလောက် ာ မျက်ဝန်းထဲမှာ အရောင်ပါးပါးလေး ဖြတ်ပြေးသွားခဲ့သည်။ င်းက ဒီထက်ပို မျှော်လင့်ချင်နေပုံ ရတယ်။

"မင်း .. အလုပ်ကိစ္စ ရှိလို့လား"

ဒီမိန်းမနဲ့တော့ ခက်ပါရဲ့လို့... မိုင်း တွေးမိသည်။ ဒီမိုးရေထဲမှာ ကုလားကား ကိုရီးယားဇာတ်လမ်းတွေလို တကူးတက မိုးအစိုခံပြီး အလုပ်ကိစ္စ လာပြောမလားလို့ ဒီမိန်းမ တွေးမိခဲ့သင့်သည်။

"ထီး ဖွင့်မရဘူးလား... အခက်အခဲဖြစ်ရင် ကျွန်တော့်ကိုပေး"

သူ့ကို လှမ်းမကြည့်ဘဲ မရနိုင်တဲ့ ထီးကို ဆွဲဖွင့်နေသည်။

"ရသွားမှာပါ"

ကျွန်တော် ကျွတ်ခနဲ သပ်လိုက်တော့ နားမလည်ဟန် ကျွန်တော့်ကို ပြန်ကြည့်သည်။

"ရသွားမယ်ဆိုတာ မိုးတိတ်ပြီး ခင်ဗျား ဆေးရုံပေါ် ရောက်မှလား... ပေးပါ"

စိတ်က သိပ်မရှည်ချင်တာမို့ သူမ လက်ထဲကထီးကို ဆွဲယူမိလိုက်သည်။

သူမက အတင်းပြန်လုရင်း...

"မင်းနဲ့ ဘာဆိုင်လဲ၊ မင်းလမ်း မင်းသွားပါ"

စိတ်ပျက်စရာ ကောင်းလောက်အောင် မာနတွေ မွတ်တင်နေတဲ့ ဒီမိန်းမနဲ့တော့ ခက်ချည်ရဲ့။ ထိုမိန်းမက အကဲခတ်နေသော ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ရင်း...

"မင်း ကလေကချေ မဆန်နဲ့ မိုင်း... မင်းလုပ်ပုံတွေက မရှက်ဘူးလား"





ကျွန်တော် ခပ်မဲ့မဲ့ ပြုံးလိုက်မိသည်။

"ထီးဖွင့်မရဘဲ မိုးရေတွေစိုရွှဲနေတဲ့ မိန်းမ တစ်ယောက်လောက် ကျွန်တော် ရှက်စရာမမဲ့ဘူး"

ပြောလည်း ပြော၊ ကျွန်တော် ထီးကို ဆောင့်ဆွဲယူရင်း ထီးကို တော်တော်ခက်ခက်ခဲခဲ ဖွင့်ယူရသည်။ ထီးလည်း ဖွင့်ပြီးရော မိုးကလည်း စဲစ,ပြုပြီ။ ကံကြမ္မာမကောင်းရင် အဲဒီလိုပါပဲ။ ကျွန်တော်က ထီးကို ကမ်းပေးရင်း...

"ကား မပါဘူးလား"

သူမက နှုတ်ခမ်းပါးပါးကို တင်းတင်းစေ့ရင်း ကျွန်တော့်ကို မကြည့်ဘဲ...


"ပါတယ်... ဟောဟိုရှေ့မှာ ရပ်ထားတယ်"

"ကျွန်တော် လိုက်ပို့ရမလား"

သူမက ဆတ်ခနဲ ကြည့်ပြီး...

"မလိုဘူး... မင်း နေခဲ့တော့"

ကျွန်တော့်ရှေ့က ရုတ်တရက် ထွက်ခွာသွားတဲ့ သူမကို ကျွန်တော် ရပ်ကြည့်နေမိသည်။ မျှော်လင့်ချက်ဆိုတာ တရွေ တစ်ကောင်လား... အခုလို အပြောင်းအလဲမြန်တဲ့ မိုးရေစက်တွေလား...ကျွန်တော် ဝေခွဲမရဖြစ်နေခဲ့တာ ကြာခဲ့ပါပြီမမိုး...



မိုးရေတွေ စိုရွှဲလာရင်း ကားပေါ်ကနေ ဆင်းလာတော့ အန်တီလေးက တံခါးဖွင့်ပေးသည်။

"သမီး မိုးရိပ်... ဘယ်လိုဖြစ်လာတာလဲ"

ခေါင်းလေးကို ထီးဖွင့်မရလို့လို့ တိုတိုပြောပြီး အပေါ် ထပ်ရှိ သူမအခန်းရှိရာကို လျှောက်လာကာ အခန်းထဲဝင် တစ်ခါတည်း ရေမိုးချိုး၊ အဝတ်အစားလဲပြီး အိပ်ရာပေါ် စိတ်ပျက်လက်ပျက် ပစ်လှဲချလိုက်တော့ အံချိန်ကိုက် နေရာ ဝင်ယူချင်နေတဲ့ မိုင်းရဲ့ပုံရိပ်က အာရုံထဲ အဆင်သင့်ဝင်လာ ပါသည်။

သူနဲ့တွေ့တိုင်း အဆင်မပြေတဲ့စကားတွေ၊ ဒေါသထွက် အလိုမကျတဲ့စကားတွေ ပြောဆိုခဲ့တာ ဘာ့ကြောင့် သူမနှုတ်က ထွက်ကျလာရတာလဲ။ နှလုံးသားကို ငြင်းဆန်ပြီး ဦးနှောက်က နိုင်းစေရာအတိုင်း တိတိကျကျ လိုက်နေရပေမယ့် သူမ အိမ်ပြန်ရောက်တိုင်း ဝမ်းနည်း နာကျင်နေရတဲ့ အဖြစ်က ဘာကြောင့်လဲ။

ဆန့်ကျင်ဘက်တွေနဲ့ ဖွဲ့စည်းထားတဲ့ ချစ်ခြင်းရဲ့ဒေါ်ယာ တစ်ခုကို ဖန်ဆင်းသူက ကျွန်မကိုယ်တိုင်များ ဖြစ်နေရော့ သလား။

သူမရဲ့ စံနှုန်းပုံရိပ်အတိုင်း မိုင်းကို ဖြစ်စေချင်ခဲ့သည် သို့သော် လူ့ဘဝက ကိုယ်လိုချင်တဲ့ စံနှုန်းအတိုင်း ဖြစ်ပေ ရရှိဖို့ဆိုတာ စိတ်ကူးယဥ်ရာ သိပ်ကျနေမှာလဲ သူမ သိပါသည်






သက်ပြင်းပူပူတွေ လောကမှာ ရောင်းစားလို့ရရင် သူမ ပ်ချမ်းသာနေပါမည်။ ဒီအဖြစ်တွေကို လူမသိ သူမသိ စ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းနေခဲ့တာ ညီမလေး နွေရိပ် ရင် ဘာတစ်ခွန်းမှမဆိုဘဲ နှုတ်ခမ်းတွန့်ကွေးပြုံး၍ အဓိပ္ပာယ် ါနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေမှာ သေချာသည်။

တစ်ခါတလေ နွေရိပ်တို့လို လူဆန်ဆန် သတ္တိရှိချင် ပြန်ပါသည်။

မင်း သိပ်နိုပ်စက်တယ် ကောင်လေးရယ်လို့ ညစဉ် တိုင်း ငြီးငြူမိတာ ကောင်လေးသိရင် ဟားတိုက်ရယ်မော သေချာတာပေါ့နော်...။

တကယ်တော့ ဒီကိစ္စဟာ တို့ကိုယ်တိုင် ဖန်တီးယူတဲ့ ကြွေးပေါ့ မိုင်းရယ်...။



ရှာန်ရှာန်က အာပေါင်အာရင်း သန်သန်နဲ့ ဖင်ကို
ဖြစ်ပျက်ပုံတွေ ပြောပြနေသည်။

အောက်ထပ် ခြံထဲက ကွပ်ပျစ်ဆီက ကိုလှစိ
မယ်ဒလင်သံနှင့်အတူ မိုးသီချင်းက လွှမ်းလွှမ်းဆွတ်ဆွ
ကြားနေရသည်။

မိုင်းက ခုတင်ပေါ်မှာ နံရံကိုမှီရင်း သံစဉ်တေးသွားတစ်
အဆိုမပါဘဲ တီးခတ်နေသည်။ လင်းမီးထက်ရဲ့ "ဂျက်စ
ဆိုတဲ့ တေးသွား။ မူရင်းက CINDERELLA။

သီချင်းတေးသွား ပြီးဆုံးသွားတော့ ဖင်ကိုက တစ်
စဉ်းစားမိဟန်နှင့် အခုလို ပြောလာပါတယ်။

"ငါ ဦးလှစိန်ကြီးကို မသကာချင်ဘူး"

ရှာန်ရှာန်ကလည်း ခေါင်းတညိတ်ညိတ်။

"ဟုတ်တယ်... ဒီကောင်ပြောတာ ဖြစ်နိုင်တယ်၊ မင်း
ဘယ်လိုထင်လဲ မိုင်း"

မိုင်းက ဂီတာကို နံရံမှာမှီရင်း...

"ငါ့အထင်တော့ သူ နှလုံးသားရေးရာ ခံစားနေရ
ထင်တယ်"

အားလုံး ခေတ္တ ငြိမ်သက်သွားသည်။ နောက်
ပထမဦးဆုံး ခုတင်ပေါ်က ခုန်ဆင်းသွားသူက ရှာန်ရှာန်

"ကြာတယ်ကွာ... အန်ကယ်လေးကို ပွင့်ပွင့်လင်းလ
မေးကြည့်မယ်"





"ဟော့ကောင်... ငါတို့ပါ လိုက်မှာပေါ့"

"နေပါဦးဟ"

အသီးသီး အောက်သို့ အလုအယက် ဆင်းလာကြပါ
ည်။ မိုင်းက ဂီတာကို ဆွဲယူလာသူမို့ နောက်ဆုံးမှာ ဖရှန်း
းကား ဆင်းလာကြတဲ့ သူတို့ကြောင့် မယ်ဒလင် လက်ကွက်
နေတဲ့ ကိုလှစိန်နဲ့ ကိုရေဘင်တို့က...

"ဖြည်းဖြည်းလုပ်ကြပါဟ... ငါ့အိမ်လည်း ပြိုဦးမယ်"

"ငါ့ရဲ့ စည်းစိမ်လေးလည်း ထွက်ပြေးသွားပါဦးမယ်
က်သုံးကောင်ရယ်"

ကျွန်တော်တို့ သုံးယောက်က စပ်ဖြီးဖြီးနဲ့ အသီးသီး
ထိုင်သည်။ ကျွန်တော်တို့ အသံတွေကြောင့် ခရီးသွား
ချင်စီက ဦးဇော်နဲ့ ကိုကျော်ရွှာတို့ ဆင်းလာကာ သူတို့ဝိုင်းမှာ
ထိုင်သည်။

ဖင်ကိုက မိုင်းလက်ထဲက ဂီတာကိုလှမ်းယူရင်း ကိုဒိုးလုံး
တစ်ယောက်သောချစ်သူကို သက်ကွက်စမ်းသည်။ ဖင်ကိုတီးတဲ့
လုံးတွေကို ကိုလှစိန်က သူ့မယ်ဒလင်နှင့် လိုက်တီးပြသည်။

"အန်ကယ်လေး"

ရှာန်ရှာန် ခေါ်သံကြောင့် ဖင်ကိုရော ဦးလှစိန်ကြီးပါ
နေတာ တစ်ပြိုင်တည်း ရပ်တန့်သွားသည်။

"ဘာလဲကွာ"

စိတ်မရှည်သံကြီးနှင့် ကိုလှစိန်က ထူးတော့ ရှာန်ရှာ
က ရယ်ကျဲကျဲနှင့်...

"အန်ကယ်လေး အခုတလော တစ်ခုခုဖြစ်နေတ
မဟုတ်လား... ဟဲဟဲ"

ကိုလှစိန်က အဲဒီမေးခွန်းကို နားမလည်ဟန်...

"ဘာလဲ...ငါ ဒေါင်ဒေါင်မြည်ပဲ၊ ကျန်းမာရေး အား
ကောင်းမှကောင်း"

"ဒေါင်ဒေါင်မမြည်တာ ရှိပါတယ် အန်ကယ်လေး

ရှောင်က ရှာန်ရှာန်စကားကြောင့် ကိုလှစိန်ကို ခါး
ကာ အောက်ပိုင်းကို ကြည့်သည်။ ကိုလှစိန်က ရှော
အကြည့်ကြောင့်...

"ဟော့... ဟော့ကောင်... ဘာကြည့်တာလဲ"

ရှောင်ကလည်း ဖဝေဖါးနဲ့...

"ဒေါင်ဒေါင်မမြည်တာဆို..."

"ဟာ... ဝေးပါ့ဗျာ... ဒီအရာ ဖြစ်နေသလားလို့"

ကိုယ့်ရင်အုံကို ပုတ်ပြတော့...

"ဟာ... နလုံးသား ကောင်းပါတယ်၊ မနှစ်က B
ရိုက်ပြီးသား... အိုကေ...တဲ့"

ရှာန်ရှာန်က ကိုလှစိန် စကားကြောင့် စိတ်ပျက်
ဟန်ရှိသည်။ ဇင်ကိုက ဂီတာနဲ့ သီချင်းအပိုင်းအစ တစ်ပု
ကောက်ဆိုသည်။





XXX တော်ပါပြီXX စိတ်ကုန်တယ်XX တောထဲက
စ်ပင်ပေါ်မှာ သွားထိုင်မယ်XXX ကျားကြီးတွေ ကိုက်သေ
ပါစေ ကျေနပ်တယ်XX အားလုံး အားလုံး အေးဆေးXX

ဂီတာကို တုံးတိရပ်လိုက်ပြီး ကိုလှစိန်ကို...

"ဦးလေး ရည်းစားပူ မိနေလားလို့ ပြောတာ"

"ဟာကွာ"

ကိုလှစိန်က ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ တိတ်
ဆိတ်နေ၏။ အားလုံးက သူ့မျက်နှာကို ငေးကြည့်နေကြ
သည်။

"ဘာတွေ စဉ်းစားနေတာလဲ... ပွင့်ပွင့်လင်းလင်း
င်းပင်စမ်းပါ လူပျိုကြီးရယ်"

ရှောင်ရဲ့ စကားကို ကိုလှစိန်က ခေါင်းခါရမ်းပါသည်။

"ကိုလှစိန် ကြိုက်တဲ့ မိန်းကလေးဟာ မသန်မစွမ်း
စ်နေလို့လား"

ကိုလှစိန်က ခေါင်းခါရမ်းပြန်တော့ ရှောင်က စိတ်
ည်ပုံနဲ့ တမင်ပင်...

"ဩော်... ကိုလှစိန် ကောင်မလေးက ခေါင်းမကောင်း
ာကိုး။ ဒါဆို ရှုးနေတာပေါ့"

"ဟာ... ဘယ်ကရှုးရမှာလဲ"

"နို့... ဒါဆိုရင် ခေါင်းချည်းပဲ ဘာလို့ ခင်ဗျားက
း နေရတာလဲ"

"ပြောမထွက်လို့"

ကိုလှစိန် စကားကြောင့် ဦးဖော်က...

"နေပါဦး... လှစိန်ရာ၊ မင်းဘာသာ မင်း... မင်းကို ဘယ်သူက အပြစ်တင်နေလို့လဲ"

ကိုလှစိန်က ဦးဖော် စကားကြောင့် တစ်ယောက်ချင်း... ကို ကြောင်ငေးငေး ကြည့်ပြီး ခဏကြာတော့ စပ်ဖြဲဖြဲနဲ့...

"အဟဲ... ငါ ရှက်လို့"

"သေလိုက်ပါတော့... လှစိန်ရာ"

ရှာန်ရှာန်တို့ သုံးယောက်ကလည်း မျက်စောင်းထိုး... ကြပါသည်။

"ဟုတ်တယ်ကွ... ငါ မင်းတို့ကို ပြောရမှာ ရှက်လို့..."

"ရှက်နေရင်လည်း မပြောနဲ့ကွာ... လာ... ထ... လက်ဖက်ရည်ဆိုင် သွားမယ်"

"ဟာ... မလုပ်ကြပါနဲ့၊ ပြီးရင် မင်းတို့တစ်အုပ်လုံး... ငါ လက်ဖက်ရည်တိုက်ပါ့မယ်"

"စီးကရက်ရော ပါရဲ့လား"

ကိုကျော်စွာက အတို့အထောင် လုပ်ပါသည်။ ဒီတ... တော့ ကိုလှစိန်က အမြင်နည်းနည်းကပ်လာပုံ ရပါသည်။

"စီးကရက်ရော... မုန့်ရော... ဒီထက်ပြုစုရရင် စိ... သံပုရာ၊ ကြွက်သတ်ဆေး၊ ဘာစားချင်လဲ... ကိတ်မုန့်... အက်ဆစ် တို့စားမလား... ပြော..."





အားလုံး ဝိုင်းရယ်ကြပါသည်။

"ကဲ... ပြောပါဗျာ... မင်းသားကလည်း စိတ်ကြီးပဲ"

ကိုလှစိန်က သူ့ကိုယ်သူ ခေတ်ဟောင်း အငွေ့... ရှင်မင်းသား တစ်ယောက်လို ထင်နေပုံရပါတယ်။

"သူ့နာမည်က မနှင်းအေးတဲ့... ငါတို့ရပ်ကွက်ကို ...ောင်းလာတာ မကြာသေးဘူး။ သူလည်း ငါ့လို အပျိုကြီး ...ယောက်ပဲ"

"ဗျာ... ကိုလှစိန်က အပျိုကြီးဖြစ်သွားပြီ... ဟာဗျာ"

ရေဘင်က ယူကြုံးမရ အသံနဲ့ပြောတော့ ပထမ အားလုံး ...ကြောင်သွားတယ်။ နောက်မှ သတိဝင်လာကာ ရယ်မိကြသည်။

"ခွေးမသား... ငါက အဖြစ်ပြောတာပါကွ၊ မနှင်းအေး ...သိပ်အေးချမ်းတယ်၊ သူက (......) ဈေးမှာ အပ်ချုပ်ဆိုင် ...ထားတယ်လေ၊ သူ့အမေနဲ့ နေတာပေါ့။ ငါကွာ သူ့ကို ...ခါမှ မဖြစ်ဘူးတဲ့အချစ်နဲ့ ချစ်တာကွ၊ ဒါပေမယ့် ငါ့အသက် ...ရွယ်နဲ့ ရည်စားစကားလည်း မပြောရဲ တော်တော်ခွကျနေတာ၊ ...မှာ ညဲ့ညဲဆို သူ့ကို သွားပြီး ခိုးခိုးကြည့် ရုံပဲ အဖတ်တင်ပါ ...ယ်ကွာ၊ တစ်ခါကလည်း သွားပြီးခိုးကြည့်ရုံပဲ ရှိသေးတယ်၊ ...တို့ပစ်လိုက်တဲ့ ခဲကြောင့် ခေါင်းပါ အဆစ်ကွဲရသေးတယ်၊ ...ကံကိုက မကောင်းပါဘူးကွာ"

"ဟင်... ဒါဆို သရဲခြောက်တဲ့ မြို့ထဲက အရိပ်က ...င်များပေါ့"

ရောင်ရော ကျွန်တော်တို့ပါ အံ့အားသင့်ရသည်။

"အေးပေါ့ကွ... ငါ သရဲခြောက်တဲ့ခြံက နီးကြည့် သူ့ဝရံတာကို လှမ်းမြင်ရတာ၊ အဲဒါကြောင့် ငါကိုယ်တိုင် သရဲခြောက်တယ်လို့ သတင်းလွှင့်ထားတာ"

"အဲဒီ မနှင်းအေးတို့ခြံက ဘယ်ခြံလဲ"

မိုင်းက အလောတကြီး မေးတော့ ကိုလှစိန်က...

"ဘာဖြစ်လို့လဲ... နောက်ဘက်က ခြံလေကွာ"

"ဟူး... တော်ပါသေးရဲ့"

ကိုလှစိန်က သူတို့သုံးယောက်ကို ဖဝေဖဝါ ကြည့်ပြီး...

"ဟေ့ကောင်တွေ... ရှုပ်ရှုပ်ယှက်ယှက် မလုပ်ကြနဲ့နော်"

"အဲဒါ မင်းကို ပြောရမှာဗျ"

ဦးဇော် ပြောတော့ ကိုလှစိန်က သွားအဖြဲသား။







*အရွယ်သုံးပါး စုံလုံးမှားခဲ့တာ*
*အဲဒါ အချစ်ပါပဲ...။*

*ခနီ ကျွဲကျွဲအောက်ကြားက*
*လရောင်ကို စိမ်ခံ...*
*အချစ်အကြောင်းကိုတွေး...*
*မူးဝေဝေလေး ရှိပေမယ့်...*
*မိုးရွာမှာတော့ ကြောက်ပါရဲ့...။*

ယန္တရားကြီး စ,လည်သလိုပဲ အုကလီစာတွေ အသည်း နှလုံးတွေ လှုပ်ရှားလို့ အချစ်တွေ နိုးကြား ထ,ကြွလာပါရဲ့ ရွှေရောင်လမင်းငယ်....။


ပြန်လမ်းမရှိတဲ့ အသေခံတပ်သားကတော့ သူချစ်တဲ့ သူ့ကို ရင်ဖွင့်စကားပြောချင်သလို ငှါသွေးကြောထဲမှာ စီးဆင်း နေတဲ့ နှလုံးသားရဲ့ သဝဏ်လွှာကို မင်းကြားအောင် ပြောပြ ချင်လိုက်တာ။

နှင်းကတော့ သူချစ်တဲ့ ဆောင်းအတွက် အေးစက်ခြင်း အစွမ်းသတ္တိကို ကြိုးစား ရှန်းကန်ပြသနေရဲ့။

ကျေးရှုပြန်၍ မင်းမျက်ဝန်းထဲက နွေရာသီကို ရှင်ငိုင်းပေးပါ ချစ်ရတဲ့သူ။ ဘယ်လောက် အချိန်ကြာကြာအထိ မင်းမျက်ဝန်း ထဲမှာ အေးစက်တဲ့ နှင်းတွေ အရုဏ်ဦး နေမင်းနဲ့ တွေ့တဲ့ အချိန်ကာလ အခိုက်အတန့်လေးကို မြင်ခွင့်ရ,ရမှာလဲ...

ငါဟာ... ငှါနှုတ်ဖျားက အန်ထွက်လာတဲ့ ချစ်ခြင်းရဲ့ အကွရာတွေ အဆိပ်အပေါက် မပါဘူး။ မာယာမပါဘူးဆိုတာ မင်းသိနေရင် ကျေနပ်တတ်တဲ့ လူစားပါ...

ချစ်တယ်... လမင်းငယ်...







"ဟို... ကျွန်မ ညှော်စာရင်းလုပ်ချင်လို့ပါ အစ်ကို"

သာယာနာပျော်ဖွယ် ကောင်းလှတဲ့ အသံရှင်လေး။ ဗျာနိရှာနိတို့ အသံထက် ဇင်ကိုတို့၊ မိုင်းတို့နဲ့ လားလားမျှ မဆိုင်တဲ့ အသံလေး။ သူက...

"ဩော်... မနှင်းအေး"

"ရှင်"

သူမနာမည်ကို ကျွန်တော် သိနေတာကြောင့် မနှင်းအေး ဆိုတဲ့ မိန်းကလေးက အံ့ဩ မင်သက်နေပုံရသည်။

မသိဘဲနေပါ့မလား။ ဈေးသွားတိုင်း နိုးကြည့်၊ ညစဉ် ညတိုင်း သရဲလို့ အထင်ခံပြီး နောက်ဖေးခြံက လသာဆောင်မှာ သူမ ထွက်အလာကို ချောင်းခဲ့ရတဲ့ ညများစွာထဲက ကျွန်တော် လေ။

"မနှင်းအေးတို့ မိသားစု သန်းခေါင်စာရင်း မလုပ်ထားဘူး ထင်တယ်"

သူက ငြိမ်းငြိမ်းချမ်းချမ်းလေး ပြုံးပြပါတယ်။ အဲဒီအပြုံး ကြောင့် ရင်ဘတ်ထဲမှာ ကုလားဘုရားပွဲက မုံသံတွေ၊ ဒိန်းတပ် တပ်၊ ဒိန်းတပ်တပ်နဲ့ မခံစားဘူးတဲ့ ခံစားမှုအသစ်နဲ့ ကြုံလိုက် ရပါတယ်။

"ဟိုလေ... ဟိုဟာလုပ်ဖို့အတွက် ကျွန်တော့်တာဝန် ထားပါ"

"ရှင်..."

မနှင်းအေးက သူ့ရဲ့ လိုရင်းမရောက်တဲ့စကားကြောင့် မျက်လုံးလေးအဝိုင်းသား ဖြစ်နေရှာပါတယ်။ ကျွန်တော့်မှာ ကိုယ့်စကားကို သတိရသွားပြီး...

"မဟုတ်ဘူး... ဟိုဟာပြောတာ၊ အဲဒါပေါ့ဗျာ"

"ရှင်..."

မနှင်းအေးကိုယ်တိုင် အိုးတိုးအမ်းတမ်း ဖြစ်နေရှာပါသည်။ ကျွန်တော်က ကမန်းကတန်း...

"ဟို စကားလောသွားလို့ပါ၊ ကျွန်တော် ပြောတာက ဟို... သန်းခေါင်စာရင်း... သန်းခေါင်စာရင်းကို ကျွန်တော် ကိုယ်တိုင် သေချာလုပ်ပေးပါ့မယ်လို့ ပြောတာပါ"

သူမက ခေါင်းငုံ့ကာ ပြုံးပါသည်။ ပြီးတော့...

"နေ့လယ်က ဈေးထဲမှာ ကျွန်မ ကိုလှစိန် အဆောင်က ချာတိတ်လေးတွေနဲ့ တွေ့လို့ ကိုလှစိန် အဆောင်ကပါလို့ မိတ်ဆက်ပြီး ကျွန်မရဲ့ အထုပ်အပိုးတွေတောင် ဗိုင်းသယ်ပေးကြသေးတယ်၊ ကလေးတွေက ခင်ဖို့ကောင်းတယ်နော်"

ဒီကောင်တွေ အကွက်စေ့စေ့နဲ့ ကူညီကြတော့ ကျွန်တော် ဝမ်းသာသွားပါသည်။

"ဟုတ်တယ်... ဒီကောင်တွေက သိပ်ခင်ဖို့ကောင်းတာဗျ"

စိတ်ထဲကလည်း ဒီကောင်တွေကို ပြုစုရမယ်လို့ တေးထား လိုက်ပါသည်။ သူမကိုယ်စား ဧည့်စာရင်း အဟောင်းတွေကို





ဧည့်စာရင်းအသစ်အဖြစ် ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဖြည့် စေတနာ သဒ္ဓါ လွန်ကဲနေတဲ့ ကျွန်တော့်ကို ဥက္ကဋ္ဌကြီးက ရယ်ချင်ဟန်နဲ့ ကြည့်သည်။

ရပ်ကွက်ရုံးခန်းကို ကိစ္စအသီးသီးနဲ့ လာကြတဲ့ ရပ်ကွက် ထဲက လူတွေကလည်း မတွေ့ဘူး။ မမြင်ဘူးတဲ့ ကိုလှစိန်ရဲ့ အပြုံးဖြဲဖြဲကြီးကို မရဘူး၊ မပေါက်ဘူးတဲ့ ကံစမ်းမဲနှိုက်တဲ့ လူလို့ ကြည့်ကြပါတယ်။

"ဘာပစ္စည်းတွေ သွားဝယ်လို့ သူတို့ ဗိုင်းကူနေရတာလဲ မနှင်းအေး"

စကားမရှိ စကားရှာကာ မေးမိတော့ သူမက...

"အာရုံဆွမ်း မနက်လောင်းဖို့လေ ကိုလှစိန်၊ မနက် အာရုံဆွမ်းပတ်ရှိတယ် မဟုတ်လား"

ဖျတ်ခနဲ တောက်ပသွားတဲ့ အတွေးကြောင့် ကျွန်တော် ကလည်း ဝင်လာတဲ့အကွက်ထဲ ခြေပစ်လက်ပစ် ခုန်ချလိုက် မိတယ်။


"ဟုတ်တယ်... ဟုတ်တယ်၊ ကျွန်တော်လည်း ဆွမ်း ပတ်အဖွဲ့ထဲမှာ ခေါင်းဆောင်အနေနဲ့ ရပ်ကွက်အကျိုးကို သယ်ပိုးနေရတာလေ၊ ကုသိုလ်ဆိုတာ ယူတတ်ရင် ရတာပေါ့ မနှင်းအေးရယ်နော်"

ဥက္ကဋ္ဌကြီးက ဆွမ်းပတ်ကို စိတ်လိုလက်ရ တစ်ခါမှ မလိုက်ဘူးသော ကျွန်တော့်စကားကြောင့် မျက်လုံးအပြူး

သားနဲ့ ပြုံးတူးပြီတဲ့ ဆိုတဲ့စကားအတိုင်း ကြည့်နေပုံတာယ် ကျွန်တော်က ဥက္ကာ့ကြီးကို မသိသလိုဘဲ နေလိုက်ပါသည် သူစိမ်းတွေလိုပေါ့...။

ငါ လာနေပြီ...
သင်္ကြာရာစ်တို့ ရှလော့....။
ခရီးပြင်းနှင်ခဲ့တဲ့ ရင်ခွင်ဟာ...
ယုံကြည်ရာပန်းကို စိုက်ခင်းဖွဲ့လို့...
အိပ်မက်တွေ ထွန်ယက်ခဲ့ပြီ...။

(ငြိမ်းစစ်မင်း၏ ကိုယ်ပိုင်သံစဉ်ကဗျာမှ)







ရမ်ဒီယမ်စီအမ်ဂျမ်ရဲ့ စီဒီတစ်ချပ်ကို သူ ကောက်ကိုင်ကြည့်နေစဉ်မှာ အသံချိုချိုလေးတစ်ခုကို ကြားရသည်။

"ခင်မောင်တိုးရဲ့ ရောင်စဉ်ခုနစ်သွယ်ခွေ ရှိလား"

ခွေအရောင်းဝန်ထမ်း ကောင်လေးက "ခဏနော်... ရှာပေးမယ်"လို့ ပြောပြီး အထပ်လိုက်စီထားတဲ့ ခွေအထပ်တွေကို တတမ်းတွေဖတ်ပြီး တစ်ခွေဆွဲထုတ်ကာ...

"ရှိတယ် အစ်မ... ဒီတစ်ခွေပဲရှိတော့တာ၊ အစ်မ တော်တော်ကံကောင်းတယ်"

သူမက ပြုံးရုံသာ ပြုံးပြပြီး ကျသင့်ငွေကို ကောင်တာမှာ သွားရှင်းသည်။

သူမ ပတ်ဝန်းကျင်ကို ငဲ့စောင်းမကြည့်တတ်တာ သူ အမြဲသတိထားမိသည်။

တော်တော်ရှည်လျားတဲ့ ဆံနွယ် အစုအဝေးကို ပဝါစ တစ်ခုနဲ့ ချည်နှောင်ထားသည်မှအပ သူမ ဝတ်ဆင်နေကျ ပါတိတ်ဝမ်းဆက်နှင့် မရိုးအောင်လှနေမြဲ။

"ဟော့ကောင်... ဒီခွေယူမှာလား"

ဖက်တီးက ပခုံးတိုက်ပြီး မေးတော့ သူက...

"မင်း ဒီခွေဖိုးရှင်းပြီး လိုက်ခဲ့ ဖက်တီး"

"ဟင်... မင်းက ဘယ်ကိုလဲ"

ရာန်ရာန်က ပြန့်ဖြေအားဘဲ ဆိုင်ထဲက အမြန်ထွက် လာခဲ့ပါသည်။

ကျွန်တော် သူမကို ဘယ်လိုချဉ်းကပ်ရမလဲ စဉ်းစား နေရင်း သူမရဲ့ မနီးမဝေး ခပ်လှမ်းလှမ်းက လိုက်ပါလာခဲ့တယ်။ ပလာဇာ ဒုတိယထပ်မှာ သူမက မရှောင်းနိုင်အောင် တစ်ဆိုင်ပြီး တစ်ဆိုင် ဝင်လိုက် ထွက်လိုက်နဲ့ပေါ့...

အဲဒီအချိန်မှာ မထင်မှတ်တဲ့ အဖြစ်အပျက်တစ်ခု ကျွန်တော် သတိထားမိခဲ့တယ်။

ကျွန်တော်တို့အရွယ် လူတစ်ယောက်ပါ။ ဝတ်ပုံ စားပုံ သိပ်သပ်သပ်ရပ်ရပ် မရှိ။ ပြီးတော့ ထိုလူက အိတ်အနက်တစ်လုံး လွယ်ထားပြီး အဲဒီအိတ်ထဲကို သူ့ညာဘက်လက် ထည့်ထား ပါတယ်။ ထိုသူက ကျွန်တော့်ထက်စာရင် သူမနဲ့တောင် ပို နီးနေပါသေးသည်။

ကျွန်တော် အဝေးကနေ အဖြစ်အပျက်တွေကို အံ့ဩ ငေးမောမိစဉ်မှာ သူမက ဘာမှသတိမထားမိဘဲ နောက်တစ်ထပ် ရှိရာကို သွားဖို့ စက်လှေကားရှိရာဆီ ဦးတည်ထွက်သွားပါတယ်။

စက်လှေကားတက်မယ့်နေရာ သူမရောက်တော့ တက် ပြိုင်ဆိုင်တဲ့ လူအုပ်စုတွေကြားမှာ သူမနဲ့ ထိုသူက ရှေ့ဆင့် နောက်ဆင့်ဆိုသလိုပင်... သူမက ရှေ့၊ ထိုသူက သူမ အနောက်မှာ။

ကျွန်တော့်စိတ်အထင်ကတော့ ခါးပိုက်နှိုက် တစ်ယောက် ထင်ပါသည်။ သူမက စက်လှေကားပေါ်ကို တက်ဖို့ ခြေလှမ်း စ,ချတယ်။





ထိုသူလည်း ထက်ကြပ်မကွာပါ။ ကျွန်တော်လည်း ဖြစ်လာမယ့် ပြဿနာတွေကို မစဉ်းစားနိုင်တော့ဘဲ စက်လှေကားရှိရာကို အပြေးတစ်ပိုင်း တက်လာခဲ့ပါတယ်။ စက်လှေကား တက်မယ့်ခြေရင်းက လူတွေကို တိုးဝှေ့ အတင်းတက်တော့...

"ဟဲ့... ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုကောင်လဲကွ"

တစ်ယောက် တစ်ပေါက် ပြောဆိုသံတွေကို ဂရုမပြုအား။ အလယ်လောက် ရောက်နေပြီဖြစ်နေတဲ့ သူမတို့ဆီ ရွေ့လျားနေတဲ့ စက်လှေကားပေါ်မှာပဲ တစ်ထပ်ပြီးတစ်ထပ် လောတကြီး တက်သွားပါတယ်၊ လှေကားထစ်ဝ,နား ရောက်ဖို့ း,လေးထစ် အလိုလောက်မှာ ကျွန်တော်နှင့် ထိုသူကလည်း က်နှစ်ပြန်လောက် ရောက်နေပါပြီ။

အဲဒီလူနဲ့ ကျွန်တော့်ကြား၊ မိန်းကလေးတစ်ယောက်က နေပေမယ့် ထိုလူရဲ့လက် အိတ်ထဲက ထုတ်လိုက်တဲ့အခိုက် ကြားထဲက မိန်းကလေးကမမြင်ပေမယ့် ကျွန်တော်က မြင်လိုက် ည်။ လက်ဝါးကြားမှာ မြုပ်နေတဲ့ သတ္တုရောင် ကတ်ကြေး စ်လက်။ ထိုလူရဲ့ ဘယ်ဘက်လက်က သူမ ဆံပင် အလယ် လောက်ဆီ ကျွမ်းကျွမ်းကျင်ကျင် သူမ မသိအောင် လှမ်းကိုင် ထိန်းပြီး ကတ်ကြေးကိုင်ထားတဲ့ ညာဘက်လက်က ဆံပင်အုံ ကောင်းကောင်းကို ခါးလယ်မှ ပိုင်းညှပ်ရန်အရွယ်...

"ဟော့ကောင်"

ကျွန်တော်က ပြောလည်းပြော ကြားက မိန်းကလေး
တွန်းဖယ်ပြီး ကုတ်ကိုလှမ်းအဲဆွဲ ထိုလူက လျင်သည်။ နောက်
ကတ်ကြေးနဲ့ လှမ်းအထိုး ကျွန်တော်က ကြားက မိန်းကလေး
ထိမှာစိုးရိမ်သဖြင့် မိန်းကလေးကို ကိုယ်တစောင်းနဲ့အကွယ်

"အား"

ကျွန်တော့်လက်မောင်းက ပူခနဲဖြစ်သွားပြီး အ
စုတ်ပြတ်သပ်သွားတာ ကျွန်တော်မြင်လိုက်သည်။ ထိမိုက်
ဒဏ်ရာကို ဂရုမပြုနိုင်အားပါ။

ထိုသူသည် မှဟန်မှန်းသိသဖြင့် အပေါ်သို့ ရောက်
ပြီဖြစ်သောကြောင့် သူမကို တွန်းဖယ်ပြီးထွက်ပြေးရန် ကြ
ပါသည်။

ကျွန်တော်က မထူးတော့တာမို့ အဲဒီလူကို လှမ်းခုန်
ကာ ကြမ်းပြင်ပေါ် ဆွဲလှဲချလိုက်သည်။

"ရန်ဖြစ်နေတယ်" ဟူသော ခေါင်းစဉ်နှင့် ဘယ်
ဝင်မဆွဲကြဘဲ တစ်ယောက်တစ်ပေါက် အော်သံတွေကို ကြ
သည်။ ခဏနေတော့ ဒီလူနဲ့ ကျွန်တော့်ကို ဝင်ရောက်ဖျ
ကာ လူခွဲလိုက်ကြပါတယ်။

လုံခြုံရေးဝန်ထမ်းတွေလည်း ရောက်ရှိလာသလို ကျွန်
အနားကို ဖက်တီးနဲ့ ကျွန်တော်ထိမှာစိုးသဖြင့် လှမ်းဆွဲလိုက်
မိန်းကလေးပါ လာရပ်သည်။





ကျွန်တော့်ရဲ့ သူမက ကျွန်တော့်ကို အံ့အားသင့်ကာ
ပ်လှမ်းလှမ်းကနေ ငေးကြည့်နေသည်။ လုံခြုံရေး တာဝန်ရှိသူ
တစ်ဦးက…

"ဘာဖြစ်ကြတာလဲ"

ကျွန်တော် ဘာပြောရမှန်း မသိအောင် ဖြစ်နေစဉ်
ကျွန်တော် လှမ်းဆွဲလိုက်တဲ့ မိန်းကလေးက သူမထံ လက်ညှိုး
ထိုးပြီး…

"ဟိုအစ်မရဲ့ဆံပင်ကို ကတ်ကြေးနဲ့ညှပ်ပြီး ဖြတ်ယူဖို့
ဒီကောင် ကြံနေတာကို ဒီအစ်ကိုကြီးက မြင်သွားပြီး ရန်ဖြစ်
ကြတာပါ"

မိန်းကလေးရဲ့စကားကြောင့် အနားကရှိတဲ့ လူတွေ
အံ့အားသင့်သွားသလို သမံတလင်းပေါ်က ကတ်ကြေးကိုပါ
ခင်သွားပါတယ်။ ကျွန်တော်ချစ်တဲ့ မိန်းကလေးက အခုမှ
သတိထားမိဟန်နှင့် သူမရဲ့ဆံပင်ကို ရင်ညွှန့်ပေါ်ကနေ လှမ်းယူ
ဆေးကြည့်တော့ နည်းနည်းညှပ်မိထားတာ သတိပြုမိသည်။

"ဟင်… ကျွန်မဆံပင် တကယ်အညှပ်ခံရတာပဲ"

အခုမှ သူမက သတိထားမိဟန်နှင့် သူမက သူ့ကို
ကောင်းပန်တဲ့အကြည့်နဲ့ မော့ကြည့်ကာ အနားကိုတိုးလာသည်။
လုံခြုံရေးဝန်ထမ်း ဦးလေးကြီးက ကျွန်တော့်ဒဏ်ရာကို ကြည့်
ကာ…

"ညီလေး… မင်းဒဏ်ရာကို ဆေးခန်းသွားပြရအောင်၊
သွားထွက်လွန်ရင် မကောင်းဘူး"

ရွှေသမင်စာပေ

"ရတယ်... အစ်ကို၊ ကျွန်တော် ဒီကအပြန်
ဆေးခန်းဝင်ပြလိုက်မယ်"

"လာပါကွာ... တစ်ခါတည်း အစ်ကို လိုက်ပို့ပါ့မယ်"

"ရတယ် အစ်ကို... အစ်ကိုတို့ကိစ္စတွေ ရှိသေး
ကျွန်တော့်အတွက် မစိုးရိမ်နဲ့"

ကျွန်တော် အတင်းငြင်းတော့ ဆေးခန်းသွားဖြစ်အော
သွားဦးနော်လို့ လုံခြုံရေးဦးလေးကြီးက အထပ်ထပ်မှာပြီး
နီးညှပ်တဲ့ ပုဂ္ဂိုလ်ကို ကုပ်ကကိုင်ကာ သူတို့အဖွဲ့ ထွက်သွ
ကြသည်။

"ကျွန်မ ဆေးခန်းလိုက်ပို့ပေးရမလား အစ်ကို"

ကြားထဲက မိန်းကလေးက ကျွန်တော့် ဒဏ်ရာ
ကြည့်ကာ ပြောမိတဲ့အခါ သူမက အခုလိုပြောပါတယ်။

"ရတယ်... ညီမလေး... မမ လိုက်ပို့ပေးလိုက်
ညီမလေး ဈေးဝယ်စရာရှိတာသာ ဝယ်"

သူမ စကားတစ်ခွန်းကြောင့် ဒဏ်ရာပဲ နာကျင်
လား။ ရင်ထဲက ဝမ်းသာမှုကိုပဲ ခံစားရမလား။ ခက်
ခက်နေပါပြီ နွေရိပ်ညို။

သူမက စိုးရိမ်ဟန်နှင့် ကျွန်တော့်လက်ဖျံကို
ထိန်းသိမ်းကာ ကားပါကင်ရှိရာကို သွားပါတယ်။

အဖြူရောင် ဖိုမ်ခံကားလေးတစ်စီးဆီ ဦးတည်သွား
ကျွန်တော့်ကို ရှေ့ခန်းတံခါးဖွင့်ပေးကာ သူမက မောင်း





ရာမှာ ဝင်ထိုင်လိုက်ပါတယ်။ နောက်တော့ ကားကို
မ်းကျင် ညင်သာစွာ မောင်းထွက်သွားခဲ့ပါတယ်။

သူမရဲ့ အသိဆရာဝန် တစ်ယောက်ဆီမှာ အနာကို
ထည့် ပတ်တီးစည်းပြီးတော့ ကားဆီ လျှောက်လာရင်း–

"ကျွန်မ ဘယ်ကို လိုက်ပို့ရမလဲ"

"ကျွန်တော့်ဗိုက်ထဲကို အစာတစ်ခုခု ထည့်ဖို့ ဆိုင်
ဆိုင်ကို လိုက်ပို့ပေးနိုင်မလား မနွေရိပ်ညို"

သူမက ညင်ညင်သာသာလေးပြုံးပြီး ခေါင်းငုံ့သွားရင်း...

"ကျွန်မကို နွေရိပ်လို့ ခေါ်နိုင်ပါတယ် ရှာန်ရှာန်"

"ကျွန်တော့်နာမည်ကို အလွယ်တကူ မမေ့ပေးတဲ့ အတွက်
ကျေးဇူးအရမ်းတင်ပါတယ် နွေရိပ်"

သူမက နှုတ်ခမ်းကို ဖိကိုက်ကာ မျက်နှာကို တစ်ဖက်
ပါသည်။ အနီးဆုံးကော်ဖီဘားတစ်ခုမှာ ကျွန်တော်နဲ့ နွေရိပ်
ထိုင်မိကြပါတယ်။ သူမက ကျွန်တော့်ဒဏ်ရာကို စိုးရိမ်ပုံရတယ်။
ကျွန်တော့်နှလုံးသား အတွက်ကိုရော...

"ဒဏ်ရာကို မပေါ့နဲ့နော် ရှာန်ရှာန်"

ကျွန်တော်က သူမကို ပြုံး၍ စိုက်ကြည့်နေတော့ သူမ
ခေါင်းငုံ့သွားပါတယ်။

"နွေရိပ်နဲ့ အခုလို ခင်မင်ခွင့်ရမယ်လို့ ကျွန်တော့်ကိုယ်
ကျွန်တော် မထင်ခဲ့မိဘူး။ အဲဒီအတွက် ကျွန်တော် နွေရိပ်ရဲ့
နှယ်တွေကို အရမ်းကျေးဇူးတင်မိတယ်"

သူမက ရယ်ချင်ဟန်ရှိသည်။ ကျွန်တော်က ဖျတ်ခ
တစ်ခုခုကို သတိရမိတာကြောင့်...

"ဒါနဲ့... မနက်ဖြန်မနက် အာရုံမတက်ခင် အပါမနေ
ဆွမ်းပတ်မှာ ဆွမ်းလောင်းလေ့ ရှိသလား နွေရိပ်"

"လောင်းပါတယ်... ဘာဖြစ်လို့လဲ ရှာန်ရှာန်"

"ကျွန်တော့် မနက်ဖြန် ဘုန်းကြီးကျောင်းသား စ,ဖြစ်ရ
နွေရိပ်ရဲ့"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော်က သူမကို စိုက်ကြည့်ရင်း ခပ်တိုးတိုးပြော
မိသည်။

"ကျွန်တော် နွေရိပ် ဆွမ်းလောင်းတာကို မြင်ဖူးချင်
တယ်လေ... ဘယ်လိုလဲ နွေရိပ်"

သူမက "အို..." လို့တော့ မရေရွတ်ပေမယ့် ရှက်ရှက်
နဲ့ ခေါင်းငုံ့သွားတာ ကျွန်တော် မြင်ခဲ့ပါသည်။

ငါ့ရင်ထဲက ချစ်ခြင်းတွေအတွက် မင်း မရှက်ပါနဲ့
မိန်းကလေးရယ်...။





သုံးနာရီထဲက ဝိရိယကောင်းနေပြီး တစ်ယောက်ပြီး
ယောက် လိုက်နှိုးနေတဲ့ ရှာန်ရှာန်ကို ဟိုနစ်ကောင်က
တောက် ဗျစ်တောက်။ ကိုလှစိန်ကတော့ ကျွန်တော့်ကို
ည့်ပြီး ရယ်နေမိပါတယ်။ အိပ်လို့မရမယ့်အတူ ကိုလှစိန်နဲ့
ူ ထမင်းကြော် ဗိုင်းကြော်ပေး၊ ငါးရံ့ခြောက် မီးဖုတ်
နဲ့ အလုပ်ရှုပ်ပေးလိုက်သေးတယ်။ ဒီကောင်တွေက အားလုံး
ဆင်ပြီးမှ ထမင်းစားခန်းထဲ ဝင်လာပါတယ်။

"ဟာ... အောင်ဆင့် မင်းရော လိုက်မှာလား"

အောင်ဆင့်က ခုံမှာဝင်ထိုင်ရင်း...

"လိုက်ရမှာပေါ့ဟ... တစ်ခါတလေလေး ပဖြစ် ဖြစ်တဲ့
ည်းနဲ့ မရ,မက ကုသိုလ်လေး ယူရမှာ"

ဖင်ကိုကတော့ ထမင်းကြော်ဝါးသံနဲ့ ကျွန်တော့်ကို
ကစောင်းထိုးရင်း...

"ကုသိုလ်တစ်ဝက် ရဲတစ်ပိဿာတဲ့နော် ဗိုင်း"

ဗိုင်းက ရယ်နေတော့ ရှာန်ရှာန်က...

"ဟော့ကောင်... ဗိုင်းနဲ့ ငါနဲ့က အကြံတူသော
ယ်ချင်းတွေပါကွ၊ ဟား ဟား ဟား ဟား"

ဖင်ကိုက အခုမှ သတိရဟန်နဲ့...

"ဟုတ်ပါ့ကွာ... ငါ မေ့နေတာ၊ တောက်... ဆန္ဒ
ဒီရပ်ကွက်ထဲမှာရှိ ဘယ်လောက်ကောင်းလိုက်မလဲ"

"မင်းကရော သူ့ကို ချစ်တယ်ဆိုတယ်၊ အာလော
သလ္လာမှုလေး ပြောပြီးလို့လား"

ရှာန်ရှာန် စကားကြောင့်...

"မပြောရဲသေးဘူးကွ... ငါပြောတော့လည်း သူ
နောက်နေတယ် ထင်တာ"

"သေလိုက်ပါတော့ကွာ"

"မသေပါရစေနဲ့ဦး ရှာန်ရှာန်ရယ်၊ ခွေ တစ်ခွေလော
နဲ့ ဆန္ဒ အချစ်ကို ရပါရစေဦး"

ကိုလှစိန်ကတော့ ကျွန်တော်တို့ကို ပြုံးပြီး ကြည့်
ပါတယ်။

"ကဲဟေ့... စားပြီး ဆွမ်းချက်ဖို့ လိုက်ပြီး နှီးဆော
ရဦးမယ်၊ မင်းတို့ ဓမ္မာရုံ တန်းသွားမှာလား"

"ကျွန်တော်တို့ပါ ဘွဲ့နွှော လိုက်အော်မယ်လေ"

မိုင်းရဲ့ စကားရဲ့ အဆုံးမှာ ဝုတ်ခေါက်ခံကြပါတယ်

စားခန်းသောက်ခန်း ပြီးတော့ လက်နှိပ်ဓာတ်
တစ်ယောက်တစ်ခုစီ ကိုင်ကာ ထွက်လာကြပါတယ်။ ပြီးတော
ရောင်ကို ဝင်ခေါ်၊ ချစ်မင်းနဲ့ လမ်းထဲက ချာတိတ်တွေ
ဝင်ခေါ်သည်။

လမ်းထဲက ပန်းချီဆရာ ကိုမိုးကြီး၊ ရုပ်ကွက် အတွင်
ရေးမှူး ကိုမြင့်နဲ့ ကျွန်တော်တို့ဆီက အောင်ဆင့်၊ ချစ်မင်း
ကောင်လေးတွေက အနောက်ပိုင်းကို ဘွဲ့နွှော အော်ရန် ထွက်သွာ





ကြသည်။ ကိုလှစိန် ကျွန်တော်တို့သုံးယောက်နဲ့ ရောင်က
အကြီးအစည်ကောင်းကောင်းနဲ့ အရှေ့ပိုင်းကို တာဝန်ယူသည်။
နှမ်းစိမ့်စိမ့် ရာသီနဲ့အတူ ပထမပိုင်းမှာ ကိုလှစိန်တစ်လှည့်
ရောင်တစ်လှည့် အော်သည်။ နောက်ပိုင်း ကျွန်တော်တို့
သုံးယောက်ပေါင်း အော်ရင်း အော်ရတာ အရသာ တွေ့လာသည်။
ဘိတ်ဆိတ် အေးချမ်းတဲ့ မိုးမသောက်ခင် ဟိုးအဝေး အုပ်စုတွေ
ဆီက "ဘွဲ့နွှော" အော်သံတွေ ကျွန်တော်တို့ရဲ့ "ဘွဲ့နွှော"
နှီးဆော် အော်သံတွေက ငြိမ်းချမ်းတဲ့ ကဗျာသံစဉ်လို...

"ဆွမ်းချက်ရန် ထတော်မူပါ ဘွဲ့နွှော သပုရိသ နွယ်ဝင်
သူတော်စင် အပေါင်းတို့..."

တချို့အိမ်တွေက မီးတွေထွန်းကြသည်။ အပြန်အလှန်
နှုတ်ဆက်သံ၊ နောက်ပြောင် ရယ်မောကြနဲ့ မနက်ခင်း တစ်ခုရဲ့
ဥဒါန်းကို ကျူးရင့်ကြသည်။ သန့်ရှင်းလတ်ဆတ်တဲ့ အရယ်
အပြုံးတွေ မာယာမပါတဲ့ မျက်နှာတွေဟာ နေရောင်ခြည်
မထိသေးခင် အေးချမ်း ငြိမ်းမြနေပါသည်။

"ဘွဲ့နွှော..."

"သူတို့သုံးယောက် ပြိုင်တူ အော်အပြီးမှာ ခြတ်ခါး
ခွင့်သံ ကြားရပါသည်။ ကျွန်တော်တို့ အမှတ်တမဲ့ လှမ်းကြည့်
တော့ ခြတ်ခါး မီးတိုင်အောက်မှာ ဆံပင်တွေကို ကမိုကရို
သိပ်တင်ထားတဲ့ သုံးဆယ်ကျော်ကျော် မိန်းမပျိုတစ်ယောက်
ကို တွေ့ရသည်။

အဲဒီအစ်မကြီးက အေးအေးချမ်းချမ်းလေး ပြုံးပြပြီး ကျွန်တော်တို့ အားလုံးထဲ ဦးတည်ပြီး စကားတစ်ခွန်း ဆိုပါတယ်။

"ဖေဖေက ဒီက အားလုံးကို တစ်ခုခုနဲ့ ဧည့်ခံချင်လို့တဲ့ အိမ်ထဲ ကြွပါဦးရှင်"

သူတို့သုံးယောက်တောင် ဒီအစ်မကြီးရဲ့ ဧည့်ဝတ် ကျေပွားကြောင့် လူကြီးလူကောင်းလိုလို ဖြစ်သွားသည်။ ဒီနေ့ သူတို့သုံးယောက် ကော်လံကတုံးလက်တို အဖြူတွေ ဝတ်ဆင်ထားရသည်။ အစ်မကြီးက ဦးဆောင်ပြီး အိမ်ထဲဝင်သွားပါတယ်။ တစ်ထပ်တိုက်ပုလေးရဲ့ တံခါးဝ,မှာ လူကြီးတစ်ယောက်က ပြုံးပြုံးရွှင်ရွှင်နဲ့ စောင့်ကြိုနေပါတယ်။ ရေဘင်က သူတို့ နားကပ်ပြီး ခပ်တိုးတိုးဆိုပါသည်။

"မနှင်းအေး ဆိုတာ သူပေါ့ကွ"

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြပြီး ပြုံးစိစိ ဖြစ်ကုန်ပါသည်။

"လာဟေ့... မောင်လှစိန်၊ ဦးလေး မင်းတို့ကို ထွက်မျှော်နေတာ"

အိမ်ထဲမှာ နေရာထိုင်ခင်းပေးပြီးတော့ မနှင်းအေးက–

"ခဏလေးစောင့်ပါနော်... ကျွန်မ တစ်ခုခု သွားစီစဉ်လိုက်ပါရစေ"

"ဟာ... မဟုတ်တာ မနှင်းအေးရယ်"

ကိုလှစိန်က အားနာဟန်ပြုတော့ ကျွန်တော်တို့က ဝင်ရောရပါတယ်။





"အစ်မနှင်း... သားတို့ ဝိုင်းကူပေးရမလား"

"ဟုတ်တယ်... အားမနာနဲ့"

အဘိုးကြီးက ကျွန်တော်တို့ရဲ့ ရင်းရင်းနှီးနှီး ပုံစံကြောင့် သဘောကျဟန် ရှိသည်။

"ဒီကလေးတွေ ကြည့်ရတာ တက်ကြွနေတာပဲ၊ ဦးတို့ ယ်ငယ်က အတိုင်းပဲကွ မောင်လှစိန်"

မနှင်းအေးကတော့ ကိုယ့်အစ်မရင်း တစ်ယောက်လို ်လိုဖွယ်စွာ ပြုံးပြရင်း...

"ရပါတယ်... မောင်လေးတို့ရယ်"

ရေဘင်ကပဲ ကျွန်တော်တို့အားလုံးကို မနှင်းအေးတို့ ားအဖနဲ့ မိတ်ဆက်ပေးပါသည်။ မိုင်းက အရင်ကတည်းက င်းနှီးနေသူ တစ်ယောက်လို...

"ဘဘ... ကိစ္စတစ်ခုခုရှိရင် သားတို့ကို ခေါ်ခိုင်းလိုက်၊ ားတို့ လာခဲ့မယ်၊ မုန့်တော့ နည်းနည်းပါးပါး ကျွေးပေါ့"

အဘိုးကြီးနဲ့ မနှင်းအေးက သဘောကျစွာ ရယ်ပါည်။ မနှင်းအေးက ခဏလို့ပြောပြီး အိမ်ထဲဝင်သွားပါတယ်။ အောင့်ကြာတော့ လင်ပန်းတစ်ခုထဲမှာ ရှမ်းခေါက်ဆွဲပန်းကန်တွေ ထည့်လာပြီး ကျွန်တော်တို့ စားသောက်ရန် ပြင်ဆင်ပလာခဲ့ပါတယ်။

တကယ်လည်း စားကောင်းကြပါတယ်။ စားသောက်ပြီးတော့ ကိုလှစိန်က ဆွမ်းထွက်ရမှာမို့ နှုတ်ဆက်ပြီး ပြန်လာ

ခဲ့ပါတယ်။ အဘိုးကြီးက သူတို့ကို ကြိုက်တဲ့အချိန် ဝင်လာ စားသောက်ရန် မှာပါတယ်။

ကိုလှစိန်ကတော့ မနှင်းအေးကို စေ့စေ့မကြည့်ရဲ မနှင်းအေးကလည်း ကိုလှစိန်နဲ့သာ စကားပြောရန် ရှိုးတိုး ရှန့်တန့် ဖြစ်နေသော်လည်း ကျွန်တော်တို့နဲ့ကျတော့ ပြောရဲဆိုရဲ ရှိပါသည်။

ဓမ္မာရုံကို လျှောက်လာခဲ့ကြတော့ တစ်လမ်းလုံး ကိုလှစိန် ကို နောက်ပြောင်လာခဲ့ပါတယ်။ ကျွန်တော်တို့ သုံးယောက် ကလည်း ကိုလှစိန်နဲ့ မနှင်းအေး အဆင်ပြေရန် အစီအစဉ် ရှိပါတယ်။

ဓမ္မာရုံရောက်တော့ ဝတ်ထားတဲ့လုံချည်နဲ့ ဓမ္မာရုံက ပုဆိုးဖြူတွေနဲ့ လဲဝတ်ရပါသည်။

ကိုယ့်အပိုင်က ခေါင်းဆောင်တွေက လက်ဆွဲလျှပ်စစ် ဓာတ်ခဲတွေနဲ့ လက်နှိပ်ဓာတ်မီးတွေ ကိုင်ဆောင်ထားကြသည်။

မိုးနဲ့ ဖင်ကိုက ထမင်းစားပွဲကို သံချိတ်လေးချောင်း တပ်ဆင်ထားတဲ့ ဆိုင်းထမ်းကို ထမ်းရသည်။

တချို့က ထမင်းတောင်းတွေ ထမ်းတယ်၊ တချို့ကတော့ ဟင်းချိုတွေ ပေါင်းထည့်တဲ့ ဟင်းလိုက်ချိုင့်တွေ ဆွဲသူကဆွဲ။

အားလုံး ပြင်ဆင်ပြီးတော့ သူတို့အားလုံး ဘုန်းကြီး ကျောင်းဆီ ဦးတည်ကြပါတယ်။ စရပ်ဘုန်းကြီးကျောင်းဆီ ရောက်တော့ ဘုန်းကြီးက ညွှန်ခံ ကျွေးမွေးပါသေးတယ်။





မြို့ကြီးပြကြီးမှာ အစဉ်အလာကောင်းတဲ့ ကျေးလက် အငွေ့တွေ ကျန်နေသေးတာ သူတို့သုံးယောက်အတွက် အထူး အဆန်းဖြစ်ရင်း ကြည်နူးမိသည်။

ဒီပြင်ကျောင်းတွေက ရဟန်းတွေ၊ ကိုရင်တွေ ရောက် လာသောအခါ စ,ထွက်ဖြစ်ကြသည်။ ရှေ့ဆုံးမှာ အော်သူက ရေဘင်...

သံဃာတော် အစဉ်အလိုက် ညီညာစွာ ဆွမ်းပတ် ထွက်လာခဲ့ကြတာ တသီတတန်းပါပဲ။ သံဃာဆယ်ပါးမှာ တစ်ယောက်ကျ လက်နှိပ်ဓာတ်မီးတွေ ကိုင်ဆောင်ကာ လမ်းပြရ ပါတယ်။

တချို့က ဆွမ်းလောင်းသူတွေ မြင်သာအောင် လက်နှိပ် ဓာတ်မီး ထိုးပေးကြတယ်။ အိမ်ရှေ့တွေရဲ့ရှေ့မှာ တချို့က ဖယောင်းတိုင်တွေ မီးပုံလေးတွေ ထွန်းပြီး ,သံဃာတော်တွေ မြင်သာ လျှောက်လှမ်းနိုင်အောင် ထွန်းညှိပေးကြတယ်။

ချာန်ရျာန်က နောက်ဆုံးကိုရင်လေးနဲ့ ဘေးမှာ ဆွမ်းချိုင့် ဆွဲရင်း လိုက်ပါလာခဲ့ရပါတယ်။ ကိုရင်လေးက သူ့ကို မော့ ကြည့်ရင်း...

"ဒကာကြီး... ကိုရင် ရှေ့ကိုသွားလို့ မရဘူးလား"

ချစ်စဖွယ် ကြည်ညိုဖွယ် ကိုရင်လေးရဲ့စကားကြောင့် သူက ရယ်မောရင်း မေးမိသည်။ ကိုရင်လေးက နှာရည် တစ်ချက်ရှုံ့ရင်း

"ဦးဇင်းတွေက အများကြီး။ အားလုံး အလှည့်ကျ
လောင်းပြီးရင် ကိုရင့်အလှည့်ကျရင် ဆွမ်း မရှိတော့ဘူး"

ကိုရင်လေးက ဆွမ်းမရလို့ ပြောတဲ့အခါ သူက ပြန်နှစ်သိမ့်လိုက်ရပါသေးသည်။

နှစ်လုံး အပြီးတွက်ပြီး မိန်းမ အသုပ်ရောင်းတာ ထိုင်စားတဲ့ ကိုလေးအောင်ကြီး အိမ်ရှေ့ရောက်တော့ သူက ရယ်ကျဲကျဲနဲ့...

"အခုလို လောင်းရတဲ့ ကုသိုလ်ကြောင့် နောင်ဘဝဒေ ဒီဘဝပါ ချဲသမား မဖြစ်ပါစေနဲ့ဗျာ"

ကိုလေးအောင် မိန်းမ မအေးစန်းက ရယ်ပါသည်။ ကိုလေးအောင်ကတော့ ခေါင်းကုပ်ကာ ရယ်ရမလိုလိုနဲ့ သွား အဖြဲသား။

အစ်မ မနှင်းအေး အိမ်ရှေ့ရောက်တော့ ယောဂီတဘက် လေး ပခုံးပေါ်တင်ပြီး သူ့ကိုနှုတ်ဆက်သည်။ ဒီတစ်ခါတော့ ကိုရင်လေးက ဆွမ်းရလိုက်ပါတယ်။ မနှင်းအေးအဖေ မရှိတော့ ကြောင့်...

"အစ်မ... ဦးလေး ကိုလှစိန် ဘာပြောသွားသေးလဲ ဆုတွေ ဘာတွေ မပေးဘူးလား"

မနှင်းအေးက ရှက်ရှက်နဲ့ ခေါင်းငုံ့ ရယ်နေပါသည်။

ဒီတစ်လမ်းဝင် ဟိုဘက်က တစ်ပတ် ပတ်မိသောအခါ ကျွန်တော့်ရင်တွေ တဒိတ်ဒိတ် ခုန်လာပါသည်။ ဘာဖြစ်လို့လဲ ဆိုတော့ ခပ်လှမ်းလှမ်းမှာ ချစ်သူရဲ့အရိပ်ကို စတွေ့ခဲ့ပြီလေ





သူမက သံဃာတော်တွေကို လေးလေးစားစား ဆွမ်း လောင်းနေပါတယ်။ အနားက ဖြတ်ကျော်သွားတဲ့ ဟိုနှစ်ကောင် က...

"မင်းကတော့ ကုသိုလ်ကံထူးတာပေါ့ကွာ" လို့ လှမ်းအော် သွားသည်။ ဒီအသံဟာ မိုင်းကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ပါ။ ကိုရင်လေးရဲ့ ရှေ့တစ်ပါးကျော် ကိုရင်တစ်ပါးကို ဆွမ်းလောင်း နေတဲ့ နွေရိပ်ကို ကျွန်တော် ရပ်တံ့စောင့်ဆိုင်းရင်း ငေးကြည့် နေမိသည်။

မိန်းမတစ်ယောက်ရဲ့ ပင်ကိုအလှဆိုတာ ဒီလို ကပိုကရို အေးအေးချမ်းချမ်းလေး ပကာတိပုံရိပ်ကို ပြောတာလား။

ပြောင်ပြောင်တင်းတင်း မျက်နှာလေး... အိပ်ရာထ,စ မို့မို့အစ်အစ် မျက်ခွံတွေ ဆေးရောင်မဆိုးထားတဲ့ ပန်းသွေးရောင် နှုတ်ခမ်း။ မျက်ဝန်းကို ကာရံထားတဲ့ မျက်တောင်ကော့ကော့တွေ၊ ဆံပင်တွေကို စုစည်းကာ ကျောမှာချထားပြီး အညိုရောင် တဘက်လေးကို ပခုံးပေါ်တင်ထားပါသည်။

အဖြူရောင် ကော်လံနဲ့ မိန်းမဝတ် အင်္ကျီတစ်ထည်ကို သူမ ဆင်မြန်းထားပါတယ်။

ကျွန်တော့်အတွက်တော့ ဒီနွေ့ပုံရိပ်ဟာ ပိုပြီး စွဲမက်ဖွယ် ကောင်းတာတော့ ဝန်ခံရပါတယ်။ နွေရိပ်က ကိုရင်လေးကို ဆွမ်းမလောင်းမီ ကျွန်တော့်ကို ပြုံးပြပါ၏။

ရွှေသမင်စာပေ

ကိုရင်လေးကို ဆွမ်းလောင်းပြီး ပြန်အမှာမှာ ကျွန်တော်က မထင်မှတ်ဘဲ အခုလို ပြောလိုက်မိပါသည်။

"ရေလိုအေး၍ ပန်းလို ငြိမ်းချမ်းကြပါစေ၊ သာဓု... သာဓု... ကျွန်တော် နှစ်ကြိမ်ပဲ ခေါ်ခဲ့တယ်နော် နွေရိပ်"

သူမက အပြုံးရောင်သွားတန်းလေးတွေ ပေါ်အောင် ရယ်ရင်း...

"ချာနီချာနီက ကျွန်မထက် စောသွားတာပေါ့၊ ကျွန်မထ အရင် သာဓု ခေါ်မလို့ပါ၊ ချာနီချာနီက ဒီလိုဆိုတော့လည်း မထင်ရဘူးနော်"

ကျွန်တော်က ခပ်လှမ်းလှမ်း ရောက်နေပြီဖြစ်တဲ့ သံဃာတော်တွေကို လှမ်းကြည့်ရင်း...

"ဘာဖြစ်လို့လဲ... ကျွန်တော့်ပုံပဲ ပေါ့ပျက်ပျက်ပုံပေါက်နေလို့လား"

သူမက ကျွန်တော့်စကားကြောင့် ပျာပျာသလဲလဲ ပြောပါတယ်။

"ဟိုလေ...ချာနီချာနီက နာမည်ထွက်နေပြီလေ၊ ရက်မိုးဆိုတော့"

ကျွန်တော်က ပြုံးရင်း...

"ရက်စ်ပါလည်း ကုသိုလ်လုပ်လို့ရပါတယ် ကလေးရဲ့ နောက်တစ်ကြိမ် ထပ်တွေ့ကြမယ်နော် နွေရိပ်... သွားပြီ"





ကျွန်တော် ပြောအပြီး လက်ပြကာ ကိုရင်လေးနားဆီ ရောက်အောင် အမြန်ပြေးလိုက်ရပါသည်။ ကိုရင်လေးနား ရောက်တော့ သူမဆီကို လည်ပြန် လှည့်ကြည့်သာအခါ ကျွန်တော့်ကို ငေးတွေတွေငေးငေး ကြည့်နေသော သူမကို တွေ့လိုက်ရတာပေါ့။

ကျွန်တော် လက်ပြတော့ သူမကလည်း လက်ပြန်ပြပါတယ်။

တဖြည်းဖြည်း နီးလာတဲ့ ဆန္ဒတွေဟာ မနက်ခင်းမှာ ခင်းပြုံးစ နေမင်းလိုပါပဲ။

တန်ဖိုး သတ်မှတ်လို့ မရနိုင်တဲ့ အချစ်တွေ မပျောက်ဆုံးပါစေနဲ့လို့ ဆုတောင်းရမှာပေါ့ နွေရယ်။

ရိုက်ကွင်းစတည်ရန် ကိုသီဟနဲ့ တိုင်ပင်။ မော်ဒယ် အဖြစ် သရုပ်ဆောင်မယ့် နွေရိပ်ကိုလည်း မရိုက်ခင် အစ လုပ်နိုင်းရပါသေးသည်။

ကိုသီဟရဲ့ ရိုက်ကူးရေးအဖွဲ့၊ ကျွန်တော့် အဖွဲ့ဖြစ် ဇင်ကိုရဲ့ဆန္ဒ၊ ပြီးတော့ ဖက်တီး၊ နောက် ရျာန်ရျာန် စုပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းပံ့ပိုးပေးကြတယ်။

မပိုး မရှိတော့ ရျာန်ရျာန်က နွေရိပ်အနားမှာ တစ်ရစ်ဝဲ သူ့ကိုယ်သူ ရှုတင်မန်နေဂျာလို့များ ထင်နေလား မသိ အကြောင်းသိချင်းမို့ ကိုသီဟက ...

"ရှုတင်မန်နေဂျာ လက်သစ်လေးရေ... မင်းတေ လူစင်စစ်ကနေ တောက်တဲ့ ဖြစ်လိမ့်မယ်ဟ"

ဒီကောင်ကတော့ လုံးဝ အရှက်မရှိ။ ရယ်ကျဲကျဲ... နွေရိပ် ကတော့ ရှက်နေပါတယ်။ ဒီကြားထဲ မိတ်ကပ်ဆရာ အစန်းကလည်း ကန့်ကလျန့်နဲ့ ရျာန်ရျာန်အတွက် ဝိုင်းတော လှော်ပေးနေပါသေးတယ်။

ကိုသီဟက ကျွန်တော့်ကို ဆွေးနွေး တိုင်ပင်ပါတယ် မော်နီတာကို လိုက်ကြည့်နိုင်းလိုက်၊ ရိုက်ကွင်း တည်ထား နေရာကို ကင်မရာမင်း ကိုအေးနိုင်နဲ့ ကင်မရာ ချောင်းကြည့် ပေါက်မှတစ်ဆင့် ချောင်းကြည့်လိုက်နဲ့ ကျွန်တော် နည်းနည်း ဝင်ယောင်လိုက်ပါသည်။





ရိုက်လိုက်...: မှားလိုက်၊ ရယ်မောကြလိုက်နဲ့ ပျော်စရာ ကောင်းခဲ့တာ အမှန်ပင်။ ရျာန်ရျာန်အတွက်တော့ စိတ်ကြိုက် ကျွန်တော်ရဲ့ မာနမိဖုရားခေါင်ကတော့ ဒီလို ပျော်ရွှင်စရာ နိုးမှုနဲ့ အတော် အလှမ်းဝေးကွာဟန် တူသည်။

မာနတွေနဲ့ ပူလောင် ကျွမ်းမြိုက်တဲ့ သရုပ်ကို ပိုင်ဆိုင် ရုံကလွဲလို့ လူတစ်ဖက်သားရင်ကို ခံစား နားလည်ပေးဖို့ နာပါဟန်မတူ။

"ဟေ့ကောင်လေး... ဘာတွေ စဉ်းစားနေတာလဲ၊ ကြမယ်လေ"

"ဘယ်ကိုလဲ"

ကျွန်တော် အတွေးထဲမှာ စုံးစုံးမြုပ်နေတာကြောင့် ကိုသီဟ တရက် ပြောလိုက်တော့ နားမလည်နိုင်ဘဲ ပြန်၍မေးမိ သည်။

ဒါကို ကိုသီဟရော ဆန္ဒနဲ့ ဇင်ကိုကပါ ရယ်မောကြသည်။ ဆန္ဒ ဆိုရင် ...

"မိုင်း... နင် စိတ်နဲ့ လူနဲ့ မကပ်ပါလား၊ ဘာလဲ ဝင်းဦး လို့လား"

"ဘာလဲ... ဝင်းဦး"

ဆန္ဒက အရယ်သန်တဲ့ ကောင်မလေးမို့ အားအားတိုင်း ပါသည်။ ရယ်တာကိုက သူ့စတိုင်ပဲလေ။ ပျော်ပျော်လည်း ကောင်မလေးက နေတတ်သည်။

"ဟဲ့... ဦးဝင်းဦးရဲ့ သီချင်းလေဟာ၊ မမိုး သီချ
လေဟာ"

"အေးလေ"

ဇင်ကိုက ထောက်ခံရင်း ဆန္ဒ ပခုံးပေါ် သိုင်း
လိုက်တော့ ...

"နင်နော်... စကားရော ဖောရောနဲ့ အသားမယူ
နင်နဲ့ ငါက ဘာမှလည်းမဆိုင်ဘဲနဲ့"

အားလုံးက ဆန္ဒနဲ့ ဇင်ကိုကြောင့် ပွဲကျပါသည်။

"အခု လူစုံတုန်း အသားမယူပေမယ့် အချစ် ယူ
တယ်ဟာ၊ နင် ငါ့ကို ဘာလို့မယုံတာလဲ၊ ဆန္ဒ... နင့်ကို
တကယ်ချစ်တာပါ၊ နင့်ကို အရိုးပဲ ကိုက်ရကိုက်ရ... အဲလေ
မဟုတ်သေးပါဘူး။ ယောင်ကုန်ပြီ"

"ယောင်ကုန်ရင် ကီးမို့စ် သောက်လိုက်"

"နင် ငါ့ကို ချစ်နေတယ် မဟုတ်လား၊ ငါ မပြောသေ
နင် စိတ်ဆိုးနေတယ်ဆို"

"ဇင်ကိုနော်"

စက်အဖွဲ့က ကောင်လေးတွေက ရယ်ကြ၊ ရှာန
ဆိုရင် လက်ခေါက်တောင် မှုတ်လိုက်ပါသေးသည်။

ဣန္ဒြေ ရပါတယ်ဆိုတဲ့ နွေရိပ်တောင် မျက်ရည်စို့
ရယ်ပါသည်။

ကိုသီဟက သူတို့နှစ်ယောက်ထံ ရည်ရွယ်၍...





"ကဲ... ဇင်ကို၊ မင်း ထမင်းဆိုင်မရောက်ခင် ရအောင်
ဖြေတော့။ အဖြေရရင် မင်းတို့အုပ်စုကို ငါ ဒီနေ့ ဒကာ
ယ်"

"ကဲ...အချစ်ရယ်... လူတွေ ပြောနေကြပြီ၊ ဘယ်
ာင်းမလဲ၊ အဖြေပေးလိုက်တော့နော်၊ ကိုယ်စားမယ့် ဝေစုထဲက
ဝက်ခွဲကျွေးပါ့မယ်၊ အချစ်ပဲ...ကြက်ကုန်းဘောင်ကြီးကြော်
ချင်တယ်ဆို၊ ကလေးက လိမ္မာပါတယ်၊ ခေါင်းညိတ်လိုက်"

"နင်နော်..."

ဇင်ကို့ ကျောကုန်းကို တဖုန်းဖုန်းထုရင်း ရယ်သံတွေနဲ့
က်မှာ ကျန်ခဲ့သည်။

ပထမ တောင်းအေ့စ်ကားခေါင်းမှာ ကျွန်တော်နဲ့ ကိုသီဟ
င်သည်။ နောက်ခန်းမှာ စက်အဖွဲ့၊ နောက်က ကားအဖြူ
းပေါ်မှာတော့ ဟိုစုံတွဲ နှစ်တွဲနဲ့ အလှပြင်တဲ့ ဟာမိစန်းတို့
က်ပါလာကြတယ်။ ကားမထွက်ခင် ဖုန်းဝင်လာပါတယ်။
သီဟက ဖုန်းကိုင်ပြီး...

"ဟုတ်ကဲ့... ပြောပါ၊ ဩော်... မမိုးရိပ်ညိုလား။
တ်ပါတယ်... ကျွန်တော် သီဟပါ၊ အဆင်ပြေပါတယ်၊
ိုင်လား။ ဟား... အရမ်းအဆင်ပြေတယ်၊ သူ သိပ်မလုပ်
ါဘူး... အဆင်ပြေတယ်၊ အခုလား... ထမင်းသွားစား
မလို့၊ အင်း (.........)စားသောက်ဆိုင်လေ၊ သိတယ်
်လား၊ အကွေ့လေးတင်၊ ရှိတယ်...ရှိတယ်... မမိုးရိပ်"

ဖုန်းကို ကိုသီဟာက ကျွန်တော့်ကို ကမ်းပေးရင်း...

"မင်းမမက မင်းနဲ့ စကားပြောချင်လို့တဲ့"

"ဟုတ်ကဲ့... မိုင်းပါ..."

တစ်ဖက်က အတန်ကြာ တိတ်ဆိတ်နေပါသေးတယ်။ တငအောင့်ကြာမှ...

"မင်း စားသောက်ပြီးရင် ငွေရေးကြေးရေးတွေ စကားပြောဖို့ တို့နဲ့ လိုက်ရမယ်"

"ရပါတယ်"

"ဒါဆိုရင် မင်းစောင့်နေ တို့ လာခေါ်မယ်"

"ဟုတ်ကဲ့"

ဖုန်းကိုပိတ်ကာ ကိုသီဟာကို ပြန်ပေးလိုက်ပါတယ်။

"ဘာတဲ့လဲ"

"စရိတ်စကတွေ ရှင်းကြဖို့တဲ့"

ကိုသီဟာက ရယ်မောရင်း...

"မင်းကို ကားတင် ခိုးပြေးဖို့ အကွက်ဆင်နေတာ ထင်တယ်"

"မလိုက်နိုင်ပါဘူးဗျာ... ကျွန်တော်တို့က အားနွဲ့ ယောက်ျားသားတွေပဲ"

ပြောသာ ပြောရတာ... မိုးရိပ်ညို ဆိုတဲ့ မိန်းမ အလုပ်ကိစ္စကလွဲလို့ နှလုံးသားရေးရာကို သိပ်နားလည်ပုံ မရဘူး။





ဆိုင်ရောက်တော့ ရှာန်ရှာန်ကို မမမိုးရိပ်ညို လာမည် အကြောင်း၊ သိပ်ကျွေးမပျက်ဖို့ သတိပေးစကား ဆိုရသေးသည်။ ကျွန်တော်နဲ့ ကိုသီဟာက တမင်ပင် သတ်သတ်စားကြသည်။ စားသောက်ရင်း ကိုသီဟာက...

"လကုန်ပိုင်းလောက် ရုပ်ရှင်သီချင်း နောက်ခံတစ်ပုဒ်လောက် လုပ်ထားကွ၊ ပြီးရင် အဲဒီကားအတွက် မင်း နောက်ခံ ...းလုံး စီစဉ်ရလိမ့်မယ်၊ ရော... ဇာတ်ညွှန်းမိတ္တူ တစ်ခါတည်း ...သွား"

ကိုသီဟာက သူ့အိတ်ထဲက ဇာတ်ညွှန်း စာအုပ်ကို ...န်တော့်ကို ပေးတော့ ကျွန်တော် ကျောပိုးအိတ်ထဲထည့်သည်။

"မင်းရဲ့ ခွေအခြေအနေရော ဘယ်လိုလဲ"

ကျွန်တော် သက်ပြင်းချမိသည်။

"မထူးသေးပါဘူးဗျာ... အယ်ဒီတာ ကိုဝေညို ကတော့ ...ရှင်ဆရာ ရှာပေးမယ်လို့ ပြောတာပဲ"

"ခွေက ပြီးပြီလား"

"တစ်ဝက်လောက် မကြိုက်လို့ အသစ်ထပ်လုပ်မယ်လို့ ...တော့ ရည်ရွယ်ထားတယ်၊ ကျွန်တော်ရွေးချယ်ထားတဲ့ ဂီတ ...ဒန်ရော့ခ် အမျိုးအစားလေ၊ နှစ်ပုဒ်က မန္တလေးကလာတဲ့ ...ချင်းရေးဆရာ အသစ်လေးဆီ အလကားကိုပေးထားတာ၊ ...န်တဲ့အပုဒ်တွေကတော့ ကျွန်တော်နဲ့ ရှာန်ရှာန် ပေါင်းရေး ...ယ်လို့ စီစဉ်ထားတယ် ကိုသီဟာ၊ စိတ်သာ ရှိတာပါဗျာ...

ဒါတောင် ချာန်ချာန်နဲ့ ဇင်ကို တော်တော်ကို ကူညီထားတာ ငွေရေးကြေးရေးက အစ,ပေါ့လေ၊ ချာန်ချာန်ရဲ့ခွေက ထက်ပြ လေ၊ အဆင်ပြေပါတယ်၊ ဇင်ကိုလည်း ရှေ့လကို ထွက်မယ် ပေါက်မှာပါ၊ နိုးကူးခွေတော့ နည်းနည်းကြည့်ရမှာပေါ့"

ကိုသီဟက ကျွန်တော့် စကားတွေကြောင့် လေး မှိတ်ထုတ်ပါသည်။

"စိတ်မာတ် မကျပါနဲ့ကွာ... နောက်တော့ အဆင်ပြေ သွားမှာပါ၊ ငါတို့က အနုပညာသမားပဲ၊ အဆင်ပြေ မပြေ ကိုယ် လုပ်စရာရှိတာတော့ ပုံမှန် လုပ်နေရမှာပဲ"

"ကျေးဇူးပဲ အစ်ကို"

စားပြီး သောက်ပြီးတော့ မိုးရိပ်ညို့ရဲ့ နက်ပြောရောင် ကားလေး ရောက်လာပါတယ်။ တံခါးဖွင့် ဆင်းလာတော့ ထုံးစံအတိုင်း အံရောင်အသွေးလှလှ ဝတ်စုံကို မြန်မာဆန်ဆန် လေးဝတ်ဆင်ထားပြီး အနက်ရောင် နေကာမျက်မှန်ကို တပ်ဆင် ထားပါတယ်။ ထုံးစံအတိုင်း အသားကျနေတဲ့ ခပ်တည်တည် မာနတွေနဲ့ပေါ့။

ထိုင်,ထိုင်ချင်း ကျွန်တော့်ကို ဂရုမစိုက်ဟန်နဲ့ ကိုသီဟ ကိုသာ နှုတ်ဆက်ပြီး ကိုသီဟနဲ့ စကားပြောနေသည်။ ကိုသီဟက မမမိုးရဲ့ ပြပွဲပုံတွေကြောင့် အလွန်နာဟန် ရှိသည်။ ကျွန်တော် ကလည်း ဒီစရိုက်တွေနဲ့ ရင်းနှီးနေပြီမို့ စီးကရက်တစ်လိပ် မီးညှိကာ အဝေးကိုငေးရင်း အတွေးနဲ့ ငြိမ်သက်နေပါတယ်။





"ချာတိတ်... မင်း စီးကရက်ကို လွှင့်ပစ်လိုက်ပါလား"

ကျွန်တော် အတွေးရှိနေတာကြောင့် စကားသံအကြား ဆတ်ခနဲတော့ ဖြစ်သွားရပါတယ်။ နောက်မှ...

"ဘာဖြစ်လို့လဲ"

"တို့ စီးကရက်အနံ့ မခံနိုင်လို့"

ကျွန်တော် စီးကရက်သောက်တဲ့ အငွေ့က သူမထံ သွားပါ။ အပြင်ကိုသာလွှင့်ထွက်နေပါသည်။ ဒါကြောင့်လည်း...

"ကျွန်တော်ကလည်း ထမင်းစားပြီးရင် ခံတွင်းချဉ် တတ်လို့ စီးကရက်မသောက်ဘဲ မနေနိုင်ဘူး၊ ဒီတော့ ခင်ဗျား စကားပြောပြီးရင် ကျွန်တော့်ကို လှမ်းခေါ်လိုက်ပေါ့၊ ဟိုဘက်ဝိုင်း ကျွန်တော် ရှိမယ်"

ကျွန်တော်က ထ,ထွက်လာပြီး ဟိုကောင်တွေဝိုင်းဆီ သွားသည်။ ချာန်ချာန်က သူနဲ့ နွေရိပ်ညိုကြား ခုံတစ်လုံးကို ဆွဲထုတ်ပြီး နေရာပေးရင်းက...

"ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး... စီးကရက်နံ့ မခံနိုင်လို့တဲ့"

"မမကတော့ ဒီအတိုင်းပဲ မိုင်းရယ်၊ စိတ်မဆိုးပါနဲ့"

နွေရိပ်ညိုက ခပ်တိုးတိုး ဆိုတော့ ဇင်ကိုက...

"မပူပါနဲ့ နွေရိပ်၊ ဒီကောင်က သူ့နှလုံးသားကို မမမိုး ချေမယ် ဆိုရင်တောင် စိတ်ဆိုးမယ့်ကောင် မဟုတ်ဘူး"

"ဟာကွာ... နွေရိပ်ကို အားနာပါဦး"

"ရပါတယ်... သိနေပြီးသားဟာကို"

တစ်အုပ်စုလုံး ရယ်မိကြတော့ မမမိုးက ကျွန်တော့်ဆီ ပိုင်းကို တစ်ချက် လှမ်းကြည့်သည်။ ရျာန်ရျာန်က ခပ်တိုးတိုး ဆို၏။

"နဂါးတို့မျက်စောင်း အကြောင်းသုံးပါး မရွေးဘူးတဲ့"

"နဂါးမဟုတ်ဘူးကွ၊ မိုးရိပ်ညိုဆိုတော့ မိုးသည်းသည် ကောင်းကင်က မိုးကြိုးပစ်ချတာ ဖြစ်မယ်"

သဘောကျလို့ ရယ်တာတောင် ကြိတ်ရယ်ကြရတဲ့အဖြစ် ဆန္ဒ ကတော့ ကျွန်တော့်ကို အားပေးနစ်သိမ့်ပြီး...

"သိပ်တော့ မလွယ်နိုင်ဘူး... ဒီပွဲက"

"ရှော်ကော်ကြီးရဲ့ အပြင်းစားဗီလင်တွေ မထုက်သေးလို့ ပါကွာ၊ ပိုင်းရေ... စိတ်မလျှော့နဲ့"

"စိတ်တော့ မလျှော့ပါဘူးကွာ၊ စိတ်လျှော့လိုက်ရင်လည်း သေဖို့ပဲရှိတော့တာ"

"တော်တော့... လာနေပြီ"

အားလုံး ပြုံးစိစိနဲ့ ငြိမ်သက်သွားကြသည်။ မိုးရိပ်ညိုက သူ့ညီမကို တစ်ချက်ကြည့်ပြီး...

"နွေရိပ် ကိုသီဟ,ကတော့ ပြောတယ်၊ ခြောက်နာရီ ခုနစ်နာရီလောက်မှ ပြီးမယ်တဲ့"

ဒါကိုသီဟ အကြံအဖန်လုပ်ပြီလို့ ကျွန်တော် သိလိုက် ပါသည်။ ကတ်တွေကသိပ်မှမရှိတော့တာ။ ကျွန်တော် ဆန္ဒကို





ကြည့်လိုက်တော့ ဆန္ဒက ခပ်ရှက်ရှက်နဲ့ ဇင်ကို့လက်မောင်းကို လိမ်ဆွဲပါသည်။ ဩော်...ဒီကောင် အဆင်ပြေသွားပြီပေါ့။

"ကိုသီဟတို့ လိုက်ပို့မယ်ဆိုတော့ မမ လာမကြိုတော့ ဘူး။ မမလည်း ဒီနေ့ မိုးချုပ်မှာ၊ ထမင်းစား မစောင့်နဲ့တော့... ကဲ..."

ကျွန်တော့်ကို ခပ်စွေစွေလှမ်းကြည့်ရင်း သူမက သွားမယ် ဆိုတဲ့သဘော ပြောသည်။

"ဟင်... မင်းကဘယ်လိုက်သွားမလို့လဲ၊ မမမိုး ညစာ ဖိတ်ကျွေးလို့လား"

ရျာန်ရျာန်က အလုပ်အကြောင်းလို့ ရိပ်မိပေမယ့် တမင် အမြင်ကတ်ကတ်နဲ့ မသိချင်ယောင် ဆောင်ကာ ပြောပါသည်။ ကျွန်တော်က မမမိုးရှေ့မှာတင် တမင်စိတ်ပျက်သံနှင့် ရယ်မော ကာ...

"မမက အပိုတွေ သိပ်မလုပ်တတ်ဘူး။ ငွေရေးကြေးရေး ကိစ္စပါ... လစ်ပြီ"

ဇင်ကိုက မမ မမြင့်အောင် ကိုသီဟကို ညွှန်ပြပြီး ဖုန်းလှမ်းဆက်ဖို့ အချက်ပြသည်။ ကျွန်တော် ခေါင်းညိတ်ပြ လိုက်ပါတယ်။

ကျွန်တော်က ကားနားရောက်တော့ နောက်ခန်းတံခါး ဖွင့်ရန်ပြင်တော့...

"မင်း ရှေ့ခန်းကပဲ ထိုင်ပါ"

ကျွန်တော် ပြုံးမိပါတယ်။ စကားသံက မာဆတ်ဆတ်ချင်ဟန် ရှိသည်။

လမ်းတစ်လျှောက်လုံး ကားမောင်းလာရင်း တစ်ဦးနဲ့တစ်ဦး စကားမပြောဖြစ်ကြ။ ကျွန်တော်ကတော့ မမမိုးနဲ့ အတူနေရပေမယ့် ပျော်ရွှင် ကြည်နူးမယ့်အစား စိတ်ဆဲ ကျဉ်းကျပ်နေခဲ့ပါတယ်။

"မင်းနာမည်ကို 'မိုင်း'လို့ ဘာလို့ပေးတာလဲ"

ကားက မီးပွိုင့်တစ်ခုရောက်တော့ ခေတ္တရပ်တန့်သည်။

"အဖေက ကျောက်မိုင်းခွဲရတဲ့ ဝန်ထမ်းတစ်ဦးပါ။ ကျွန်တော့်ကိုမွေးတော့ အဖေက ဘယ်လောက်ပဲ မာကျောတဲ့ ကျောက်တောင်တွေ ဖြစ်ပါစေ ပြိုကွဲသွားအောင် မိုင်းတွေနဲ့ ဖြိုခွဲလို့ရတယ် ဆိုတဲ့သဘောနဲ့ ပေးခဲ့တာ"

"မင်းဘဝမှာ ဘယ်အရာတွေကို ဖြိုခွဲသွားပြီးပြီလဲ"

ဒီမေးခွန်းက စဉ်းစားစရာ... ရိသဲ့သဲ့ 'ရယ်လေသံလား ရယ်စရာ သဘောနဲ့ နောက်ပြောင်တာလား အသိရခက်သည်။

"ဖြိုခွဲဖို့ခက်ခဲတဲ့ အရာနှစ်ခု ရှိခဲ့တယ်"

မီးပွိုင့်က စိမ်းနေပြီ။ ကားလေးက လျှင်မြန်စွာ မောင်းထွက်သွားပါတယ်။ ကျွန်တော် ထပ်မပြောဖြစ်သေး။ မီးပွိုင့် ကျော်ကျော်လောက်က ခြံတစ်ခြံထဲ မမမိုးရိပ်က ကွေ့ဝင်၏။

ကားပါကင်ကို ကျင်လည်စွာ နောက်ဆုတ် ဝင်ရပ်သည်။ ဒါပေမယ့် နှစ်ဦးစလုံး ကားပေါ်က မဆင်းမိကြသေး။





စကား တစ်ခွန်းကို မမမိုး စောင့်နေသည်ထင်သည်။ လော့ခ်ကိုဖြုတ်၍ ကားတံခါးဖွင့်တော့ မမမိုးရိပ်က ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်က မဆင်းမိသေးခင်...

"ပထမတစ်ခုက ကံကြမ္မာပဲ၊ ဒီကောင်ကြီးက ကျောက်တောင်တွေထက် မာကျောမှန်း ကျွန်တော် သိလိုက်ရတယ်"

ကားပေါ်က ကျွန်တော် ဆင်းတော့ မမမိုးရိပ်ကပါ လိုက်ဆင်းသည်။

သီးသန့် စားသောက်ခန်းတစ်ခုကို မမမိုးရိပ်က ရွေးချယ်ခဲ့ပါတယ်။ နှစ်ဦးသား ငြိမ်သက်နေကြပါသေးတယ်။

နောက်တော့ ဒီအခြေအနေကြီးကို မနေချင်တဲ့ ကျွန်တော်က ကျောပိုးအိတ်ထဲက ကြော်ငြာနဲ့ ပတ်သက်တဲ့ ကုန်ကျစရိတ် စာရင်းစာရွက်ကို မမမိုးရိပ်ထံ လှမ်းပေးသည်။ မမမိုးရိပ်က လှမ်းယူရင်း စာရင်းစာရွက်ကို အသေးစိတ်ဖတ်အပြီး...

"မင်းရဲ့ဝန်ဆောင်ခကို ဘာလို့ မထည့်ထားတာလဲ"

ကျွန်တော် ခပ်ပါးပါးလေး ပြုံးလိုက်ပါတယ်။ ဒီအပြုံးတွေမှာ ဒဏ်ရာတွေပါခဲ့မှန်း မမမိုးရိပ် သိစေချင်ပါသည်။

"ကျွန်တော် ရခဲ့ပြီးသားပဲ မမမိုးရိပ်"

ကျွန်တော့်ရဲ့ စကားကြောင့် ကျွန်တော့်ကို အကြာကြီး ကြည့်နေပါတယ်။

အဲဒီအကြည့်ဟာ ခန့်မှန်းရခက်ခဲတဲ့ ပုစ္ဆာ တစ်ပုဒ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာသာပြန်ခက်ခဲတဲ့ ပုစ္ဆာတစ်ပုဒ်ဆို့ ပိုမှန်သည် ထင်သည်။

ဒါပေမယ့် တွေဝေမှုတော့ မဟုတ်ခဲ့ဘူး။ နူးညံ့ခြင်းလည်း မဖြစ်နိုင်။ ဆန့်ကျင်ဖက် အားလုံးထဲက ကြားခံတစ်ခုဆို ပိုမှန်နေမလားမသိဘူး။

"နောက်တစ်ခုက ဘာလဲ... မိုင်း"

ခက်ထန် မာကျောတဲ့စကား မဟုတ်ပေမယ့် နူးညံ့နေသည်လို့မဆိုလိုနိုင်။ မေးခွန်းကလည်း နာရီပိုင်းကြာမှ ပြန်မေးလာပေမယ့် ကျွန်တော်က သိနေခဲ့ပါသည်။

ကျွန်တော် နံရံပေါ်က ပန်းချီကားကို ငေးကြည့် နေရင်း...

"မိုင်းနဲ့ ဖြိုခွဲခွဲ အက်ဆစ်နဲ့ပဲ လောင်းလောင်း ဘယ်လိုမှ မဖျက်ဆီးနိုင်တာက..."

ကျွန်တော် စကားကိုရပ်တန့်ကာ မမမိုးရိပ်ကို ရင်ဆိုင်ကြည့်လိုက်မိသည်။

ကျွန်တော့်မျက်ဝန်းတွေက သေချာကြည့်စမ်းပါ မမမိုးရိပ်၊ စကားတွေ အများကြီး၊ အဖြေတွေ အများကြီးပါတဲ့ ကျွန်တော့်ရဲ့မျက်ဝန်းကို မမမိုးရိပ်က မဲသွေမဖည် ရင်ဆိုင်ကြည့်ခဲ့ပါတယ်။

ကျွန်တော်ကပဲ မျက်နှာလွှဲရင်း...

"အချစ်လို့ ခေါ်တယ်"





ကိုယ့်နှုတ်ခမ်းကို ကိုယ်ပြန်ကိုက်မိရအောင်ကို ရင်ထဲမှာ မောပန်း တင်းကျပ်နေပါရဲ့။

"ချာတိတ်က စိတ်ကူးယဉ်သမား တစ်ယောက်ပဲကွ"

ကျွန်တော် ဖျတ်ခနဲ မမကို ကြည့်မိတော့ လှောင်ရယ် မောနေသလို နှုတ်ခမ်းတွေကို သတိထားမိလိုက်၏။

"ကျွန်တော်က အနုပညာသမားပါ၊ စိတ်ကူးဆိုတာ ဒီပွဲပညာရှင်ကနေ ဟိုးအောက်ခြေ လူတန်းစားအထိ နည်းအမျိုးမျိုးနဲ့ စိတ်ကူးယဉ်ရတာ မဆန်းပါဘူး၊ စိတ်ကူးကနေ ာက်တွေ့ကို မွေးဖွားဖို့ ကြိုးစားကြတာ ဖြစ်ပျက်လေ့ရှိတဲ့ လုပ်ရိုးလုပ်စဉ်ပဲလေ၊ အတွေးနဲ့စိတ်ကူးဆိုတာ ကျောချင်းကပ် ဆိုင်နေတဲ့ လူနှစ်ယောက်ပဲ မမမိုးရိပ်"

"မင်းက အလာကြီးပါလား"

"မဟုတ်ဘူး... ရင်ထဲရှိတာ ပြောပြမိတာပါ"

စားပွဲပေါ်က စားစရာတွေက အရာမယွင်းသေး။ မမမိုးရိပ်က စ,စားဖို့ ပြင်ဆင်သည်။ ကျွန်တော်က စားဖို့ လုံးဝ မစ,တင်။ ဒါကို မမမိုးရိပ်က သတိပြုမိဟန်တူသည်။

"မင်း စားလေ... ချာတိတ်"

ကျွန်တော် ခေါင်းခါတော့ မမမိုးရိပ်က မျက်ခုံးတွန့်သည်။

"ဘာဖြစ်လို့လဲ"

"ဒီနေ့ ဒီအချိန်မှာ မမမိုးရိပ်ကို စကားတစ်ခွန်းပြောဖို့ လိုအပ်နေတယ် မမ၊ မမကျွေးတဲ့ အစားအစာကို စားပြီး စကားပြောရမှာ ကျွန်တော် ဝန်လေးနေတာ အမှန်ပဲလေ"

မမမိုးရိပ်ညိုက ရွှန်းနဲ့ခက်ရင်းကို ကိုင်လျက် တွေး ငြိမ်သက်သွားပါတယ်။ နောက်တော့ ကျွန်တော် မထင်မှတ် စကားတစ်ခွန်းကို စပြောပါတယ်။

"မင်းက လုပ်အားခမှ မယူခဲ့တာ၊ ဒီဝိုင်းက မင်းကျွေး အစားအစာလို့ တို့ သတ်မှတ်လိုက်မယ်၊ ဘယ်လိုလဲ... ဒါပေမယ့်..."

ကျွန်တော့်ကို ထပ်မဆက်သေးတာ ကျွန်တော့်အတွ အခက်အခဲ ထပ်ဆက်ပြန်တော့လည်း...

"မင်းကို အခွင့်အရေး ပေးလိုက်တာပါ၊ ဒါ တို့တာဝအတွ အထူးအခြားဆုံးပဲ၊ ဒါပေမယ့် မင်းကို လိုက်လျောတယ်လို့တော မထင်နဲ့၊ တို့စိတ်မှာ ဘာမှမရှိသေးတာ မင်း သိစေချင်တယ်

မမမိုးရိပ်က ခေါင်းငုံ့လျက် စားနေပါတယ်။

"ကျွန်တော့် မိတ်ဆွေတစ်ယောက်က ကျွန်တော့် ပြောဖူးတယ်၊ အလှူတစ်ခုကို သူသွားတော့ ဝိုင်းတစ်ဝိုင်း သူဝင်စားမိတယ်တဲ့၊ အလယ်မှာ ကြက်သား၊ ဝက်သားတွေ ပန်းကန်နဲ့ အပြည့်ထားပြီး ချဉ်ပေါင်ဟင်း ပန်းကန် တစ်ခွက်ကိုလည်း အပြည့်ပေါ့။

"သူ စားရင်းကြည့်နေတဲ့အချိန်မှာ ကြက်သားနဲ့ ဝက်သ ကို လူတွေက အလုအယက် စားနေကြတာ သူ မြင်တယ် ဒါပေမယ့် နင်းကန်စားသောက်ပြီးရင် ချဉ်ပေါင်ဟင်းရည်လေး ထမင်းမနင်အောင် သောက်နေကြတာ သူ တွေ့နေတယ်





"စားပြီး သောက်ပြီးလို့ အလှူရှင် လာဧည့်ခံတဲ့အခါ ဝိုင်းက ချဉ်ပေါင်ဟင်းရည် သိပ်ကောင်းကြတာပဲ ချီးမွမ်း ယ်တဲ့၊ ကြက်သား ပန်းကန်၊ ဝက်သား ပန်းကန်ကတော့ ပဲလေ၊ အလှူရှင်ကလည်း မြင်နေရတာပဲ။

"ကျွန်တော့် မိတ်ဆွေက တွေးတယ်၊ ချဉ်ပေါင်ဟင်း ကို ချီးမွမ်းတာ ဘာအဓိပ္ပာယ်လဲပေါ့၊ သူတို့ သိက္ခာအတွက် ကွယ်ခြင်းလား၊ ဒါမှမဟုတ် စားပိုးနင့်အောင် စားမိတဲ့အခါ လျော့လျှလျှ စားနိုင်တဲ့အတွက် ချီးမွမ်းခဲ့တာလားပေါ့"

မမမိုးရိပ်က ကျွန်တော့်ကို ငေးကြည့်နေခဲ့ပါတယ်။

"ကျွန်တော် မမမိုးရိပ် အဆင်ပြေချောမွေ့စေဖို့ တစ်ထောင့် နေရာက ချဉ်ပေါင်ဟင်းလေး တစ်ခွက်ဖြစ်ရင် ကျွန်တော် နပ်ပြီ မမ"

မမမိုးရိပ် မျက်ဝန်းတွေဟာ အရည်လဲ့ တောက်ပနေတယ်။ တွေ ပျောက်ဆုံးနေတာ ကျွန်တော် သတိထားမိသည်။ အိပ်မက် မဟုတ်ပါစေနဲ့ မမမိုးရိပ်။

"ကျွန်တော်... မမကို သိပ်ချစ်တယ်"

ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး ငေးကြည့်နေမိတယ်။ နိုင်တွေ ဘယ်လောက်ကြာအောင် ဖြတ်သန်းသွားခဲ့သည်မသိ။ ဒါပေမယ့်လေ မမမိုးရိပ်က သတိ ဝင်လာဟန်နှင့် ခနဲ ဖြစ်သွားကာ အပြောင်းအလဲ မြန်ဆန်ခဲ့ပါတယ်။ ဝန်းတွေသည် ချက်ချင်း မီးလျှံအရိပ်တွေလို ပြောင်းလဲ

သွားရုံမက စကားသံတွေလည်း ပြောင်းလဲခဲ့ပါတယ်။ သူ့
အိတ်ထဲက ဗိုက်ဆံတစ်ထုပ်ကို ကျွန်တော့်ရှေ့တွန်းပို့ပေးပြီး

"တို့ စားပြီးရင် ခဏနေပြန်ကြတာပေါ့၊ တို့ ကျ
ဝင်ရဦးမယ်"

ကျွန်တော် ခေါင်းညိတ်ပြပြီး အနည်းအကျဉ်း စားသေ
ပြီး ထွက်လာခဲ့ပါတယ်။ ခြားနားမှုတွေ တစ်ဆင့်ပြီးတစ်
ပြောင်းလဲသွားတဲ့ ပစ္စုပ္ပန်ဟာ ယုံကြည်နိုင်စရာမရှိခဲ့ပါ။ တ
တစ်ဦး ပိုမိုစီမံးကားလွှန်းသွားသည် ထင်စရာပါ။ ကားမို
ရောက်တော့....

"မင်းကို ဘယ်လိုက်ပို့ရမလဲ ဗိုင်း"

ကျွန်တော်က...

"ရတယ် မမမိုးရိပ်၊ ကျွန်တော် ဒီကနေပြီး ကိုယ့်
အစဉ်နဲ့ကိုယ် ပြန်တော့မယ်၊ လိုက်မပို့နဲ့တော့"

မမ,က ခေါင်းညိတ်ပြီး ကားပေါ်တက် စက်နှိ
မောင်းထွက်သွားပါတယ်။

ခြံထဲကထွက်ရင်း ပတ်ဝန်းကျင်ကို လှေ့လာကြည့်မိ
အရာရာဟာ အုံ့မှိုင်းနေပါတယ်။ ဘယ်သူတွေ တောက်ပ
ပြောင်ပြောင် ဝတ်စားထားထား ကျွန်တော့်အမြင်မှာ အုံ့
နေဆဲ...။





"အော့"

အမှန်က ကိုလှစိန်သည် သူ့ရှေ့က မနှင်းအေးကို "အေး"
ချစ်စနိုးနဲ့ ခေါ်လိုက်ခြင်းဖြစ်ပါသည်။ အလောတကြီး
နှုတ်မှရယ်၊ လေနင်သွားတာရယ်ကြောင့် တစ်ပိုင်းတစ်စနှင့်
ခုလို 'အော့'လို့ ဖြစ်သွားခြင်းဖြစ်သည်။

ရှေ့က သူ့အာရုံနဲ့သူ ဆွဲခြင်းလေးတစ်လုံးနှင့် ဈေးရှိရာ
က် လျှောက်လှမ်းနေတဲ့ မနှင်းအေးက အခုလို ကိုလှစိန်ရဲ့
ခေါ်သံကြီးကြောင့် ရုတ်တရက် အငိုက်မိလှည့်ကြည့်ရင်း မျက်နှာ
နဲ့ဖြစ်ကာ ခေါင်းကြီးငုံ့သွားပါတယ်။

နောက်မှ သတိဝင်လာဟန်နဲ့ ခြေလှမ်းကို ခပ်မြန်မြန်
လျှောက်မိတော့ ကိုလှစိန်က ထော့နင်း ထော့နင်းနဲ့ လျှောက်
း က...

"အော့... အဲလေ အေးရယ်... ကျွန်တော့်ကို စောင့်ပါဦး။
ကျွန်တော် ခြေထောက် သံစူးထားလို့ပါဗျာ"

အခုလို ရှောင်နာနာသံကြောင့်လည်း မနှင်းအေး ခမျာ
က်ရှက်နဲ့ပဲ နားရွက်နောက်ကို အလုပ်မရှိ အလုပ်ရှာ ကုတ်မိရင်း
ခြေလှမ်းကို သိသိသာသာ နှေးပစ်ရပါတယ်။ အခုလို နှစ်ဦးသား
ပေါင်တန်းမိပြီဆိုရင်ပဲ မနှင်းအေးက မြေကြီးထဲက တစ်ခုခုများ
က်လာမလား ငုံ့ကြည့်လျှောက်နေပုံရပြီး ကိုလှစိန်ခမျာမှာတော့
က်ဆစ်ချိုးရမလား၊ သူ့လက်နှစ်ဖက်ကို ပိုနေလို့ ဘယ်နား
ားရမှန်းမသိ။ နောက်ကို ပစ်လိုက်၊ ရှေ့ကို ထုတ်လိုက်နဲ့

အလုပ်ရှုပ်နေပါတယ်။ ပြောစရာစကားကလည်း အိမ်က
အသေအချာ ကျက်လာပေမယ့် စိတ်လှုပ်ရှားလာတော့ ကြ
ပျောက် ငှက်ပျောက် ဖြစ်ကုန်ရပါပြီ။

ဒီလိုကြီးနေရင် မကောင်းတာမို့ ကြားဖူးနားဝ စကား
တွေကို အရင်ဖျီးယူလိုက်သည်။

"အေး"

မနှင်းအေးက လန့်သလိုလို ဖြစ်သွားပုံရသည်။ 
ဘာစကားပြောမလဲဆိုတာ သိနေပေမယ့် ရင်ထဲမှာ ကြော
သလိုလို၊ မကြားရဲသလိုလို မနှင်းအေး ဖြစ်နေမိတာအမှန်
လက်ထဲက ဆွဲခြင်းရဲ့ လက်ကိုင်ဟာ ဆုပ်ညစ်ကိုင်ထားမှုကြော
ပူနေတာလည်း သူမ သိပါသည်။

"ဒေင်ဥယျာဉ်ထဲက အာဒံဟာ ချစ်သူ ဧဝအတွ
ချစ်သက်လက်ဆောင် ပန်းသီးတစ်လုံးကိုရှာဖို့ အခက်တွေ
နေရင် အခွန်လွတ်ဈေးကို ရောက်ချင်ရောက်လာမှာပါ။ တက
လို့များ အာဒံ အခက်အခဲဖြစ်နေရင်တောင် ဗိုင်းဗိုင်း ကြမ်းတ
ပါတယ်ဆိုတဲ့ ဒဿဂီရိလည်း အချစ်ကို နားလည် သဘေ
ပေါက်သူချင်းမို့ သူ့စစ်မြင်းရထားကို ပေါင်ပြီး အာဒံအတွ
ပန်းသီးလတ်လတ်ဆတ်ဆတ်တွေ ကမ်းနားဈေးမှာ လာဝယ်
အံ့ဩစရာလို့ ကျွန်တော် မထင်ဘူး။ ဒါနဲ့ အေး ဘယ်ကိုပါ

"အာဒံဆီ... အဲ"





ရုတ်တရက် မေးလိုက်တာကြောင့် မနှင်းအေးက
ယာင်ပြီး လွှတ်ခနဲ ထွက်သွားမိတာ။ ပါးစပ်ကို လက်ဝါးနဲ့အုပ်၊
က်ပြုံးပြုံးကာ ခေါင်းငုံ့လျှောက်မိခဲ့ရပါတယ်။ စိတ်ထဲကလည်း
ယ်လိုလူကြီးမှန်း မသိဘူးလို့ ကျိတ်ပြီးပြောမိပါတယ်။

ကိုလှစိန်က ပြုံးမိပါတယ်။ ဈေးက ရှေ့ခပ်လှမ်းလှမ်းမှာ
အတွက် လမ်းကဆုံးနေပါပြီ။ ကိုလှစိန်က ခြေလှမ်းကို
ဆိုလိုက်တော့ မနှင်းအေးက ရှေ့ခြေတစ်လှမ်း နှစ်လှမ်းစာ
သွားပြီးမှ ရပ်မလိုလိုဖြစ်မိတော့...


"အေး..."

မနှင်းအေး အမိန့်ပေးခံရသူ တစ်ယောက်လို ခြေလှမ်း
ခနဲ ရပ်သွားပါတယ်။ ကိုလှစိန်အသံ ဆွေးဆွေးမြည့်မြည့်
တ်ဟောင်းသီချင်းသံလိုပါပဲ။

"တကယ်လို့ ဝေနဲ့များ အေး တွေ့ရင် ကိုလှစိန် တစ်
ယာက် သူချစ်တဲ့ အေးအတွက် ပန်းသီးမရရင်တောင် ဝယ်ခဲ့
မယ်လို့ ပြောပေးပါနော်"

စကားဆုံးတော့ ကိုလှစိန် လှည့်ထွက်လာခဲ့ပါတယ်။
င်းအေး ခမျာမှာ ရင်ထဲမောဟိုက်ပြီး ဆို့နင့်စွာ စားချင်စိတ်
ါလာသလိုလို၊ ရေငတ်သလိုလို ကျန်ရစ်ခဲ့ပါတယ်။

အချစ်ဆိုတာများ အဲဒီလို အံ့ဩဖို့ သိပ်ကောင်းတာ...။



ခြံထဲကိုဝင်တော့ ကိုလှစိန်က...

"မင်းတစ်ယောက်တည်းလား"

ကျွန်တော် ခေါင်းညိတ်ပြရုံသာပြုမိပြီး စကားပြန်ပြော ချင်စိတ် မရှိခဲ့။ လှေကားအတိုင်း အပေါ်ကို ဆက်တက်မိတော့ ကိုလှစိန်က ကျွန်တော့်ကို ကြည့်ပြီး ကြောင်တောင်တောင် ဖြစ်နေခဲ့ပါတယ်။

ကျွန်တော်တို့ အခန်းရဲ့ အခန်းတံခါးကို ဖွင့်မယ်အလုပ် အောင်ဆင့်က သူ့အခန်းတံခါးထိပ်ကနေ...

"ဟိုကောင်တွေရော ဘယ်မှာ ကျန်ခဲ့လို့လဲ"

ပြန်မဖြေချင်တော့... ဖြေချင်စိတ်လည်း မရှိခဲ့။ အခ ထဲဝင် တံခါးလော့ခ်ချပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်မိသည်။

ရင်ထဲမှာ ဘာတွေဖြစ်မှန်း မသိခဲ့။

အချစ် ဆိုတာ ဒီလိုဝေဒနာတွေ ပေးတတ်သလား ပထမဦးဆုံး စဉ်းစား,မိခဲ့တဲ့အတွေး။

ဘယ်လိုမှ နေလို့မရတဲ့ အဆုံး ဂီတာကို ကောက် ကိုင်ကာ သီချင်းမဆိုဖြစ်ဘဲ 'ဖန်ဂိုးရဲ့ငှက်များ' ကို ခပ်ကြမ်းကြ တီးမိသည်။

နောက် ချစ်နိုင်ရဲ့ 'ဘေးကင်းရဲ့လော'... ဆက်တို ဆိုသလိုပင် ကော့ဒ်ပြောင်းပြီး ဖိုးကျော်ရဲ့ 'မွေးဖွားခဲ့'။

သီချင်းသုံးပုဒ် တီးခတ်အပြီးမှာ လူဟာ မော နွမ်းလျှော့ ခဏတာ လှဲပြီးနောက်မှာ ရုတ်တရက် ထ,





ဂီတာကိုဆွဲပြီး အခန်းတံခါးဖွင့်၍ ဆင်းလာခဲ့ပါသည်။

ရောက်တော့ ပက်လက်ကုလားထိုင်မှာ မယ်ဒလင်တစ်လုံးနဲ့ ကျနေတဲ့ ကိုလှစိန်က...

"မိုးချုပ်နေပြီ မိုင်း... ဘယ်သွားမလို့လဲ"

"ကျွန်တော် ဒီအနီးနားမှာပဲ ရှိမှာပါ ဦးလေးလှစိန်"

ကျွန်တော့်ကို သေချာကြည့်ပြီး ကိုလှစိန်က ဘာမှ ပြောတော့။

ကျွန်တော် ဂီတာကိုထမ်းပြီး ထွက်လာခဲ့ပါတယ်။ မှောင်ရီ ို့ လမ်းမီးတွေလည်း ဖွင့်နေပါပြီ။

အစ်မနှင်းတို့ အိမ်ရှေ့ ရောက်တော့ ပန်းပင်တွေကို လောင်းနေတဲ့ အစ်မနှင်းက...

"ဟဲ့... ကောင်လေး ဘယ်လဲ"

ကျွန်တော်က ပြုံးရုံသာပြုံးပြီး...

"နောက်ခြံထဲကို အစ်မနှင်း"

အစ်မနှင်းက ကျွန်တော့်ကို မျက်မှောင်ကုတ်ကြည့်ပြီး...

"ဟဲ့...ကလေး... နင် ဘာဖြစ်နေတာလဲ"

ကျွန်တော် ခေါင်းယမ်းပြပြီး ထွက်လာခဲ့ပါတယ်။ တကယ် ဒီနေ့ဟာ ကျွန်တော့်အတွက် ဘာမှဖြစ်စရာ အကြောင်း လောက်ပါဘူး။

ဒါပေမယ့် ဘာအခြေအနေကို ဘယ်လို သဘောမကျမှန်း တာ ကျွန်တော့်ရဲ့ ပုဂ္ဂလိက ခံစားချက်သက်သက်ပါ။

ကျွန်တော် ထွက်ပေါက် တစ်ခုကို လိုက်ရှာ
သွားကောင်လည်း ဖြစ်ချင်ဖြစ်နေမှာ။

ကျွန်တော် ခြံထဲကိုကျော်ဝင်ပြီး ခြံနောက်ဘက် တိုက်
ကိုမှီကာ ဂီတာကို စ,စမ်းမိသည်။ နောက် ဂစ်တာကို
ဖြစ်သဲ့ မမိုးရိပ်တို့ တိုက်ရဲ့ဘေး ဝရန်တာလေးကို ငေးကြည့်
မိသည်။

ဒီအချိန်ဆို မမိုး ပြန်ရောက်ပြီလား။

ဘာကြောင့် ဒီနေရာကို သူ ရွေးချယ်ခဲ့သလဲ။ သူ့ကိုယ်
တောင် ပြန်မမေးမိ။ ဂီတာကို တို့ခတ်ကစားရင်း ကျွန်
နှုတ်ဖျားက သီချင်းတစ်ပုဒ်ကို ညည်းဆိုမိသည်။ ကိုသော်
ရေးပြီး ကိုဖိုးကျော်ဆိုခဲ့တဲ့ 'ပေးအပ်ထားခဲ့' မူရင်းက Bonj
ရဲ့ Bed of Roses...။

[ X X ဖိုးများ မလင်းနိုင်ဘူး X X ညတစ်ချို့ ကြေ
X X ကြိုးစားရင်း မေ့ဖျောက်ကာထားခဲ့ နှလုံးသားတ
ဆုံးရှုံး X X ကိုယ်လိုကောင်က ဘာအတွက် မင်းကို X
စွန့်ပစ်ကာထားခဲ့ X X တွေးစရာမရှိ မေးခွန်းအတွက် တွေ
ရင်း ဝမ်းနည်းမိတယ်X X ]

ရင်ထဲမှာ မောဟိုက်မှုတွေ အနည်းငယ် သက်သာ
သလိုပင်။ မျက်ဝန်းကိုမှိတ်ရင်း အရာအားလုံးကို မေ့ပျော
ပစ်လိုက်သည်။

အချစ်ဆိုတာ ငွေရေးကြေးရေး အလွှာတစ်ခု...





အတန်းအစား တစ်ခု... စည်းကမ်း တစ်ခု...

ကန့်သတ်ထားတဲ့ ဘောင်တစ်ခု။ အဲဒီလို စံချိန်စံညွှန်း
တွေနဲ့ သတ်မှတ်ပိုင်းခြား ရွေးချယ်ခွင့်ရှိလား မမိုးရိပ်...။

[X X စမ်းချောင်းကလေး မျက်ရည်များနဲ့ နိုးစေ X X
ဝေဒနာအလွှမ်းအဆွေး X X မင်းက ပေး X X အိုး မောပန်း
နေပြီ X X]

တကယ်ကို မောပန်းနေရပါပြီ မမိုး...။

ယုံကြည်ချက်ကို ထိပါး နှောင့်ယှက်နေတဲ့ ကံကြမ္မာ
ကြားမှာ ချစ်ခြင်းမေတ္တာ ကံမကောင်းတဲ့ ကျွန်တော့်အဖြစ်က
မောပန်းရုံတင် မကပါဘူး။ ပြန်မထ,နိုင်အောင် မောဟိုက်
နေခဲ့ရပါပြီ။

ဂီတာကို ဖြည်းညှင်းစွာ အဆုံးသတ်လို့ မျက်ဝန်းဖွင့်
ချိန်မှာ ကျွန်တော့်ဘေးက သက်ပြင်းချသံကို ကြားရတယ်။
ခပ်လှမ်းလှမ်းမှာ မြက်ခင်းပြင်ပေါ် ခြေပစ် လက်ပစ်ထိုင်ကာ
ကျွန်တော့်ကို ငေးကြည့်နေတဲ့ 'ရှာန်ရှာန်နဲ့ ဖင်ကို။

သီချင်း နောက်တစ်ပုဒ် ပျိုးလိုက်တယ်။ ရှိုင်းဟာန်ရဲ့
'ကမ္ဘာမြေအိပ်ရာ' ထဲက သီချင်းတစ်ပုဒ်။ ဆက်ပြီး နောက်ဆုံး
ပိတ်အနေနဲ့ နိုင်ဟယ်လင်ရဲ့ 'နောက်ဆုတ်ဖို့ ကြိုးစားရင်း
ရှေ့တိုးမိပြီ' ဆိုတဲ့ အပိုဒ်လေးကိုတီးပြီး ဆက်မဆိုဖြစ်တော့။

လက်ဖျားလေးတွေလည်း ထုံကျင် နာကျင်နေတာ
အခုမှ သတိထားမိခဲ့တယ်။

"မင်း... ဘာတွေဖြစ်ခဲ့တာလဲ မိုင်း"

ဇင်ကိုက ကျွန်တော့်ကို မေးသည်။

ရှာန်ရှာန် ကတော့...

"အနီကာယ်လ်လေးက မင်းနောက် လိုက်သွားတဲ့ ဒီကောင်လေး ဘာဖြစ်လာလဲ မသိဘူးလို့ မှာတယ်လေ၊ အစ်မနှင်းနဲ့ တွေ့တော့ နင့်ကို သွားခေါ်ပြီး သူ့ဆီခေါ်လာခဲ့လို့ မှာတယ်၊ အိမ်မှာပဲ နင်တို့သုံးယောက် ထမင်းစားကြတဲ့"

ကျွန်တော် ပြန်လည်မဖြေ။ ဝရန်တာကို ငေးစိုက်ကြည့်နေသည်။

"ငါတို့ ခြံထဲ ဝင်လာတော့ ဝရန်တာက အရိပ်က ငါတို့ မြင်မှာစိုးလို့ ဖျတ်ခနဲ ပုန်းလိုက်တာ ငါတို့ တွေ့လိုက်တယ်၊ မင်းကတော့ သီချင်းအပေါ် ရှာန်ဝင်နေတော့ မြင်မှာ မဟုတ်ဘူး။ ငါ့အထင်တော့ မင်းရဲ့မမိုး ဖြစ်မယ်ထင်တယ်"

ရှာန်ရှာန် စကားဆုံးတော့ ကျွန်တော် နာနာကျင်ကျင် ရယ်လိုက်မိပါတယ်။ ဒီကောင်တွေ ကျွန်တော့်ကို ရူးသွားပြီလို့ ထင်နေကြမှာပါ။

"မင်းတို့ ထင်နေသလား။ မမိုးရိပ်ညို ဖြစ်နိုင်မယ်လို့ ဒီမှာ ရှာန်ရှာန်၊ ဒီဝိန်းမရဲ့ရင်ထဲ ခွဲကြည့်တဲ့အခါ နှလုံးသားနေရာမှာ ဂဏန်းပေါင်းစက် တစ်လုံးကလွဲလို့ ဘာမှ ရှိလာနိုင်မှာ မဟုတ်ဘူး"

"မဟုတ်သေးပါဘူး... မိုင်းရာ"





ဇင်ကိုက ချင့်ချင့်ချိန်ချိန် ပြောပါသည်။ ကျွန်တော်က ထရပ်ရင်း...

"ကဲ... တော်ပြီ... အစ်မနှင်းဆီ သွားမယ်"

ကျွန်တော် ထရပ်တော့ ဒီကောင်တွေလည်း ထ,ရပ်ရတာပေါ့။ ဒီကောင်တွေ ကျွန်တော့်ကို ထပ်မေးချင်နေတာ ကျွန်တော် သိတာကြောင့် စကားလမ်းကြောင်း ပြောင်းလိုက်မိပါတယ်။

"ဇင်ကို... မင်း ဆန္ဒနဲ့ အိုကေပြီ မဟုတ်လား"

ဇင်ကိုက ခေါင်းညိတ်ပြီး...

"ဒီနေ့ ကိုသီဟ ဒကာခံတာကွ၊ မင်း ဖုန်းဆက်မယ်ထင်လို့ သူ့မှာ တမျှော်မျှော်နဲ့၊ ဆန္ဒရော နွေရိပ်ပါ မင်းကို စောင့်နေရတာ"

ကျွန်တော့်အတွက် ဟန်ဆောင် ရယ်ရုံကလွဲလို့ ဘာလုပ်ခွင့် ရှိမှာလဲ။ အစ်မနှင်းတို့ ခြံတံခါးဖွင့်ဝင်တော့ ကျွန်တော်က ခြံထဲက ဒန်းပေါ်မှာပဲ ထိုင်ပါတယ်။ ဟိုနှစ်ကောင်က အော်ကျယ်ဟစ်ကျယ်နဲ့ အိမ်ထဲဝင်သွားပါတယ်။ နောက်တော့ အစ်မနှင်းနဲ့ ဒီနှစ်ကောင် ကျွန်တော့်ဆီ ရောက်ချလာကာ နေရာအသီးသီးမှာ ထိုင်ပြီး...

"အစ်မနှင်းကို မနေ့က ပြောပြတဲ့ ဇာတ်လမ်းက ဒီကောင့် ဇာတ်လမ်းပဲ၊ ဒါပေမယ့် ဒီကောင် ဒီနေ့ မမိုးရိပ်ညိုနဲ့ ထွက်သွားပြီး ကျွန်တော်ပြောသလို ဖြစ်လာခဲ့တာ အစ်မနှင်း။ ဒီကောင့်ကို ရအောင်မေး အစ်မနှင်းရော"

ရွှေသမင်စာပေ

ကျွန်တော့်ကို မနိုင် နိုင်တဲ့လူနဲ့ သွားခေါ်ကာ မေးခွန်းထုတ်ဖို့ ကြိုးစားတဲ့ ဒီကောင်တွေကြောင့် ကျွန်တော့်မှာ ရယ်မိပါသေးသည်။

ကျွန်တော် ရယ်နေတာကြောင့် အစ်မနှင်းက ကျွန်တော့် နားရွက်ကို လိမ်ဆွဲကာ...

"နှင် ပြောစမ်း... ဘာဖြစ်လာတာလဲလို့၊ လူကြီးတွေကတော့ နှင့်အတွက် စိုးရိမ်လိုက်ရတာ"

ကျွန်တော်ကလည်း အရေးထဲမှာ စမိပါသေးသည်။

"လူကြီးတွေ ဆိုတော့ ကိုလှစိန်ရော ပါရဲ့လား"

ကျွန်တော့်စကားကြောင့် မျက်နှာရဲရဲနဲ့ အစ်မနှင်းက ခေါင်းကို ဆတ်ခနဲ ခေါက်လိုက်ပါသည်။

"နှင် ပြောမှာလား... မပြောဘူးလား... မိုင်း"

"ဟုတ်တယ်... မင်းကို မိုင်းလို့ မမှည့်ရဘူး။ ပျော့စိစိနဲ့... ကျောက်ကျောလို့ မှည့်ရမှာ၊ တီးလိုက် ဆိုလိုက်တော့ အပြင်းစား၊ ဟော့ကောင်... ရယ်မနေနဲ့၊ မင်းကို ပြောနေတာ"

ရှာန်ရှာန်ကပြောလေ ကျွန်တော့်မှာ ရင်ထဲက ဒဏ်ရာတွေကို သက်သာအောင် ရယ်မောမိလေပဲ။ နောက်တော့ ဒီနေ့အဖြစ်အပျက်တွေကို အစ,အဆုံးမကျန် ပြောပြခဲ့ပါတယ်။ အဖြစ်အပျက်ဆုံးတော့ မမနှင်းက...

"သူ့လို မိန်းမတစ်ယောက်ရဲ့ ရင်ထဲက အခြေအနေက ငါ့မောင်မှ မသိတာ၊ မိန်းမတစ်ယောက်ရဲ့ စိတ်ဓာတ်ချက်ကို






မိန်းမတစ်ယောက်ပဲ နားလည်ပေးနိုင်ပါတယ်၊ သူ့စိတ်ထဲမှာ လက်ရှိ အခြေအနေနဲ့ ချစ်ခြင်းမေတ္တာ လွန်ဆွဲနေတာပါကွာ၊ ငါ့မောင် စိတ်ဓာတ်မကျပါနဲ့"

ကျွန်တော်ကတော့ ခေါင်းယမ်းရင်း...

"ကျွန်တော်ကတော့ မထင်ပါဘူး။ စက်ရုပ် တစ်ရုပ် တောင် စက်ပိုင်းဆိုင်ရာကို ပြုပြင်ပြီး ပုံစံပြောင်းလို့ လွယ်ပါတယ်၊ မိုးရိပ်ညို ဆိုတဲ့ မိန်းမက ပြဋ္ဌာန်းချက်အဟောင်းနဲ့ ရာဇဝင်အသစ်ကို ရေးမယ့်လူစား။ ကဲ... တော်ပြီ အစ်မနှင်းရော၊ တာချက်လဲ... ခြော်... ငါ့အစ်မလည်း ဒီရက်ပိုင်းအတွင်း ပိုလှလာသလိုပဲ၊ ကော္ဘ..."

နောက်ဆက်တွဲ စကားကို အစ်မနှင်းက သိနေတာကြောင့် အိမ်ထဲကို တစ်ချိုးတည်း လစ်ပြေးတော့သည်။ ကျွန်တော်တို့က တဟားဟား။

ရင်ထဲက ဒဏ်ရာတွေ သက်သာအောင် ဟန်ဆောင် ရယ်မောပါရစေ မမိုးရိပ်...။



"ကန်တော်ကြီးက ရေထဲ ငါ ခုန်ဆင်းလိုက်တာနဲ့ ကြယ်တွေ ထက,ကြတာ ဘာဘောလဲ"

ဖင်ကိုက 'တွေးမိတယ်'ကို ကောက်ကာငင်ကာ ထဆိုသည်။ လင်းကင်းပတ်စီးရိုးထဲက ဘင်း(န်)သည်အနဲ့ ဆိုထဲ့သီချင်းကို စီဒီဝေါ့ခ်မန်းလေးနဲ့ မိုင်းက နားထောင်နေသည်။ နားထောင်နေရင်း အားရဟန် မတူတာကြောင့် နားကြပ်ကိုဖြုတ် ခွေကိုထုတ်ကာ ဒိဗီဒီထဲထည့်ကာ မျက်ဝန်းထင်ထင်ကြည့်သည်။

ရှာန်ရှာန်ရော ဖင်ကိုပါ သူနဲ့အတူ ထိုင်ကြည့်နေကြသည်။ ရှာန်ရှာန်က အသံကို တအား ချဲ့လိုက်တာကြောင့် ကိုလှစိန်က အခန်းထိပ်ဝကနေ...

"ဟော့ကောင်တွေ အသံနည်းနည်းလျှော့၊ အောင်ဆင့်စာကျက်နေတယ်ကွ"

မိုင်းက ရယ်ကျဲကျဲနဲ့ ခေါင်းညိတ်ပြကာ အသံကိုပြန်တိုးသည်။ တစ်ခွေလုံးကို အထပ်ထပ် ကြည့်ပြီးတဲ့အခါကျွန်တော် ဂီတာကို ကောက်ကိုင်ကာ ကျွန်တော် (ဗန်)တွေကိုစမ်းတီးကြည့်သည်။

ဖင်ကိုကလည်း နောက်ထပ် ဂီတာတစ်လုံးနဲ့ မှေးတီးပေးပါတယ်။ ဂီတာတီးနေရင်း ရှာန်ရှာန်က...

"ဟော့ကောင်... လက်ဖက်ရည်ဆိုင် သွားမလို့ လိုက်မလား"





"သွားလေ"

အားလုံး အခန်းတံခါးပိတ်ကာ ကိုလှစိန်ကို လက်ဖက်ရည်ဆိုင်လို့ အော်ပြောပြီး အိမ်အောက်ကို ဆင်းလာကြပါတယ်။ လမ်းမပေါ် ခြေချတော့ အသုပ်ရောင်းတဲ့ မအေးစန်းသားလေးက ရှာန်ရှာန်အား လက်နှစ်ဖက်ကို မြှောက်ပြီး ဝ,ပါတယ်။

"ဒန်တွေ ဝယ်တယ်၊ ကြေးတွေ ဝယ်တယ်... ဋိ...ရှိ"

"အေပေးလေး"

ရှာန်ရှာန်က ရယ်ပြုံးရင်း လှမ်းဆဲတော့ ထွက်ပြေးသွားပါသည်။

"မင်းတို့ အခြေအနေ ကောင်းလား"

"အိုကေပါတယ်... ဒါပေမယ့် သူကြိုက်တဲ့ သီချင်းနဲ့ ငါ ကြိုက်တဲ့သီချင်းတွေက ဆန့်ကျင်ဖက်ကွ၊ တစ်ခါတလေတော့ ငြင်းကြ ခုန်ကြနဲ့ ပျော်စရာတော့ ကောင်းသား"

"နွေရိပ်က ဘာသီချင်းတွေ ကြိုက်လဲ"

ဖင်ကိုက လှမ်းမေးတော့...

"ကိုခင်မောင်တိုးတို့၊ ကိုစိုင်းထီးဆိုင်တို့ သူက အဲဒီလိုင်းတွေ..."

"ကောင်းရောကွာ"

ဖင်ကိုက ထောက်ခံပြီး ဖဟာ ဟား အော်ရယ်ပါသည်။

"မင်းရဲ့ မမမိုးရော ဘာသီချင်းတွေ ကြိုက်လဲ"

ဇင်ကိုက ငြိမ်သက်နေတဲ့ မိုင်းကို ထပ်မေးတော့ မိုင်းက မဲ့ပြုံးနဲ့ အခုလို ပြောလာပါတယ်။

"သူကြိုက်တာ သီချင်းတွေ မဖြစ်နိုင်ဘူး။ သူ နှစ်သက်တာ မာနတွေ၊ ဂုဏ်အရှိန်အဝါတွေ၊ ငွေကြေးတွေ ဖြစ်နိုင်တယ်။ ရှင်းရှင်းပြောရရင် နှလုံးသားမှာ ဂဏန်းပေါင်းစက် တစ်လုံး တပ်ထားပြီး ဦးနှောက်ထဲမှာ ပေသီးတွေ ရှိမယ်ထင်တယ်။ အဆုတ်ကို ခွာကြည့်ရင် ပိုက်ဆံပုံစံ ပေါက်နေမလား မသိဘူး။ တကယ်တော့ မမမိုးရိပ်က လူယောင်ဆောင်ထားတဲ့ စက်ရုပ် တစ်ရုပ်ထက် ပိုမထူးခြားပါဘူး"

"မင်းကတော့ ပြောတော့မယ်"

ရှာန်ရှာန်က မိုင်းကို ပခုံးတိုက်ရင်းပြောတော့ မိုင်းက လည်း...

"မဟုတ်လို့လား"

လို့ ပြန်ပြောပါသည်။

လက်ဖက်ရည်ဆိုင် ရောက်တော့ ချစ်မင်းတို့ ဝိုင်းမှာပဲ ဝင်ထိုင်လိုက်ပါတယ်။ ချစ်မင်းနဲ့ တွဲနေကျ မောင်မောင်ကြည် ကို မတွေ့တာကြောင့်...

"မင်းကောင် မမောင်မောင်ကြည်ရော"

ချစ်မင်းက လက်ဖက်ရည်ကို တစ်ငုံသောက်ပြီး...

"စိုစိုသွားကြူတယ်လေ"

"ဘာလဲကွ... စိုစိုသွားကြူတယ် ဆိုတာ"





ချစ်မင်းဘေးက ပုရစ်ခေါ် ကျော်သူက...

"စိုစိုသွားကြူတယ်ဆိုတာ စုစုသွားကြိုတယ်လို့ ပြော ကွာ၊ သူ့ကောင်မလေးနာမည်က စုစုတဲ့... မှတ်ထား"

"ဪ... မှတ်သားလောက်ပါတယ်"

"ဒီကောင်ကတော့ ပြောမနေနဲ့၊ မောင်မောင်ကြည် နေ လိပ်ခေါင်းလို့ နာမည် ပြောင်းရတော့မယ်"

ချစ်မင်းစကားကို သုံးယောက်သား စိတ်ဝင်စားသွား သည်။ မိုင်းက အစ ထုတ်ပေးပါတယ်။

"ပြောစမ်းပါဦး... ဗဟုသုတလေး ရအောင်"

"ညနေတိုင်း လမ်းထဲကနေ အတူထွက်လာတယ်၊ ဆိပ်ရောက်ရင် မင်းတို့ လက်ဖက်ရည်ဆိုင်မှာ စောင့်နေ၊ ငါ ိလာခဲ့မယ်၊ စုစုအိမ်ကို ခဏလေး သွားတွေ့လိုက်ဦးမယ် ာပြီး ထွက်သွားလိုက်တာ တစ်နာရီလည်း ပေါ်မလာ၊ ်နာရီလည်း ပေါ်မလာ၊ စိတ်မရှည်လို့ ဆိုင်ထဲက ထွက်မယ်လို့ င်လိုက်ရင် ချွေးထွက် ကိုယ်တော်ကြီးက ရောက်လာပါပြီ၊ က်ပြီးရင် ပြန်ပေါ်မလာတော့ ဒီကောင့်ကို ငါတို့က လိပ်ခေါင်းလို့ းထားတာ"

သူတို့ ပြုံးမိကြသည်။ ချစ်မင်းက ပုရစ်ဘက်လှည့်၍...

"ဒီတစ်ကောင်လည်း ရှိသေးတယ်"

ပုရစ်က သူ့ဘက် လှည့်လာတော့...

"ငါ... ငါက ဘာလုပ်လို့လဲ"

"မင်းက ဒိုင်ဗင်"

"ဘာလဲကွ ဒိုင်ဗင်"

ချစ်မင်း ပြောတော့ ပုရစ်က ယောကျ်ားတန်… ချစ်မင်းကို မျက်စောင်းထိုးပါသည်။

"နှစ်ကျိပ်ရှစ်ဆူ လုပ်ရောကွာ၊ အဲဒီတုန်းက မင်း… သုံးယောက် ကိုလှစိန့်အိမ်ကို မရောက်သေးဘူး။ ငါတို့လင်… ငါတို့အပိုင်းအတွက် ဘုရားနှစ်ဆူကျရော၊ ဒီကောင်က ဘု… တရားတော့ ပိုင်းကူလုပ်ပါရဲ့၊ ဘုရားကို လာကပ်တဲ့ အမွှေး… တွေ၊ ဖယောင်းတိုင်တွေက အများကြီး။ အဲဒါကို ဒီကော… ဘုရားကို လက်အုပ်လေးချီပြီး 'အရှင်ဘုရား...။ အရှင်ဘုရား… အမွှေးတိုင်တွေ ဖယောင်းတိုင်တွေ အများကြီး။ ဘုရား… အတူတူ တပည့်တော်တို့အိမ်က ဘုရားကို ဘုရား အချင်း… ဝေမျှပေးပါဘုရား' လို့ ပြောပြီး ယူသွားပါလေရော"

ပုရစ်ကို ကြည့်ပြီး ရယ်မိကြပါသည်။

ချစ်မင်းက ဆက်၍...

"ဟိုတစ်နေ့ကလည်း မောင်မောင်ကြည်က လမ်း… မှာ ပေါက်နေတဲ့ ကြံအပိုင်းလေးရဲ့အလယ်မှာ အညွှန့်အ… တွေ ထွက်တာတွေ့လို့ အိမ်မှာစိုက်ရအောင် ဆွဲနုတ်… ဒီဆိုင်ထဲက ရေဘုံဘိုင်မှာ ဝင်ဆေးပြီး ဒီစားပွဲမှာပဲ တ… တင်ထားတာ ဒီကောင်ရောက်လာပြီး ဘာလုပ်ဖို့လဲမေး…





…ကို ကောင်မောင်မောင်ကြည်ကလည်း အိမ်မှာစိုက်ဖို့ ပြောတာ …ယ်။ အဲဒါကိုကွာ ချိုလားဆိုပြီး ဖင်က တစ်ကိုက် ကိုက်လိုက်၊ …ခေါင်းက တစ်ကိုက် ကိုက်စားလိုက်နဲ့ တော်တော်တော်ကြီး …ဂျတဲ့ကောင်၊ ဘယ်တော့လာလာ အိတ်ကပ်ထဲမှာ ပိုက်ဆံ …ည့် မလာဘူး။ မှုးနေ ရှူးနေမှ ပိုက်ဆံ အလိုလိုထွက်လာတာ၊ …ကလည်း ထ,သလားမမေးနဲ့၊ သူကချိန်လိုက် ငါတို့အုပ်စု …ထဲက တစ်ကောင်ကောင်နဲ့ ကြိုက်လိုက်နဲ့ နာဘူး"

ပုရစ်ရဲ့ အကြောင်းကို ရှည်လျားစွာ ရှင်းပြပါသည်။ …ရစ်ဆိုတဲ့ကောင်ကလည်း အရှက်ရှိတဲ့ကောင်မဟုတ်။ ဒီကောင် …တွေ အုပ်စုကို ရယ်စရာလည်းကောင်းပါသည်။

နောင်နောင် ဆိုတဲ့ကောင်က တစ်မျိုး။ သူ့ကိုယ်သူ …နှံ့ခ်လို့ ခံယူထားတဲ့ကောင်၊ ဆံပင်တွေကို ဂျယ်လီ အမြဲ …သုတ်ထားပြီး ပန့်ခ်ထောင်ထားတတ်သည်။ အဲဒါကို မောင်မောင် ကြည်က ပန့်ခ်ဆိုတာ ဆံပင် ပုံစံပျက်အောင် မအိပ်ရဘူး ပြောတာကြောင့် နေ့ခင်း နေ့လယ် အိပ်ချင်တာတောင် လှဲပြီး …အိပ်ရဲ့ဘဲ ထိုင်လျက် မှီပြီး အိပ်တတ်တဲ့ကောင်။

စကားတစ်ခွန်းပြောရင် အကြာကြီး ရယ်တတ်တယ်။ …ယ်စရာမဟုတ်လည်း အော်ကြီးဟစ်ကျယ် ရယ်တတ်တဲ့ …ကောင်။ ချစ်မင်းက ကျွန်တော်တို့ကို သင်ခန်းစာတွေ ဆက်ပြီး …ပြပါတယ်။

"မင်းတို့ လောကမှာ မယုံကြည်ရတဲ့ သုံးယောက်ရှိ

သိလား"

ဇင်ကိုက ...

"ဘယ်သူသဲ... မသိဘူး၊ ပြောစမ်းပါဦး"

ချစ်မင်းက ဆရာကြီးလေသံနဲ့ ...

"အိုစမာဘင်လာဒင်ရယ်၊ ရှောင်ရဲယ်၊ ကောကောရယ်

သူတို့သုံးယောက်က ပြုံးစိစိနဲ့ ဖြစ်ကုန်ပါတယ်။ ဇင်

က...

"အိုစမာဘင်လာဒင်ကတော့ ထားပါ၊ ရှောင်ရ

ကောကောရယ် ဆိုတာက ရှင်းစမ်းပါဦး"

"ရှောင်စကားက တရားသေမှတ်လို့ မရဘူး။ ညတို

ဘုရားမှာ အရက်ကိုလှူလိုက်တယ်၊ နောက် နေ့တိုင်း ဘုရာ

မေတ္တာသမားဆိုပြီး ပြန်အလှူခံပြီး အရက်ကို ပြန်သောက်တယ်

"ဟုတ်ပါ့ကွာ... ကောကော ဆိုတာက အခြောက်

ပြောတာလား"

ချစ်မင်းက ရယ်မောရင်း ခေါင်းညိတ်ပြပါသည်။

"ကောကော တစ်ခါ အဖမ်းခံလိုက်ရတယ်၊ အဖ

ရပြီး ထွက်လာတော့ ယောကျ်ားပုံစံ ဖြစ်သွားတယ်၊ ဆံပင်

လမ်းလျှောက်ပုံတွေက အစပေါ့၊ ငါ့တောင် ပြောသေးတ

ကျွန်တော့်ကို အချုပ်ခန်းက ပုံစံပြောင်းပေးလိုက်ပါပြီဗျာ





ယောကျ်ားဘဝက ဘယ်လောက် မြင့်မြတ်သလဲ ဆိုတာ

ကျွန်တော် သိခဲ့ရပါပြီတဲ့၊ သိပ်မကြာပါဘူး။ လမ်းမှာတွေ့တော့

မပုံစံ လုံးဝပြောင်းလဲသွားတာ။ ငါလည်း 'ဟေ့ကောင်

း ဘယ်လိုဖြစ်တာလဲ' မေးတော့ ငါ့ကို ကနွဲ့ကလျနဲ့

က်စောင်းထိုးပြီး တို့များခြောက်တာ ဘာဖြစ်လဲ၊ ခြောက်တာ

ရယ်ကြိုက်လို့ အိမ်မှာ ငါးခြောက်ပဲ စားတယ်တဲ့၊ နေရင်လည်း

ခြောက်ထပ်တိုက်မှာပဲ အခန်းငှားနေမှာတဲ့"

ချစ်မင်း စကားကြောင့် ရယ်ကြပါတော့သည်။ ပုရစ်က

ဝေးကို လှမ်းကြည့်ပြီး ...

"ဟေ့ကောင်... ငါတို့ရပ်ကွက်ထဲမှာ သီချင်း အရေး

ကောင်းတဲ့လူနဲ့ သီချင်း အဆိုကောင်းတဲ့ လူတစ်ယောက်ရှိတယ်၊

းတို့နဲ့ မိတ်ဆက်ပေးမယ်၊ လာ ..."

ပုရစ်က လက်ခုပ်တီးပြီး လှမ်းခေါ်တော့ ဆိုင်ရှေ့က

တ်သွားတဲ့ လူနှစ်ယောက်က ဆိုင်ထဲဝင်လာကာ ဝင်ထိုင်

ပါသည်။

ပုရစ်က သူတို့သုံးယောက်ကို တစ်ယောက်နဲ့ မိတ်ဆက်

းသည်။

"သူ့နာမည်က ဒေးဗစ်ချမ်းတဲ့၊ သီချင်းရေး ကောင်းတယ်"

ဒေးဗစ်ချမ်း ဆိုတဲ့သူက ပုရစ်စကားကြောင့် တဟားဟား

ယ်မောရင်း လက်ကမ်းပေးသည်။ ရှာန်ရှာန်က ဘုမသိ

ဘမသိနဲ့ လက်ကမ်းတော့ ...

"အောင်မလေးဗျ... ဟာ ... လန့်သွားတာပဲ"

နောက်ကို ပစ်ထားတဲ့ သူ့ရဲ့လက်ကို ရှေ့ထုတ်လိုက်

တော့ လက်နှစ်ဖက်က ပြတ်နေပြီ။

လက်နှစ်ဖက်အစား အဲဒီလက်တွေမှာ လက်အတုကြီး

တပ်ထားသည်။

ဒေးဗစ်ချန်းကပါ ရယ်သည်။ ရှက်ခြင်း ပြုခြင်းလည်း

မရှိသည့်လူစား။ ချစ်မင်းက နောက်တစ်ယောက်ကို ထပ်ညွှ

ပြပြီး ...

"သူက သီချင်း အဆိုကောင်းတယ်၊ အပဲလို့ ခေါ်တယ်"

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်"

ပိုင်းက လေးလေးစားစား ပြောတော့ အပဲခိုသူက...

"အားပါး... အားပါး"

"ဟာဗျာ..."

အပဲက အားပါး အားပါးနဲ့သာ ပြောတတ်သည်။ ပု

ဆိုတဲ့ကောင်က အဲဒီလိုကောင်မျိုး။

ဒီရပ်ကွက်လေးက ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်းကို အက

နှစ်ကန့်နဲ့ ပိုင်းခြားထားသော တစ်မျိုး တစ်ဘာသာ ဖြစ်နေသည်

ခြံနဲ့ ဝန်းနဲ့ မမိုးရိပ်ညိုတို့လို လူတန်းစား တစ်ရပ်

ရှိပ်မြုံလို့ သတ်မှတ်ထားသည့် ဝန်းကျင်အခြမ်း။





ကျွန်တော်တို့နေသည့် အခြမ်းက အလယ်အလတ်

းတားနဲ့ ဆင်းရဲသားတစ်စုက သီးသန့်တစ်ဘာသာ။

ပျော်ရွှင်စရာတွေကို ဘဝ အမောတွေနဲ့ ပက်ဖျန်းထား


ဒေသ။

လေးဘီးတပ် ဝိမ်ခံကားပေါ်မှာ ထိမထင် မျက်နှာနဲ့

မော့မော့ နေတတ်ဟဲ့ဒေသ။

ပေါင်းစပ်စုမိကြပေမယ့် ရေဟာ ရေသတ်သတ်၊ ဆီဟာ

သက်သက် ...။



"ငါ့ကောင်လေးတွေကို သိပ်ကျေးဇူးတင်တယ်ကွာ။ စားကြ

ကျွန်တော်တို့ သုံးယောက်နဲ့ အောင်တင့်အတွက်တော

အချိုရည်ဘူးနဲ့ ဒံပေါက်ထုပ်တွေပေးသည်။ ကျန်တဲ့ ဦးဇော်

တစ်အုပ်စုလုံးနဲ့ ရောဘင်က အဖျော်ယမကာလေးတွေတော

ပါလိုက်သေးသည်။

"အချစ်ဆိုတာ လင်းနို့လို့ ခင်ဗျား ထင်တုန်းပဲလား"

ရောဘင်က အခုလိုမေးတော့ ကိုလှစိန်ကြီးက တဟဲ

နှင့်...

"အမှန်တော့ အချစ်ဆိုတာ ယုန်ကလေးတွေလို ဖြူ

ပါတယ်ကွ"

ရောဘင်ကလည်း ထပ်မေးပြန်သည်။

"ခင်ဗျားပြောတော့ အချစ်ဆိုတာ မှောင်မှောင်မည်းမည်း

နဲ့ အလင်းကို မြင်ခွင့်မရပါဘူးဆို"

"ညီလေးရောဘင်ကလည်း အဲဒီတုန်းက အချစ်ဆိုတ

နေကြွတ်နေတာပါကွ၊ အစ်ကိုကြီးက နောက်တဲ့ဟာကို"

"ဟွန့်... ခင်ဗျားပဲ အမျိုးမျိုး ပြောတတ်တယ်၊ အ

မနှင်းအေးနဲ့ အိုကေသွားပြီပေါ့"

"ဟဲ...ဟဲ... သူ ငါ့အချစ်ကို လက်ခံလိုက်ပြီ

သူက ပြောလိုက်သေးတယ်၊ ကလေးတွေကို အားနာ

ကျွန်မ ရှင့်အချစ်ကို လက်ခံလိုက်တာတဲ့၊ ဟဲ...ဟဲ... အဲ

ကြောင့် ဒီကောင်လေးတွေကို ငါ သိပ်ချစ်နေရတာ"





ကျွန်တော်တို့က နှာခေါင်းရှုံ့ မျက်စောင်း ထိုးကြပါသည်။ ဦးဇော်ကတော့ အရွှန်းနဲ့ မ,ပါတယ်။

"လှစိန့်မင်းရဲ့ ဝမ်းမြောက်ဂုဏ်ယူစရာ သတင်းအတွက် မင်း သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေရမယ်၊ လုပ်စမ်း"

"ဟာ... ရပါတယ်သူငယ်ချင်း။ ကိုယ်ကလည်း ဆိုချင် တီးချင်နေတာ၊ အနုပညာသမားတွေနေတဲ့ အဆောင်ပိုင်ရှင်ပဲ၊ လုပ်ပေးရမှာပေါ့"

ကိုလှစိန်က လက်စွဲတော် မယ်ဒလင်ကို အသံညှိလိုက်သည်။ ပြီးတော့ စတင် အဆိုအတီးလေး စတင်ပါတော့တယ်။

ကိုလှစိန် ဆိုတဲ့သီချင်းက 'ဂုဏ်'သီချင်း။ နည်းနည်း ဖရည်ဝင်လာတော့ ရောဘင်က ထ၍ ကပါတော့သည်။

သူတို့ သုံးယောက်ကတော့ ဒီနေ့ ပွဲကြည့်ပရိသတ် သက်သက်သာ...။

ကယောင်ကတမ်းနဲ့
အသည်းကို တစ်ခြမ်း တိုက်စားသွားတာ
အချစ်ရေ...
ကိုယ့်ဘဝက ကမ်းပါးဆန်နေလို့လား...။





မှန်းဘာကာမှာ ထိုင်ဖြစ်ကြတယ်။ ဆန္ဒအတွက် မစ်ရှိတ်တစ်ခွက်နဲ့ မုန့်တစ်မျိုး။ သူကတော့ ကော်ဖီသာသောက်သည်။

"ဇင်ကို့ အခွေ အခြေအနေ ဘယ်လိုလဲ"

"အိုကေတယ်လို့ ပြောတာပဲ။ အဲဒီခွေအတွက် အဆောင်က ကိုဝေညိုနဲ့ မိုင်းကို အထူးကျေးဇူးတင်ရမယ်၊ ကိုယ့်ခွေရဲ့ တိုင်တယ်လ်သီချင်း 'အလွယ်ကူဆုံးပုဗ္ဗာများ' ဆိုတဲ့ အပုဒ်က ကိုဝေညိုနဲ့ စကားပြောရင်း ရခဲ့တာလေ"

ဆန္ဒက မစ်ရှိတ်ကို မွှေနှောက်ရင်း...

"အင်း... ဇင်ကိုရော ရှာန်ရှာန်ပါ အဆင်ပြေသွားပြီနော်။ မိုင်းအလှည့်ပဲ ကျန်တော့တယ်။ မိုင်း ကံကောင်းပါစေလို့ ဆန္ဒတို့ ဆုတောင်းပေးရမှာ"

ဇင်ကိုက သက်ပြင်းချပါသည်။

"သူ့အခွေအတွက် ပရိုဂျူဆာမရရင် ကိုယ်နဲ့ ရှာန်ရှာန်ပေါင်းထုတ်မှာ။ ဒီကောင် ပထမတော့ ခေါင်းမာနေတယ်။

ရှာန်ရှာန်ရော ကိုယ်ပါ ဖွတ်အာတင်းစိစဉ်မှ ခေါင်းညိတ်လိုက်ရတာ"

"ဇင်ကိုတို့ သုံးယောက်က မသိရင် တစ်အူထုံ့ဆင်းညီအစ်ကိုတွေ ကျနေတာပဲနော်"

ဇင်ကိုက ဆန္ဒကို ပြုံး၍...

"ဟုတ်တယ်... ကိုယ်တို့သုံးယောက် ဘယ်လိုကနေဘယ်လို စည်းရုံး ချစ်ခင်မိသွားသလဲတောင် မသိလိုက်ဘူး အရမ်းမြန်လွန်းခဲ့တယ်"

"ရှာန်ရှာန် သီချင်းတိုင်တယ်လ်လည်း လှတာပဲ၊ 'ဘဝကစာပြုန်သင်သည်' တဲ့၊ ဘယ်သူပေးတာလဲ"

ဇင်ကိုက ဆန္ဒခေါင်းကိုပုတ်၍...

"အဲဒါလည်း ကိုဝေညို ပေးတာ"

"မိုင်းရဲ့ တိုင်တယ်လ်ကရော ဘယ်လိုပေးထားလဲ၊ ဘယ်သူပေးတာလဲ"

"ဒီတိုင်တယ်လ်လည်း ကိုဝေညိုပဲ၊ နည်းနည်းပြင်းတယ်၊ 'ထောင်ချောက်က ရုန်းထွက်တဲ့ သားကောင်'တဲ့"

ဆန္ဒက ခပ်မှဲ့မှဲ့နဲ့ ပခုံးတွန့်သည်။

"သူက မော်ဒန်ရော့ခ် အမျိုးအစားကို သီချင်း တစ်ဝက်ကျော်ကျော် ရှာန်ရှာန်နဲ့ တွဲဆိုတာ၊ အဲ... သိပ်မကြာသေးဘူး၊ သူရေးထားတဲ့ သီချင်းလေး ရှိတယ်၊ ထူးထူးဆန်းဆန်း Slow Rock လေး တစ်ပုဒ်ပေါ့"





"ဘာတွေ ပြောနေကြတာလဲကွ"

အနားကို ရောက်လာကာ မေးလည်း မေး၊ ခုံမှာင်ထိုင်တဲ့စုံတွဲကို ကြည့်တော့ ရှာန်ရှာန်နဲ့ နွေရိပ်။ နွေရိပ်ကဆန္ဒဘေးမှာ ကပ်ထိုင်သည်။

"ရောက်နေတာ ကြာပြီလား ဆန္ဒ"

"သိပ်မကြာသေးပါဘူး နွေရိပ်ရဲ့"

"အေးကွာ...ငါ နွေရိပ် သင်တန်းအလွှတ်ကို စောင့်နေရလို့ကွ"

ဇင်ကိုက ရှာန်ရှာန်ကို ဦးတည်ပြီး...

"မိုင်းရဲ့ အခွေအကြောင်းပြောရင် ဟိုတစ်နေ့က မနှင်းဝေအးတို့ ခြံထဲမှာ ဒီကောင်ရေးတဲ့ သီချင်းအကြောင်း ဆန္ဒကိုပြောနေတာ"

ဇင်ကိုစကားကြောင့် ရှာန်ရှာန်က နွေရိပ်ကို အဓိပ္ပာယ်ပါပါ ကြည့်တော့ နွေရိပ်က...

"ဘာတွေ လျှို့ဝှက်ထားကြလို့လဲ"

နွေရိပ်က မယုံသင်္ကာဟန် မေးတော့...

"ဘာမှလျှို့ဝှက်စရာမရှိပါဘူး နွေရိပ်ရယ်၊ ပြောသင့်ပြောသင့် စဉ်းစားနေတာ၊ မိုင်းက ဒီသီချင်းကို မထည့်ဘူး ပြောနေလို့၊ သီချင်းက တော်တော်လေးကို မှတ်ကောင်းတာ"

"သီချင်းနာမည်က ဘာလဲ"

ရှာန်ရှာန်က နွေရိပ် မျက်ဝန်းတွေကို ကြည့်ပြီး...

"မိုးရိပ်ညိုတဲ့…"

နွေရိပ်က သက်ပြင်းချပါသည်။

"မိုင်းလည်း သနားပါတယ်နော်၊ သူ မမကို ချစ်မိထား
က်ဆိုးတာပဲ"

ခင်ကိုက ခေါင်းညိတ်ရင်း…

"ဒီကောင် ကျောက်တုံးကို ထိုင်စကားပြောတာမှ ကျောက်တုံးက အားနာလို့ လှုပ်ပြလာဦးမယ်၊ ဒီသံပတ်ကုန်နေတဲ့ အမျိုးသမီးကိုမှ…"

"ခင်ကိုကလည်း နွေရိပ်ကို အားနာဦး"

ဆန္ဒက ခင်ကို လက်မောင်းကို လှမ်းရိုက်ကာ ပြော တော့မှ ခင်ကိုက အခုမှ သတိရကာ…

"ဟာ… ဆောရီး… နွေရိပ်"

နွေရိပ်က ဘာမှမဖြစ်သလို ရယ်ရင်း…

"ရပါတယ်… ဟုတ်တာပြောနေတာပဲဟာ၊ ဒါပေမယ့် မိုင်းရဲ့ကျောက်တုံးက လှုပ်ချင်ပေမယ့် သူ အသားကျနေတဲ့ ပုံစံကြီးက ရုန်းမထွက်နိုင်တာလည်း ဖြစ်နိုင်မယ် ထင်တယ်"

"နွေရိပ် ပြောချင်တာက…"

ရှာန်ရှာန်က နွေရိပ် ခေါင်းပေါ်က အမှိုက်တစ်ခု ဖယ်ရှားရင်း မေးသည်။

ဒါကိုမြင်တဲ့ဆန္ဒက သူ့လူ ခင်ကိုကို ပြုံးစိစိနဲ့ မေးငေ့ ပြသည်။





"နွေရိပ်တို့က ညီအစ်မပဲ သိတာပေါ့၊ ဒါပေမယ့် မမက ဒီလိုမာနတွေ အတ္တတွေနေတာ အသားကျနေပြီလေ၊ သူ့ဘဝမှာ အချစ်နဲ့ပတ်သက်လို့ တကယ် မခံစားခဲ့ဘူးတာ နွေရိပ် သိနေ တာပဲ၊ အခုတလော မမ တစ်မျိုးတော့ တစ်မျိုးပဲ၊ ရှာန်ရှာန်တို့ မှတ်မိရဲ့လားမသိဘူး၊ ရှုတင် နောက်ဆုံးနေ့က မမနဲ့ မိုင်း ထွက်သွားကြတာလေ၊ ရှာန်ရှာန်တောင် ပါသေးတယ်၊ မိုင်း နာကစ်ပြီး ပြန်လာပြီး နွေရိပ်တို့ခြံဘေးမှာ သီချင်းလာဆိုတယ် ဆိုတာ၊ အဲဒီနေ့က မိုင်းရဲ့ သီချင်းတစ်ပုဒ်ကို မမ ဝရန်တာ ထောင့်မှာ လက်ပိုက်ပြီး နားထောင်နေတာ နွေရိပ် ကိုယ်တိုင် မြင်လိုက်တယ်"

"အဲဒါ ထူးဆန်းလို့လား"

ရှာန်ရှာန် အမေးကြောင့် နွေရိပ်က ပြုံးသည်။

"ထူးဆန်းတာပေါ့… အခုလို အချိန်ပေးပြီး သီချင်း နားထောင်တာ မိုင်းက ပထမဦးဆုံးပဲ"

"ဟော… ပြောရင်းဆိုရင်း သေခဲဦးမယ်၊ လာ…မိုင်း"

ခင်ကိုက သူနဲ့ ရှာန်ရှာန်ကြား ခုံတစ်လုံးထိုးပေးပေမယ့် မိုင်းက ခပ်တည်တည်နဲ့ ဆန္ဒနဲ့ နွေရိပ်ကြားကို ဘေးဝိုင်းက ခုံတစ်လုံးလှမ်းယူပြီး ဝင်ထိုင်သည်။

ပြီးတော့ ခပ်တည်တည်နဲ့ ဆန္ဒရဲ့ မစ်ရှိုဒ်ကို ယူသောက် ပြီး နွေရိပ်ရဲ့ လက်ကိုင်ပဝါနဲ့ မျက်နှာပေါ်က ချွေးတွေကို ခပ်တည်တည်ပဲ ယူသုတ်လိုက်ပါသည်။

ဆန္ဒနဲ့ နွေရိပ်ကတော့ ရယ်တာပေါ့။

ဟိုနှစ်ကောင်ကတော့ မိုင်းကို အံ့တကြိတ်ကြိတ် လုပ်ကြ တော့ မိုင်းက...

"မင်းတို့ နှစ်ကောင် အချဉ်တွေ စားထားလို့လား။ အံ့တကြိတ်ကြိတ်နဲ့၊ သွားမကောင်းရင်လည်း သွားနုတ်လိုက်ကြလေ... နော့..."

သူမတို့နှစ်ယောက်ကို လှမ်းကြည့်ပြီး စပ်ဖြီးဖြီးနဲ့...

"အေးပါ... အိမ်ပြန်ရောက်တော့မှ တွေ့ကြတာပေါ့။ မဟုတ်ဘူးလား... ဇင်ကို"

"ညရောက်တော့မှ..."

"ဟာ... ယောကျ်ား အချင်းချင်းကြီးကွာ"

မိန်းကလေးနှစ်ယောက်က မိုင်းကို လှမ်းရိုက်ကြသည်။

"ဘာတွေ ဖြစ်နေတာလဲ နွေရိပ်ညို"

ချိုသာပေမယ့် မနူးညံ့တဲ့ လေသံကြောင့် အသံရှင်ကို ကြည့်မိသည်။

"ဟင်...မမ"

"မမမိုးရိပ်"

နွေရိပ်နဲ့ မိုင်းဆီက အံ့ဩသံပါ။ မိုးရိပ်ညို ကတော့ မိုင်းကို စူးစူးရဲရဲ ကြည့်ရင်း...

"မင်း ငါ့ညီမလေးနဲ့ ရောရောနှောနှော မနေပါနဲ့ ငါ မကြိုက်ဘူး"





လေယူလေသိမ်းနဲ့ စကားသံက မနှစ်မြို့စရာ။ နွေရိပ် ...မမနား ကပ်ပြီး...

"ညီမလေးတို့ အခု ဘာဖြစ်နေလို့လဲ မမ"

နွေရိပ်စကားကြောင့် မမမိုးရိပ်က သူ့ညီမကို အံ့ကြိတ်ပြီး...

"နင်က ယောကျ်ားလေးတွေနဲ့ ပလူးပလဲ နေချင်သလို နေတာ နင် မရှက်ဘူးလား နွေရိပ်"

ဆန္ဒက ရှေ့တစ်လှမ်းတိုးမယ်အလုပ် ဇင်ကိုက လှမ်းဆွဲ ထားထားပါတယ်။ ဆန္ဒ မျက်နှာက ဒေါသကြောင့် နီသွေးသွေး ရောင်လက်နေ၏။ ရှာနဲ့ရှာနဲ့က မမိုးရိပ်ညို ရှေ့ထံရပ်ရင်း...

"နွေရိပ်က ကျွန်တော့် ချစ်သူလေ၊ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော့် အပေါင်းအသင်းတွေ ကြည့်ဖြူ ရင်းနှီးတာ အရှက်မဲ့ ရာလား။ ဒါလုံ့တွေ ဝင်ထွက်သွားလာ စားသောက်နေတဲ့ ဆိုင်ဗျ။ အမှောင်ခန်းလည်း မဟုတ်ဘူး"

ဘေးဝိုင်းတွေက လှမ်းအကဲခတ်ကြသည်။

မိုင်းက အေးအေးဆေးဆေးပါ။ မမမိုးရိပ်ကို ထိုင်နေရာမှ တက်ဝိုက် ကြည့်နေပါသည်။ ဒါပေမယ့် ဒီကောင်လည်း ဒီမိန်းမအပေါ် တော်တော်စိတ်ပျက်နေပုံရတဲ့ အကြည့်နဲ့...

"ခင်ဗျား ဘယ်လိုမိန်းမလဲ မမမိုးရိပ်၊ တစ်ခါ တစ်ခါ ခင်ဗျားကို ကျွန်တော် ချစ်နေရတာ မီးတောင်ထိပ်ဝ,ကနေ တွင်းငယ်ကို ခုန်ဆင်းလိုက်ရသလို ခံစားရတယ်"

"မင်း... မင်းကို... ဘယ်သူက ချစ်ခိုင်းလို့လဲ"

သူမက အခုလို ကျတော့လည်း အထိနာပြန်သ
မိုင်းက ထုသားပေသားကျနေတဲ့ ဝင့်အကျဉ်းသားတစ်ယော
လိုပင်။

"ကျွန်တော့်နှလုံးသားကို ခင်ဗျားမချစ်နဲ့လို့ ပြန်အ
ပေးလို့ မရလို့ပေါ့ဗျ။ အဲဒါ ခင်ဗျားအတွက် ကျွန်တော် 
ပေးနေတာ၊ ဘယ်တော့မှ ဝင့်ကြွေးကျေမလဲ ကျွန်
မသိနိုင်သေးဘူး။ ခင်ဗျားကို အရမ်းချစ်သလောက် တော်
လည်း အရမ်းစိတ်ပျက်တယ် မမမိုးရိပ်"

"တောက်..."

နွတ်ခမ်းလှလှက မီးဝင်းဝင်းတောက် မျက်လုံး
ပေါင်းစပ်သည်။

"လာ... သွားမယ်၊ နင်နဲ့ ငါ အိမ်ကျမှ တွေ့
နွေရိပ်... လိုက်ခဲ့"

နွေရိပ်ကို အတင်းလက်ဆွဲခေါ်ကာ မမမိုးရိပ် ထွက်
ပါသည်။ နွေရိပ်က မငြင်းဆန်ပါ။ သူတို့ကို တောင်းပ
အကြည့်နဲ့ လည်ပြန်တစ်ချက် ကြည့်ပါတယ်။ မိုင်းက ထိုင်
ထပြီး ရှာန်ရှာန်ကို...

"ငါ့စကားအတွက် ငါ တောင်းပန်ပါတယ် ရှာန်ရှာ

ရှာန်ရှာန်က မိုင်းစကားကြောင့် ရယ်ရင်း...

"မင်းနဲ့ ဘာဆိုင်လို့လဲ၊ မင်း အဲဒီလိုပြောဖြစ်ဖို့ ငါတို
ဖြစ်စေချင်တယ်၊ ဒီမိန်းမက အိမ်ိ အိမ်ိ လုပ်နေလို့မရဘူး





မိုင်းက မျက်မှောင်တွန့်ရင်း...

"မင်းက အခုလိုဖြစ်တဲ့အတွက် မခံစားရဘူးလား"

ဇင်ကိုက နှစ်ယောက်စလုံးကို တစ်လှည့်စီ ကြည့်ပြီး
ာမှဝင်မပြော။ ရှာန်ရှာန်က မိုင်းရဲ့လက်မောင်းကို ခပ်ဖွဖွ
ုပ်းထိုးကာ...

"ဒီခေတ်ကြီးမှာ ကြေကွဲနေလို့တာထူးမှာလဲ မိုင်း၊ ဘာတွေ
ဆက်လုပ်ရမလဲ တွေးဖို့နဲ့ ပျော်ပျော်ရွှင်ရွှင်နေဖို့ပဲ စဉ်းစားရမယ်
င်း၊ မင်း အဲဒါတွေသိဖို့ လိုသေးတယ် သူငယ်ချင်း၊ ကဲ...
ချင်တာ မှာစရာရှိတာ မှာကွာ"

မိုင်းက ဒီကောင်ကို အူကြောင်ကြောင်နဲ့ ကြည့်နေ
ါတယ်။

အိပ်ထဲဝင်လာတဲ့ ညီအစ်မ နှစ်ယောက်ရဲ့ မျက်နှာ
ကြည့်ပြီး အန်တီလေးက တစ်ခုခုတော့ ဖြစ်လာပြီလို့
အကဲခတ်မိသည်။

"ဘာဖြစ်လာကြတာလဲ သမီး"

မိုးရိပ်ညိုက ပခုံးက အိတ်ကို ဆိုဖာပေါ် ပစ်တင်လိုက်ပြီ
ဒေါသတကြီး...

"ဘာတွေဖြစ်ရမှာလဲ အန်တီလေး... အန်တီလေးတူ
နွေရိပ်လေ..."

"ဟဲ့... နွေရိပ်... ဘာဖြစ်လို့လဲ"

အန်တီလေးက စိုးရိမ်သွားဟန် တူပါသည်။ တူမ
နွေရိပ်ကို စိုးရိမ်စိတ်နဲ့လှမ်းကြည့်သည်။ နွေရိပ်ကတော့ မျက်
ညှိုးညှိုးနဲ့ ခေါင်းငုံ့ ငြိမ်သက်ကာ ဆိုဖာပေါ်မှာ ထိုင်နေသည်

ဒီတူမနှစ်ယောက်ကို အန်တီလေးက တူမ ဆိုတာထ
ကိုယ့်ရင်သွေးလို စောင့်ရှောက်လာခဲ့ရတာပါ။ သူမတို့ အမေ
အမေက လွန်ခဲ့တဲ့နှစ်အပိုင်းအခြား တစ်ခုမှာ ရှေ့ဆင့်နောက်
ဆိုသလို ကွယ်လွန်ခဲ့သည်လေ။

မိုးရိပ်ညို ဆိုတဲ့ မိန်းကလေးက ထက်မြက် မာ
သလောက် သူ့အဖေ ကျန်ရစ်ခဲ့တဲ့ မိဘအမွေအနှစ်နဲ့ လုပ်
ပိုင်ဆိုင်ရာများကို ဦးစီးဦးဆောင် လုပ်နိုင်သည်။ ဒါပေ
မိုးရိပ်ညိုအတွက် အန်တီလေးစိုးရိမ်တာက 'မာန'၊ ထား
ထားအပ်တဲ့ မာနကလွဲလျှင် အနူ့ရာယ်ရှိအောင် ထား





နမျိုးကိုတော့ ဖယ်ရှားသင့်သည်လို့ အန်တီလေး ထင်သည်
လ။

အငယ်မ နွေရိပ်ညို ကျတော့ တစ်မျိုး။ သူကတော့
ရာအားလုံးကို ပုံမှန်ဆိုတာထက် ပိုရှုံစိတ်မဝင်စား။

"နှင့်လူကိုရော မိုင်းဆိုတဲ့ လူနဲ့ပါ နင် လုံးဝမပတ်သက်ဖို့
င် ဝဦးတားထားပါ"

"မိုင်းက ဘာဖြစ်နေလို့ မမက ခါးခါးသီးသီး ဖြစ်နေ
တာလဲ"

အကြီးမက ဒေါသနဲ့ ပြောသလောက် အငယ်မက
အေးအေးဆေးဆေး ပြန်ပြောပါတယ်။

မိုးရိပ်က နွေရိပ်ကို စူးစူးရှရှ ကြည့်ပါတယ်။ ဒေါသကြောင့်
မရဲ့ အသက်ရှူနှုန်းဟာ မြန်ဆန်နေပုံရပါတယ်။ နွေရိပ်ကတော့
သွားအေးသူ တစ်ယောက်။

ရုတ်တရက် ပြောလိုက်တဲ့ နွေရိပ်ရဲ့စကားဟာ မိုးရိပ်ညို
တွက် ဆွံ့အစေတာအမှန်ပင်။ 'မိုင်းကဘာဖြစ်နေလို့ မမက
းခါးသီးသီး ဖြစ်နေတာလဲ' ဒီမေးခွန်းဟာ နွေရိပ် မေးထိုက်ပါ
ယ်။ ဒါပေမယ့် သူမအတွက်တော့ စူးရှတဲ့ မြားတစ်စင်းလိုပါပဲ။

သူမရင်ထဲက ဖုံးကွယ်ထားတဲ့ အရာကို ဒီစကားလုံး
တွက သူ့မ မြင်သာသိရှိအောင် အလင်းရောင် ပေးလိုက်သလိုပဲ။
ဟုတ်ဘူး။ ဒါ စိတ်ကူးယဉ်မှု သက်သက်ပါ၊ သွားစမ်းပါ'။

အချစ်ဆိုတာ ဘာတွေလဲ...

"မမမှာ အကြောင်းပြချက် မရှိဘူး မဟုတ်လား"

နွေရိပ်ရဲ့ တည်ငြိမ်တဲ့ လေယူလေသိမ်းဟာ မိုးရိပ်ညို့ အတွက် လည်ချောင်းတစ်လျှောက် နင့်နင့်သီးသီး ဖြစ်စေသလို အခံရလည်း ခက်လှသည်။

"ဒီလို အပေအတေ အလေအလွင့် တစ်ယောက် ပေါင်းလို့ နင်သိက္ခာကျမှာ ငါစိုးရိမ်လို့ တားနေတာ နွေရိပ်"

နွေရိပ်က လှစ်ခနဲ ပြုံးလိုက်သည်။ မိုးရိပ်ညို့က မြင်ရ အောင် မြင်လိုက်ပါသေးတယ်။

"မိုင်းက အလုပ်အကိုင်မဲ့ လေလွင့်နေတဲ့ လူငယ် တစ် ယောက် မဟုတ်ဘူးဆိုတာ မမက နွေရိပ်ထက် ပိုသိမှာပေ့ါ မိုင်းကို နွေရိပ်က အစ်ကိုတစ်ယောက်လို ခင်တာ သက်သက်ပဲ သူက ရည်မှန်းချက် ပျောက်ဆုံးနေတဲ့ လူငယ်တစ်ယောက် မဟုတ်ဘူး မမ၊ တစ်ခုရှိတာပေ့ါ... သူ့ရဲ့ဝတ်စား ဆင်ယင်မှုက မမ အမြင်နဲ့တော့ တခြားစီ ဖြစ်နေမှာပဲ မမ၊ ကိုယ်ရွေးချယ် နှစ်သက်တဲ့အရာဟာ အခြားလူ တစ်ယောက်အတွက် နှစ်မြို့က် ချင်မှ နှစ်မြို့က်မှာပါ။ ကိုယ်မနှစ်သက်တဲ့အရာကိုတော့ မကောင်း ဘူး မလုပ်နဲ့လို့တော့ ကိုယ်က သူ့ကို တားပိုင်ခွင့်မှမရှိတာ"

"နွေရိပ်..."

ဓါးသွားရဲ့အသံသည် မုန်တိုင်းတစ်ခု မြားတစ်စင်းဆိုရင် မိုးရိပ်ညို့ရဲ့ ပစ်မှတ်က ဘယ်သူလဲ၊ မိုင်း... ဒါမှမဟုတ် နွေရိပ်ညို့...။





နွေရိပ်ညို့က သူမရဲ့အစ်မဖြစ်သူကို သနားစရာကလေး တစ်ယောက်လို ငေးကြည့်ရင်း...

"ညီမလေးပြောတာ အမှားရှိရင် ခွင့်လွှတ်ပါ၊ ညီမလေး တာ မမရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ဝင်စွက်ဖက်သလို နေရင်လည်း ခွင့်လွှတ်ပါ"

မိုးရိပ်ညို့ ဆွံ့အခဲ့ဖြစ်သွားသည်။ တကယ်တမ်း ဒီအခြေ ထိနိုက် ခံစားရမယ့်သူက နွေရိပ်ညို ဖြစ်သင့်တာပေါ့။ တော့ ကိုယ့်ရဲ့မျက်ဝန်းတွေက စီးကျလာတဲ့ မျက်ရည်တွေကို ညြထူးဆန်းစွာ ထိတွေ့ကာ ယူကြည့်မိသည်။

"ညီမလေးသာဆိုရင် အကြောင်းပြချက်မရှိဘဲ ကိုယ့်ကို ထိနိုက်နိုင်တဲ့ မာနတွေအစား ချစ်သူကိုပဲ ရွေးချယ်မိမှာ နပဲလေ"

သူမ မျက်ရည်စက်တွေ တစ်စက်စက် စီးကျလာပါသည်။ တိလေးကတော့ မိုးရိပ်ညို့ရဲ့ ဖြစ်ပုံတွေအတွက် အံ့ဩ သည်။

မိုးရိပ်ညို့ မျက်ရည်ကျတာ ဖြစ်တောင့်ဖြစ်ခဲ ရှားပါးလှတာ တိလေး သိသည်။ ဘယ်လိုတွေ ဖြစ်ကုန်တာလဲ အန်တီလေး ။ ခေတ်လူငယ်တွေများ အဆန်းထွင်လှပါ အန်တီလေးက းမိသည်။

"သေမိန့်ကျနေတဲ့ လူတစ်ယောက်တောင် ချစ်သူရဲ့ မ်းနဲ့ အရာအားလုံးကို အရှုံးပေးချင်သေးတာပဲ မမရယ်"

"တော်တော့"


အားကုန် အော်ဟစ်ကာ မိုးရိပ်ညို့ အပေါ်ထပ်သို့ ပြေးတက်သွားပါသည်။ အန်တီလေးက တူမအငယ်နား လာကာ...

"တော်ပါတော့ နွေရိပ်ရယ်၊ ငါလည်း ဘာတွေဖြစ်ခဲ့ သလဲဆိုတာ ပြောပါဦးဟယ်၊ နင်တို့ ညီအစ်မကြောင့် ငါ တော်တော်စိတ်ညစ်တယ်၊ တကယ်ပဲ"

နွေရိပ်က ကျေနပ်မှု အပြည့်ရှိတဲ့ အပြုံးနဲ့ ပြုံးတော့ အန်တီလေးက တူမငယ်ကို မျက်စောင်းထိုးပြီး...

"နင် အဲဒီလို သွေးအေးအေးနဲ့ နင့်အစ်မ စိတ်ထိခိုက် သွားသွားဆွ၊ အေး... ညနေလောက်ကျရင် နင့်အတွက် ဘာတွေ အမိန့်ထုတ်မလဲဆိုတာ ကြားရပါလိမ့်မယ်၊ ကြည့်နေ"

နွေရိပ်က တခစ်ခစ် ရယ်ပါသည်။ ပြီးတော့ အန်တီလေး ကို ဖြစ်ပျက်သမျှ အလုံးစုံကို သူငယ်ချင်း တစ်ယောက်လို ဖွင့်ပြောပြလိုက်သည်။



ရွှေသမင်စာပေ



မာနဆိုတာ
လှပတဲ့ ဝတ်ရုံမှ မဟုတ်တာ
စိမ်းကားရခြင်းတဲ့လား
အကောင်းဆုံးခံတပ် အကောင်းဆုံးတိုက်စစ်
အရွဲ့သစ်ဝါဒီရဲ့ အရှုပ်သခင်
မင်း ပျော်ရွှင်မှာတဲ့လား...။
စောနားပါကွယ်...
မကြာခင် ပွဲရဲ့အဖြေ သိလိမ့်မယ်...။

ရွှေသမင်စာပေ

စိမ်းကားခြင်းနဲ့ ပြီးတတ်တဲ့အပြီးဟာ အေးမြပါတယ်လို့ ဘယ်ပညာရှိက ပြောဖူးလဲ မမိုးရိပ်ညို။

ဒီနေရာကို ပြန်မရောက်ချင်သူဟာ စက်ပိုင်းဆန်ဆန် ပတ်လျှောက်ပြီးမှ ဒီနေရာမှန်းမသိ ရပ်မိသူဟာ အမြင်ဝေဝါးခြင်းနဲ့ ပျော်ရွှင်နေသူလို မမိုးက မာနရဲ့ဝက်ပါမှာ စိတ်ညို့ ခဲ့ရသူပါ။

မာနရဲ့ အကြည့်တစ်ချက်နဲ့ ထုတ်ချင်းခထာခထာပေါက် ခဲ့ရတဲ့ ကျွန်တော့် ချစ်ခြင်းမေတ္တာတွေရဲ့ အစိတ်အပိုင်းတွေလည်း ပစ်ကွင်းထဲက စက်ပိုင်းလို မမရဲ့ ခပ်လှမ်းလှမ်းမှာ နေခဲ့ရပါတယ်။

အဲယားကွန်း တပ်ဆင်ထားတဲ့ ဧည့်ခန်းထဲမှာ နေခဲ့ပေမယ့် ချွေးကိုယ်အပူငွေ့ပဲ ငြိမ်းခွင့်ရမှာပေါ့။ တရားသဘောနဲ့ စကားပြောကြည့်တာတော့ မဟုတ်ဘူးနော် မမိုးရိပ်။





မာန ဆိုတာ ရေခဲပဲရိုက်ရိုက် အဲယားကွန်းထဲမှာပဲနေနေ အပူငွေ့ ကုန်ဆုံးမှာ မဟုတ်ဘူး။ ဒီကောင်ကြီးက ဓာတိယကမ္ဘာစစ် က မပေါက်ကွဲသေးတဲ့ မြေမြှုပ်ဗုံးလိုပဲ၊ အချိန်တန်လို့ ပေါက်ကွဲခွင့်ရရင် ပေါက်ကွဲခြင်းအတွက် သူ့ အစွမ်းပြမှာပဲ မမိုးရိပ်ညို။

"လတ်တလောတော့ အိမ်ထဲကနေ အိမ်ပြင်မထွက်ရတော့ဘူး ရှာန်ရှာန်"

နွေရိပ်က ဖုန်းထဲကနေ အခုလိုပြောလိုက်တော့ တစ်ဖက်က ရှာန်ရှာန်က...

"နွေရိပ်အစ်မက ဘာကြီးလဲကွာ၊ တော်တော် စိတ်ပျက်ဖို့ကောင်းတယ်ကွာ"

လို့ ထုံးစံအတိုင်း ကြားရပြန်သည်။ ထပ်ပြီးတော့ ပြောသေးတယ်။

"တစ်ခုတော့ ကောင်းတာပေါ့လေ၊ အေးစက်စက်နှစ်နေတဲ့ ပွဲတစ်ပွဲကို လှုပ်ရှားဖြစ်အောင် နွေရိပ် လုပ်လိုက်တာကောင်းတယ်လို့ ကိုယ် ထင်တယ်"

အန်တီလေးက သူမကို ခပ်တိုးတိုးဆိုတယ်။

"ဟဲ့... ညည်းအစ်မ ပြန်လာတော့မယ်နော်၊ မြန်မြန် ဖုန်းဆက်ပါဟဲ့၊ ငါပါ မကောင်းဘူး ဖြစ်နေဦးမယ်"

ဒီဘက်က အသံတွေကြောင့် ထင်တယ်၊ ရှာန်ရှာန်က ဘယ်သူလဲလို့မေးတော့ အန်တီလေးပါလို့ ပြောတော့ ဗြော်... လို့ ရေရွတ်ပြီး ဘာမှထပ်မပြော။ အန်တီလေး အကြောင်းကိုတော့ သူမ ပြောထားလို့ ရှာန်ရှာန်တို့အုပ်စုက သိနေပါပြီ။

"နွေရိပ် အထင်တော့ မမ မိုင်းအပေါ် မရိုးသားဘူးလို့ ထင်ကိုထင်တယ်"

နွေရိပ် စကားကြောင့် ရှာန်ရှာန်က ရယ်ရင်း...

"လုပ်မနေပါနဲ့ နွေရိပ်ရယ်၊ မမမိုး မိုင်းကို ချစ်ရင် ချစ်တယ်ပေါ့"

သူမ ရယ်လည်း ရယ်ချင်၊ နည်းနည်းလည်း ခံပြင်းသွားကာ...

"ရှာန်ရှာန်နော် တို့အစ်မကို..."

"ဗြော်... ပြောတုန်းကတော့ မမကို မိုင်းနဲ့ပဲ သဘောတူတယ်ဆို၊ ဟို... မမကို လာပိုးနေတဲ့ ကြောင်တောင်တောင် နှာဘူးကြီးတွေနဲ့ သဘောမတူဘူးဆို"

"ဒါတော့ ဒါပေါ့... ဒဲ့ဒိုးကြီးပြောတော့ နွေရိပ်ဘက် ရှက်တာပေါ့"

"ဗြော်... နွေရိပ်ရယ်၊ ကိုယ့်ချစ်သူကိုတောင် ဒီကိစ္စ အတွက် ရှက်ပြနေရသေးတယ်"





"ဟိုတစ်နေ့က ပန်းခြံထဲမှာ..."

'ရှာန်ရှာန်နော်... တော်ပြီ... ဒါပဲ"

"နေပါဦး... နွေရိပ်ရယ်... လူချင်း မတွေ့ရပေမယ့် အသံလေးတော့ ကြားပါရစေ"

"သိပ်အဖြစ်သည်းပြမနေနဲ့ ရှာန်ရှာန်"

"အဲဒါ အဖြစ်သည်းပြနေတာမဟုတ်ဘူး ချာတိတ်မလေးရဲ့၊ တကယ့်ကို ရင်ထဲမှာ ဖြစ်နေတာ"

နွေရိပ်က ရှာန်ရှာန် စကားကြောင့် ရယ်မောမိသည်။

"ဒီထက် အခြေမကောင်းလာရင်တော့ နွေရိပ်ကို ကိုယ် နိုးပြေးမှာနော်"

"အဲဒီလောက်ကြီးလည်း အခြေအနေဆိုးမယ် မထင်ပါဘူး ရှာန်ရှာန်ရယ်"

"ပြောလို့ရမလား နွေရိပ်ရယ်၊ မိုင်းအပေါ် မကျေနပ်ချက်တွေကို နွေရိပ်ပေါ် နွေရိပ်အစ်မက ဟိုးရိုးရှိုးမားမြို့ကို ဗုံးကြဲသလို ကြဲချရင် ကြဲချမှာ၊ နွေရိပ်အစ်မက ဦးနှောက် သိပ်ကျပ်ပြည့်တာ မဟုတ်ဘူး"

"အံမယ်... နွေရိပ်အစ်မကို အဲဒီလိုမပြောပါနဲ့နော်"

နွေရိပ်ရဲ့ ဒေါသကြောင့် ရှာန်ရှာန်က တဟားဟား အော်ရယ်ပါသည်။

"ကဲ... ဒါပဲ မဟုတ်လား။ ဖုန်းချလိုက်တော့မယ်၊ စိတ်လျှော့တော့နော်"

"ခဏလေး အရေးကြီးစရာပြောဖို့ ကျန်သေးတယ်"

"ဘာလဲကွာ… ရှာန်ရှာန်က ရစ်နေပြန်ပြီ"

"အကောင်းပြောတာပါ နွေရိပ်ရယ်၊ လာမယ့်ဆန်းအေး (………) ပလာဇာမှာ ကိုယ့်ပရိုမိုးရှင်း ရှိုးပွဲတစ်ပွဲရှိတယ် လာဖြစ်အောင် လာခဲ့နော်"

"ကြည့်လိုက်ဦးမယ်လေ"

နွေရိပ်ရဲ့ စကားကြောင့် ရှာန်ရှာန်က **စိတ်ပျက်သွား** ဟန်နဲ့…

"ဟာကွာ… ကြည့်တာတွေ မကြည့်တာတွေ **လုပ်မနေနဲ့** ရအောင်ကိုထွက်ခဲ့… ဒါပဲ"

မရ,မကပြောပြီး ရှာန်ရှာန်ဘက်က ဖုန်းအမြန်ချလိုက်သည်။ သူမကပါ ဖုန်းချပြီးတော့ အန်တီလေး ထိုင်နေရာကို လျှောက်လာပြီး အန်တီလေးဘေးမှာ ဝင်ထိုင်တော့…

"ညည်းတို့ သမီးရည်းစား အချင်းချင်းပြောတာ နူးနူး ညံ့ညံ့လည်း မရှိပါဘူး နွေရိပ်ရယ်"


နွေရိပ်က အန်တီလေးခါးကို လှမ်းဖက်လိုက်ရင်း…

"ဒါက ဒီလိုပဲ အန်တီလေးရဲ့"

**အန်တီလေး**က သူမ ခေါင်းကို ပွတ်သပ်ရင်း…

"အင်း… ရှေ့ဆက်ဘာတွေဖြစ်လာဦးမလဲ မသိပါဘူးကွယ်"

**ပြောသာ**ပြောရတာ သူမလည်း စိတ်မောနေရပါသည်။







"ဆန္ဒ… ဘာစားမလဲ"

ဆန္ဒက ဖင်ကို ပွာပေးတဲ့ ခွေးခြေပုလေးမှာ ဝင်ထိုင်သည်။ ချစ်မင်းတို့ မောင်မောင်ကြည်တို့က…

"ဟဲ့… နင်… တစ်ခုခု စားပါလား"

"ဒီဆိုင်က အကုန်ရတယ်ဟဲ့"

မောင်မောင်ကြည်ရဲ့ စကားကြောင့် ဆန္ဒကလည်း…

"ဝေလငါးပေါင်းတစ်ပွဲ မှာပေးဟာ"

"ဟာ… နင်ကလည်း…"

ဆန္ဒက မောင်မောင်ကြည် မျက်နှာကြီးကြောင့် ရယ်မောရင်း…

"အဲဒါဆို စိုစိုကြူတစ်ပွဲ မှာပေး"

ဆန္ဒ ပြောစကားကြောင့် မောင်မောင်ကြည်က ချစ်မင်းကို ကြည့်ပြီး…

"ခွေးကောင်… မင်း လျှောက်ဖွထားပြီ မဟုတ်လား"

**ချစ်မင်းက**လည်း ခပ်တည်တည်နဲ့…

"လျှောက်မဖွပါဘူး။ ထိုင်ပြီးတော့ သပ်သပ်ရပ်ရပ်လေး ပြောလိုက်ရုံပါကွာ"

"ငါ လက်ဖက်ရည်ပဲ သောက်မယ်"

ဆန္ဒက လက်ဖက်ရည်ပဲဆိုလို့ ထင်သည်။ ချစ်မင်းက ထမင်းစားရန် ပြောသည်။

"**မဟုတ်ဘူး**… ငါ မမနှင်းတို့အိမ်မှာ ထမင်းစားဖို့ [illegible] **မှာထားတယ်**"

ချစ်မင်းတို့ ဘာမှထပ်မပြောတော့။ မောင်မောင်ကြည်က ဇင်ကိုထံ ဦးတည်၍...

"မိုင်းရဲ့ အခြေအနေက ဘယ်လိုလဲ"

ဇင်ကိုက သောက်လက်စ လက်ဖက်ရည်ခွက်ကိုချပြီး...

"ဘယ်အခြေအနေကို မေးတာလဲ၊ ခွေအခြေအနေလား မမိုးရဲ့ အခြေအနေလား"

"နှစ်ခုစလုံးပဲ၊ မနေ့ကတောင် ကိုရောင်ကြီးကတော… ငါ့ကိုမေးတယ် ဇင်ကို၊ ပြောရရင် အားလုံးပါပဲ"

ဇင်ကိုက သက်ပြင်း မှုတ်ထုတ်ပြီး...

"…မမိုး အခြေအနေကတော့ မလွယ်ပါဘူးကွာ၊ သြ… ရွက်နဲ့ရော စိတ်ပုတီးရော၊ ဂါထာတွေရော အကုန်စုံအောင် မန်းမှုတ်လို့မရတဲ့ တစ္ဆေလိုပဲ"

ဒီကောင့်ဥပမာကြောင့် ရယ်ကြပါသည်။ မောင်မော… ကြည်က စိတ်ပျက်ဟန်နဲ့ ပြောလာပါသည်။

"အေးကွ... ဒီမိန်းမက ရုပ်လေး လှသလော… တော်တော်အခြေကြီးတဲ့ မိန်းမကွာ၊ ဒီကောင့် နှလုံးသား ကလည်း ဒီမိန်းမကိုမှ ရွေးချယ်တတ်တယ်"

"ဟဲ့... ဒါက... ကြိုတင် စီမံထားလို့ ရတဲ့အရာ မဟုတ်တာ"

ဆန္ဒက ဝင်ပြောပါသည်။ ဇင်ကို ကတော့...

"ကဲ...ငါတို့ မမနှင်းတို့အိမ် လစ်လိုက်ဦးမယ်၊ မင်းတို့ လိုက်ဦးမလား"





"မလိုက်တော့ဘူးကွာ... ။တို့ သင်တန်းတစ်ခု …ားစုံစမ်းစရာရှိတယ်ကွ"

"မင်းတို့ကလည်း သင်တန်း တစ်ခုပြီးတစ်ခု တက်ပဲ …က်နိုင်လွန်းတယ်"

ဇင်ကို စကားကြောင့် မောင်မောင်ကြည်က...

"ဟေ့ကောင်... ငါက အဖော်လိုက်လုပ်ပေးရတာ၊ …ကောင် ချစ်မင်းနဲ့ ပုရစ်က ကောင်မလေးတွေကို ကြောင်ပြီး …ိုက်တက်နေလို့"

မောင်မောင်ကြည် စကားကြောင့် ချစ်မင်းကလည်း …န်ပြောပါသည်။

"ဩော်...မင်းကမကြောင်ဘူးပေါ့။ အေး...ပြီးခဲ့တုန်းက …င်တန်းမှာ မာမာလွင် ဆိုတဲ့ အသားဖြူဖြူ ကုလားမလေးကို …စီကလီ သွားလုပ်တဲ့ဗိုင်တွဲ... စုစုကို သွားချပြလိုက်ရမလား"

ချစ်မင်း စကားကြောင့် မောင်မောင်ကြည်က ထိတ်ထိတ် …ပျာပြာဖြင့်...

"ဟေ့ကောင်... မဟုတ်တရုတ်တွေ လျှောက်မလုပ်နဲ့၊ …ို စိတ်ကောက်ရင် ချော့ရတာ မလွယ်ဘူးကွ"

ဒီကောင့် ဖြစ်ပုံကြောင့် ပွဲကျကြပါသည်။ ဇင်ကိုနဲ့ ဆန္ဒ …ည်း သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး မမနှင်းအိမ် လျှောက် …ကြပါသည်။

"ဟဲ့... ဘယ်လျှောက် သဝေထိုးနေတာလဲ၊ ငါ့မှာ ကြ မျှော်လိုက်ရတာ"

ခြံတံခါး ဖွင့်ဝင်လာပြီး ခြံတံခါးကို ပြန်ပိတ်နေရာမှ

"မျှော်တာ ကျွန်တော်တို့ကို မဟုတ်နိုင်ပါဘူး၊ ဦးလေးပြောရတာ ဖေဖေလည်း နင်တို့သုံးယောက်နဲ့တွေ့မှ ပျော်ရွှင်လာတယ်"

လုစိန်ကို မဟုတ်လား"

"ဟယ်... ဒီကောင်လေး ပေါက်တတ်ကရ"

မမနှင်းက ဖင်ကိုစကားကြောင့် ရှက်ပြီး ဆန္ဒ လက်ဆွဲကာ...

"ထမင်းစားကြတော့မလား"

"ခဏနေပါဦး...မိုင်းနဲ့ ရျာန်ရျာန်ကို စောင့်လိုက်ဦးမယ်"

မမနှင်းက ခြံထဲက ခုံတန်းလေးမှာ ဝင်ထိုင်သည်။

"မမနှင်းတို့ခြံက အေးအေးချမ်းချမ်းလေးနော်"

"ဒါနဲ့ ဘဘက ဘယ်သွားလို့လဲ"

ဖင်ကို့ အမေးကြောင့် မမနှင်းက...

"ဖေဖေ သူ့သူငယ်ချင်း တစ်ယောက်ဆီ စစ်တုရင် ကစားဖို့ ချိန်းထားတယ်ဆိုပြီး ထွက်သွားလေရဲ့"

"ကလပ်တို့ ကေတီဗွီဘီယာစတေရှင်တို့ သွားနိုင်းပါလား ဘဘလည်း အပျင်းပြေတာပေါ့"

မမနှင်းက ဖင်ကို့ ခေါင်းကို ခေါက်တော့ ဆန္ဒ ကောင်းတယ်လို့ ပြောသည်။

"အေး... ဖေဖေလာမှ နင်ပြောတာကို ပြောပြလိုက်မယ်"





"ဟာ... မလုပ်ပါနဲ့ မမနှင်းရာ"

"ဩော်... ဖေဖေ့ကျတော့ ကြောက်သား၊ ပြောသာ ပြောရတာ ဖေဖေလည်း နင်တို့သုံးယောက်နဲ့တွေ့မှ ပျော်ရွှင်လာတယ်"

မမနှင်း စကားကြောင့် ဆန္ဒတို့နှစ်ယောက် ရယ်မိကြသည်။

"ဟဲ့... ဟိုနှစ်ကောင် အခြေအနေ"

ဖင်ကိုနဲ့ဆန္ဒ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပါသည်။ ပြီးတော့ ဖင်ကိုက...

"ဖြစ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်တာ မမမိုး တစ်ယောက်ပဲရှိတယ် မမနှင်း"

မမနှင်းလည်း ဖင်ကိုစကားကြောင့် စိတ်မကောင်းဟန်သည်။ သုံးယောက်သား ငေးငိုင်နေကြသည်။

ထိုစဉ် ခြံတံခါး ဖွင့်ဝင်လာတဲ့ ရျာန်ရျာန်နဲ့ မိုင်းကို တွေ့လိုက်ရသည်။

ရျာန်ရျာန်နဲ့ မိုင်းက ခုံအလွတ်မှာ ဝင်ထိုင်သည်။

"နေပြင်းလိုက်တာကွာ"

မိုင်းကတော့ ဆံပင်တွေကို သပ်တင်ရင်း မျက်နှာကောင်း။ ဒါကိုသိတဲ့ ဖင်ကိုက...

"မအိုကေဘူးလား"

မိုင်းက မချိပြုံး ပြုံးသည်။ ရျာန်ရျာန်က မိုင်းကို ကြည့်ပြီး...

"အဲဒီ ပရိုဂျူဆာက ဒီကောင့်ခွေကိုကြိုက်တယ်၊ ဒါပေမယ့် ဒီအမျိုးအစားကို ထုတ်ဖို့က သူ ဝံ့သွားမရဲဘူးတဲ့၊ စိတ်ခါတ်မကျနဲ့ မိုင်း၊ ဒယ်ဒီ ပြန်လာတော့မှာပါ၊ ဒယ်ဒီ မင်းခွေကို ပရိုဂျူဆာ လုပ်ပေးလိမ့်မယ်"

မိုင်းက သက်ပြင်းချ ခေါင်းခါရင်း...

"ဒုက္ခသွားမပေးပါနဲ့ ရျာန်ရျာန်ရာ၊ မင်းတို့စေတနာကို ငါ နားလည်ပါတယ်"

"ဟာ... မဟုတ်သေးပါဘူး မိုင်းရာ၊ အရှုံး အမြတ် ဆိုတာ ခဏဘေးချိတ်ထား၊ မင်း အကောင်းဆုံးလုပ်ထားတာ မင်းရဲ့ အရည်အသွေး ဒီခွေထဲမှာ အပြည့်ရှိတာပဲ၊ ပရိသတ်က ပေါ်ချောင်ကောင်း သီချင်းတွေကို ကြိုက်တဲ့သူ ရှိသလို အရည်အသွေးကိုကြိုက်တဲ့ ပရိသတ်လည်းရှိတာပဲ၊ ဒီလိုလုပ် ငါနဲ့ ရျာန်ရျာန် မင်းခွေကို ရှယ်ယာပေါင်းပြီး ထုတ်မယ်"

ဇင်ကို စကားကြောင့် ရျာန်ရျာန်ကလည်း...

"ဟုတ်တယ်... အဲဒါကောင်းတယ်"

မိုင်းက ခေါင်းမာနေဆဲ။

"ဟင့်အင်း... ငါမထုတ်နိုင်ဘူး၊ လက်ရှိ ဒီလောက၊ ဒီ ပရိုဂျူဆာတွေတောင် ငါ့ခွေကို မထုတ်ရဲတာ မင်းတို့ထုတ်ရင် ငါ လုံးဝ ကန့်ကွက်တယ်ကွာ"

"ကျွတ်... မဟုတ်တာကိုကွာ"

"အေးလေ"





ဒီကောင် နစ်ကောင်က မကျေနပ်ဟန် ပြောတော့ မမနှင်းတို့ကလည်း...

"ဟုတ်သားပဲ မိုင်းရယ်၊ မင်းခွေက တစ်ထစ်ချရှုံးမယ် လို့ ပြောလို့မရတဲ့ ကိစ္စပဲကွာ"

ဆန္ဒကလည်း မမနှင်းစကားကို ထောက်ခံသည်။

"နင်ကလည်း စိတ်ခါတ် ကျလွယ်လိုက်တာ၊ သြော် ဒါနဲ့ ဇင်ကို ဟိုအစ်ကိုကြီးမှာတာ ပြောလိုက်ဦးလေ"

ဆန္ဒ သတိပေးစကားကြောင့် ဇင်ကိုက သတိရဟန်နှင့်...

"ဟော့ကောင်... မင်းကို ကိုမင်းဦး လိုက်ရှာနေတယ်၊ သူ့ဆီ လာခဲ့ဦးတဲ့"

"ဘယ်မှာတွေ့လို့လဲ"

"မြို့ထဲမှာ... ငါနဲ့ ဆန္ဒ ရှမ်းခေါက်ဆွဲ ဝင်စား ရင်း တွေ့တာ၊ ငါ ဒီရက်အတွင်း လွှတ်လိုက်မယ်လို့တော့ ပြော လိုက်တယ်"

ရျာန်ရျာန်က အိမ်အတွင်းဘက် ဝင်သွားပါသည်။ တအောင့်ကြာတော့ ဝပ်ဖြိုးဖြိုးနဲ့ ထွက်လာပါတယ်။

မမနှင်းက ရျာန်ရျာန်ကို မသင်္ကာဟန်နှင့် ကြည့်ပြီး...

"ဒီကောင်လေး တစ်ခုခုတော့ တစ်ခုခုပဲ"

ရျာန်ရျာန်က မိုင်းကို ဆွဲဖက်လိုက်ရင်း...

"ဟဲဟဲ... ချစ်သူလေးကို ဖုန်းဆက်ပြီး ဒီကို ခေါ် လိုက်ပြီ၊ မတွေ့ရတာ အတော်ကြာပြီကွ"

ရှာန်ရှာန် စကားကြောင့် မမနှင်းက ဘုရားတ,ကာ...

"ဟဲ့... သူ့အစ်မ မရှိဘူးလား။ ပြဿနာတက်ဦးမယ်"

ရှာန်ရှာန်က လက်ခါပြရင်း...

"မရှိလို့ပေါ့... ရှိရင် ခေါ်ရဲပါ့မလား မမနှင်းရဲ့"

ဆန္ဒက မိုင်းကို ကြည့်ကာ...

"ရှိလည်း အဲဒီအိမ်ကို မိုင်းကို လွှတ်ပြီး ထိန်းချုပ်ထားခိုင်းလိုက်"

အရယ်အမောစကားမို့ အားလုံး ရယ်မိကြပါသည်။ ခဏနေတော့ နွေရိပ် ရောက်လာပါတယ်။ နွေရိပ်က မမနှင်းကို မြှူးပြပြီး...

"မမနှင်း... နေကောင်းလား"

မမနှင်းကလည်း သူ့ဘေးမှာ ဝင်ထိုင်ခိုင်းပြီး...

"မင်းတို့ပြဿနာတွေကြောင့် စိတ်ကျန်းမာရေးဆေးရုံသွားရုံလောက်ပဲ ရှိပါတယ်ကွယ်၊ ခဏနေကြဦး... မမနှင်း စားဖို့ သောက်ဖို့ သွားပြင်ဆင်လိုက်ဦးမယ်"

"ဟာ... မမနှင်း..."

ရှာန်ရှာန် အသံကြောင့် မမနှင်းက...

"ဘာဖြစ်လို့လဲ ရှာန်ရှာန်"

"စောစောထဲက သွားသင့်ပြီလို့ ပြောမလို့ဟာ"

"ဒီကောင်လေး သိပ်အူမြူးနေတယ်"

မမနှင်း ထွက်သွားတော့ နွေရိပ်က မိုင်းကို လှမ်း၍...





"ဘယ်လိုဖြစ်နေတာလဲဟဲ့"

မိုင်းက...

"ဘာမှမဖြစ်ပါဘူးဟာ၊ ကဲ... နေခဲ့ဦး။ ငါ မမနှင်းနဲ့ ...ပြီး ထမင်းပွဲ ပြင်ပေးလိုက်ဦးမယ်"

မိုင်းက ဒီကောင်တွေကို ထားပြီး အိမ်ထဲဝင်လာခဲ့ပါ ...ယ်။ ဒီရက်ပိုင်းအတွင်း အကြောင်းမလှ။ ကိုယ့်ရဲ့ဇာတာက ...ဲအကွဲ ကျရှုံးခန်းတွေနဲ့ အလံဖြူပြနေခဲ့ပါပြီ။

ထမင်းစားခန်းဆီ ရောက်တော့ ထမင်းပွဲတွေ ချခပ် ...တဲ့ မမနှင်းက...

"ဗိုက်ဆာနေပြီလား မိုင်း။ ခဏလေးစောင့်... ပြီးပြီ"

မိုင်းက မမနှင်း ချပြီးသား ထမင်းပန်းကန်တွေကို ...င်းစားပွဲပေါ်တင်ကာ ပြင်ဆင်ပေးရင်း...

"သူတို့ လွှတ်လွှတ်လပ်လပ် နေလို့ရအောင် ထွက်လာ ...တာပါ မမနှင်းရာ၊ ဒါနဲ့ ဦးလေးလှစိန် လာသေးလား"

"မနေ့ညနေက ဝင်လာပါတယ်၊ ဖေဖေနဲ့ စကားပြော ...သေးတယ်"

မမနှင်းနဲ့ ပြင်ဆင်ပေးရင်း စကားလက်ဆုံ ကျနေရာမှ...

"ကဲ... ရှေ့ကအဖွဲ့တွေ သွားခေါ်လိုက်တော့၊ အားလုံး ...သင့်ပဲလို့"

မိုင်းက ခေါင်းညိတ်ပြပြီး အိမ်ရှေ့ထွက်လာခဲ့ပါတယ်။

ဒါပေမယ့် အိမ်ရှေ့ ရောက်တော့ ပြဿနာတွေက ...ဆင်သင့် စောင့်ကြိုနေခဲ့တယ်။

ဒေါသလှလှ အမျက်လှလှနဲ့ မာကျော ခက်ထန်
မျက်ဝန်းတွေကို ပိုင်ဆိုင်ထားပြီး မဟာဆန်သူကြီး မမမိုး

“မင်း... ငါ့ညီမနဲ့ လုံးဝ မပတ်သက်ပါနဲ့၊ အေး... ပတ်သက်လာလို့ ရှေ့ဆက်ဖြစ်လာမယ့် အနာဂတ် မကော
ရင်တော့ ငါ တာဝန်မယူနိုင်ဘူး”

“ခင်ဗျား ကျွန်တော်တို့ကို ခြိမ်းခြောက်နေတာလ
မမမိုး၊ နေပါဦး... ကျွန်တော်တို့ကို သဘော မတူရအော
ကျွန်တော်တို့မှာ ဘာအားနည်းချက်ရှိလို့လဲ မမမိုး”

မမမိုးက နှုတ်ခမ်းတွန့်ကာ မဲ့သည်။ ဆံနွယ်နက်
တွေကို အပြောင်သိမ်းစုစည်းထားပြီး ခပ်ထူထူမျက်ခုံးတွေ
အောက်က မျက်ဝန်းသည် ဟန်ဆောင်မှု အပြည့်ရှိသည်
မိုင်း ထင်နေရသည်။

အိပ်တံခါးဝမှာရပ်ရင်း သူက ပွဲကြည့်ပရိသတ် သက်သ
ဒါကိုလည်း မမမိုးရိပ်က မြင်နိုင်ပါတယ်။

“အေး... မင်းတို့ကို ငါ အကြောင်းပြချက် မရှ
သဘောမတူတာကွာ၊ သေချာအောင် ပြောရရင် ငါ့ညီ
မင်းတို့အုပ်စု မပတ်သက်နဲ့”

ဖင်ကိုနဲ့ဆန္ဒက လက်ပိုက်ပြီး မမမိုးကို အကဲခတ်နေသ

“ခင်ဗျား... တော်တော်အတ္တကြီးတဲ့ မိန်းမပဲ မ
ဟန်ဆောင်မှုလည်း အကောင်းဆုံးပဲ၊ ဒီတစ်နှစ်တ
အကောင်းဆုံး ဟန်ဆောင်မှုပေးပွဲရှိရင် ခင်ဗျားပဲ ရလိမ့်မ





“မင်း... ငါ့ကို ဘာမှပုတ်ခတ်စရာ မရှိဘူး”

ရှာန်ရှာန်က သရော်ဟန်နဲ့ ရောဘုင်အသံလို ရယ်မောသည်။ ဒါကို မမမိုးက မကျေနပ်ဟန်ရှိကာ ခံပြင်းပုံရသည်။

“မှန်တာပြောတော့ သိပ်အထိနာရတယ်ပေါ့၊ ရှင်းရှင်းပြောရရင် ခင်ဗျားက လူလိမ်ပဲ၊ ကိုယ့်နှလုံးသားကို ကိုယ်ပြန်လိမ်နေတာ၊ မုန့်ကြိုးလိမ်လို နှလုံးသားနဲ့ စပရိန်အသည်းတပ်ထားတဲ့ စက်ရုပ်နဲ့လူ”

ဒီကောင်ပြောပုံက မိုင်း ရယ်ချင်မိသည်။ ဆန္ဒက ရယ်မိမှာစိုးလို့ နှုတ်ခမ်းကို ဖိကိုက်ထားသည်။ ရွှေရိပ်ကတော့ ခေါင်းကုတ်ရမလို ရယ်မလိုလို ဖြစ်နေသည်။

“ဟဲ့... နင်သွားလိုက်ဦး၊ လာစမ်းပါ”

မမနှင်းက အနားရောက်လာပြီး သူ့လက်မောင်းကို ဆွဲကာခေါ်လာသည်။

အဲဒီလိုဖြစ်ပုံကြောင့် မမမိုးရိပ် မျက်နှာ ပျက်ယွင်းသွားတာ မိုင်းမြင်သလို ဟိုကောင်နှစ်ကောင်လည်း ရိပ်မိဟန်ရှိသည်။

ဒါကြောင့် ရှာန်ရှာန်က တမင်တကာပင်...

“ဩော်... အထူးမိတ်ဆက်ပေးရမယ်ဆိုရင် ဒါ မိုင်းနဲ့ မကြာခင် လက်ထပ်မယ့် အမျိုးသမီးပဲ၊ မမနှင်းတဲ့... မိုင်းက ဝင်ကျွတ်သွားပြီ ခင်ဗျ”

“ဟယ်... ရှာန်ရှာန်”

မမနှင်းက အိုးတိုးအမ်းတမ်း ဖြစ်သွားသလို မမမိုး မျက်နှာ ဖျတ်ခနဲ ပျက်သွားတာ အားလုံးမြင်သည်။

ဒါပေမယ့် ချက်ချင်း ပြန်ထိန်းပေမယ့် မပီပြင်တာ အကုန်လုံး ရိပ်မိကြသည်။

နွေရိပ်ကတော့ ရျာန်ရျာန်ရဲ့ လုပ်ပုံကို မျက်လုံးပြူးပြ တယ်။ ရျာန်ရျာန်က နွေရိပ်ကို မမြင်ချင်ယောင် ဆောင်နေ ပါတယ်။

"တောက်... နွေရိပ်... နင် လိုက်ခဲ့"

မိုင်းကို မီးတောက်မတတ် မျက်ဝန်းတွေနဲ့ တစ်ချက် စိုက်ကြည့်ပြီး အံကြိတ်ကာ ထွက်ခွာသွားပါသည်။ သူတို့ ထွက်သွားတော့မှ မမနှင်းက ရျာန်ရျာန်နဲ့ မိုင်းရဲ့ ခေါင်းကို တစ်ချက်စီ ခပ်နာနာ ခေါက်ပြီး...

'ကိုယ့်အစ်မကို နင်တို့ ပြောပုံ လုပ်ပုံတွေက ကောင်း လား"

မိုင်းနဲ့ ရျာန်ရျာန်က နာကျင်သွားတဲ့ခေါင်းကို ပွတ် သည်။ ဖင်ကိုက မမနှင်းကို အခုလို ပြောရပါတယ်။

"ဒီမိန်းမက အခုလို သင်ခန်းစာပေးမှ ကောင်းတာ၊ ကြည့်... ရျာန်ရျာန်စကားကြောင့် ပိုပြီးထူးခြားလာသင့်တယ်"

ဆန္ဒက ဖင်ကို့ကို လက်မောင်းကို ပုတ်ပြီး...

"အဲဒီ ထူးခြားချက်က ပေါက်ကွဲတုန်ခါလာမှ ဆိုးမှာ နော်"






"ဘာဖြစ်လဲ... အဲဒါမှ ဒီမိန်းမ ဟန်ဆောင်မှုတွေ ကျကျမှာ"

မမနှင်းက...

"အပြောကတော့ ဟုတ်နေတာပဲ"

လို့ ညည်းမိပါသည်။



"ရာသီဥတုက ရွာရန် ရာခိုင်နှုန်း ရှိသည့်ပေါ့"

ကိုဝေညိုက ပုလင်းကို ဖင်ကရိုက်ရင်း မိုင်းကို ရယ်ညွှန်း၍ ပြောသည်။

ကိုလှစိန်က မယ်ဒလင်ကို ချကာ ဆေးပေါ့လိပ်တိုကို ထောင်ကာ သောက်တော့ ကိုကျော်စွာက...

"ခင်ဗျားပုံ ကြည့်ရတာ စုန်းမကြီး ကျနေတာပဲ"

ကိုကျော်စွာ စကားကြောင့် ကိုလှစိန်က ဆဲသည်။

"အေးကွာ... ဒီကောင်လေးကျမှ ကံဆိုးနေရတယ်၊ ကျတော့လည်း ပရိဂျူဆာတွေက လက်တွန့်၊ ချစ်ခြင်း မတ္တာ ကိစ္စကျတော့လည်း တစ်ဖက်က ချစ်နေလျက်နဲ့ တမှန်းမသိ ဖြစ်လိုဖြစ်"

"အဲဒီ မိုးရိပ်ညို ဆိုတဲ့မိန်းမက ချစ်ရတာကို ရှက်နေတာ
ဖြစ်လိမ့်မယ်"

ကိုကိုဇော်က ပဲလှော်ကို ဝါးရင်းပြောတော့ ရယ်ကြ
သည်။ ကိုကျော်စွာက ခွက်ထဲက ရောစပ်ပြီးသားကို တစ်ကျိုက်
မော့ရင်း...

"သူ ကြီးကြီးကျယ်ကျယ်တွေ ပြောထားပြီး ဒီ
ကောင်လေးနဲ့ ကြိုက်ရတာကို သူ့အသိုင်းအဝိုင်းသိမှာ ပြော
ရှက်နေတာ ဖြစ်မယ်"

"ဘာဆိုင်လို့လဲကွ"

ကိုလှစိန်က ပြန်မေးတော့...

"ဆိုင်တယ် ကိုလှစိန်၊ မိန်းမတွေက ရှက်ရင်လည်
ကြိမ်ဖန်ရှက်တတ်တဲ့ အမျိုးအစားဗျ၊ မရှက်ရင်လည်း ဘ
လော်ကြီး ဖြစ်ဖြစ် မရှက်ပြန်ဘူး၊ မကြားဖူးဘူးလား...
မိန်းမနဲ့ မိုး အစိုးမရတဲ့"

တဟားဟား ရယ်ကြရင်း ကိုကိုဇော်က...

"မင်းကျမှ စကားပုံတွေ ပြောင်းရမယ့်ပုံပဲ ကျော်စွာ

"ဒါနဲ့ မိုင်း ညပိုင်းဟိုတယ်တစ်ခုမှာ အလုပ်ရနေပြီဆို

ကိုဝေညိုက မေးသည်။

ကိုလှစိန်က ခေါင်းညိတ်ရင်း...

"(.........)ဟိုတယ်မှာ အချိန်ပိုင်း ကလပ်စီတယ်
ဂီတာတီးပေးရတာ၊ ဟိုမှာက အင်္ဂလိပ်လိုပဲ ဆိုပေးရတာ





ကိုလှစိန့်အဖြေကြောင့် ကိုဝေညိုက ခေါင်းတညိတ်ညိတ်နဲ့...

"ကောင်းပါတယ်... ချာတိတ် စိတ်တည်ငြိမ်သွားတာ
ပေါ့၊ မိုးတော့ ချုပ်မှာပေါ့"

"သိပ်တော့ မချုပ်ဘူးဗျ၊ ဆယ်နာရီလောက်ဆို ဖယ်ရီနဲ့
လိုက်ပို့ပေးတယ်လေ"

"ဒါနဲ့ သူ့မိတ်ဆွေ ကိုမင်းဦးရဲ့ ပါတနာ တစ်ယောက်
သူ့ခွေကို ချိတ်မိပြီဆို"

ကိုလှစိန်က ခေါင်းညိတ်ပြရင်း...

"အခုမှ စ,အဆင်ပြေတာပါ၊ ဒီကောင်လည်း သူ့ခွေ
အတွက် စိတ်ပူပန်ရ၊ သူ့မမကြောင့် စိတ်ညစ်ရနဲ့ လူစင်စစ်က
နေ မီးသွေးခဲ ဖြစ်လိမ့်မယ် ထင်တယ်"

ညရဲ့ ငြိမ်သက်တဲ့ ကိုယ်ငွေ့အောက်မှာ ခေါင်းစဉ်တွေက
တစ်ခုပြီးတစ်ခု ပြောင်းလဲလာပါသည်။ အဓိကကတော့ မိုင်းရဲ့
အကြောင်း။ မိုင်းနဲ့ မိုးရိပ်ညို၊ မိုးရိပ်ညိုနဲ့ နွေရိပ်ညိုဆို
တစ်လှည့်၊ နွေရိပ်ညိုနဲ့ ရျာန်ရျာန်၊ တစ်ဆင့်ပြီး တစ်ဆင့်
တစ်ယောက်ပြီး တစ်ယောက် သူတို့လည်း တစ်ညလုံး။

မူးယစ်ရီဝေချိန်မှာ ရျာန်ရျာန်နဲ့ ဇင်ကို ရောက်ရှိလာ
ပါတယ်။ ဒီထက် တစ်ဆင့် ပုလင်းလည်းလဲ လူတွေလည်း
ဇောက်ထိုးဖြစ်ချိန်မှာ မိုင်း ရောက်ရှိလာပါသည်။

မိုင်းက သူမြင်ရတဲ့ မြင်ကွင်းကြောင့် သူ့ထက် ပိုမူးသောင်
သူတွေ ရှိသေးပါလားလို့ သံဝေဂ ရရှိခဲ့ပါသည်။ ရျာန်ရျာန်က

ဓောက်ထိုးမိုးမျှော် ဖြစ်နေသူတွေကို မေးငေါ့ ပြရင်း ပန့်တွန့်သည်။ ဖင်ကိုကတော့ သူတို့ခေါင်းရင်းကနေ ဂီတာ တီးခတ်ပြီး သီချင်းဆိုပါသည်။ သီချင်းသံကြောင့် ကိုကျော်စွာက ကယောင်ကတမ်းနဲ့ ဒယိမ်းဒယိုင် ထ,ထိုင်ကာ ဦးဇော်ရဲ့ နှာခေါင်းကို ကိုင်ရင်း...

"လှစိန်...ဆိုတဲ့ကောင် ရေဒီယိုမပိတ်သွားဘူး... အေ့"


နှာခေါင်းကို ဆွဲလှည့်ရင်း အားယူကာ မျက်လုံး ဖွင့်ကြည့်သည်။

သူ့ရှေ့က ရှာန်ရှာန် မျက်နှာကြီးကို ဘွားခနဲမြင်တော့ သူ့လက်နဲ့ ရှာန်ရှာန် မျက်နှာအနီးမှာ ဟိုယိမ်း ဒီယိမ်းလုပ်ရင်း...

"မှန်ထဲမှာ ငါ့ပုံက အေ့... ချောလှရီရား"

ဗလုံးဗထွေးပြောပြီး ပြန်လှဲချကာ အိပ်ပျော်သွားပြန်သည်။

သုံးယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်ရှုကလွဲလို့ ဘာမျှားတတ်နိုင်မှာလဲလေ။







"ကိုမိုင်း"

ကျွန်တော် တီးခတ်နေတဲ့ ကီးဘုတ်ရဲ့ ခပ်လှမ်းလှမ်းက ခေါ်သံကြောင့် ကြည့်လိုက်တော့ ဒီဆိုင်မှာ သီချင်းဆိုတဲ့ ကောင်မလေး အေးနွယ်စိုး။

"ဘာလဲ"

"ကိုဖင်ကို ရှာက်နေတယ်"

ကျွန်တော် ပရိုဂရမ်ကို ဖွင့်ထားလိုက်ရင်းက...

အပေါ်တက်လာခဲ့လို့ ပြောလိုက်လေ"

ကျွန်တော့်ဘေး ခုံလွတ်ရှိနေတာမို့ ကျွန်တော်က ဒါကို ရည်ရွယ်ပြီး ပြောလိုက်ပေမယ့် အေးနွယ်စိုး ရယ်ပြီး...

"သူ့ကောင်မလေးထင်တယ်၊ တစ်ယောက် ပါလာတယ်"

"ဟုတ်လား... ပထမပိုင်းပြီးရင် ငါ ဆင်းလာမယ်လို့ ပြောလိုက်"

"ကျွန်တော့် တီးနေရင်းက ဝိုင်းတွေဆီကို လှမ်းကြည့်တော့ ဖွေရိုပ်က ကျွန်တော့်ကို လက်လှမ်းပြကာ ဆိုင်ပြင် သို့ ထွက်သွားသည်။ ကျွန်တော်ကလည်း နှုတ်ဆက်တဲ့သဘောနဲ့ လက်လှမ်းပြမိသည်။

လက်ရှိ သီချင်းဆိုနေတဲ့ ကောင်မလေးက ဟိုပုဂ္ဂိုလ် ကျော်ကြီး သုံးယောက်ကို ဘယ်လိုညှိလိုက်သည် မသိပါ။ ပုဂ္ဂိုလ်ကြီးတွေ သဘောခွေ့နေကြသည်။ ပထမဦးဆုံး ပန်းကုံးတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကွာတားဘောင်းဘီကို အကွက်ကျားနဲ့ တီရှပ်အနက်ကို ဝတ်ပြီး မျက်မှန်အနက်ကို ခေါင်းမှာ ချိတ်တင်

ထားတဲ့ ကိုတင်ကိုစိုးက ပန်းကုံးတွေတစ်ပွေ့တစ်ပိုက်နဲ့ စင်ပေါ် တက်လာပါတယ်။

ကီးဘုတ်နဲ့ကွယ်နေတာကြောင့် ကိုတင်ကိုစိုးက ကျွန်တော့်ကို မမြင်။ ဒီအချိန်မှာ ၇၄၇ ဂျက်လေယာဉ်ကြီး ရပ်ထားတာတောင် ဒီလူ မြင်နိုင်မှာမဟုတ်ပါဘူး။ ဒီလူ့စိတ်မှာ သီချင်းဆိုတဲ့ ကောင်မလေးကလွဲလို့ ဘယ်သူမှ မြင်နိုင်မယ်မထင်ပါ။

"ဟာ...ကျိုင်ပဲ"

မန်နေဂျာကောင်တာမှာ ဆိုင်ရှင်အစ်မ မဒေစီနဲ့ ယှဉ်တွဲရပ်ကာ လက်ခုပ်တီးပြီး စင်ပေါ်ကအဖြစ်ကို ကြည့်နေသူက မမမိုးရိပ်ညို။ ကိုတင်ကိုစိုး စင်ပေါ်က မဆင်းခင်မှာ သရဖူတွေ စလွယ်တွေနဲ့ တက်လာသူက ကိုကိုဇေယျ။

ကိုကိုဇေယျက မင်းလောက်တော့ သနားတယ်ဆိုတဲ့ အကြည့်နဲ့...ကိုတင်ကိုစိုးကကြည့်လိုက်ရင်း သရဖူတွေ အထပ်ထပ် မရမကစွပ်ပေးလိုက်၊ စလွယ်တွေကို ဖိခ်ြပီး ကောင်မလေးရဲ့ ခါးကို မထိ,ထိအောင် ထိကပါး ရိကပါး လုပ်လိုက်နဲ့ တော်တော်ဖိမ်ကျနေပုံ ရပါသည်။

ကိုတင်ကိုစိုးက တက်ခေါက်၊ လက်ဝါးပေါ် လက်သီးနဲ့ ထိုးရင်း ဆင်းသွားပါတယ်။

"မဋ္ဌူတော့ ကံဇာတာတက်နေပြီ ကိုမိုင်း"

(ဗိတ်တာအင်ချပ်)လို့ ပြောရမယ့် ကိုမြင့်ဦးက စင်ဘေးကနေ ခပ်တိုးတိုးလှမ်းပြောသည်။ သူလည်း ရယ်နေလိုက်ပါတယ်။ ဒီလူတွေ မမကို တွေ့သွားပုံမပေါ်သေးပါ။





ကိုကိုဇေယျ အဆင်းနဲ့ ကိုမောင်မောင်တင် အတက်တို့ ...မ်းမှာဆုံတော့ ကိုမောင်မောင်တင် လက်ထဲက ပန်းခြင်းတွေ ...ကို ကြည့်ပြီး ကိုကိုဇေယျ မခံချင်ဖြစ်သွားပုံရပါတယ်။

ကိုကိုလူငယ်လေးတွေဖြစ်အောင် ဘောင်းဘီတိုတွေ၊ ...ဝ်ရှပ်တွေ ဝတ်ဆင်ထားပေမယ့် လုပ်ရပ်နဲ့ အမူအရာတွေက ...ားလုံးရဲ့အမြင်မှာ ကိုးလို့ကန့်လန့် ဖြစ်နေတာ ဒီလူတွေ ...ိပုံမပေါ်။

မဋ္ဌူ အလှည့်ပြီးတော့ သီဆိုတဲ့ ပထမပိုင်းအစီအစဉ် ...ုံးကြောင်း အေးနွယ်စိုးရဲ့ ပြောသံကြားတော့ ပါဝါကိုပိတ်ပြီး ...ရေသန့်ဘူးကို ယူရင်း အောက်ကိုဆင်းလာခဲ့ပါတယ်။

စင်အောက်ကို ရောက်တော့မှ ပုဂ္ဂိုလ်ကြီးတွေ သူ့ကို ...ငြင်ကာ မျက်လုံးတွေ ပြူးနေကြပါတယ်။ ကျွန်တော်က ...င်ကိုဘေးမှာ ဝင်ထိုင်ရင်း...

"မင်း ဘာမှ မမှာဘူးလား၊ မှာသောက်လေ"

"ဟင့်အင်း... မသောက်ချင်ပါဘူးကွာ"

"မင်း ငါနဲ့ အတူပြန်မှာမဟုတ်လား"

"အေး... မင်းတို့ဖယ်ရီနဲ့ပဲ ပြန်တော့မယ်"

"နွေရိပ် ပြန်သွားပြီလား"

ကျွန်တော့်ရဲ့အမေးကြောင့် ဇင်ကိုက ဟက်ဟက်ပက်ပက် ...ယ်သည်။ ကျွန်တော်က ဒီကောင်ရယ်တာကို လုံးလုံးသဘော ...ပေါက်တာကြောင့်...

"ဘာရယ်တာလဲ"

"ရယ်မှာပေါ့… ဟိုလူသုံးယောက်ကို နွေရိပ် ခုက္ခပေး သွားတာ၊ သူ့အစ်မဆီ မဒေစီ ခေါ်တယ်လို့ လိမ်ခေါ်ပြီးလစ်ပြီ"

မဒေစီဘေးမှာ ရပ်နေတဲ့ မမိုးရိပ်ညိုက လက်ကို ပိုက်ထားပါသည်။ ဟိုလူသုံးယောက်က အရာရှိရှေ့မှာ အပြစ် လုပ်ထားတဲ့ လက်အောက်ငယ်သားတွေလို လက်လေးနှစ်ဖက် ယှက်ပြီး ဘာတွေပြောနေသည် မသိ။

မဒေစီက ရယ်ချင်ရိပ်မျက်နှာနဲ့ အနေခက်ပုံရကာ သူတို့ဝိုင်းဆီ လျှောက်လာပါသည်။ လွတ်နေတဲ့ခုံမှာ ဝင်ထိုင် တော့…

"အစ်မ… ဘာသောက်မလဲ၊ ကျွန်တော်တို့ဆိုင်မှာ အကုန်ရပါတယ်၊ အဲ… ယောကျ်ားတော့ မရဘူး"

"ဒီကောင်လေးကတော့ ငါ့ပဲစနေတာပဲ"

မဒေစီက အပျိုကြီး…။ ပြီးတော့ သူတို့ စနောက်နေကျ ပစ်မှတ်လို ဖြစ်နေပါသည်။ သဘောကောင်းသလောက် စေတနာ လည်း အားကောင်းသည်။ အဆင့်အတန်း မခွဲခြားတတ်ပါ။

"နင်လည်း အားနေတာပဲ မိုင်းရယ်၊ ကိုလှိုင် ခရီးက ပြန်လာရင် နှစ်ယောက်ညှိပြီး တီးပေါ့ဟ၊ သူများပေးတဲ့ကြေး အတိုင်း ငါပေးမှာပေါ့"

ကျွန်တော်က မဒေစီ စကားကြောင့်…

"မလုပ်ပါနဲ့… စတူဒီယိုမှာ အလုပ်တွေ တစ်ပုံကြီး အစ်မ၊ အားရင် အားသလို ကျွန်တော် လာခဲ့ပါ့မယ်"





"နင်တို့ခွေ ပြီးပြီလား ဖင်ကို"

ဖင်ကိုက ပခုံးတွန့်ပြသည်။

"အစ်မ… အစ်မနဲ့ မမိုးရိပ်က တော်တော်ရင်းနှီးလား"

ဖင်ကို စကားကြောင့် မဒေစီက ဖင်ကို့လက်မောင်းကို ဆိုက်သည်။

"အစ်မ ကိုယ်ထိလက်ရောက် မစော်ကားနဲ့နော်"

"ဒီကောင်လေးကတော့လေ မှတ်ထား… ငါနဲ့ မိုးရိပ်က ပမ်းကွဲတွေဟဲ့"

"ဟာ… ဒါဆို ကျွန်တော်တို့နဲ့ အမျိုးစပ်လို့ရပြီ"

မဒေစီက ကြောင်တောင်တောင်နဲ့ ကျွန်တော်နဲ့ တင်ကို့ မျက်လုံးကြီး ပြူးကြည့်ကာ…

"မုဒ္ဒေါ… တယ်သွက်တဲ့ကောင်တွေပါလား၊ နေပါဦး ပ်က ဘယ်သူနဲ့…"

ဖင်ကိုက သူ့ကိုယ်သူ ပုတ်ပြကာ…

"ကျွန်တော်"

"ဒါဆို… မိုးရိပ်က"

ဖင်ကိုက ကျွန်တော့်ကို လက်ညှိုးထိုးပြတော့…

"ဟာ… မဟုတ်ဘူး၊ ဒီကောင် လျှောက်နောက်နေတာ"

"ဒါဆို မင်း မကြိုက်ဘူးပေါ့၊ ဒီကောင် ကြိတ်မိုက်နေ အစ်မ၊ ဟိုကလည်း သိပါတယ်၊ မူနေကြတာ"

မဒေစီက ဖင်ကိုစကားကြောင့် သဘောကျပုံရကာ ပါသည်။

"အေး... မိုးရိပ်နဲ့ မိုင်းကတော့ ငါလည်း သဘော
တယ်၊ ဒါပေမယ့် မိမိုးအကြောင်း ငါသိတယ်၊ မာနတော်
အကြီးသား"

"ကြီးရင် ပြုတ်သောက်လိုက်မယ်၊ ကျွန်တော်မဟု
ဘူးနော်... မိုင်း"

နှစ်ယောက်သား သဘောတွေကျနေပေမယ့် ကျွန်တေ
မှာသာ ခေါင်းကုတ်နေရပါသည်။

"မဒေဝီ ကျေးဇူးပဲ... ဟိုလူသုံးယောက်ရဲ့ ဇာတိ
တွေ ပေါ်ကုန်ပြီ၊ မိုးရိပ် အရမ်းစိတ်ကုန်တာပဲ၊ မြန်တော့မယ်

မမမိုးရိပ်က မဒေဝီအနားလာရပ်ကာ မဒေဝီကိုကြည့်
ဘယ်သူ့ကိုမှ မကြည့်။

"ဟဲ့... ငါလိုက်ပို့မယ်"

မဒေဝီက ကျွန်တော့်ကို ပြုံးစိစိနဲ့ကြည့်ပြီး မမလက်
ဆွဲကာ လှည့်ထွက်မည်အလုပ် မထင်မှတ်တဲ့ အပြုအမူ
မမက ဖန်တီးသည်။

မမက ခြေတစ်လှမ်း လှမ်းပြီးမှ ခဏရပ်ကာ မသိမသ
ငဲ့စောင်းကြည့်ပြီး...

"သွားဦးမယ်"

ကျွန်တော် ပက်လက်လှန်ချကာ ခပ်လျော့လျော့ မိုထ
ကော့ ဖင်ကိုက ကျွန်တော့်ကို ပြုံးစေ့စေ့ကြည့်တာကြောင့်

"မင်းက ဘာပြုံးတာလဲ"





"ငါ့ဘာသာ ဘာပြုံးပြုံးပေါ့၊ ကဲ... ဗီလင်တက်မနေနဲ့
မှာ အေးနွယ်စိုး လှမ်းခေါ်နေပြီ၊ စင်ပေါ် တက်ရအောင်၊
ပါ လိုက်ကလိပေးမယ်၊ ထ... ထ"

ကျွန်တော့်ကို တွဲထူပြီး ကျွန်တော့်ပခုံးကို ဖက်ကာ
ရှိရာသို့ လျှောက်လာခဲ့သည်။ ဟိုလူကြီးသုံးယောက်ကတော့
ယ်လိုဘယ်လို ပျောက်သွားသည်မသိ။

စိတ်ထဲကနေ အော်ဟစ်လိုက်တာ မမ ကြားမှပါစေ...
စိတ်ညစ်ညစ်နဲ့ သိပ်ချစ်ရတဲ့အကြောင်း မမ ကြား
စေ...။

- ငှက်လေးတွေ
  တသီတတန်းနဲ့ ဘယ်အတိုင်းဆန့်မလဲ...
- မျက်ရည်တွေ ခြောက်ခန်းစပြုပါပြီ
  နှလုံးသားက ပုံမှက်ကျွန်းခရအဖြစ်
  ရင်ထဲမှာ နေလာတာ
  သက်တစ်ဝက် ခန့်မှန်းရောက်တယ်...။





နောက်တစ်နေ့ည...

လွဲမှားစရာမရှိပါ...။ ဘယ်အချိန်ပဲ ကြည့်ကြည့် သူ့ရင်ထဲက ပုံရိပ်လေး... မမိုးရိပ်၊ သူမက အမျိုးသမီး တစ်ယောက်၊ အမျိုးသားတစ်ယောက်နဲ့ စကားပြောဆိုနေတာ သူ တွေ့ရပါသည်။

နောက်ပြီး ရှားပါးလှတဲ့ မြင်ရခွင့်မရှိတဲ့ အပြုံးတွေကို လှိုက်လှိုက်လှဲလှဲ ကြဲချနေပြတာ သူ ငေးမောချင်စရာ။

သူဆိုနေတဲ့ သီချင်းရဲ့ စာသားတောင် ကမောက်ကမ မှားချင်စရာ။ သူ့အဖော် ဂီတာသမား ကိုအောင်ဇေယျက သူ့ကို တစ်ချက်လှမ်းကြည့်သည်။

ဟော်လိုဘော့စ်ကို တီးခတ်သူ ဝေယံကတော့ သူ့အဖြစ်ကို သတိမပြုမိအား။ သူ့ရှာနိုးနဲ့သူ... သူဆိုနေတဲ့ သီချင်းက Poison ရဲ့ Roses Has Its Thron။

အထီးကျန်ဆန်မှုတွေရဲ့ ဦးတည်ရာဟာ ချစ်ခြင်းက စခဲ့သလား။ သူ စဉ်းစား တွေးတောမိဖူးသည်။

လက်ဖျားနဲ့ ထိတွေ့ခံရတဲ့ သံမဏိကြိုးတွေ၏ အထိအတွေ့သည် လွမ်းစရာ ဆိုတဲ့အရာကို အနည်းနဲ့အများ ဖြေဖျောက်နိုင်ခဲ့သည်လို့ မနေ့က ယုံကြည်ထားခဲ့တာ ဒီနေ့ မှန်ပါသလား မမမိုးရိပ်။

သီချင်းက ပြီးဆုံးသွားခဲ့ပြီ။

"မိုင်း..."

ကိုကျော်ဇေယျက ခပ်အုပ်အုပ် လှမ်းခေါ်ကာ သတိပေးစကားဆိုသည်။

ကြည့်စမ်း... အတွေးထဲမှာ သူ ဘယ်အချိန်ကို ရောက်မျော သွားမိသည်မသိ။ သူ နောက်ဆုံးတစ်ပုဒ် ဆိုရပါဦးမှာပေါ့။ သူ ဆိုချင်နေတဲ့ သီချင်းတစ်ပုဒ်ကိုဆိုရမလား။ မဆိုရင်ကောင်းမလား ဗွိဟ ဖြစ်နေပြန်သည်။

သူ့ရဲ့တွေဝေမှုဟာ မမမိုးရိပ်ဆီ လှမ်းကြည့်ပြီးချိန်မှာတော့ ဆုံးဖြတ်ချက်ကို ချလိုက်နိုင်ခဲ့သည်။

ကုတ်အင်္ကျီ အတွင်းအိတ်က စာရွက်နှစ်ရွက်ကိုထုတ်ကာ တစ်စောင်ကို ဝေယံဆီ၊ ကျန်တစ်စောင်ကို ကိုကျော်ဇေယျဆီ ကမ်းပေးလိုက်သည်။

"တိုင်ပင် ရေးထားတယ် အစ်ကို"

ကိုကျော်ဇေယျက စာရွက်ကို ဖြန့်ကြည့်ပြီး ခေါင်းညိတ်ပြပါသည်။ ပြီးတော့ သီချင်းရဲ့နာမည်ကို ခပ်တိုးတိုးဖတ်သည်။

"မိုး...ရိပ်...ညို..."

သူ့ကို မော့ကြည့်ပြီး...

"မင်းသီချင်းလား"

သူ ခေါင်းညိတ်ပြလိုက်ပြီး...

"ဆိုလို့ ဖြစ်တယ်မဟုတ်လား အစ်ကို"

"ဟ... ဘာလို့မဖြစ်ရမှာလဲ၊ အသစ်အဆန်းပေါ့ လုပ်... လုပ်..."





ကိုကျော်ဇေယျက အချက်ပြသည်။

ညင်သာတဲ့ တေးသွားတစ်ခုကို ကျွန်တော်က စတီးသည်။ ကိုကျော်ဇေယျက ဟာမိုနစ် သက်သက် ဖြည့်တီးပေးပါသည်။

ဒုတိယအကျော့ အင်ထရိုကို ပြန်အတီး အပြီးမှာ ကျွန်တော် သီချင်းကို စဆိုသည်။

တချို့က မြန်မာလိုဆိုတာမို့ လှမ်းကြည့်သည်။ ပြီးတော့လည်း ကိုယ့်မိတ်ဆွေတွေနဲ့ အရေးမကြီးဟန်နဲ့ ဆက်ပြီးစကား ပြောကြပြန်ပါတယ်။

မမ မိုးရိပ်ကတော့ လုံးဝကို လှည့်မကြည့်။ သူ့မိတ်ဆွေတွေနဲ့သာ စားသောက် စကား ပြောကောင်းတုန်း။

ဒုတိယ ဘရိက် Vocal အဝင်မှာ တော်တော်များများသူ့သီချင်းကို နားထောင် အာရုံပြုလာတာ သူ တွေ့ရသည်။ ဒီအထဲမှာ မမမိုးရိပ် မပါသေး။ သီချင်းထဲက မိုးရိပ်ညိုဆိုတဲ့ စာသားတစ်ခုကြောင့် မမမိုးရိပ်တို့ ဝိုင်းက အမျိုးသမီးက သူ့ထံ လှမ်းကြည့်သည်။ သူ မျက်ဝန်းကို မှိတ်လိုက်ပါတယ်။

မျက်ဝန်း မှိတ်ထားတဲ့အခိုက်မှာ ရင်ထဲမှာ ဆို့နင့်ခြင်းတွေ၊ မောပန်းခြင်းတွေ၊ အရောင်စိုလက်တဲ့ မီးလျှံမျက်ဝန်းလှလှတစ်စုံရဲ့ အကြည့်တွေ ဖျတ်ခနဲ ဖျတ်ခနဲ... တကယ်ပါ။ ကျွန်တော့်ကို ငြိမ်းချမ်းစွင့် ပြုပါတော့ မမမိုးရိပ်ရယ်...။

နှောင်ကြိုးတွေကိုလည်း ဖြတ်တောက်ချင်ခဲ့ပြီ။ အချ ဆိုတာ အခုလိုအခံရခက်တဲ့ဝေဒနာပါမှန်း ကျွန်တော် ဘယ်လိ ရိပ်မိမှာလဲနော်၊ အခုတော့လေ...

ဂီတာသံက တဖြည်းဖြည်း တိုးလျော့သွားတော့မှ ပစ္စုပ္ ကို သူ သတိပြုမိပါသည်။

အောက်ကပိုင်းတွေကို ကြည့်တော့ သူ့ကိုငေးကြည့်နေ ကြတာ ဘာအတွက်ကြောင့်လဲ၊ သူ့ရဲ့အချိန်ပိုင်း အစီအစဉ်လည် ပြီးပြီမို့ ဂီတာကို (စတမ်း)မှာ လှမ်းထောင်လိုက်ပါတယ်။

ကိုကျော်ဇေယျက သူ့ကို ခပ်တိုးတိုးပြောပါသည်။

"ငါ့လခွေးမှပဲ... မပြောမဆိုနဲ့ ဒုတိယတစ်ကျော့ ပြန်ရ တော့ ငါ့မှာ နုတ်စ်ကို မနည်းလိုက်ကြည့်ရတယ်၊ ခွေးကောင်

ကျွန်တော် ရယ်နေလိုက်ပါတယ်။

"ကျွန်တော်ပြန်ပြီ အစ်ကို"

"အေး...အေး... သွားတော့"

ကျွန်တော် နုတ်စ်စာရွက်ကို ကျောပိုးအိတ်ထဲ ထည့် လွယ်ပြီး ဂီတာအိတ်ကို တစ်ဖက်ကဆွဲကာ စတိတ်စင်ပေါ် ဆင်းလာခဲ့ပါတယ်။

ဧည့်ကြို ကောင်တာရှေ့က ထွေးထွေးရီက ဟိုတယ် အပြင်အထိ သူနဲ့ လိုက်လာရင်း...

"ကိုမိုင်း... နောက်ဆုံးဆိုတဲ့ သီချင်းက ကိုမို ထွက်မယ့် ခွေထဲကလား"





ပြန်လိုက်ပို့မယ့် ဖယ်ရီကား မတွေ့သေးတာကြောင့် လမ်းမပေါ်မှာပဲ ရပ်၍ စကားပြောနေမိသည်။

"သီချင်းနာမည်က ဘာလဲဟင်"

မပြေချင်တဲ့အကြောင်းကို တတွတ်တွတ် မေးနေတာ ကြောင့် သူက ဆံပင်ကို သပ်တင်မိသည်။

"ကိုမိုင်း... ပြော... ဆို..."

ဒီကလေးမနဲ့တော့ ခက်ပါရဲ့။ ထွေးထွေးရီက တကယ် ဖွတ်တရွတ်ကလေး။

"မိုးရိပ်ညို..."

"ဟာ... မိုက်တယ်၊ ထွက်မယ့်ခွေထဲကလား"

"အင်း..."

"ကိုမိုင်း ရည်းစားနာမည်လား"

ကျွန်တော် သက်ပြင်းချရင်း သူမကိုကြည့်တော့ ပါးစပ် ကို လက်ဝါးနဲ့ကာကာ သဘောကျရယ်ပါတော့သည်။ ပြီးတော့ သူ့ကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး ခြေတစ်လှမ်း နောက်ဆုတ် ကာ...

"ကိုမိုင်းစတိုင်က အန်တိုနီယိုဗန်ဒါးရစ်နဲ့ တူတယ်၊ ဟား ဟား... မနက်ဖြန် မုန့်ဝယ်ကျွေး"

အရှုံးလိုလို အပေါ်လိုလိုနဲ့ သူ့ကို ပြန်စနိုင်ပါသေးတယ်။ ကျွန်တော်က သူမခေါင်းကို ထုလည်း ရယ်ပြန်ပါတယ်။

အဲဒီ အချိန်မှာ ကားတစ်စီးရဲ့ မီးရောင်က ကျွန်တော် တို့ထံ တိုက်ရိုက်ထိုးလာပါတယ်။

လှည့်ကြည့်တော့ ခပ်လှမ်းလှမ်းမှာ ကားတစ်စီး။ လက်နဲ့ ကားမီးရောင်ကိုကာပြီး လမ်းဖယ်ပေးလိုက်မိတယ်။ အဲဒီကားဟာ သူတို့ကိုကျော်မသွားဘဲ သူ့ရှေ့တည့်တည့်မှာ လာရပ်ပါသည်။ ကားရဲ့ မှန်တံခါးကျသံနဲ့အတူ သူနဲ့ မစိမ်းလွန်းတဲ့ မျက်နှာ တစ်ခု...။

"မမမိုးရိပ်..."

သူ ခပ်တိုးတိုးညည်းတဲ့ နာမည်ကြောင့် ထွေးထွေးရိက အံ့ဩဟန်နဲ့ ကားထဲကို ပြူးပြူးပျာပျာ ကြည့်ပါသည်။

"မင်း တို့နဲ့ လိုက်ခဲ့နိုင်မလား"

"ရပါတယ်"

ဒီမိန်းမရဲ့ အမိန့်ကို နာခံတတ်တာ သူ့ရဲ့အကျင့်လို ဖြစ်နေခဲ့ပါပြီ။

"ထွေးထွေး ကိုအောင်လင်းကို ငါ မလိုက်တော့ဘူးလို့ ပြောလိုက်နော်၊ သွားပြီ"

ကားရဲ့တစ်ဖက်သို့ ကွေ့ကျော်လျှောက်ကာ ကျွန်တော်က ရှေ့တံခါးဖွင့်၍ ဝင်ထိုင်လိုက်ပါသည်။

ကားငယ်လေးဟာ ဟိုတယ် ဝင်းထဲက ဆောင့်ကြီး အောင့်ကြီး မောင်းထွက်လာပါတယ်။ ဘယ်ကိုသွားမလဲမသိ။ ဦးတည်ချက်မရှိတဲ့ ခရီးစဉ်လို သူမဦးဆောင် မောင်းနှင်လာတာပါ။

အချိန်အတော်ကြာတော့မှ...





"မင်းက မိန်းကလေးတွေနဲ့ ပတ်သက်ရတာကို တော်တော် ပျော်တတ်တဲ့ လူပဲနော်"

ဘဲလိုင်းကြီး ခင်ဗျား တိုက်ခိုက်နေပါလားလို့ ပြောလိုက်ချင်ပေမယ့် ဒီမိန်းမ ဘာဖြစ်နေလဲ သူ ရိပ်မိတော့ ပြုံးချင်ချင်။

"တစ်မျိုး မထင်နဲ့နော်၊ တို့က မင်းနဲ့ လက်ထပ်မယ့် မိန်းကလေးအတွက် မိန်းမချင်း ကိုယ်ချင်းစာလို့ ပြောတာ"

ကားငယ်လေးက လူရှင်းတဲ့ တံတားတစ်ခုအလယ်မှာ ရပ်သည်။

လမင်းက ဝိုင်းဝိုင်းစက်စက် သာနေတာ နှစ်ဦးစလုံး ကားရှေ့မှန်ထဲကတစ်ဆင့်မြင်နေရပါသည်။ လရောင်ဟာ ကားမှန်ကို ဖောက်ထွင်း၍ ရင်ကို ငြိမ်းချမ်းမှု ပေးစေနိုင်ပါတယ်။

"သီချင်းတွေဟာ မူးယစ်ရီဝေတဲ့ ဘိန်းတစ်မျိုးလို့ ကိုယ် ထင်ရင် မှန်သလား"

မထင်မှတ်တဲ့ စကား တစ်ခွန်းကြောင့် ကျွန်တော် သူမကို ဖျတ်ခနဲ လှည့်ကြည့်မိသည်။

အမြဲတမ်း ဆုံးဖြတ်ချက်တွေ ပြတ်ပြတ်သားသား ရှိပါတယ် ဆိုတဲ့ သူမက ဒီနေ့ဒီအချိန်မှာ ဝွေဝေမှုတွေနဲ့ လမ်းကို ငေးကြည့်နေတာ တွေ့ရသည်။

"သီချင်းတွေဟာ ဘိန်းတစ်မျိုးလို့ မမ လက်ခံထားတယ် ဆိုရင် အဲဒီသီချင်းတွေ မရှိရင်လည်း ကမ္ဘာပေါ်ကလူတွေ ပြောင်းလဲမှုတစ်ခုခုကြုံမှာ သေချာပါတယ်၊ အဆိုးနဲ့ပတ်သက် တဲ့ ပြောင်းလဲမှုမျိုးပေါ့"

သူမက နှုတ်ခမ်း တွန့်ကွေးကွေး ပြုံးသည်။

သူ သိနေတယ်။ ဒါ လှောင်ရယ်နေတာ မဟုတ်ဘူး ဆိုတာလေ။

"တို့ ယုံပါတယ်၊ တို့တောင် သီချင်းတစ်ပုဒ်ရဲ့ ပြုစားမှုကို ဒီည ကြုံလိုက်ရသေးတာပဲ၊ ထုထည်မရှိတဲ့ သီချင်းတွေဟာ အံ့သြစရာကောင်းအောင် အင်အားကြီးခဲ့တာ တို့ ဒီနေ့ကိုယ်တွေ့ ကြုံလိုက်ရပြီလေ"

ဘုရား...ဘုရား... ဒါ မိုးရိပ်ညိုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်တွင်းဖြစ်တဲ့လား။

"အချစ် ဆိုတာကို မင်း ဘယ်လိုမြင်လဲ"

ဒီညတော့ အံ့သြပြီးရင်း အံ့သြရပြန်သည်။ ခက်ခဲနက်နဲတဲ့ပုစ္ဆာကို ဖြေရှင်းဖို့ လမင်းကို သူ ငေးကြည့်ရင်း...

"ဘယ်လိုမှမမြင်ဘူး၊ အချစ်ဆိုတာက အင်အားကြီးတယ်၊ သူ့ကို ပုတ်ခတ်လို့ မဖြစ်သလို မြှောက်ပင့်လို့လည်း မဖြစ်ဘူး၊ ကျွန်တော်ကတော့ ချစ်တာကို ချစ်တာလို့ပဲသိတယ် မြင်တယ်"

သူမက လှိုက်လှိုက်လှဲလှဲ ရယ်သည်။ ရယ်မောတဲ့ မျက်နှာ လှလှလေးဟာ မျက်နှာဖုံးတွေ ကွာကျသွားပြီး နှမှုံ ခြင်းတွေ တစ်ချပ်ပြီးတစ်ချပ် ဖွင့်ပြလိုက်တဲ့ အလှဆုံးနှင်းဆီ တစ်ပွင့်လို လန်းဆန်းမှုနဲ့ လှပနေပါတယ်။

"တို့ အချစ်ဆိုတာကို မယုံခဲ့ဘူး၊ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ အချစ်ဆိုတာကို ယုံကြည်ခဲ့ပြန်တယ်၊ သိလား...





ဒါပေမယ့် နောက်နေ့ နောက်နေ့တွေမှာ တို့စိတ်တွေ ဘယ်လို ပြောင်းလဲမလဲ၊ ဘယ်လို ခက်ထန်လာမလဲလို့ ခန့်မှန်းကြည့်လို့ မရပြန်ဘူး မိုင်း။ အင်းလေ... တစ်ချိန်ချိန်မှာ အဖြေဆိုတာ ရှိလာမှာပါ"

စကားအဆုံးမှာ မိန်းမော တွေဝေသူ တစ်ယောက်ရဲ့ မျက်ဝန်းနဲ့ ကျွန်တော့်ကို ငေးကြည့်နေပါတယ်။

နီးနီးကပ်ကပ် မြင်နေရတဲ့ သူမ မျက်ဝန်းတွေသည် ဝိုလဲ့လဲ့နဲ့ လင်းလက်နေပါသည်။

ဟိုး... ကောင်းကင်က အလင်းလက်ဆုံး ကြယ်လေးနဲ့ သိပ်တူတာပေါ့။

သူနဲ့သူမ ကားကူရှင်ပေါ်မှာ မှီထိုင်ရင်း လမင်းကြီးကို ငေးကြည့်ကာ စကားမပြောဖြစ်ကြဘဲ ငြိမ်သက်နေမိကြပြန်သည်။

သူမက သူ့ထံ ငဲ့ကြည့်ပြီး တိုးတိုးဆိုပါတယ်။

"မင်း သီချင်းဆိုပြပါလား"တဲ့။

ထုံးစံအတိုင်း သူ ခေါင်းညိတ်ပြပြီး ကားနောက်ခန်းက တာကို ဆွဲထုတ်လိုက်ပါတယ်။

ကားဘေးတံခါးကို ဖွင့်၊ ခြေထောက်တွေကို ကတ္တရာ လမ်းပေါ် ချကာ ကူရှင်မှာမှီပြီး သီချင်းတစ်ပုဒ်ကို အစပျိုး တယ်။ ကိုညီထွဋ်ရဲ့ "ဘဝ" ဆိုတဲ့ သူ အနှစ်သက်ဆုံးသီချင်း။

(ကလေးလေး တစ်ယောက်လိုတော့ ဘယ်မြူစင်မှာလဲ လာကလမ်းမများ စမ်းတဝါးဝါးဝဲလည်)

သူ သီပ်နှစ်သက်တဲ့ သီချင်းလေး တစ်ပုဒ်ပါ။

မောပန်း နွမ်းနယ်နေတဲ့ သူ့ရဲ့ လေယူလေသိမ်းတွေ၊ ဂုဏ်ကယ်ကို မောပန်းနေရပါပြီ။

သီချင်းပြီးဆုံးသွားတော့ ဆက်တိုက်ဆိုသလို ကိုလေးဖြူရဲ့ "လီပ်ပြာ"သီချင်းကို ဆိုဖြစ်ပြန်သည်။

(မိုးကုတ်စက်ဝိုင်းရဲ့ ဟိုတစ်ဖက်မှာ ဘာတွေရှိမလဲ)

ငယ်စဉ်အရွယ် ကလေးဘဝက တောင်ကြီးမြို့ရဲ့ မြက်ခင်းတွေပေါ်မှာ တောင်တန်းတွေကို ငေးကြည့်ပြီး အခုလိုပဲ တွေးခဲ့မိဖူးသည်။

ထင်မြင်ချက် ဆန္ဒတွေကို ပစ္စုပ္ပန်က မြေလှန်ပြောင်းလဲပစ်တော့ ဘဝကို သူ စိတ်ပျက် အားလျော့လာပါသည်။

သီဆိုနေရင်းက တောင်ကြီးကို သူ ပြန်ရောက်သွားသလို ခံစားခဲ့ရတယ်။

မြက်ခင်းတွေပေါ်မှာ လှဲရင်း တောင်တန်းတွေကို ငေးကြည့်ရင်း အဖေနဲ့သူ ဂီတာတစ်လှည့်စီတီးကြ၊ အော်ဟစ် ရယ်မောခဲ့တာတွေ မြင်ယောင်ရင်း ရင်ထဲမှာ ဆို့တက်လာပါတယ်။

သီချင်းပြီးဆုံးသွားတော့ သူ အားအင်မဲ့သူ တစ်ယောက်လို ကျန်ရစ်ခဲ့ရှာသည်။ သူမဆီက သက်ပြင်းသံ သဲ့သဲ့ကို ကြားရ၏။ ပြီးတော့လည်း...

"တို့ ဒီညကို အမှတ်တရဖြစ်မှာ သေချာ ါတယ်။ အထူးသဖြင့် မင်းကြောင့်ပေါ့လေ"





"ကျွန်တော်က ပိုဆိုးမှာပါ"

"ဘာဖြစ်လို့"

ကိုယ်ကိုယ်သိမ်းကာ သူမက မေးသည်။

"အခုလိုနေရတဲ့ အခွင့်အရေးက မမပေးတဲ့ ဆုလာဘ်တစ်ခုလို ကျွန်တော် ကျေနပ် သတိရနေတော့မှာကိုလေ"

သူမက ပြုံးသည်။

"ခုန မင်းဆိုတဲ့ သီချင်းနှစ်ပုဒ်က ဘယ်သူတွေ ရေးတာလဲ"

"ကျွန်တော်တို့လိုပဲ တောင်ကြီးကလာတဲ့ သီချင်းရေးဆရာ ကိုအယ်လ်ဖြူ။ အခုတော့ သူ ဆုံးသွားပါပြီ"

"ဪ... နှမြောစရာနော်"


ခဏကြာတော့ သူမက သွားကြမယ်လို့ ပြောပြီး ကားစက်ကို နှိုးပါတယ်။ ကားမောင်း မထွက်ခင်မှာ သူက...

"အခု ဖြစ်ပျက်ခဲ့သမျှတွေကို ကျွန်တော် အိပ်မက်တစ်ခုလို့ သတ်မှတ်ရမှာလား မမ"

သူမက နှုတ်ခမ်းပါးကို တင်းတင်းစေ့သည်။ ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ စကားဆိုလာပါတယ်။

"အမြဲတမ်း ဖြစ်ပျက်နေတဲ့ အရာအားလုံးဟာ မဖြစ်ခင်တော့ အိပ်မက်လို့ပဲ ယူဆကြတာပေါ့၊ တစ်ခါတလေတော့လည်း..."

စကားကို သူမကထပ်မဆက်တော့။ ကျွန်တော်ကလည်
ထပ်မမေးချင်တာထက် မသိချင်တော့တာဆို ပိုမှန်ပါတယ်
ကားလေးဟာ မောင်းထွက်စ ပြုလာပါသည်။



"မင်း... တကယ်ပြောနေတာလား ရှာန်ရှာန်"
ရှာန်ရှာန်က ခေါင်းညိတ်ကာ နံရံမှာ မှီထိုင်လိုက်ပါတယ်
"နွေရိပ် ကိုယ်တိုင် ဖုန်းဆက်တာကွ၊ ဒီကိစ္စက လိမ်သင့်
ကိစ္စမှ မဟုတ်တာ၊ နွေရိပ်ကို ငါ မဟုတ်တဲ့ တခြားတစ်ယောက်
ပေးစားမှာတဲ့၊ မိုးရိပ်ညို့ရဲ့ အပူတပြင်း မဟာစီမံကိန်းတစ်ရပ်
မိုင်းသည် တစ်နေ့ညက ဖြစ်ပျက်ခဲ့တဲ့ သူနဲ့ မမ
ခဏတာ အိပ်မက်တစ်ခုကို ပြန်မြင်ယောင်လာမိသည်။
[တို့ဒီညကို အမှတ်တရဖြစ်မှာ သေချာပါတယ်၊ အရ
သဖြင့် မင်းကြောင့်ပေါ့လေ...]
ခေါင်းကို ခါယမ်းမိသည်။
[နောက်နေ့ နောက်နေ့တွေမှာ တို့စိတ်တွေ ဘယ်
ပြောင်းလဲလာမလဲ၊ ဘယ်လို ခက်ထန်လာမလဲ...]





မိုးရိပ်ညို့ရဲ့ အစွန်းရောက် ရူးသွပ်မှုတစ်ခုလား မမ။
[အမြဲတမ်း ဖြစ်ပျက်နေတဲ့ အရာအားလုံးဟာ မဖြစ်ခင်
တော့ အိပ်မက်လို့ပဲ ယူဆကြတာပေါ့...]
အိပ်ရာပေါ် အရုပ်ကြိုးပြတ် လှဲချလိုက်မိသည်။
"ရှာန်ရှာန်... ဇင်ကို"
နှစ်ဦးစလုံးက သူ့ကို ငုံ့ကြည့်သည်။ မျက်နှာကြက်ကို
အကြောင်းမဲ့ ငေးကြည့်နေမိရင်းက...
"တစ်နေ့ညက ငါနဲ့ မမမိုးရိပ် စကားတွေ အများကြီး
ပြောခဲ့ဖူးတယ်"
"ဟင်..."
"ဘယ်လို..."
ဒီကောင်တွေ မထင်လိုက်တဲ့ စကားကြောင့် အံ့သြ
သွားဟန် တူသည်။
ဇာတ်လမ်းကို အစ,အဆုံး ပြန်ပြောမိပါတယ်။
နားလည်ရခက်တဲ့ အချစ်လို့ပဲ ခေါင်းစဉ် တပ်ရမလား
မသိပါလေ။ ဘဝမှာ အခက်ခဲဆုံး ဖန်တီးထားတဲ့ သီချင်းတွေနဲ့
ထပ်တူချစ်ခဲ့ရတဲ့ ချစ်သူ။
"ဘယ်လိုနားလည်ရမှန်း မသိပါဘူးကွာ"
ရှာန်ရှာန်က ညည်းရင်း ခေါင်းကုတ်တော့ ဇင်ကိုက
စပ်ဖြီးဖြီးနဲ့..."

"ခေါင်းကို သိပ်ကုတ်မနေနဲ့၊ ကုတ်ပါများလို့ မင်းဆံပင်တွေ ကြွလာရင် ကျွတ်ကုန်လိမ့်မယ်"

"စိတ်ရှုပ်ရတဲ့အထဲ မင်းက နောက်နိုင်သေးတယ်ကဲ... ဘယ်လိုလုပ်မလဲ"

မိုင်းကလည်း ပြန်ပြောပါတယ်။

"မင်း ဘယ်လိုဖြစ်ချင်လဲ"

"ငါ... နိုးပြေးမယ်"

ဇင်ကိုနဲ့ မိုင်း တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက်ကြသည်။



"နွေရိပ် ဘယ်မှာလဲ"

မိုးရိပ်ညိုက တွေ့တွေ့ချင်း ဆန္ဒကိုမေးတော့ ဆန္ဒက ခပ်တည်တည်နဲ့...

"ရှင် လူမှားနေပြီ ထင်တယ်၊ ရှင့်ကို ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး မမိုးရိပ်ညို"

ဒီစကားကြောင့် မိုးရိပ်ညို တော်တော် ခံပြင်းသွားရသည်။





"တို့မေးနေတာ ကောင်းကောင်းဖြေပါ၊ မင်း မရိုင်းနဲ့"

"အရိုင်း ဆိုတာ ကာတွန်းဇာတ်ကောင်လား။ လူရှင်တော်လား။ အခု ကျွန်မလာတာ ရှာန်ရှာန်ရဲ့ ရှိုးပွဲကို ကြည့်ဖို့ပါပဲ သိတယ်၊ သွားပြီ"

သူမကို အနိုင်နဲ့ပိုင်းပြီး ဆန္ဒက ပလာဇာထဲ ဝင်သွားပါတယ်။ ပလာဇာ အပေါက်ဝ,မှာ လူတွေက ဝင်လိုက် ထွက်လိုက်နဲ့ ပြည့်ကျပ်နေပါတယ်။

ဒီနေ့ ရှာန်ရှာန်ရဲ့ စီဒီထွက်ပြီးခဲ့တဲ့ ခွေကို VCD ထပ်ထွက်လို့ သူ့ပရိသတ်အတွက် ပရိုမိုးရှင်း လုပ်ပေးခြင်း ဖြစ်သည်လို့ သူမ သတင်းရရှိထားသည်။

စင်ရဲ့အနီးကို အကဲခတ်တော့ ရှာန်ရှာန်ဘေးမှာ သူရဲ့ ဟစ်ဟော့ပ် အပေါင်းအသင်းတွေက သူ့လိုပုံစံတွေနဲ့ တပူးတွဲတွဲ ရှုပ်ရှုပ်ထွေးထွေး။

သူမ ကြည့်နေစဉ်မှာ စင်ပေါ်တက်သွားတဲ့ ရှာန်ရှာန်ကို ပရိသတ်တွေက အော်ဟစ် အားပေးကြသည်။

ရှာန်ရှာန်က စင်ပေါ်ကနေ သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုပေးပါသည်။

ရှာန်ရှာန်ကို မျက်ခြည်မပြတ် အကဲခတ်ရင်း သူမလှည့်ပတ် ရှာဖွေကြည့်ပေမယ့် မိုင်းကိုလည်း မတွေ့ရ။ ဇင်ကိုဆိုတဲ့ ချာတိတ်ရဲ့ အရိပ်အယောင်လည်း မမြင်ရပါ။

အန်တီလေး ပေးတဲ့စာအရ နွေရိပ် ရှာန်ရှာန်နောက်

လိုက်သွားခဲ့ပြီ ဆိုရင် ရှာန်ရှာန်နဲ့ အတူကိုရှိရမည်။ ဒါမှမဟုတ်ရင် ရှာန်ရှာန်တို့အဖွဲ့ နွေရိပ်ကို တစ်နေရာမှာ ထားခဲ့ပြီလား။

မိုင်းနဲ့ ဖင်ကို ပျောက်ဆုံးနေတာကလည်း သေ့းဝိုး[illegible] မဖြစ်နိုင်။

နွေရိပ် ဒီဝန်းကျင်မှာ ရှိကို ရှိရမည်လို့ သူမ ယုံကြည်နေမိပါသည်။

သီချင်း ဆိုပြီးသည်အထိ စိတ်ရှည်ရှည်နဲ့ စောင့်ရင်း မျက်ခြည်မပြတ် ရှာန်ရှာန်ကို အကဲခတ်သည်၊ သီချင်းဆိုပြီးတော့ ရှာန်ရှာန်က အော်တိုလက်မှတ်တွေ ရေးထိုးပေးသည်။

လက်မှတ်ရေးထိုးတာ အတော်ကြာသွားတော့ အဖြူရောင် ရက်ပ်ပါ ဝတ်စုံနဲ့ ခပ်ဝဝ ကောင်လေးရယ်၊ အကျီ အနီရဲရဲနဲ့ ရက်ပ်ပါ ကောင်လေး တစ်ယောက်က လူအုပ်ကြားမှ ရှာန်ရှာန်ကို တွဲထုတ်ကာ ကားပါကင်ရှိရာဆီ လျှောက်လာသည်။

ကင်မရာတွေက တဖျပ်ဖျပ်ပါ။ သူ့သူငယ်ချင်းတွေက ကားတစ်စီးဆီ ခေါ်သွားပါတယ်။

ကားပေါ်မှာလည်း ကားမောင်းသူ နှုတ်ခမ်းမွေး ပါးသိုင်းမွေးနဲ့ လူကြီး တစ်ယောက်ကလွဲရင် ကားက အရှင်းသား သူမ မြင်နေရပါတယ်။

ရှာန်ရှာန် စီးလာတဲ့ကားက သူမဘေးက အဖြတ်မှာ ရှာန်ရှာန်ဘေးက အကျီအနီနဲ့ ရက်ပ်ပါက သူမနဲ့ ဆန့်ကျင်ရာဘက်ကို မျက်နှာ လွှဲလိုက်တာတွေ့တော့ သူမ မျက်မှောင်





ကြုတ်မိသည်။

ဒါ… ဟုတ်ပါပြီ။

"တောက်…"

သူမ တစ်ပတ် အရိုက်ခံလိုက်ရပြီဆိုတာ သိလိုက်ပြီ။

အကျီအနီဝတ်စုံနဲ့ ကောင်လေးဟာ နွေရိပ်ကလွဲလို့ အခြားသူ ဘယ်သူမှ မဖြစ်နိုင်။

မိုးရိပ်ညိုက သူမရဲ့ကားရှိရာဆီ မပြေးရုံတမယ် သွားရင်း ကားပေါ်တက်ကာ ရှာန်ရှာန်တို့ကား ထွက်သွားရာနောက်ကို လိုက်သည်။

ကားပါကင်မှ အောက်ထပ်ကို မောင်းလာရင်း ပလာဇာ မြေညီထပ်ကို အရောက် ကားလမ်းမ ရှိရာကို ဦးတည်ဖို့ ကြိုးစားစဉ် ကားရှေ့ မြင်ကွင်းထဲကို အတင်းတိုးဝင်လာကဲ့ ဆီးသီးတွန်းလှည်းကြောင့်…

"ကျွီ…"

ကားကို အမြန်ဘရိတ်အုပ်လိုက်ရသည်။ ဆူညံသွားသော ပတ်ဝန်းကျင်က လူတွေကလည်း ဝိုင်းလှည့်ကြည့်ကြပါသည်။

"ဈေးသည်… ရှင်… ဖယ်လေ၊ ရှင် ပြောနေတာ ကြားဘူးလား"

ဆီးသီးသည်က ယောင်အ,အ လုပ်နေပါသေးတယ်။ ဆီးသီးလှည်းသည်ကို သေချာကြည့်တော့မှ သူမ မှတ်မိခဲ့သည် မိုင်းတို့အုပ်စုက ရောဘင် ဆိုလား ရော်ဘင်ဆိုလား အမှုးသမား။

"တောက်. . . ဆီးသီးသည် အယောင်ဆောင်ထားတဲ့လူ ရှင်. . . ဖယ်မှာလား မဖယ်ဘူးလား၊ မဖယ်ရင်. . ."

ကျွန်မ ပြောလည်းပြော ကားကို ဘက်မှုပ်ကာ လီဘာကို ပုတ်လိုက်တော့ ဆီးသီးတွန်းပုည်းသည်ယောင် ဆောင်ထားတဲ့ ရေဘင်က တကယ်လုပ်မှာ သိတာကြောင့် အမြန်တွန်းဖယ်ပေးလိုက်ရပါတယ်။

ကားကို ကားလမ်းပေါ် ခေါင်းတင်ရင်း ဈာန်ဈာန်တို့ ထွက်သွားရာဘက်ကို မောင်းထွက်လာခဲ့ပါတယ်။ ကားကို အပြင်းမောင်းလာခဲ့ပေမယ့် ဈာန်ဈာန်တို့ကားကို အရိပ်အယောင် တောင် မမြင်ရပါ။

ကားသွားရာ လမ်းကြောင်းကို တွက်ကြည့်မိရင်း သူတို့ ဘယ်သွားနိုင်မလဲ ရိပ်မိလိုက်သည်။

သူမကို တစ်ပတ်ရိုက်ဖို့အတွက် ရပ်ကွက်ထဲကို ပြန်သွားမှာ သူမ ရိပ်မိလိုက်ပါသည်။

ဒါကြောင့်လည်း ဆုံးဖြတ်ချက် ချကာ အမြန်မောင်းလာရင်း သူမတို့ ရိပ်မြုံဘက်ကို ချိုးကွေ့တဲ့ လူရှင်းတဲ့ လမ်းမပေါ်မှာ ကားတစ်စီးရပ်ထားတာတွေ့တာကြောင့် သူမ ကြည့်မိတော့ ဈာန်ဈာန်တို့ကား စက်ပျက်နေဟန် တူပါသည်။





"ဟာ. . . လိုက်လာပြီ မင်းတို့နှစ်ယောက် ကိုလှစိန့်တို့ဆီ ပြေးတော့၊ ငါ ရအောင် တားထားမယ် ဈာန်ဈာန်"

ဈာန်ဈာန်ကလည်း အခြေအနေကို သိတာကြောင့် စိုးရိမ်စိတ်နဲ့ မိုးရိပ်ညို ကားကို လှမ်းကြည့်နေတဲ့ နွေရိပ် လက်ကို ဆွဲကာ ရပ်ကွက်ဘက်ကို ပြေးသည်။

မိုင်းက ဦးထုပ်ကို ကားထဲ ပစ်ထည့်လိုက်သည်။ နှုတ်ခမ်းမွေး အတုကို ဆွဲထုတ်လွှင့်ပစ်ကာ လမ်းမအလယ်မှာ ရပ်နေလိုက်သည်။

မိုးရိပ်ညိုရဲ့ ခပ်လှမ်းလှမ်းမှာ အရှိန်နဲ့ ရပ်လိုက်သံ၊ ပြီးတော့ ကျယ်လောင်လှတဲ့ တံခါးဖွင့်သံနှင့်အတူ သူမ ဆင်းလာကာ. . .

"နွေရိပ်. . . ဘယ်မှာလဲ မိုင်း"

"သူတို့ကို မနှောင့်ယှက်ပါနဲ့ မမိုးရိပ်"

မိုင်းရဲ့ စကားကြောင့် မိုးရိပ်ညိုသည်. . .

"သူတို့ ဘယ်မှာလဲလို့ ငါ မေးနေတယ် မိုင်း"

မိုင်းက ခေါင်းခါသည်။

"ဖယ်လို့ ပြောနေတယ်နော်၊ ဒီအချိန်မှာ ငါသွားမယ့် လမ်းမှာ ဘယ်သူပဲ တားဆီး တားဆီး. . . ငါ ဝင်တိုက်ဖို့ ဝန်မလေးဘူး"

"မမိုးရိပ် တကယ် တိုက်မယ်ဆိုရင် ကျွန်တော်ကလည်း ဒီနေရာက ခွာဖို့ ဝန်မလေးဘူး"

တစ်ဦးနဲ့ တစ်ဦး ရင်ဆိုင်ကြည့်မိကြသည်။ မိုးရိပ်ညို၏ နှုတ်ခမ်းဖျားတွေ တွန့်ကွေးသွားသည်။

သွေးအေးတဲ့ မျက်ဝန်းတွေသည် ရက်စက်ခြင်း ကပ်ငြိလာလို့ ပိုမိုအေးစက်သည် ထင်စရာ။

"အေး... ငါကလည်း ပြောတဲ့အတိုင်း လုပ်တတ်တယ်ဆိုတာ နင် မကြာခင် သိရလိမ့်မယ်"

မိုးရိပ်ညို ကားပေါ် ပြန်တက်သည်။ စက်ကိုနှိုးတော့ မိုင်း မျက်ဝန်း မှိတ်လိုက်တာ တွေ့ရသည်။ ကားဘီးကို စလိမ့်သည်။ မိုင်းက လုံးဝ မဖယ်ချွာ။ မျက်ဝန်း မှိတ်၍ ရပ်နေမြဲ။

ကားလေးဟာ ဝေါခနဲ ဆောင့်ထွက်သွားပါသည်။ တကယ်တမ်းတော့ မိုးရိပ် မိုင်း ရှောင်မှာပဲလို့ ထင်လိုက်မိတာပါ။

အနား ရောက်ခါနီးအထိ မိုင်းက လုံးဝ မဖယ်တော့ ရိုးရိုးမိစ်တ်နဲ့ စတီယာဝှိုင်ကို ဆွဲချကာ ဘရိတ်ကို အားကုန် နင်းလိုက်မိသည်။

"ကျွီ..."

"ဒုန်း..."

ကားခေါင်းနဲ့ သီသီလေး လွတ်မြောက်သွားပေမယ့် ဘရိတ်အုပ်လိုက်တဲ့ အရှိန်ကြောင့် သူမရဲ့ကားဟာ လည်ထွက်ပြီး ကားရဲ့တော်ဒီနဲ့ မိုင်းကို အားနဲ့ ရိုက်လိုက်သလိုဖြစ်ကာ






မိုင်းသည် ကတ္တရာလမ်းပေါ် နှစ်ပတ် သုံးပတ် အရှိန်နဲ့ လွင့်စဉ်သွားသည်။

"မိုင်း..."

သူမ အားကုန် အော်ရင်း မှင်တက်မိသွားရပါတယ်။ အဝေးကို ရောက်နေပြီဖြစ်တဲ့ ရှာန်ရှာန်နဲ့ နွေရိပ်လည်း ဘရိတ်အုပ်သံ ရိုက်မိသံတွေကြောင့် အံ့အားသင့် ရပ်ကြည့်နေရာမှ မိုင်းထံ ပြေးလာကြပါသည်။



ချစ်ခြင်းရဲ့ နောင်တ အလျော်အစားက တန်ဖိုးကြီးကြီးနဲ့ ဒဏ်ခတ်တတ်မှန်း အခုတော့ ကျွန်မ သိလိုက်ရပြီ...။

ပေးဆပ်လိုက်ရတဲ့ နှစ်နာကြေးက ကျွန်မရင်မှာ သွေးပျက် ချောက်ချားမတတ်...။

လက်ရှိ ခုတင်ထက်က သူမ သိပ်ချစ်နေမှန်း အခုမှ သိခဲ့ရတဲ့ကောင်လေး တစ်ခုခုဖြစ်သွားခဲ့ရင် ထိုကောင်လေးအတွက်ရော သူမအတွက်ပါ နှစ်ဦးစာပေါင်းစပ်ပြီး ခံစားရမည်မှန်း သူမ သိနေပါသည်။

ကျွန်မ ပါးပြင်ပေါ်က စီးကျလာတဲ့ မျက်ရည်တွေမှာ ရင်ထဲက မာနတွေ၊ ရင်ခွင်က ခုန်ထွက်လို့ အငွေ့ပျံ ပျောက်ကွယ်သွားတော့မှာ ထိုကောင်လေး သိစေချင်သည်။

'မင်း မနှစ်သက်တဲ့ ဝန်ထုပ်ဝန်ပိုးတွေ တို့ရင်မှာမရှိတာ မင်း သိသွားပါ ချစ်သူရယ်...။


'တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ ရှိုက်သံတွေ၊ ကိုယ့်အတွက် မဟုတ်ဘူးဆိုတာ မင်း ယုံကြည် နိုးထရင်းနဲ့ သိစေချင်ပါတယ် မိုးရယ်...။

တို့ကို မထုံတက်သေးတဲ့ အပြုံးတွေနဲ့ ခနဲ့ဖို့ မင်း ရှင်သန်မှ ဖြစ်မှာပါ။ အဲဒီအပြုံးတွေကို တို့ မြင်တွေ့ခွင့်မရရင် တို့ ရှုံးသွားနိုင်တယ်...။

ကလေးရယ်... မင်းမျက်ခွံတွေ လှုပ်ရှားပါနော်...။

"မင်း... နိုးပါ... ကလေးရယ်၊ မင်းရဲ့ ကျေနပ်ပျော်ရွှင်စေမယ့် စကားတွေ ကြားရဖို့ မင်းနိုးမှဖြစ်မှာပါ"

ခပ်တိုးတိုး ရွတ်ဆိုရင်း သူမ မျက်ရည်တွေ တစိမ့်စိမ့် ကျလာပါတယ်။







## အခန်း - ၂

ရီဝေ မှုန်ဝါးနေတဲ့ ပုံရိပ်လေးတစ်ခုကို တဖြည်းဖြည်း သဲသဲကွဲကွဲ မြင်လာရင်း မဗိုတီမသုန် မိုင်းက ငေးကြည့်နေမိသည်။

ကျွန်တော့်ရဲ့ သတိရခြင်းက အချိန်နည်းနည်းစောနေခဲ့ပါတယ်ဆိုတာ မမမိုး မသိပါ။ ကျွန်တော့်အနားက ကျွန်တော် မထင်မှတ်ထားတဲ့ သူမရဲ့နောင်တနဲ့ ထိတွေ့တဲ့ ချိုပြင်းရှရှ အသံလေးကို မထင်မှတ်စွာ ကြားမိရင်း အံ့ဩငြိမ်သက်နေခဲ့ပါသည်ဆိုရင် မမမိုး စိတ်ဆိုးတော့မည် မထင်ပါ။

ကံတရားရဲ့ ပေးမှုနဲ့ ကျွန်တော် အသက်ရှင်ခဲ့ရသလို မာနကို မြေမြှုပ်နှံပြီး ချစ်သူကို ချစ်တတ်လာအောင် အလင်းဝင်ခဲ့တဲ့ ချစ်သူသည် ကမ္ဘာလောကရဲ့ အလှပဆုံး ရင်ခွင်နတ်ဘုရားမအဖြစ် ရိုးသားတဲ့ချစ်ခြင်းနဲ့ လှပနေခဲ့တယ်...။

မျက်ရည်စက်နဲ့ ဘာအရောင်မှ ဆိုးထားခြင်းမရှိတဲ့ မမရဲ့မျက်နှာက ဒဏ်ရာတွေကို သက်သာစေခဲ့တာ အမှန်ပါ။

"မိုင်း... မင်း တို့ကို ခွင့်လွှတ်ပါ"

ထွက်သက် ဝင်သက် လေငွေ့သည် ကျွန်တော့်ရဲ့ မျက်နှာအစိတ်အပိုင်းကို ရိုက်ခတ်မိသည်။ မျက်တောင်ကော့ ညွတ်ညွတ်အောက်က မျက်ဝန်းတွေသည် ချစ်တတ်ခြင်းရဲ့ အရောင်အဆင်းကြောင့် လှပ အသက်ဝင်နေပါသည်။

"တို့ မင်းကိုချစ်တာ သိပ်နောက်ကျပြီးမှ သိလိုက်ရတယ် မိုင်း"

ကိုလှစိန်တို့၊ မနှင်းအေးတို့ အပါအဝင် အားလုံးက ပြုံးစေ့စေ့ ဖြစ်ကုန်သည်။ အခုလိုကျတော့လည်း မမက ကလေးလေးတစ်ယောက်လို ဟန်ဆောင်ခြင်း ကင်းမဲ့နေပြန်သည်။

"ကျွန်တော်လည်း..."

သူ့လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထားတဲ့ မမရဲ့ လက်ဖဝါးလေးက ကျွန်တော့်နှုတ်ခမ်းများကို ရွေ့လာပါတယ်။ သွားဖြူဖြူဖွေးဖွေးတွေ လက်ခနဲမြင်သာအောင် မမက လွှတ်လွှတ်လပ်လပ် ရယ်ရင်း...

"မင်း တို့ကို ချစ်တယ်ပြောမလို့လား"

ကျွန်တော်က မမ စကားကြောင့် ခေါင်းယမ်းပြတော့ မမက နှုတ်ခမ်းစူပြပါသည်။





ကျွန်တော်က တဖြည်းဖြည်း ပြုံးပြမိရင်း...

"မမကို ကျွန်တော်က မြတ်နိုးခြင်းနဲ့ ချစ်မိတာ မမ မိုးရိပ်ညို"

ရင်ခုန်သံတွေသည် ချစ်သူတို့အတွက် ထပ်မံတူးဖော်ခွင့် မရှိသော ဂီတဆိုတာ မမမိုးရိပ်ညို သိမည်ထင်ပါသည်။

ဒီနိုင်းခ
Am 3:05
(မေတ္တ SSC)
22-4-07